
www.burmeseclassic.com

ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု

# မင်းစက္က

ကံရာဇာနှင့်လက်ပြတ်တာတော




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ပဉ္စ ဂုဏံ အပယံ ဝန္ဒာမိ


အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၂၂၀၇၀၉
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၁၁၀၆၀၉
ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၉-ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၇၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - မြစင်ပုံနှိပ်တိုက် (ဦးငွေအောင်) ၀၇၃၂
အမှတ် (၂၀၄) ၃၁-လမ်း၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးလှနိုင် (မြတ်စာပေ)
အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖြန့်ချိရေး - မြတ်စာပေ (ဖုန်း-၇၀၄၄၉၀)
၂၂၁၊ ၃၁လမ်း(အထက်)၊ ရန်ကုန်။
စီစဉ်သူ - ကိုလှနိုင် (မြတ်)
အထက်မြန်မာပြည် - နဂါးစာပေ၊ (မန္တလေး)
ဖြန့်ချိရေး - ထွန်းဦးစာပေ (မန္တလေး)

၈၉၅·၈၃
မင်းစက္က
ကံရာဇာနှင့်လက်ပြတ်တာတေ/မင်းစက္က ။ - ရန်ကုန်။
မြတ်စာပေ ။ ၂၀၀၉။
၂၈၁ - စာ။ ၁၃×၂၀·၅ စင်တီ။
(၁) ကံရာဇာနှင့်လက်ပြတ်တာတေ


ပဉ္စ ဂုဏံ အပယံ ဝန္ဒာမိ

# မြတ်

( စာပေ )


အမှတ် ၁၉၈၊ ၃၁ လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၇၀၄၄၉၀


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# မင်းစက္က

## ကံရာဇာ နှင့် လက်ပြတ်တာတော

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၁ )

## အတိတ်ကာတ်ကြောင်းတစ်ခု

အဓိကာရမြန်မာ့ရိုးမတောနက်ကြီး . . .

မြင်းများ၊ ကုန်တင်လားများနှင့် တရွေ့ရွေ့သွားနေကြသူများ။ သူတို့သည် အခြားသူများမဟုတ်ကြ။ ဖက်ဆစ်ဂျပန်များပင် ဖြစ်ကြသည်။ ကုန်တင်လားလေးကောင်ပေါ်မှာ သံသေတ္တာအလတ်စားများကို တင်ဆောင်လာခဲ့ကြသည်။ လားတစ်ကောင်လျှင် သံသေတ္တာ နှစ်လုံးကျစီ ပါလာခဲ့ကြသည်။

ဖက်ဆစ်များကတော့ ဗိုလ်မှူးအဆင့်၊ ဗိုလ်အဆင့်ရှိကြသူများသာ မြင်းများနှင့်လိုက်ပါလာခဲ့ကြသည်။ ရိုးရိုးစစ်သားများက ခြေကျင်လိုက်ကြသည်။ မြန်မာအမျိုးသား ငါးယောက်ကိုလည်း ခေါ်နတ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ချိန်ပြီးတော့ ခေါ်ဆောင်လာကြသည်။ ထိုငါးယောက်အနက် တစ်ယောက်က ရှေ့ဆုံးက လူ၊ လမ်းပြမှုဆိုး အောင်ဖေ။

အောင်ဖေ့ကိုယ်ပေါ်မှာ ဒူးလေးတစ်လက်နှင့် မြားတံဆယ့်ငါးချောင်း ထည့်ထားသော မြားကျည်တောက်တစ်ခုက ပါလာသည်။

ကျန်လေးယောက်ကတော့ မည်သည့်လက်နက်များကိုမှ ကိုင်ဆောင်မထားကြပေ။ ကိုင်ဆောင်ခွင့်လည်း ပြုမထားကြပေ။

"ကျုပ်ဟာ မုဆိုးတစ်ယောက်။ မုဆိုးဆိုတာ လက်နက်မကိုင်လို့ မဖြစ်ဘူး။ ခင်ဗျားတို့ အခုသွားမယ့်နေရာက ကျားပေါတယ်။ ကျားသစ်ပေါတယ်။ သူတို့က လူတွေကို ချောင်းချောင်းတိုက်ခိုက်ကြမှာ။

ကျုပ်ကိုခေါ်တယ်ဆိုတာ ခင်ဗျားတို့ရဲ့အသက်ဘေးအန္တရာယ်ကို ကာကွယ်ဖို့လည်းပါတယ် မဟုတ်လား"

အောင်ဖေက စကားကို ဤသို့ခပ်ပြတ်ပြတ်ပင် ပြောခဲ့သည်။ သူ့ကို ဂျပန်ဗိုလ်မှူးနကာမူရာက ဒူးလေးကိုင်ဆောင်ခွင့်မပြုခဲ့။ ထို့ကြောင့် အောင်ဖေက ဤစကားကို ပြန်ပြီးချေပခဲ့ခြင်းပင် ဖြစ်သည်။ စကားပြန်မှတစ်ဆင့် ဂျပန်ဗိုလ်မှူးက အောင်ဖေ၏သဘောထားကို သိသွားခဲ့သည်။

တောထဲမှာ သားစားသတ္တဝါရိုင်းများ၏ အန္တရာယ်က ဝိုင်းနေသည်ကို နကာမူရာက ဆင်ခြင်မိသွားသည်။ ထို့ကြောင့် အောင်ဖေကို ဒူးလေးကိုင်ဆောင်ကာ လိုက်ပါခွင့်ပြုလိုက်၏။

သို့သော် အောင်ဖေကို ရှေ့ဆုံးကနေစေသည်။ ဂျပန်စစ်သားများက အောင်ဖေကို သတိထားပြီး လိုက်ပါလာကြသည်။ သေနတ်ကိုကိုင်ဆောင်ထားကြသူများက ဒူးလေးသမားကို ကြောက်နေကြသည်။ အတူ ပါလာကြသော မြန်မာအမျိုးသားများသည် ဂျပန်တို့၏ အဲမွှမ်း





ဆီးခေါ်ဆောင်ခြင်းကို ခံခဲ့ရသည့်အတွက် ကျေနပ်ကြပုံမရ။ ဒေါသထွက်နေကြသော်လည်း မထင်လျှင် မထင်သလို ပြုမူတတ်သော ဖက်ဆစ်များကြောင့် ဝမ်းထဲမှာပဲ မျိုသိပ်ထားကြရသည်။

ဤသံသေတ္တာတွေထဲမှာ ဘာတွေပါလာခဲ့သလဲဆိုသည်ကို ရိပ်မိနေကြသည်။ မြန်မာတို့ထံမှ မတရားရယူထားကြသော အဖိုးတန်ရတနာပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများကလွဲပြီး အခြားမဖြစ်နိုင်။ ဤအဖိုးတန်ပစ္စည်းများကို တောတွင်းလျှို့ဝှက်တစ်နေရာမှာ သွားရောက်၍ မြှုပ်နှံရန် အစီအစဉ်ရှိထားကြသည်။

ဖက်ဆစ်တို့သည် နိုင်ငံရေးအခြေအနေ မကောင်းကြတော့ကိုပြီးတော့ မြင်ထားကြသည်။ မကြာမီ ပြေးကြရတော့မည်ကို သိသည်။ သူတို့ လုယက်၊ ခိုးယူထားသော မြန်မာတို့၏ အဖိုးတန်ပစ္စည်းများကို ရုတ်တရက် ကစ်ခါတည်းသယ်ဆောင်သွား၍ မရကြ။ တစ်နေရာမှာ လျှို့ဝှက်ပြီးတော့ မြှုပ်ထားခဲ့ကြမည်။

နောက်မှ အခြေအနေကောင်းခဲ့က တစ်ခေါက်ပြန်လာပြီး တူးဖော်ကာ ယူကြမည်ဟူသော ရည်ရွယ်ချက်၊ အကြံက ကြီးသည်။ မြန်မာ့ပိုင်နက်ထဲကို နောက်တစ်ကြိမ် ပြန်လာဖို့ စိတ်ကူးထုံသည်က မြန်မာတို့၏ စိတ်ဓာတ်ကို လျှော့တွက်ထားဟန်တူသည်။

အောင်ဖေသည် ဤပစ္စည်းတွေကို မြှုပ်နှံထားဖို့အတွက် သူမှာ လုံးလုံးလျားလျား တာဝန်ရှိသည်။ နကာမူရာက နေရာရှာရန် အောင်ဖေ့ကို တာဝန်ပေးထားသည်။ မရှာပေးလို့က မဖြစ်တော့။ နကာမူရာ၏ ခါးမှာ ချိတ်ထားသော ကင်ဒိုဓားကြီးက သူတို့၏ကုပ်ပေါ်မှာ ဝဲလျက်ရှိနေသည်။ အခြေအနေအရ လိုက်လျောရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဖက်ဆစ်ကောင်သည် စကားပြန်ကိုပင်ခေါ်မလာခဲ့၊ ဤလူလောက်နှင့်ပင် ကိစ္စပြီးလိမ့်မည်ဟု ယူဆထားဟန်တူသည်။ သူတို့၏ဆန္ဒ ပြည့်မြောက်သွားခဲ့လျှင် ခေါ်လာကြသောသူငါးယောက်တို့ကိုလည်း အရှင်ထားမှာ မဟုတ်။ သုတ်သင်ပစ်မှာ ကျိန်းသေသည်။ ထို့ကြောင့် အားလုံး၏စိတ်တွေဟာ လေးလံနေကြသည်။

အောင်ဖေမှာ အကြံရှိသည်။ ဖက်ဆစ်ကောင်တို့၏အသတ်အဖြတ်ကိုတော့ ခံမှာမဟုတ်။ မိမိတို့က လက်ဦးမှုဖြစ်မည်။

"သင်းတို့လည်း . . . သေရမယ်"

စိတ်ကို ဒုံးဒုံးချထားပြီးသားဖြစ်သည်။ အကယ်၍ မိမိသေလျှင်လည်း အနည်းဆုံး ဖက်ဆစ်ကောင်သုံးလေးယောက်ကိုပါ တစ်ပါတည်းခေါ်ဆောင်သွားမှုဖြစ်မည်။ ဒါမှ အသေဖြောင့်မည်။

ခက်တာက မိမိနှင့်အတူပါလာခဲ့ကြသော မြန်မာလေးယော[က်]ကို မည်သို့ညှိရမှန်းမသိ။ ပုံတွေက မြန်မာအချင်းချင်းကိုပင် စကား ပေ[ါ]မပြောကြ။ တိုင်ပင်ညှိနှိုင်းကြမှာကို စိုးသောကြောင့်ပင် ဖြစ်သည်။ သူတ[ို့]ကလည်း ပါးသည်။ ကျိုးပြီးတော့ မြင်တတ်ကြသည်။

"ဟိတ် . . . ရပ်ကြစမ်း"

နကာမူရာ၏ အသံထွက် ရုတ်တရက်ထွက်ပေါ်လာသည်။ အားလုံးသွားနေကြရာက နေရာမှာတင် ရပ်လိုက်ကြသည်။ အောင်ဖေကလည်း နောက်ကိုလှည့်ကြည့်လိုက်လေသည်။ မြင်းပေါ်မှ နကာမူရာ[၏] မျက်နှာသည် တင်းမာလျက်ရှိသည်။

"ဟေ့ . . . မုဆိုး . . . မင်းချိတို့ကို ဘယ်အထိခေါ်သွားမလ[ဲ]လဲ။ မရောက်သေးဘူးလား"





မသင်္ကာစိတ်နှင့် မေးလိုက်သည်ကို အောင်ဖေ သိသည်။ သူကလွဲပြီး ဂျပန်စကားကို မည်သူမှ နားမလည်ကြ။

"ဟောသည်လှိုဏ်ကြီးထဲကို ဆင်းကြရလိမ့်မယ် မာစတာ။ အဲသည်မှာ လုံခြုံမှုက အပြည့်ရှိတယ်။ ဒါကြောင့်ပါ"

အောင်ဖေသည် အောက်ဘက်ရှိ လှိုဏ်ကြီးတစ်ခုကို လက်ညှိုးထိုးပြလိုက်သည်။ နကာမူရာသည် အောင်ဖေကို မသင်္ကာစိတ်နှင့် ကြည့်ကာ အတန်ကြာမှ ခေါင်းတစ်ချက်ဆတ်လိုက်ပြီး . . .

"ကောင်းပြီလေ . . . ဒါဖြင့်ရင် ဆက်ပြီးသွား။ မင်း ညာဏ်များ မယ်ဆိုရင်တော့ မလွယ်ဘူးမှတ်"

ဖက်ဆစ်ဗိုလ်မှူးက တစ်ချက်ကြိမ်းဝါးလိုက်သည်။ အောင်ဖေသည် အတူပါလာသော မြန်မာလေးယောက်ကို တစ်ချက်ငေ့ကာ ကြည့်လိုက်သည်။ အမှတ်တမဲ့ပေမယ့်လည်း အဓိပ္ပာယ်ရှိသော အကြည့်ပင်။ လေးယောက်စလုံးက အောင်ဖေ့အကြည့်ကို နားလည်လိုက်ကြသည်။ အခွင့်အရေးရလျှင် ချကြမည်ဟူသောသဘော။ ချက်ဆို နားခွက်က မီးတောက်ကြသည်။ သူတို့၏ရင်ထဲမှာလည်း နဂိုကတည်းက တူညီသောအကြံအစည်က ရှိကြပြီးသား။ အောင်ဖေလည်း အမြန်အလှန်အားဖြင့်သဘောပေါက်သွားခဲ့ရလေသည်။

မြင်းများ၊ လားများသည် အနိမ့်ပိုင်းမှာရှိနေသော လှိုဏ်ကြီးတစ်ခုထဲသို့ ဆင်းသွားခဲ့ကြသည်။ သာမန်ဂျပန်စစ်သားများက အောင်ဖေတို့နှင့်အတူ ခြေကျင်လျှောက်လာခဲ့ကြရသည်။ ကင်းမွန်ရွာမှထွက်လာကြကတည်းက လမ်းမှာ တစ်ချက်ပင် မနားခဲ့ကြ၍ တောက်လျှောက်ပင် စီးနင်လာခဲ့ကြရသည်။ ထို့ကြောင့် ခြေကျင်သမားများသည် မောပန်း

www.burmeseclassic.com

www.burmeseclassic.com



နေကြပြီ၊ နွမ်းနယ်နေကြပြီဖြစ်၍ စိတ်တိုနေကြလေပြီ။ မြင်းပေါ်မှလိုက်လာခဲ့ကြသော အရာရှိများကို ပြန်မပြောပုံကြလို့သာ။ ဝမ်းထဲမှာ ကြိတ်ပြီးတော့ ဒေါသထွက်နေကြသည်။

□ □ □

လှိုဏ်ကြီးထဲ ဝင်လိုက်သည်နှင့် ဝိုမိုအေးစိမ့်သွားခဲ့ကြရသည်။ ရုတ်တရက် အမှောင်အားကဲ ပိုပြီးတော့ ကောင်းသွားသည်။ နေကျသွားသောကြောင့် တောရိပ် တောင်ရိပ်က ပိုပြီးတော့ ကျလာသောကြောင့်ပင်။ နကာမူရာသည် မိမိကိုယ်ကို မျက်စိမြင်ဘူးတော့သလို ခံစားလိုက်ရသည်။ အလိုလိုနေရင်းက ခါးကြားထဲမှ သေနတ်ကိုပင် ဆွဲထုတ်မိလိုက်သည်အထိ သွေးလန့်သွားသည်။ သိမ်ငယ်သွားသည်။

သူသာလျှင်မက အခြားသူများသည်လည်း အကြောင်းမရှိဘဲ ချောချမ်းသွားကြသည်။ သိမ်ငယ်စိတ်များက အားလုံးတစ်ပြိုင်တည်း ဝင်လာခဲ့ကြလေသည်။

"ဟေ့ . . . ဘိရူမာ . . . မင်း ဘယ်အထိအောင်ဆက်ပြီး သွားနေမှာလဲ"

နကာမူရာက အက်ကွဲသောအသံကြီးနှင့် မေးလိုက်သည်။ အောင်ဖေ လှည့်ကြည့်လိုက်ရာ သူ့ကို သေနတ်နှင့်ချိန်ထားသည်။ အားလုံးတလည်း နကာမူရာလုပ်သည့်အတိုင်း သေနတ်တွေပေါ် လက်က ရောက်နေကြသည်။

"ရောက်ပါတော့မယ်"

အောင်ဖေက တိုတိုပြတ်ပြတ်ပဲ ပြောလိုက်သည်။ ထို့နောက်





နကာမူရာ၏ အမိန့်ကို မစောင့်တော့။ ရှေ့ကိုဆက်လျှောက်သွားသည်။ နကာမူရာသည် သူ အကြောင်းမဲ့သွေးကြောင်သွားခဲ့သည်ကို ပြန်ပြီးတော့ သတိရသွားခဲ့သည်။ ထို့ကြောင့် မလုံမလဲဖြစ်သွားသည်။ သေနတ်ကို ပြန်သိမ်းလိုက်သည်။

လှိုဏ်ကြီးက သစ်ကြီး ဝါးကြီးများ ပိုပြီးတော့ ပေါသည်။ အောက်ခြေကလည်း ရှုပ်ထွေးလျက်ရှိနေကြသည်။ အောင်ဖေ၏စိတ်ထဲမှာ အတူပါလာခဲ့ကြသည့် ဖက်ဆစ်ကောင်များ၏ အရည်အတွက်ကို မှတ်နေသည်။ မှတ်ပြီးသားပေမယ့် ထပ်ပြီးတော့ မှတ်သည်။ မှားမည်စိုးသောကြောင့်ပင်။ အားလုံးရှစ်ယောက်။ သည်ရှစ်ယောက်စလုံးကို သူသေကိုယ်သေ ရင်ဆိုင်တိုက်ခိုက်ရပေတော့မည်။

တော်တော်ကလေး ဝင်လာပြီးသောအခါ အနိမ့်ပိုင်းကို နည်းနည်းကလေး ဆင်းသွားခဲ့သည်နှင့် ဂူကြီးတစ်လုံးကို တွေ့လိုက်ရသည်။ မြေဂူကြီးတစ်လုံးပင် ဖြစ်သည်။ နကာမူရာသည် ထိုဂူကြီးကို တွေ့လိုက်ရသောအခါ ဘဝင်ကျသွားခဲ့ရလေသည်။

"ဘိရူမာ . . . သည်ဂူရှိတယ်ဆိုတာ ဘယ်လိုသိသလဲ"

"အမဲလိုက်ရင်းတွေ့ခဲ့ရတာပါ"

နကာမူရာက ခေါင်းတညိတ်ညိတ်နှင့် ရှိနေသည်။ ဂူကြီးကို သဘောကျနေသည်ပဲလား။ ခေါင်းထဲမှာ ဆိုးရွားသောအကြံအစည်ပဲ ရှိနေ၍လား။ အေးစက်သောမျက်လုံးတွေထဲမှာ ရက်စက်မှုအရိပ်အယောင်တွေကို အောင်ဖေ မြင်တွေ့လိုက်ရသည်။

"အင်း . . . သင်းရဲ့မျက်နှာပေါ်မှာ ပြုံးယောင်တစ်ချက် သန်းသွားတယ်။ သွေးအေးအေးနဲ့ ရက်စက်မယ့်အရိပ်အယောင်တွေပဲ။ အင်း



www.burmeseclassic.com

www.burmeseclassic.com



ငါကလည်း ဘာကောင်လဲဆိုတာ သင်းမသိသေးဘူးနဲ့တူတယ်"

အောင်ဖေသည်လည်း မုဆိုးလောကတွင် သားကောင်များအပေါ်မှာ ညှာတာမှုမရှိ၊ ခေသွးအေးအေးနှင့် ရက်စက်တတ်သူအနေဖြင့် နာမည်ကြီးနေသူ။ သူ ဘယ်လိုမှ ကြည့်မရသော ဤဖက်ဆစ်ကောင်များအပေါ်မှာလည်း သားကောင်များပမာ သဘောထားခဲ့မည်ဆိုလျှင် . . နကာမှုရာအဖို့ ကျားရှေ့မှောက်လျက်လဲမိသည်နှင့် မခြား ရှိပေရော့မည်။ အောင်ဖေသည် တောကျွမ်းသော မုဆိုးမို့ နကာမှုရာက အကူအညီတောင်းသည်ကို မငြင်းဘဲ လိုက်ခဲ့သူပင်တည်း။

(ချို့သော် ကျေကျေနပ်နပ်နှင့် လိုက်ခဲ့သည်တော့ မဟုတ်။)

"ငါတို့ သည်ဂူကြီးထဲမှာ ပစ္စည်းတွေထားမယ်"

ဖက်ဆစ်ဗိုလ်မှူးက အမိန့်ပေးလိုက်သည်နှင့် ကြိုတင်စီစဉ်ထားကြသည့်အတိုင်း လားများပေါ်က သံသေတ္တာများကို အောက်သို့ ချကြသည်။ တပ်သားများကပါ ဝိုင်းပြီးတော့ ချကြသည်။ နကာမှုရာနှင့် ဗိုလ်နှစ်ဦးတို့သည် အားလုံးကို သေနတ်ဖြင့် ချိန်ထားကြသည်။

ထို့နောက် အောင်ဖေအပါအဝင် ဂျပန်စစ်သားများသည် သေတ္တာများကို ဂူထဲသို့ ယူသွင်းသွားခဲ့ကြသည်။ အောင်ဖေက သေတ္တာတစ်လုံးကို နှစ်ယောက်သယ်ရင်း မကြားတကြား ပြောလိုက်သည်က . . .

"ဖြည်းဖြည်းသယ်။ သည်ကိစ္စပြီးသွားရင် ငါတို့ကိုလည်း အရှင်ထားမှာ မဟုတ်ဘူး။ အခြေအနေအရ ကိုယ်က လက်ဦးဖို့အရေးကြီးတယ်။ ငါ လှုပ်ရှားတာကို စောင့်ကြည့်နေ။ သည်ကောင်တွေ အငိုက်ကို အမိဖမ်းရမယ်"

ထိုစကားသည် လက်ဆင့်ကမ်းသွားကာ မြန်မာအားလုံး၏ နား





ထဲကို ရောက်သွားကြသည်။

"ဟော့ . . . ဘာစကားပြောနေကြတာလဲ။ မင်းတို့ကို စကားပြောခွင့်မပေးဘူး"

အကင်းပါးသော နကာမှုရာက ဂူအဝကနေ သေနတ်နှင့် ချိန်ထားရင်း ဝေါက်ငမ်းလိုက်သည်။ ပါးတော့လာမရိုက်ရဲ။ ပူးသတ်မှာ စိုးသောကြောင့်ပင်ဖြစ်သည်။ အောင်ဖေက ပါးလာရိုက်ပါစေဟု ဆုတောင်းသည်။ ဂျပန်ဗိုလ်တစ်ယောက်သည် အထုပ်တစ်ထုပ်ကို ဆွဲကိုင်ကာ ဂူထဲကိုဝင်လာသည်။ ထို့နောက် ဂူထောင့်တစ်နေရာကို ရောက်သွားကာ ထိုင်ချလိုက်သည်။ ထိုနေရာက အနည်းငယ်မှောင်နေသည်။ ဘာလုပ်နေမှန်းမသိပေ။ နောက်တစ်ယောက်ကလည်း ဝင်လာသည်။

ယင်းအချိန်တွင် နောက်ဆုံးသေတ္တာတစ်လုံးကို ဂူထဲသို့ သယ်နေပြီဖြစ်သည်။ စောင့်ကြည့်နေသော နကာမှုရာသည် အပြင်ဘက်၌ ရှိနေကြသော သူ့ လူအချို့ကို စကားတစ်ခွန်း လှမ်းပြောလိုက်သည်။

"ဟော့ . . . နောက်မှာ"

ဂျပန်ဗိုလ်နှစ်ဦးနှင့် အခြားသော စစ်သားများက နောက်ကို လှည့်ကြည့်လိုက်ကြရာ . . .

"ဒိုင်း"

"ဒိုင်း"

"အား"

"အား"

အပြင်ဘက်မှာရှိနေကြသော ဖက်ဆစ်ဂျပန်များအားလုံး နကာမှုရာ၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ကြသည်။ နကာမှုရာသည်



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ထဲမှာ နောက်ထပ်ကျည်တောင့်တွေ ထပ်ဖြည့်လိုက်သည်။

ဂူထဲတွင် အလုပ်လုပ်နေကြသော ဖက်ဆစ်နှစ်ဦးသည် သေနတ်သံများကြောင့် ပြေးထွက်လာခဲ့ကြသည်။

"ဒိုင်း"

"ဒိုင်း"

"အီး"

"အား"

နကာမူရာက ဆီးပြီးပစ်ထည့်လိုက်သည်။ နှစ်ယောက်စလုံး ပုံလျက်သား လဲကျသွားခဲ့ကြလေ၏။ မြန်မာများက ရုတ်တရက် ဖြစ်ပေါ်လာသော အခြေအနေများကြောင့် အံ့အားသင့်သွားခဲ့ကြရသည်။ ကြောင်ပြီးတော့ ကြည့်နေကြသည်။ အပြင်မှာ မြန်မာနှစ်ယောက်၊ ဂူထဲမှာ အောင်ဖေနှင့် နှစ်ယောက်။ နကာမူရာ၏ သေနတ်ပြောင်းဝသည် မြင်းများ၊ လားများနံဘေးမှာရှိနေကြသော မြန်မာနှစ်ယောက်ဆီသို့ ရောက်သွားခဲ့ကြသည်။

"ဟင်"

သူတို့ကို သတ်တော့မည်ကို သိနေကြသည်။ နှစ်ယောက်စလုံးက လက်နက်မဲ့။ ရုတ်တရက်တော့ ကြောင်ပြီးကြည့်နေမိကြသည်။ နောက်တော့မှ သတိရသွားခဲ့ကြကာ ပြိုင်တူပင် ပြေးဝင်လာခဲ့ကြလေ၏။ နကာမူရာကို သတ်ပုတ်တိုက်ခိုက်ရန်ဖြစ်၏။

"ဒိုင်း"

"ဒိုင်း"

"အား"





"အား"

နှစ်ယောက်စလုံး ပုံလျက်သားလဲကျသွားခဲ့ကြသည်။ သို့သော် တစ်ယောက်က နေရာမှထလာသည်။ ချက်ချင်းမသေ။ ကိုယ်ပေါ်မှာ သွေးခြင်းခြင်းရဲနေသည်။ ကျောက်တုံးခဲတုံးကို ကောက်ယူကာ မ. လိုက်ပြီး နကာမူရာဆီကို ပစ်ပေါက်ထည့်လိုက်သည်။

"အား"

လက်မောင်းကို ထိသွားသည်။ ကိုင်ထားသော သေနတ် လွတ်ကျသွားသည်။ ထိုသူလည်းလဲကျသွားခဲ့သည်။ ပြန်ထမလာတော့။

အောင်ဖေသည် သေနတ်သံကိုကြားလိုက်ရသည်နှင့် နကာမူရာ ညစ်ပတ်ပြီကို သိလိုက်သည်။

"ဟော့ . . . မင်းတို့ အပြင်မထွက်ကြနဲ့ဦး"

အတူတူရှိနေသူနှစ်ယောက်ကို သတိပေးလိုက်သည်။ သူသည် မြားစူးတစ်ချောင်းကို ယူကာ ဒူးလေးညို့ မြားသွားလမ်းကြောင်းပေါ်မှာ တင်လိုက်သည်။ ထို့နောက် ဂူအကွယ်ကနေ အပြင်ကို ချောင်းကြည့်လိုက်လေ၏။ ထိုအချိန်တွင် နကာမူရာသည် ကင်ဒိုဓားကြီးကို ဆွဲကိုင်ကာ ဂူဆီကို တစ်ဟုန်ထိုးပင် ပြေးလာခဲ့လေပြီတည်း။

"ဟင်"

အောင်ဖေသည် နကာမူရာ၏ အပြုအမူကြောင့် မှင်တက်မိသွားခဲ့ရသည်။ နောက်တော့ ချက်ချင်းပင် သတိရသွားခဲ့လေသည်။ ဒူးလေးခလုတ်ကို ဆွဲညှစ်လိုက်သည်။

"ထောင်း"

မြားတံသည် ညို့အားပြင်းပြ ၏ တွန်းကန်ချက်ကြောင့် အရှိန်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းစွာပင် ထွက်သွားသည်။

"ဒုတ်"

"အား"

နကာမှုရာ၏ ရင်ဖတည့်တည့်ကို သွားမှန်သည်။ သို့သော် ဖက်ဆစ်ကောင်သည် ချက်ချင်းလဲကျမသွား။ ဓားကြီးကို မြှောက်ကာ အရှိန်ဖြင့် ပြေးဝင်လာခဲ့သည်။ အောင်ဖေသည် မြားတံကို ထုတ်ယူရန် အချိန်က မရတော့။ ဒူးလေးကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ ဖက်ဆစ်ကောင်ကို တအားရိုက်ထည့်လိုက်သည်။

"ဖြောင်း"

"ဗုစ်"

"အား"

"အား"

ဓားချက်သည် အောင်ဖေ၏လက်နှစ်ဖက်အပေါ်ကို ကျသွားသည်။ အောင်ဖေ၏ဒူးလေးသည်လည်း နကာမှုရာခေါင်းပေါ်ကို ကျသွားသည်။ အောင်ဖေ၏လက်နှစ်ဖက်သည် တံတောင်ဆစ်အောက်မှ ပြတ်ထွက်သွားသည်။

မြန်မာနှစ်ယောက်သည် နကာမှုရာဆီကို ပြေးဝင်လာသည်။ တစ်ယောက်က နကာမှုရာလက်ထဲမှ ကင်ဒိုဓားကြီးကို လုပြီး လည်တံကို ပိုင်းချပစ်လိုက်သည်။ တစ်ယောက်က နကာမှုရာ၏ခါးပတ်ပေါ်မှ ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး ထိုးထည့်လိုက်သည်။

အောင်ဖေသည် နာကျင်ဒေါသဖြင့် နကာမှုရာကို ခုန်အုပ်လိုက်ပြန်သည်။ နှစ်ယောက်စလုံး ထပ်လျက်သားလဲကျသွားခဲ့ကြသည်။ သူတို့ လဲကျသွားခဲ့ကြသည့်နေရာကား . . .





"ဝုန်း"

ကြီးမားသော ပေါက်ကွဲသံကြီးတစ်ချက်က ကျယ်လောင်စွာပင် ထွက်ပေါ်လာခဲ့လေသည်။ ကျောက်ဂူကြီးမှ အမိုးမျက်နှာကြက်များ ပြိုကျလာခဲ့ကြသည်။ ကျောက်တုံးများသည် လိမ့်ကာ လိမ့်ကာနှင့် သွားကြပြီး ဂူအဝကို ဆင့်ကာ ဆင့်ကာနှင့် ပိတ်ဆို့သွားခဲ့ကြလေ၏။ တစ်ခဏအကြာတွင် အားလုံးတိတ်ဆိတ်သွားခဲ့ကြသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



## ( ၂ )

## လက်ပြတ်တာတေ

"တာတေ . . . တာတေ . . . တောက် . . . သည်ကောင် ဘယ်မှာလဲ"

ကိုဘထောင်သည် တာတေ့ထူးသံမကြားရသဖြင့် ဒေါသထွက်သွားသည်။ အိမ်ထဲအနှံ့၊ ခြံထဲအနှံ့လိုက်ပြီးတော့ ရှာသည်။ မတွေ့ပေ။ တက်ခေါက်လေလေ ကိုဘထောင်ကို အကဲခတ်ပြီးကြည့်နေသူကတော့ မဆွဲမိ။

"တော် . . . ဘာဖြစ်နေတာလဲ။ တစ်ချိန်လုံး ဒေါသထွက်နေရအောင်"

မျက်စိစပါးမွေးစူးလုပြီဖြစ်၍ မအောင့်အည်းနိုင်တော့ဘဲ ပြောချေလိုက်လေသည်။





"တာတေကိုရှာနေတာ။ ဘယ်မှာလဲ မင်းသား"

"ကျုပ်ရဲ့သားလို့ ရှင်ကပြောတော့ ရှင့်ရဲ့သားပေါ့ မဟုတ်ဘူးလား။ သားကို မတွေ့တာနဲ့ ဒါလောက်အထိ ဒေါသဖြစ်ရသလား"

မဆွဲမိကလည်း တာတေနှင့်ပတ်သက်ပြီးတော့ ကိုဘထောင်က ပြောလျှင် နည်းနည်းမှ သည်းမခံတတ်။

"ငါ သိတယ်။ သည်ကောင်နဲ့ ပတ်သက်လာရင် ဆတ်ဆတ်ထိမခံတတ်ဘူးဆိုတာ။ မင်း သည်ကောင့်ကို ကြပ်ကြပ်အလိုလိုက်။ နောက်တော့ ခေါင်းပေါ်ကို တက်လာပါလိမ့်မယ်"

"တက်ပေ့စေပေါ့တော်။ ကိုယ့်သားပဲ။ ရှင်ကသာ ကိုယ့်သားအရင်းပေမယ့် ဆက်ဆံတာက မယားပါသားလိုမျိုး၊ မွေးစားလိုမျိုး။ သားရဲ့ဘဝကို ရှင် သိတယ်။ လူ့ဘောင်ထဲ တိုးလို့မရတဲ့ကလေးအပေါ်မှာ ကြင်နာစိတ်နည်းနည်းမှ မရှိဘူး။ မျက်နှာသာမပေးဘူး။ ဖအေအရင်းကသာ ဒီလောက်အထိ ဖြစ်နေရင် တခြားသူတွေဆို ဘယ်လောက်အထိ နှိမ်ကြမလဲ။ ရှင် . . . အဲ့ဒါတွေကို နည်းနည်းလေးမှ မစဉ်းစားမိခဲ့ဘူး မဟုတ်လား . . . ဟင် . . . တော်"

မဆွဲမိသည် ပြောလည်း ပြော၊ ငိုလည်း ငို ဖြစ်နေပါတော့သည်။ သူမ၏စကားတွေက ကိုဘထောင်အပေါ် ချက်ကောင်းကို ထိသွားသည်။ ငိုင်ကျသွားသည်။

"ငါ့သားကို မချစ်လို့ပြောတာ မဟုတ်ပါဘူးကွာ။ သူ အိမ်မှာမနေဘဲ လျှောက်သွားနေရင် လူတွေက ဝိုင်းပြီးနှိမ်ကြမှာစိုးလို့ပါ။ ရွယ်တူကလေးတွေကလည်း တာတေဆိုရင် ဝိုင်းပြီးတော့ နှိမ်ကြပြီးတာပဲ။ ငါ့ရှေ့မှာတောင် နှစ်ခါ သုံးခါကြုံတွေ့လိုက်ရတာ။ သည့်လိုဖြစ်တာ ငါ



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက မကောင်းလွန်းလို့ပါ”

“ရှင့်သားရဲ့ အားနည်းချက်ကိုသိရင် အားပေးရမယ်။ သူ့ဘဝကို ယူကျုံးမရဖြစ်ပြီး ငါ လူဖြစ်ရှုံးနေပါလားဆိုတဲ့ ခံစားချက်မျိုး ရင်ထဲမှာ စွဲမနေအောင် စိတ်ကို ပြောင်းလဲပေးရမယ်။ ခုတော့ ရှင်က သားကို ချစ်တယ်ဆိုပြီး တွေ့တိုင်း ငေါက်ငမ်းနေတယ်။ ကြာတော့ သားက အိမ်မှာ မနေချင်တော့ဘဲ တစ်နေရာရာကို ထွက်သွားတာပဲ။ မျက်နှာသာအပေး မခံရတော့ သူလည်း စိတ်ညစ်ရှာမှာပေါ့”

စကားက ဆုံးသွားသော်လည်း မဆွဲမိ၏ငိုရှိုက်သံက မဆုံးသေး။ ကိုဘထောင်လည်း ခံစားသွားခဲ့ရသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ဒုက္ခိတဘဝနှင့် မွေးလာသောသားကို အသနားပိုပြီး ချစ်နေမိရသည်က အမှန်။

သို့သော် . . .

မိမိသည် သားကို မြင်ရတိုင်း ရင်နာနာနှင့် ဒေါသထွက်မိသည်။ တာတေ၏ဘဝကို ယူကျုံးမရဖြစ်မိသည်။ ထို့ကြောင့်ပင်လျှင် လူချင်းတူပါလျက်နှင့် လူရာအသွင်းမခံရသော တာတေ၏ဘဝကို မခံစားနိုင်ကာ အကြောင်းမဲ့ ဒေါသထွက်မိခြင်းသာပင်။ တကယ်တော့ တာတေသည်သာ လောကခံ၏တန်ဆာခံတစ်ဦး ဖြစ်နေရပါတော့သည်။

“အေးပါကွာ . . ငါ သားအပေါ်မှာ သည်ကနေ့ကစပြီး ဆင်ခြင်ပါတော့မယ်”

ကိုဘထောင်က ကတိတစ်လုံးကို လေးနက်စွာပင် ပေးလိုက်လေသည်။

❑ ❑ ❑





နေ့လယ်လောက်ကျမှ တာတေ အိမ်ကိုပြန်ရောက်လာခဲ့သည်။ ထိုအချိန်တွင် ကိုဘထောင်မှာ အိမ်တွင်မရှိ။ လယ်ထဲကို ဆင်း သွားခဲ့ပြီဖြစ်သည်။

“သား . . . တစ်မနက်လုံး ဘယ်ကိုသွားနေတာလဲ”

မဆွဲမိက တာတေ့ကို စိုးရိမ်သောအမူအရာဖြင့် ဆီးပြီးတော့ မေးလိုက်သည်။ ပြီးတော့မှ ပျာပျာသလဲဖြင့် . . .

“ဪ . . . သားကို အမေက ဆူနေတာမဟုတ်ဘူးနော်။ ငါ့ သားလေးကို စိတ်ပူလို့မေးတာ”

“သား . . . အဝေးကို ထွက်မသွားပါဘူး အမေ”

တာတေက စကားနည်းသည်။ ဘယ်ကိုသွားနေသလဲဟု မပြော။ အမူအရာက အေးစက်စက်၊ မတုန်မလှုပ်နှင့်။

“သား ထမင်းဘယ်မှာစားသလဲ”

“အကြော်ဝယ်စားထားတယ်”

ဒေါ်ဆွဲမိသည် တာတေ့ကို ရင်ခွင်ထဲသို့ ဆွဲသွင်းထားလိုက်သည်။ ငါးနှစ်ပြည့်တော့မည်။ ကျောင်းထားရမည်ကိုပင် ခပ်ခက်ခက် ဖြစ်နေသည်။ ကျောင်းသားတွေက ဝိုင်းစကြလျှင်၊ နှိမ်ကြလျှင် ဟူသော အတွေးက ဝင်လာခဲ့ပြန်သည်။ ကြုံပြီးတွေးတော့ ပိုပြီးရင်ပူရသည်။

တာတေသည် ဒုက္ခိတတစ်ဦး။ တံတောင်ဆစ်အောက် သုံးလက်မလောက်က ပြတ်နေသည်။ လက်နှစ်ဖက်စလုံး မွေးစကတည်းက ကိုယ်အင်္ဂါ မပြည့်စုံခဲ့။ ထို့ကြောင့် မိဘနှစ်ပါးက သနားပြီး ယူကျုံးမရ ဖြစ်ကြရသည်။ တာတေမှာ အစ်မကြီးတစ်ယောက်နှင့် အစ်ကိုလတ်တစ်ယောက်က ရှိသေးသည်။ ဝိုင်းစိန် နှင့် သောင်းတင်တို့ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်မကြီး ဝိုင်းစိန်က မောင်ငယ်တာတေ့ကို သနားသည်။ ချစ်သည်။ ခေါင်းတင်ကတော့ သံယောဇဉ်သိပ်ရှိပုံမရ။ သို့သော် ညီတစ်ယောက်အနေနှင့် အသိအမှတ်ပြုရုံလောက်သာ။

တာတေသည် တစ်ခါတစ်ရံမှာ တစ်နေ့လုံး ဘယ်ကိုမှမသွားဘဲ အိမ်ထဲမှာပဲရှိနေတတ်သည်။ နောက်ဖေးခြံကျယ်ကြီးထဲမှာ အနေများသည်။ မည်သူ့ကိုမှ စကားမပြောဘဲ နေနေတတ်သည်။

တစ်ရက်တွင် . . .

ကိုဘထောင်သည် တာတေ့ကို မတွေ့၍ . . .

"မဆွဲမိ သားကော"

"ခြံထဲမှာပါ။ သား အပြင်ကိုမထွက်တာ သုံးလေးရက်ရှိပြီ။ ဘယ်ကိုမှ မသွားပါဘူး"

မဆွဲမိ၏လေသံက ခပ်ဆတ်ဆတ်။ ကိုဘထောင်ကို မယုံသင်္ကာစိတ်နှင့်ကြည့်သည်။ တာတေ့ကို ဆူပူ ငေါက်ငမ်းနေဦးမှာလားဟု။ ကိုဘထောင်ကလည်း မဆွဲမိ၏ မျက်လုံးအကြည့်ကို သိသည်။

"ငါ . . . သားကို ဆူမလို့မေးတာ မဟုတ်ပါဘူးကွာ။ ငါ လိုက်သွားဦးမယ်"

ကိုဘထောင်သည် လေသံအေးအေးနှင့် ပြန်ပြောလိုက်ပြီး နောက်ဖေးရေကပြင်မှ အောက်ကို ဆင်းသွားခဲ့လေ၏။ နောက်ဘက်ခြံက ကျယ်ဝန်းသည်။ အလျားလည်း ရှည်သည်။ သီးပင်၊ စားပင်တွေကများသည်။ တညင်း၊ မရန်း၊ ပိန္နဲ၊ မာလကာ အစရှိသည့် အပင်တွေကိုလည်း စိုက်ထားသည်။ ဂရုစိုက်ပြီးတော့ ရှင်းလင်းထားသောကြောင့် အပင်အောက်ခြေတွေမှာ ပေါင်းပင်၊ မြက်ပင်တွေက ရှင်းနေကြသည်။





ခြံတစ်ဝက်လောက် ဝင်လာခဲ့သည်အထိ တာတေ့ကို မတွေ့ရသေး။

"သားရေ . . . သား . . . တာတေ"

ကိုဘထောင်သည် တာတေ့ကို အော်ခေါ်လိုက်သည်။ ထူးသံမကြားရ။ ထို့ကြောင့် နောက်တစ်ကြိမ် ထပ်ပြီးတော့ ခေါ်လိုက်ပြန်သည်။

"သားရေ . . . သား . . . အဖေ သားကို မဆူပါဘူး။ မရိုက်ပါဘူးကွယ်။ သားကို တွေ့ချင်လို့ပါ"

လေသံကို ပိုပြီးတော့ နူးညံ့ပျော့ပျောင်းအောင် ခေါ်ရသည်။ မဟုတ်လျှင် တာတေသည် သူ့ကိုကြောက်လန့်ပြီးတော့ ထွက်ပြေးသွားမှာ အမှန်ဖြစ်သည်။

သုံးလေးခွန်းမျှ ခေါ်လိုက်ပြီးသောအခါကျမှ . . .

"ကျွန်တော် သည်မှာပါ"

တာတေ့အသံက ထွက်ပေါ်လာသည်။ လှည့်ပြီးတော့ ကြည့်မိသည်။ မတွေ့။ တာတေသည် မည်သည့်နေရာက အသံပြုလိုက်မှန်းမသိ။

"သား . . . မင်း ဘယ်ကနေ အသံပြုလိုက်တာလဲ"

"ကျွန်တော် သည်အပေါ်မှာပါ အဖေ"

ထွက်ပေါ်လာသည့်အသံက အမြင့်ဆီက ဖြစ်သည်။ မော့ကြည့်လိုက်ရာ ကိုဘထောင် အံ့အားသင့်သွားခဲ့ရလေသည်။ တာတေ့ကို တညင်းပင်ကြီးတစ်ပင်၏ အမြင့်ဆုံးအပိုင်းမှာ တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

"ဟင် . . . သား"



www.burmeseclassic.com

www.burmeseclassic.com



တာတေသည် ဤမျှမြင့်သောသစ်ပင်ကြီးပေါ်ကို မည်သို့ တက်သွားသလဲ မသိပါ။ တာတေသည် လက်နှစ်ဖက် မရှိပါ။ လက်မောင်း နှစ်ဖက်နှင့် အားပြုပြီးတော့ တက်သွားရလောက်အောင် သန်မာနိုင်ပါ့မလား။

"သား . . . ဆင်းလာခဲ့ . . . ဆင်းလာခဲ့။ အဖေ လှေကား ထောင်ပေးရမလား"

"ရတယ် အဖေ။ ကျွန်တော် ဆင်းတတ်တယ်"

တာတေသည် သစ်ကိုင်းတစ်ကိုင်းပြီးတစ်ကိုင်းကို လက်မောင်းနှစ်ဖက်နှင့် ဖက်တွယ်ကာ တစ်ဆင့်ပြီးတစ်ဆင့် ဆင်းလာခဲ့သည်။ နောက်ဆုံး ကြီးမားသော ပင်စည်ကြီးကိုပင် လက်မောင်းနှစ်ဖက်ဖြင့် ဖက်တွယ်ကာ ဒူးနှစ်ဖက်ဖြင့်ညှပ်၍ ခြေဖဝါးနှစ်ဖက်ဖြင့် ညှပ်၍ အောက်ကို ကျင်လည်စွာ ဆင်းလာခဲ့သည်။ ကိုဘထောင်လည်း တာတေ၏လှုပ်ရှားမှုကို သည်အတိုင်းပဲ ကြည့်နေမိသည်။ သစ်ပင်အောက်ကနေ ဖေးကူစရာမလိုလောက်အောင်ပင် ကျင်လျင်လွန်းလှပါလား။ လူကောင်းတစ်ယောက်နှင့် မခြားပါလား။

တာတေသည် သစ်ပင်အောက်ကို ရောက်လာသည့်တိုင်း ဖခင်၏အနားကို မကပ်ရဲသေးပေ။ မျက်နှာသေလေးနှင့် စိုက်ကာကြည့်နေသေးသည်။ ကိုဘထောင်က ပြုံးကာကြည့်လိုက်ပြီး . . .

"အဖေ့ဆီကို လာပါဦး သားရဲ့"

ထိုအခါကျမှ . . .

တာတေသည် ကိုဘထောင်ဆီသို့ မရဲတရဲနှင့် လျှောက်လာခဲ့သည်။ အနားသို့ရောက်လာသော တာတေ့ကို ပွေ့ချီလိုက်သည်။





"သားက အဖေ့ကို ကြောက်နေတာလား"

တာတေက မယုံရဲသေး။ ခေါင်းညိတ်လိုက်သည်။ နှုတ်ခမ်းတမဲ့မဲ့ယောင်သန်းနေသည်။

"ဘာဖြစ်လို့ကြောက်တာလဲ"

"ရိုက် . . . ရိုက်မှာစိုးလို့"

ကိုဘထောင်၏ရင်ထဲမှာ နင့်ခနဲဖြစ်သွားခဲ့ရသည်။ သားက လေးနှစ်ကျော်ကျော်ပဲရှိသေးသည်။ လူမှန်းသူမှန်းသိတတ်စအရွယ်ကတည်းက ဖအေကို ကြောက်နေခဲ့ရသည်။ ဖအေကလည်း သည်သား ဒုက္ခိတလေးကိုပင် မျက်နှာသာ မပေးခဲ့သူပါလား။ အကြောင်းမဲ့ကြီး မဖွေရှိယစိတ်ထားနေခဲ့သူပါလား။ မိဘက ကြင်နာမှ သားသမီးက ဖျော်ရွှင်နိုင်မည်။ မိဘက အားပေးမှ သားသမီးက မိမိ၏အားနည်းချက်ကို မေ့လျော့ကာ ဘဝကို ရင်ဆိုင်ရဲသောသတ္တိရှိလာမည်။ ဤသည့်ကို ဖအေတစ်ယောက်က မသိတတ်ခဲ့ပါလား။

"အဖေ သားကို ဘယ်တော့မှ မရိုက်ပါဘူး။ ဆူစရာလည်း အကြောင်းမရှိပါဘူး သားရယ်။ သည်ကနေ့စပြီး အဖေက သားကို ကြင်ကြင်နာနာနဲ့ ဆက်ဆံသွားမှာပါ . . . နော် . . . သား"

"ဟုတ် . . . ဟုတ်ကဲ့"

တာတေသည် ဖခင်၏လည်တိုင်ကို လက်မောင်းနှစ်ဖက်ဖြင့် တင်းကြပ်စွာ ဖက်ထားမိခဲ့လေသည်။ ကိုဘထောင်သည် တာတေ၏ ကျောပြင်ကို လက်နှင့်ပုတ်ပေးနေကာ နှစ်သိမ့်ပေးလျက်ရှိနေသည်။

ကိုဘထောင်ကို စိတ်မချ၍ လိုက်လာသော မဆွဲမိ သားအဖနှစ်ယောက်၏ ဖက်လဲတကင်းရှိနေသော အခြေအနေကို မြင်တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရခဲသောအခါ အံ့ဩသွားမိသည်။ ကြည့်နေရင်းက ဝမ်းလည်းသာသွားမိသည်။ မျက်ရည်များပင် လည်လာမိရသည်။

"ဩော် . . . ကိုဘထောင်ရယ် ရှင် သားအဖေပါမှာ သည်အတိုင်းပဲ ရှိနေရမယ်လေ"

ရင်မှာ ကြည်နူးစိတ်နှင့် နေရာမှ လှည့်ထွက်လာခဲ့လေသည်။

❑ ❑ ❑

တာတေသည် ကိုဘထောင်၊ မဆွဲမိတို့၏ တတိယမြောက်ကလေးဖြစ်သည်။ သူ့အထက် အကြီးနှစ်ယောက်တည်းနှင့် သားသမီးရလိုမှုက ပြီးဆုံးသွားပြီမှာ ထင်နေမိခဲ့ကြရာက မမျှော်လင့်ဘဲ ကိုယ်ဝန်ရလာခဲ့ခြင်းပင်ဖြစ်သည်။ တာတေကို ကိုယ်ဝန်မဆောင်မီက မဆွဲမိသည် ထူးခြားသောအိပ်မက်ကို မက်သည်။ အိပ်မက်ထဲတွင် . . .

လူတစ်ယောက်သည် သူမဆီကို ပြေးလာနေသည်။ ထိုသူသည် လက်နှစ်ဖက်စလုံးမရှိပေ။ တံတောင်ဆစ်အောက်မှ ပြတ်နေသည်။

"ကျွန်တော့်ကို ကယ်ပါ။ ခေါ်ထားပါ။ ကျွန်တော် သူများခိုင်းစားတာကို မခံချင်ဘူး။ ကယ်ပါ . . . ခေါ်ပါ"

ထိုသူသည် နှုတ်က တတွတ်တွတ်နှင့်ပြောရင်း အကူအညီတောင်းသည်။ မဆွဲမိသည်လည်း ကြောင်ပြီးတော့ ကြည့်နေမိသည်။ ရှောင်လည်း မရှောင်မိ။ တည့်တည့်ကြီးပြေးဝင်လာသောသူသည် မဆွဲမိကို ဝင်တိုက်သွားရာ နှစ်ယောက်စလုံး လဲကျသွားခဲ့လေသည်။

"ဟင် . . . အား"

သည်လိုနှင့် မဆွဲမိအိပ်ပျော်နေရာက လန့်နိုးသွားခဲ့ရသည်။





ထူးခြားသော အိပ်မက်ကြောင့် စိတ်ထဲမှာ တစ်မျိုးကြီးခံစားနေရသည်။ ထိုစဉ်က ချောက်ချားနေမိသော စိတ်ကသာ သူမ၏အသိအာရုံထဲမှာ စိုးမိုးနေလျက်ရှိနေသည်။ အိပ်မက်ထဲမှာ လက်နှစ်ဖက်မရှိသော လူတစ်ယောက်က မိမိကို ဝင်တိုက်သွားသည့်အဖြစ်။ တစ်နည်း စဉ်းစားမိလျှင် အိပ်မက်ဆိုးဟုသာ ခေါ်ရပေလိမ့်မည်။

ထမင်းလုံးတစ္ဆေအခြောက်ခံရသည်ဟုပဲ ဆိုရလေမည်လား၊ သွေးလေချောက်ချားလေ၍ မသဲမကွဲရာ အိပ်မက်များကို မက်လေသည်ပဲလား၊ အဆုံးစွန်လျှင် မိမိသာမက မည်သူကမှ လက်မခံချင်သော အိပ်မက်မျိုးပင်ဖြစ်သည်။

"မင်း အိပ်ရာမဝင်မီ ခြေလက်မဆေးဘူးထင်တယ်။ ဘုရားရှိခိုးပြီးတော့ကော အိပ်ရဲ့လား"

"ရှိခိုးအိပ်တာပေါ့တော်။ သေသေချာချာ ရှိမခိုးဖြစ်တာတောင် အနည်းဆုံး ဦးသုံးကြိမ်ကတော့ ချမိလိုက်တာပဲ"

"အိပ်ပုံမှတ်ရင်လည်း မက်တတ်တာပဲကွ။ မင်း အိပ်ပျော်နေတုန်းက ဖက်ကြီးခွေခေါက်နေတယ်။ ကဲပါကွာ . . . သည်လိုအိပ်မက်မျိုးကို လူတိုင်းမက်တတ်ပါတယ်။ အကြောင်းမထားပါနဲ့"

ကိုဘထောင်က ဖြေသိမ့်စကားဆိုသည်။ မဆွဲမိ၏ခေါင်းထဲမှာ ရှိနေသော အိပ်မက်သည် ရက်အနည်းငယ်အတွင်းမှာပင် ပျောက်ပျက်သွားခဲ့လေ၏။ မေ့လည်း မေ့သွားခဲ့လေပြီ။

သို့သော် မကြာမီမှာပင် မဆွဲမိ ကိုယ်ဝန်ရလာခဲ့သည်။ နေ့တာအတိုင်းနေလာခဲ့ရာမှ လစေ့သော် ယောကျ်ားလေးတစ်ယောက်ကို မီးဖွားသည်။ ထိုကလေးသည် လက်နှစ်ဖက်ပါမလာခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"တောက် . . . သည်တလေးကျမှ ဘယ်လိုဖြစ်ရတာလဲကွာ၊ ကိုယ်အင်္ဂါက ချို့ချို့တဲ့တဲ့နဲ့။ ဖြစ်မှဖြစ်ရလေတယ်"

ကိုဘထောင်မှာ တက်တခေါက်ခေါက်နှင့် ဖြစ်နေမိသည်။ ကလေးအတွက် ယူကျုံးမရဖြစ်နေသည့် ခံစားချက်မျိုးတော့မဟုတ်၊ ရှက်ရွံ့ခြင်း၊ နာကျည်းခြင်း စသည့် အမှုအရာမျိုးဖြစ်နေသည်။ ကိုယ်အင်္ဂါ ချို့တဲ့ပြီးမွေးလာသော ကလေးမို့ ချက်ချင်းပင် သတင်းက ပျံ့သွားခဲ့ကာ ဟိုက လာမေး၊ သည်က လာမေးကြနှင့် စုတ်သပ်သူကသပ်၊ ကရုဏာ မကင်းသည့်လေသံမျိုးနှင့် ပြောသူက ပြောနှင့် နားမခံနိုင်။ မိမိတို့ အတွက် ပိုပြီးတော့ အရှက်ရစေသည်ဟု ထင်မိသည်။ မဆွဲမိကတော့ ဝမ်းနှင့်လွယ်ပြီးဖွားခဲ့ရသော သားမို့ သနားကရုဏာ ပိုပြီးတော့ သက်နေမိရသည်။

"ကံဆိုးလှချည်လား သားလေးရယ်။ ဘယ်ဘဝက ဝဋ်ကြွေးက ပါလာခဲ့လို့ သည်လိုဖြစ်ရတာလဲကွယ်"

အလတ်ကောင်သောင်းတင်က မွေးခါစက ကလေး၏သတင်းကို ကြားလိုက်သည်နှင့် ကြည့်ပင် မကြည့်ပေ။ အများရှေ့မှာ မျက်နှာရှုံ့မဲ့ကာ ထွက်သွားသည်။ အိမ်ကို ပြန်မလာခဲ့သည်မှာ သုံးလေးရက် ကြာသွားခဲ့သည်။

ဝိုင်းစိန်ကတော့ မဆွဲမိလိုပင် ကလေးအပေါ်မှာ ကရုဏာရှိသည်။ သနားသွားမိသည်။

"အမေ . . . မောင်လေးက အတိတ်က ဝဋ်ကြွေးပါလာလို့ သည်လိုဖြစ်ရတာ။ သူ ကြီးပြင်းလာတဲ့အခါ အားမငယ်အောင် သမီးတို့က အားပေးရမှာပေ့ါ"





"သမီး . . . မောင်လေးကို ချစ်သလား"

"ချစ်တာပေါ့အမေရယ်။ သည်လိုဖြစ်လာတော့ ပိုပြီးတော့တောင် ကရုဏာ သက်မိသေးတယ်"

"အေး . . . သမီးအဖေနဲ့ သောင်းတင်ကတော့ ကလေးအနားတောင် မကပ်ကြတော့ဘူး။ ထွက်သွားပြီ။ ရှက်ရှာလို့ထင်ပါရဲ့"

"အို . . . လတ်တလောမို့ပါ အမေရယ်။ နောက်တော့လည်း သူတို့က အလိုလိုချစ်စိတ်၊ သနားစိတ် ဝင်လာခဲ့ကြမှာပါ"

ဝိုင်းစိန်က အားပေးသည်။ သူမကပဲ ကလေးအတွက် အစစအရာရာ အကူအညီပေးသည်။ တစ်ခါတစ်ရံမှာ မအေနှင့်သမီး ကလေးကိုကြည့်ပြီး တစ်လဲစီ မျက်ရည်ကျမိကြရသည်။ သနားလွန်း၍ ရင်ထဲက မချိလွန်း၍ဖြစ်သည်။

❑ ❑ ❑

တာတေ၏အမည်ရင်းမှာ ထိန်သွားဖြစ်သည်။ မဆွဲမိက ကွယ်လွန်သွားခဲ့သော အဖိုးတာတေနှင့် တူသည်ဆို၍ တာတေဟူ၍ ခေါ်နေကြရင်းက အမည်ရင်း ထိန်သွားပျောက်သွားခဲ့လေတော့သည်။ တာတေဟုပဲအခေါ်များလာကြသည်။

"တာတေ"

"ရှာ"

"မမကို ချစ်လား"

"ချစ် . . . တယ်"

"ချစ်ရင် ဖက်ထား"



www.burmeseclassic.com

www.burmeseclassic.com



တာတေက ဝိုင်းစိန်၏ လည်ပင်းကို ဖက်ထားသည်။ သူ၏ လက်မောင်းနှစ်ဖက်သည် သန်မာလွန်းလှသည်။ ဝိုင်းစိန်သည်ပင် လည်မင်း အစ်သွားခဲ့ရသည်။ တာတေမှာ နှစ်နှစ်ကျော်ကျော်ပဲရှိသေးသည်။ စကားကောင်းကောင်း မပြောတတ်ခဲ့လေပြီ။

(သို့သော် တာတေသည် စကားပြောစောသော်လည်း စကားနည်းလွန်းလှသူတစ်ဦး။ သူ့ကိုကြည့်လျှင် တစ်ဦးတည်းနေနေရတာကို သဘောကျဟန်တူသည်။

လူကောင်က သေးသော်လည်း သန်မာသည်။ တာတေသည် ကြီးပြင်းလာခဲ့သည်အထိ အရပ်က ငါးပေနှစ်လက်မထက် ပိုပြီးတော့ မမြင့်။)

တာတေကို အစ်မဖြစ်သူ ဝိုင်းစန်က ငယ်စဉ်ကတည်းက ထမင်းခွံ့ကျွေးသည်။ ပါးစပ်လေး ဟကာ ဟကာနှင့် ထမင်းလုတ်ကို ခံကာ စားနေသည့် တာတေ့ဟန်အမူအရာလေးကို ဝိုင်းစိန် သနား၍ မဆုံး။

တကယ်တော့ တာတေသည် ရုပ်ရည်က ဖြူဖြူသန့်သန့်လေးနှင့် သနားစဖွယ် ကောင်းသော အမူအရာမျိုးရှိသည်။ အင်္ကျီသာစုံခဲ့လျှင် လူချော လူလှ စာရင်းဝင်မှာ အမှန်ပင်။ သူ၏မျက်နှာပေးက အမြဲလိုလိုပင် ပြုံးယောင်သန်းနေသည်။ သို့သော် လူကခတ်တတ်သူသာဆိုလျှင် တာတေ၏ ထူးခြားသော မျက်လုံးများကို သတိထားမိမှာ အမှန်ပင်။

(နောင်သော် မျက်နှာက ပြုံးယောင်ယောင်သန်းနေသလောက် အေးစက်သော မျက်လုံးပိုင်ရှင်တစ်ယောက် ဖြစ်လာခဲ့လေသည်။)





"မမ . . . ကျွန်တော့်ဘာသာ ကျွန်တော် ထမင်းစားမယ်"

"ဟင် . . . ကိုယ့်ဘာသာ ကိုယ် စားမယ် . . . ဟုတ်လား။ အင်း . . . မောင်လေးက . . . အို . . . မောင်လေးကလည်း မမ ခွံ့ကျွေးတာကိုပဲ စားပါ"

"ဟင့်အင်း . . . ကျွန်တော့်လက်နဲ့ပဲစားမယ်"

ခက်ကပြီ။ လက်နှစ်ဖက်မရှိသောသူက ထမင်းကို မည်ကဲ့သို့ စားမည်နည်း။ ဝိုင်းစိန်သည် တာတေ၏ဆန္ဒကို မည်သို့မှ မဖြည့်ဆည်းပေးနိုင်သည့်အတွက် စိတ်မကောင်းဖြစ်သွားသည်။

"ဘယ်လိုစားလို့ဖြစ်မှာလဲကွယ်"

"ဇွန်းယူပေး။ သည်အထဲကို ထည့်ပေး"

သူ၏ ညာလက်မောင်းတိုလေးကို မြှောက်ပြသည်။ ဝိုင်းစိန်က လက်မောင်းအောက် တံတောင်ဆစ်နေရာရှိ အကွေးလေးကြားထဲသို့ ဇွန်းကို ထည့်ပေးရသည်။ တာတေက မြဲမြဲစွာ ညှပ်ထားလိုက်ပြီး စားပွဲထက်မှာ တင်ထားသော ထမင်းပန်းကန်ထဲမှ ထမင်းကို ခပ်ယူသည်။ စပြီး ခပ်ယူကာစက ခဲယဉ်းသည်။ ထမင်းက ပါမလာ။ မကြာခဏ ဖိတ်ပြီးတော့ကျသည်။ တံတောင်ဆစ်ကွေးမှာ ညှပ်ထားသော ဇွန်းက ပြုတ်ကျသွားတတ်သည်။

"ကြော် . . . မောင်လေးရယ်"

ဝိုင်းစိန် စိတ်မကောင်းဖြစ်မိရသည်။ မျက်ရည်ကျမိသည်။ ဇွန်းလေးကို တံတောင်ဆစ်ကွေးကြားထဲ ပြန်ပြန်ထည့်ပေးရသည်။ တာတေက စိတ်မလျှော့။ ထပ်ကာတလဲလဲပင် ကြိုးစားသည်။ နောက်တော့ ဇွန်းကို မြဲမြံစွာ ကိုင်တွယ်တတ်လာသည်။ ကြာလာတော့ ဝိုင်းစိန်က ကူညီ



www.burmeseclassic.com

www.burmeseclassic.com



ဖို့မလိုတော့။ ဖွန်းကိုပင် တံတောင်ဆစ်ကွေးထဲသို့ ရောက်အောင် မိမိဘာသာ ယူတတ်နေလေပြီ။

(နောင်အခါ ဘုန်းတော်ကြီးကျောင်းတက်သောအခါတွင်ပင် တံတောင်ဆစ်ကွေးထဲသို့ ကျောက်တံကို ညှပ်ကာ ကျောက်သင်ပုန်းပေါ်တွင် စာရေးတတ်လာခဲ့သည်။ သို့သော် တာတေသည် ဘဝတူ ကျောင်းသားများ၏ အထင်သေးခံရမှု၊ နောက်ပြောင်ခံရမှုတို့ကြောင့် လေးတန်းအရောက်မှာပင်လျှင် ပညာရေးက အဆုံးသတ်သွားခဲ့ရသည်။ ထိုအချိန်ကစပြီး လူနှင့် ပတ်ဝန်းကျင်ကို စိတ်နာသွားခဲ့ရသည်။ သို့သော် တာတေတား နာကျည်းမှုကို ရင်ထဲမှာသာ တေး၍ မှတ်ထားတတ်ပြီး အပြင်ပန်းက အပြုံးမပျက်ခဲ့ပေ။)

တာတေ၏ဘဝသည် မည်သို့မည်ပုံ ပြောင်းလဲလာခဲ့ရသနည်းဆိုသော် . . .

❑ ❑ ❑





( ၃ )

## အတိတ်ဘဝသက်သေကင်းဒိုးတစ်လက်ကြောင့်

တစ်ရက်တွင် . . .

ကိုဘထောင်သည် လယ်ထဲတွင် လယ်ထွန်နေခိုက် မြေကြီးထဲမှာ နစ်မြုပ်နေသော ပစ္စည်းတစ်ခုကို အမှတ်မထင် ရလိုက်သည်။ ယင်းကား ဂျပန်ကင်းဒိုးဓားရှည်ကြီးတစ်လက် ပင်တည်း။ ထို့ကြောင့် ရေနှင့် သေသေချာချာ ဆေးကြောပြီးတော့ အိမ်ကို ယူလာခဲ့သည်။

"ဟင် . . . ဒါ ဂျပန်ဓားကြီးပဲ။ ရှင် ဘယ်ကနေရလာခဲ့တာလဲ"

"လယ်ထဲကကွယ်။ ဂျပန်ခေတ်က သင်းတို့အပြေးမှာ ကျကျန်ရစ်ခဲ့တာ ဖြစ်မှာပဲ"

ကိုဘထောင်သည် ကင်းဒိုးဓားကြီးကို အိမ်နံရံ၏အမြင့် တစ်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ချိတ်ထားလိုက်လေသည်။ တစ်ရက်တွင် တာတေသည် မိခင်၊ ဖခင်နှင့်အတူ အိမ်ရှေ့မှာ အတူရှိနေကြခိုက် နံရံမှ ကင်ဒိုဓားကြီးကို သတိပြုမိသွားခဲ့ရလေသည်။

"ဟင် . . . မေ . . . မေမေ"

ထိုအခါ တာတေသည် ကောက်ကာငင်ကာ မိခင် မဆွဲမိ၏ ရင်ခွင်ထဲသို့ တိုးဝင်သွားခဲ့လေတော့သည်။ ထို့နောက် ခေါင်းကို ဝှက်ထားမိလိုက်လေ၏။

"ဟဲ့ . . . သား ဘာဖြစ်တာလဲ။ ဘာဖြစ်လို့လဲ"

မဆွဲမိသည် တာတေ၏ ထူးခြားသော အပြုအမူကြောင့် အံ့အားသင့်သွားခဲ့ရလေသည်။ ကိုဘထောင်သည်လည်း တာတေ၏ ကိုယ်လုံးလေးကို လှမ်းကိုင်ကာ . . .

"သား . . . ဘာဖြစ်တာလဲ။ အဖေတို့ကို ပြောပြစမ်းပါဦး"

တာတေသည် မဆွဲမိ၏ရင်ခွင်ထဲမှ ခေါင်းကို မဖော်မိ။ တွင်တွင်သာ ယမ်းခါနေလေတော့သည်။

"ပြောပါ သားရဲ့။ သား တစ်ခုခုကို ကြောက်သွားသလိုပဲ။ ဘယ်လိုအကြောင်းကြောင့်လဲ။ ဘာကိုမြင်သွားလို့လဲ။ ရဲရဲသာပြော။ အဖေ ဖြေရှင်းပေးမယ်"

"ဟုတ်တယ် သား။ သား ဘာဖြစ်သလဲဆိုတာကိုသာ ပြော။ အမေရော အဖေရော ဖြေရှင်းပေးမယ်"

မဆွဲမိကပါ အားပေးလိုက်သည်။ ထိုအခါကျမှ တာတေသည် မဆွဲမိ၏ ရင်ခွင်ထဲမှ ခေါင်းကို ထုတ်လိုက်ပြီး နံရံမှာချိတ်ထားသော ကင်ဒိုဓားကြီးကို လက်ညှိုးထိုးပြလိုက်လေသည်။





"ဟင် . . . ဓား။ သည်ဓားကြောင့် ဟုတ်လား။ အဲသည်ဓားက သားနဲ့ဘယ်လိုပတ်သက်နေလို့လဲ ပြောလေ . . . သား"

ထိုအခါ တာတေသည် ဓားကြီးကို လက်ညှိုးထိုးလျက်က ပင် . . .

"သည် . . . သည်ဓားကြီးနဲ့ ဂျပန်ကြီးက ကျွန်တော့်လက်နှစ်ဖက်ကို တ . . . တအား . . . ခုတ်ချလိုက်တာပေါ့"

"ဟင်"

"ဟာ"

တာတေ၏အမှတ်မထင်ပြောချလိုက်သော စကားကြောင့် နှစ်ယောက်စလုံး ဟင်ခနဲ ဟာခနဲဆို ဖြစ်သွားခဲ့ကြရလေသည်။ အိမ်ခန်းထဲမှ ထွက်လာခဲ့သော ဝိုင်းစိန်သည်ပင် တာတေ၏စကားကြောင့် ကြက်သီးမွေးညင်းများပင် ထသွားခဲ့ရလေသည်။ ထို့ကြောင့် ပြေးလာခဲ့ပြီး သူတို့အနားမှာ ထိုင်ချလိုက်ခသည်။

"ဘယ် . . . ဘယ်က ဂျပန်ကြီးလဲဟင် မောင်လေး။ မောင်လေး အိပ်မက်မက်ပြီးတော့ ပြောလိုက်တာလား"

"အိပ်မက်မဟုတ်ဘူး မမ။ တကယ်ပြောတာ။ တကယ် . . . တကယ်"

တာတေကလည်း ထိုစကားကိုပင် ထပ်ကာတလဲလဲပြောနေသည်။ ကိုဘထောင်သည် အနည်းအကျဉ်းတော့ သဘောပေါက်လာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် မဆွဲမိ၏ကိုယ်ပေါ်မှ တာတေ့ကို ဆွဲယူကာ သူ့ကိုယ်ပေါ်တွင် ထိုင်စေလိုက်သည်။

"သားက စကားအဆန်းတွေကို သိပ်ပြောတာပဲ။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အဖေတို့ ပိုပြီးတော့ နားလည်သွားအောင် သေသေချာချာပြောပြရင် ကောင်းမယ်"

ကိုဘထောင်၏ စကားကြောင့် မျက်လုံးတွေက လူကြီးဆန်သွားကာ မည်သူ့ကိုမှ မကြည့်တော့။ မြံအပြင်ဘက်ကို အကြည့်က ရောက်သွားသည်။ သို့သော် မမျှော်မှန်းနိုင်သော အဝေးဆီကို လှမ်းပြီးတော့ ကြည့်နေသယောင်။

"ကျွန်တော့်နာမည် အောင်ဖေ။ တာတေ မဟုတ်ဘူး။ ကျွန်တော်နေတဲ့နေရာက ကင်းမွန်ရွာ"

တာတေ၏ နှုတ်မှ လွှတ်ခနဲဆို ထွက်သွားခဲ့သောအသံ။

"ဟင်"

သားအမိ၊ သားအဖသုံးယောက်စလုံး၏ နှုတ်မှ "ဟင်"က တစ်ပြိုင်တည်း တစ်သံတည်းပင် ထွက်သွားခဲ့ရပါသည်။ ကိုဘထောင်သည် မဆွဲမိနှင့် ဝိုင်းစိန်တို့ကို အထိတ်တလန့်အသံမျိုး မထွက်စေရန် အမူအရာဖြင့် သတိပေးလိုက်သည်။ ထိုသို့ဖြစ်သွားခဲ့လျှင် ကလေးက နှုတ်ဆွံ့သွားကာ ဆက်ပြောတာမှာ မဟုတ်သည်ကို စိုးရိမ်မိသည်။

"သားရဲ့နာမည်က အောင်ဖေ . . . ဟုတ်လား။ ကင်းမွန်ရွာဆိုတာက ဘယ်နားမှာလဲသား"

တာတေသည် တစ်ချက်တော့ တွေဝေသွားခဲ့ပြန်သည်။ နောက်တော့မှ သက်ပြင်းတစ်ချက် ချလိုက်ကာ ခေါင်းကို ခါယမ်းလိုက်လေသည်။

"တဖြည်းဖြည်းစဉ်းစားပြီးတော့ ပြောပါဦး သားရယ်။ သား . . ဘယ်တုံးက ဘာတွေဖြစ်ဖူးခဲ့သလဲဆိုတာ။ ယောက်ျားဆိုတာ လောက





ကြီးကို ခါးစောင်းတင်ထားတာ သား။ သတ္တိရှိတယ်၊ ရဲရင့်တယ်။ ဘာကိုမှ ကြောက်စရာမလိုဘူး။ သားမှာ ပြောစရာရှိနေတယ်။ ထုတ်ဖော်ပြီးတော့ ပြောဖို့အတွက် ချိန်ဆနေရတာ မဟုတ်လား။ ခေါင်းထဲမှာ ပေါ်လာသလောက်သာ ပြောပါ သား"

ကိုဘထောင်သည် တာတေကို ယုယစွာ ဖက်တွယ်ကာ နူးညံ့သောလေသံဖြင့် တစ်လုံးချင်းပင် နားထဲကို သွင်းနေသည်။ သူ့သားကို နားဝင်အောင် ပြောတတ်ပါလားဟု မဆွဲမိက စိတ်ထဲက ချီးမွမ်းနေမိသည်။ ထိုအခါ တာတေသည် ဖခင်၏ကိုယ်ပေါ်မှာရှိနေသေည့် မိမိကိုယ်ကိုသော်လည်းကောင်း၊ အနားမှာ မိခင်နှင့် အဖေရှိနေသည့်အတွက်ကိုသော်လည်းကောင်း သိရှိခံစားမိကာ အားတက်နေမိသလား မပြောတတ်၊ ကြောက်ရွံ့စိတ်ကင်းကာ ပြောလာခဲ့သည်က . . .

"သားက ကင်းမွန်ရွာက မုဆိုး။ သားကို ဂျပန်တွေက လာ[illegible]သွားတယ်။ ရွာသားတွေလည်း ပါကြတယ်။ ဂျပန်ဗိုလ်မှူးရဲ့နာမည်က နကာမူရာ။ မြင်းတွေ၊ လားတွေပေါ်မှာ သံသေတ္တာတွေလည်း ပါလာကြတယ်"

တာတေသည် ကလေးငယ်တစ်ဦး၏အသွင်အပြင်၊ ဟန်အမူအရာမျိုး မဟုတ်တော့။ ကလေးက လူကြီးစကားပြောနေသည့်ပမာ လေသံကလည်း တည်ငြိမ်လျက်ရှိသည်။ ပြောနေရင်းက စိတ်အားတက်ကြွလာဟန်တူသည်။ အမူအရာက သွက်လက်လာသည်။ ဟန်နှင့် ပန်နှင့်ဖြစ်လာခဲ့သည်။

နားထောင်နေကြသူအားလုံးသည်လည်း မျက်လုံးထဲမှာ ကွက်ကွက်ကွင်းကွင်းပင် မြင်ယောင်လာခဲ့ကြသလို၊ သူတို့အားလုံး လှိုနိမ့်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲရှိ ဂူကြီးထဲကို ရောက်သွားကြပုံ၊ မြန်မာများနှင့် ဂျပန်စစ်သားများက မြင်းများ၊ လားများပေါ်မှ သေတ္တာများကို ထမ်းချပြီး ဂူထဲကို သွင်းနေကြပုံ၊

ဂျပန်ဗိုလ်မှူးက သူ့လူများကို သေနတ်နှင့်ပစ်ကာ ရှင်းပစ်ပုံ၊ မြန်မာရွာသားနှစ်ဦးကိုလည်း ရှင်းပစ်ပုံ၊ မှဆိုးအောင်ဖေနှင့် နကာမူရာတို့ တိုက်ခိုက်ကြရာ အောင်ဖေက ဒူးလေးနှင့် နကာမူရာကို ပစ်လိုက်ပုံ၊ နကာမူရာက ကင်ဒိုဓားကြီးနှင့် အောင်ဖေကို ခုတ်ရာ လက်နှစ်ဖက်စလုံး ပြတ်သွားခဲ့ရသည့်အကြောင်းများ။

နောက်ဆုံးမှာ . . .

ဂူကြီးတစ်ခုလုံး ပေါက်ကွဲကာ သူ ဘာမှမသိရတော့သည့် အကြောင်းများ၊ မှောင်အတိကျသွားခဲ့ရပုံများကို ပြောပြသည်။ ထို့နောက် တာတေသည် နှုတ်ဆိတ်သွားကာ ဆက်မပြောတော့ပေ။ ငြိမ်သက်သွားခဲ့လေသည်။ တာတေ၏စကားဆုံးသွားတော့မှ အတိတ်ကာလကို ပြန်ပြီးတော့ ရောက်လာကြသလို ခံစားလိုက်ကြရလေသည်။ ဟင်းခနဲဆို သက်ပြင်းချလိုက်ကြသံများကလည်း ပြိုင်တူပင်။ တာတေသည် သူပြောချင်သည်များကို ပြောပြီးသည်နှင့် ကိုဘထောင်၏ကိုယ်ပေါ်မှ ထသွားခဲ့လေသည်။

"ဟဲ့ . . . သား . . . ဘယ်ကိုသွားမလို့လဲ"

"မြို့အနောက်ဘက်ကိုပါ အမေ"

"သွားပါစေကွယ်။ သွားလေ . . . သွား။ သား အေးအေးဆေးဆေး ကစားနေ"

ကိုဘထောင်သည် တာတေ့ကို မတားဆီးရန် အမူအရာ ပြ





လိုက်သည်။ တာတေ အနားမှာမရှိတော့မှ . . .

"ကိုဘထောင် သားပြောခဲ့တာတွေဟာ အမှန်တွေ ဖြစ်နိုင်သလားဟင်"

"ဖြစ်နိုင်ပါတယ်။ သူပြောခဲ့တာတွေက ယုတ္တိယုတ္တာရှိနေတာပဲ။ ဂျပန်တို့၊ ကင်ဒိုဓားတို့ဆိုတာ သူ သိတာမှ မဟုတ်ဘဲ။ ပြီးတော့ ကင်းမွန်ရွာသား အောင်ဖေတဲ့။ ဒါတွေကို သူ စိတ်ကူးတည့်ရာလုပ်ကြံပြီးတော့ ပြောလို့ရတာမှ မဟုတ်ဘဲ။ ကလေးတစ်ယောက်ရဲ့နှုတ်က ထွက်လာခဲ့တဲ့စကားတွေဟာ လူကြီးဆန်နေတယ်။ အရွယ်နဲ့မလိုက်ဘူး"

"ဟင် . . . ဒါဆိုရင် မောင်လေးဟာ လူဝင်စားအမှန်ပေါ့နော်။ ဟုတ်လား အဖေ"

"ဟုတ်တယ် . . . ဖြစ်ဖို့များတယ်။ သားကိုမွေးလာချိန်မှာ ကိုယ်အင်္ကျီပွင်းလာခဲ့တာ ပါလာခဲ့ကတည်းက အတိတ်ကံတစ်ခုခုကြောင့်ပဲဆိုတာ နားလည်မိတယ်။ ဒါပေမယ့် ငါက ဒါတွေကို ထပ်ပြီးတော့ အလေးအနက် မတွေးဘဲ ကလေးအပေါ်မှာသာ မကျေမနပ် ဖြစ်မိခဲ့တယ်။ ဒါလည်း မကောင်းဘူး။ ငါ ဖခင်မပီသဘူး"

ကိုဘထောင်က ပြောရင်းနှင့် ပိုပြီးတော့ စိတ်မကောင်းဖြစ်လာဟန်တူသည်။ ယောကျ်ားတန်မဲ့ မျက်ရည်များပင် လည်လာမိသည်။ အသံလည်း မမှန်တော့။ ထိုစဉ် . . .

"ဟော . . . အဖေလာပြီ"

မဆွဲမိက မြို့ဝကိုကြည့်ပြီးတော့ လွှတ်ခနဲဆို ပြောလိုက်သည်။ သူမ၏ ဖခင်ဦးကင်း ရောက်လာသောကြောင့်ပင်တည်း။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း . . . လူဝင်စားဆိုတာ တသီးတခြားမဟုတ်ပါဘူး။ လူ့ဘဝကို ရောက်လာခဲ့ကြသူတွေထဲမှာ အရင်ဘဝကို ပြန်ပြီးတော့ သိနိုင်ကြတဲ့သူတွေ အနည်းအကျဉ်းတော့ရှိကြပါတယ်။ အဲ့သည်သူတွေကို ဗုဒ္ဓဘာသာကျမ်းဂန်တို့မှာ ဇာတိဿရပုဂ္ဂိုလ် လို့ ခေါ်တယ်ကွယ့်"

"ဒါဆိုရင် ရှေးဘဝကို သိနိုင်တဲ့သူတွေရှိကြသလို၊ ကိုယ် ဘယ်ဘဝကရောက်လာသလဲဆိုတာ ပြန်ပြီးတော့ မသိနိုင်တဲ့သူတွေကကော ဘယ်လိုအကြောင်းတွေကြောင့်လဲ အဖေ"

"သည်လိုကွယ့် မောင်ဘထောင်ရဲ့၊ လူ့ဘဝမှာ ရက်လကြာရှည်အောင် အနာရောဂါ နှိပ်စက်ခံရလို့ စိတ်ဓာတ်ကျ အားအင်ကုန်ခန်းပြီး သေသွားကြတဲ့သူတွေ၊ နောင်ဘဝမှာ ဂဗ္ဘသေယျမျိုးဖြစ်ပြီး အလွန်သေးငယ်တဲ့ ကလလရည်ကြည် အစဓာည်ပြီး နေ့ရက်တွေ တဖြည်းဖြည်း တနေ့နေ့နဲ့ ကြီးပွားလာခဲ့ရတဲ့သူတွေဟာ စိတ်ဓာတ်ခွန်အား မပြည့်မဝနဲ့ သေးနုပ်လာခဲ့ရတဲ့အတွက် မိန်းမောတွေဝေပြီးမှ သေလွန်ခဲ့ကြရတဲ့ သူတွေ။

သိပ်ငယ်ငယ်လေးဘဝနဲ့ သေလွန်ခဲ့ကြတဲ့သူတွေ၊ အလွန်အိုမင်းထိုင်းမှိုင်းပြီးမှ သေလွန်ခဲ့ကြတဲ့သူတွေ၊ အသောက်အစားကြီးလွန်းလှတဲ့သူတွေ၊ နောင်ဘဝမှာ ရောဂါကြီးခဲ့ကြသူတွေ၊ ကြမ်းတမ်းတဲ့ အလုပ်အကိုင်တွေကို လုပ်ခဲ့ကြသူတွေ၊ ကိုယ်ဝန်ဆောင်နေစဉ်မှာ လိမ္မာပါးနပ်မှုမရှိ၊ ထိန်းသိမ်းစောင့်ရှောက်မှုမရှိခဲ့တဲ့သူ၊ ကလေးဟာ အမိဝမ်းထဲမှာ သိပ်ပြီး ထိတ်လန့်ချောက်ချားမှုကို ကြုံတွေ့ခဲ့ရလျှင်သော်လည်းကောင်း။ အဲ့သည်အချက်တွေပါခဲ့ရင် ရှေးဘဝကို မေ့ကုန်ကြတယ်လို့ ကျမ်းဂန်တွေမှာ ပြဆိုထားကြတာပဲကွယ့်"





"လူ့ဘဝကို ရောက်ပြီး ရှေးဘဝကို သိနိုင်ကြတဲ့အကြောင်းတွေကကော အဖေ"

"သူတို့လို လူစားတွေကတော့ လူ့ဘဝမှာ သေလွန်ကုန်ကြပြီး ဥမပါတနတ်ဘဝ၊ ဗြဟ္မာဘဝကို ရောက်ခဲ့ကြတဲ့သူ၊ ငရဲဘဝ၊ ပြိတ္တာဘဝကို ရောက်ခဲ့ကြတဲ့သူတွေဟာ ရှေးဘဝကို သိနိုင်ကြတယ်။

ကိုယ်မှာ စိတ်ဓာတ်ခွန်အား၊ ကာယခွန်အားရှိနေတုန်းမှာ လက်နက်ဒဏ်၊ ကပ်ဥပဒ်ဘေးတို့နဲ့ ရုတ်တရက်သေဆုံးခဲ့ကြရတဲ့သူတွေ။ အဲ့သည်သူတွေဟာ အနာရောဂါကင်းပြီး သန့်ရှင်းငြိမ်သက်တဲ့ အမိဝမ်းထဲမှာ လူဖြစ်ရတဲ့သူတွေ။ အဲ့သူတွေအားလုံးဟာ ရှေးဘဝကို သိတတ်ကြတယ်လို့ အဆိုရှိကြတယ်။

အဲ . . . ပြီးတော့ ရှေးဘဝကို ပြန်ပြီး သိရပါလို၏လို့ ကောင်းမှုကုသိုလ်ပြုလုပ်ပြီးတော့ ဆုတောင်းခဲ့ကြတဲ့သူတွေ၊ ပုဗ္ဗေနိဝါသာဘိညာဉ်ကို ရကြတဲ့ ရသေ့တွေ၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတွေလည်းပဲ ရှေးဘဝကို ပြန်ပြီးတော့ သိတတ်တယ်တဲ့"

ဦးကင်းက သူ လေ့လာမှတ်သားခဲ့သလောက်ကို ပြန်ပြီးတော့ ရှင်းပြလေသည်။ ဤသည်ကလည်း မြေးဖြစ်သူ တာတေနှင့် ပတ်သက်ပြီး အကြောင်းရှင်းနှီးနှယ်ဆက်စပ်သည်။

"ဒါဆိုရင် သားလေးတာတေရဲ့အတိတ်ဘဝက အဖြစ်အပျက်က ဟုတ်မှတ်နေတယ်လို့ အဖေ ထင်သလား"

"အင်း . . . ကလေးက သည်လိုအတိအကျနဲ့ ပြောနေပြန်တော့လည်း လက်ခံရတော့မှာပဲကွယ့်။ ငါ့မြေးတာတေမှာသာမဟုတ်ပါဘူးကွယ်။ သူ့လို ဘဝနောက်ကြောင်းကို ပြန်ပြီးတော့ ပြောတတ်ကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



လွှဝင်စားတွေ အများကြီးပါ။

ဗုဒ္ဓရှင်တော်မြတ်ဘုရားကိုယ်တော်တိုင်သော်မှ ဘဝ အဆက်ဆက်ကျင်လည်ခဲ့ရတာပဲ . . . သမီးရယ်"

"သမီးကတော့ သားလေး အခုလို အင်္ဂါမစုံဖြစ်ခဲ့တာကို အခုထက်ထိ ယူကျုံးမရဖြစ်တုန်းပဲ အဖေရယ်"

"သမီးတစ်ယောက်တည်း သည်လိုခံစားနေရတာ မဟုတ်ပါဘူးကွယ်။ အဖေလည်း ခံစားရတာပါပဲ။ ဒါပေမယ့် ဝဋ်နာ ကံနာရှိလာခဲ့ရင် ဘယ်သူမှ မရှောင်တိမ်းနိုင်ကြဘူး သမီး။ သည်လိုပဲ ဖြေသိမ့်နားလည်ကြရမှာပဲ။ သူ့ဘဝရှေ့ရေးအတွက် ဘယ်လိုကောင်းမွန်အောင် လုပ်ပေးရမလဲဆိုတာကိုပဲ ခေါင်းထဲမှာ ထည့်ထားပေးကြရမှာပဲ"

ဦးကင်း၏ ဖြေသိမ့်စကားကြောင့် အားလုံးလည်း ဖြေသိမ့်နိုင်ရန် ကြိုးစားကြရပေမည်။ သံဝေဂရမိသည်က ဝဋ်နာ ကံနာဆိုသည်က ကြောက်စရာ ကောင်းလှသည်ဟုပင်။ ထိုသို့ မဖြစ်စေရန် အတိတ်ကံက ကောင်းမှဟူ၍ ပင်တည်း။

❑ ❑ ❑

သည်လိုနှင့် တာတေကို ကျောင်းထားချိန်ရောက်လာခဲ့သည်။ ဘုန်းတော်ကြီးကျောင်းကိုပို့သည်။ ကျောင်းစအပ်သည့်နေ့မှာပင် ရွာဦးကျောင်းဆရာတော်က . . .

"တကာကြီးတို့ သည်ကလေးကို ငါ့ဆီမှာ လာအပ်တာကတော့ ဟုတ်ပါပြီ။ စာတော့ အံနိုင်လိမ့်မယ်။ ဒါပေမယ့် စာရေးဖို့ကတော့ ခက်လိမ့်မယ်။ ဖတ်တတ်ပြီးတော့ မရေးတတ်ရင် ဘယ်လိုလုပ်ပြီး စာ





တတ်ပါ့မလဲ"

"အရှင်ဘုရား သားက ကျောင်းတက်ချင်တဲ့ဆန္ဒရှိလို့သာ လာထားရတာပါ ဘုရား။ တပည့်တော်တို့လည်း အရှင်ဘုရားမိန့်တော်မူတဲ့ အကြောင်းကို ကြိုပြီးတော့ တွေးဖူးခဲ့ပါတယ်။ ဒါပေမယ့် သား စိတ်ကျေနပ်အောင် ထားပါရစေ ဘုရား။ နောက်ဆုံး သူ မတတ်နိုင်တော့လို့ စိတ်လျှော့လိုက်မှပဲ တပည့်တော်တို့လည်း ပြန်ခေါ်ရမှာပါ ဘုရား"

"အိမ်း . . . တကာကြီးဦးကင်းနဲ့လည်း ရင်းနှီးနေတော့ လက်ခံကြည့်ရတာပေါ့လေ။ ဒါပေမယ့် ကျောင်းအိပ်၊ ကျောင်းစားတော့ မထားနိုင်ဘူး။ တချို့ကျောင်းသားတွေလိုပဲ နေ့မျာ ကျောင်းစာသင်၊ ညနေကို အိမ်ပြန်ပေါ့ . . . ဟုတ်ပြီလား"

ဆရာတော်၏ မိန့်မှာချက်ကို မငြင်းဝံ့သာ။ မည်သည့်အတွက်ကြောင့် ကျောင်းအိပ်၊ ကျောင်းစား လက်မခံသည်ကို နားမလည်ကြသော်လည်း မမေးရဲ မပြောရဲ သဘောမပေါက်ကြချေ။

"တင်ပါ့ဘုရား . . . ဆရာတော် ခွင့်ပြုသလောက်ပဲ ဖြစ်စေရမှာပါ ဘုရား"

ထိုနေ့မှစ၍ တာတေသည် နံနက်ခုနစ်နာရီတွင် ကျောင်းသို့ အရောက်သွားရသည်။ ဘုန်းကြီးစာ၊ လောကဓာတ်စာများကို သင်ကြားရသည်။ ခန်းနေဦးပဉ္စင်းများက သင်ကြားပေးသည်။ သင်ပုန်းကြီးပေါ်တွင် မြေဖြူနှင့် ရေးပေးသည်ကို စာအံကြရသည်။

စာရေးဖို့အတွက်ကတော့ အခြားကျောင်းသူကျောင်းသားများလို လက်နှင့် မရေးနိုင်။

"ဟော့ကောင် တာတေ . . . မင်းက စာကို ဘယ်လိုရေးမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရုံသာ ဖတ်တတ်ပြီး၊ မရေးတတ်ရင် မဖြစ်ဘူးနော်"

စာသင်ဦးပဥ္စင်းက တာတေ့ကို ကရုဏာမကင်းသလို အားမရသလိုနှင့် ပြောလိုက်လေရာ တာတေသည် ကျောင်းသားအများရှေ့တွင် မည်သူမှ မထင်မှတ်သော အပြုအမူတစ်ခုကို လုပ်ပြလိုက်လေသည်။ ယင်းကား . . .

ကျောက်တံကို ညာခြေမနှင့် ခြေညှိုးကြားတွင် ညှပ်ကာ ကျောက်သင်ပုန်းပေါ်တွင် ဝလုံးကို ပိုင်းနေအောင် ရေးပြလိုက်လေသည်။

"ဟင်"

"ဟာ"

ထိုအခါ ဦးပဥ္စင်းလည်း အံ့အားသင့်သွားခဲ့ရသည်။ ကျောင်းသူ၊ ကျောင်းသားလေးများသည်လည်း ဟင် . . . ဟာ . . . အသံများ ထွက်သွားခဲ့ကြရလေသည်။ တာတေ ခြေနှင့်ရေးပြလိုက်သော ဝလုံးသည် တကယ့်ကို ပိုင်းစက်နေကာ၊ အရွဲ့အစောင်းများလုံးဝမပါချေ။ နောက်ထပ် တစ်လုံးပြီး တစ်လုံး ကျင်လျင်စွာ ရေးပြလိုက်သော်လည်း ပိုင်းစက်မြဲပင်။

"တာတေ . . . မင်း ဘယ်လိုရေးတတ်လာတာလဲ"

"တပည့်တော်ရဲ့ အစ်မက သင်ပေးခဲ့တာပါဘုရား"

တာတေကလည်း မှန်ရာအတိုင်း လျှောက်တင်သည်။ ကကြီး၊ ခခွေးရေးရာတွင်လည်း တာတေ အလှဆုံး၊ လက်ရေးနှင့်ရေးသူတွေက ခြေနှင့်ရေးသူ တာတေ့ကို မမီကြ။ ထို့အပြင် တာတေက ဉာဏ်ကောင်းသည်။ တစ်ခေါက်ပဲ တိုင်ပေးသော စာကို အထစ်အငေါ့မရှိ လိုက်ပြီး ဆိုတတ်သည်။ ဆရာတော်ကိုယ်တိုင်က တာတေကို စိတ်ဝင်စားလာခဲ့ရသည်။ အကဲခတ်လာခဲ့ရလေသည်။ တာတေ၏ပညာကို လိုလားသည့်





စိတ်ကိုလည်း ချီးမွမ်းမိသည်။ အဘိုးဖြစ်သူ ဦးကင်းနှင့် မိဘနှစ်ပါးတို့သည်လည်း ထိုသတင်းကြောင့် ကျေနပ်အားရမိလေသည်။

❑ ❑ ❑

တစ်ရက်တွင် တာတေသည် စာအံပြီး၍ ကျောင်းဝင်းထဲမှာ အခြားကလေးများ ကစားနေကြသည်ကို ငေးပြီးတော့ ကြည့်နေမိစဉ် ကျောင်းသားကြီး တစ်ယောက်က အနားကိုရောက်လာပြီး တာတေ့ နောက်စေ့ကို လက်နှင့် ပုတ်ထည့်လိုက်သည်။ တမင် အားပါပါနှင့် ပုတ်လိုက်သောကြောင့် တာတေသည် ရှေ့ကို ဟပက်ထိုးလဲကျသွားတော့မလို ဖြစ်သွားခဲ့ရလေသည်။ ခြေသုံးလေးလှမ်းပင် ပြေးထွက်သွားမိသည်။

သူ့ကို ပုတ်လိုက်သောသူမှာ မည်သူလဲဟု သိချင်သဖြင့် နောက်ကို လှည့်ကြည့်မိလိုက်သည်။ ဆင်ပေါက်ဟု ကျောင်းသားများက အမည်ပေးထားသည့် သူ ဖြစ်နေသည်။ ဆင်ပေါက်သည် အတန်းကြီးသမားဖြစ်သည်။ ဗလအားကိုးနှင့် ကျောင်းသားများအပေါ်တွင် အနိုင်ကျင့်နေသူတစ်ယောက်ပင်။

"ခင်ဗျားက ကျွန်တော့်ကို ဘာဖြစ်လို့ သည်လိုလုပ်ရတာလဲ"

"ဘာလဲ မင်းက ငါ့ကို မကျေနပ်လို့လား။ လာလေ . . . မင်း မကျေနပ်ရင် ငါ့ကို နိုင်အောင်သတ်"

ဆင်ပေါက်က တာတေကို အကောင်ငယ်သည်ဟု အထင်သေးကာ ပြောလိုက်သည်။ ဒုက္ခိတမို့လည်း အမြင်ကပ်နေဟန်တူသည်။ ဆော့ကစားနေကြသော ကျောင်းသားများသည် တာတေနှင့် ဆင်ပေါက်တို့၏ အခြေအနေကို စောင့်ကြည့်နေကြသည်။ သူတို့သည် ဆင်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



၏ မတရားမှုကို သိနေသည်။ သို့သော် လက်လွန်ခြေလွန်လုပ်တတ်သော ဆင်ပေါက်ကြောင့် မည်သူမှ ဝင်ပြီးတော့ ဖျန်မဖြေရဲကြပေ။

တာတေသည် ဆင်ပေါက်၏ စိတ်ခေါ်မှုကို မည်သို့မှ မတုံ့ပြန်ဘဲ ခပ်ကြောင်ကြောင်ပင် ကြည့်နေမိသည်။ ထို့နောက် နေရာမှ လှည့်ထွက်သွားခဲ့လေသည်။

"ငကြောက် . . . မင်းမှာ ငါ့ကို ပြန်လုပ်စရာ လက်မှမရှိဘဲ။ ငါ့ကို ကြောက်ရတော့မှာပေါ့။ ဘာမှမတတ်နိုင်တဲ့ကောင်က . . . ဟား . . ဟား . . . ဟား . . . ဟား"

ဆင်ပေါက်က ခါးထောက်ကာ ဟားတိုက်ပြီးတော့ ရယ်လိုက်သည်။ တာတေသည် ရှေ့ကို လျှောက်သွားနေရာက ဆင်ပေါက်ကို လှည့်ကြည့်လိုက်သည်။ မျက်နှာသေလေးနှင့်။ သို့သော် ခပ်ထေ့ထေ့အပြုံးက နှုတ်ခမ်းထောင့်မှာ စွန်းထင်းလျက်ရှိသည်ကို ဆင်ပေါက် မမြင်လိုက်။

❑ ❑ ❑

ညနေစောင်းကာလ။ နေဝင်ဖျိုးဖျအချိန်။ ဘုန်းကြီးကျောင်းဝင်းအတွင်းဘွင် ဆင်ပေါက်က အခြောက်လှမ်းထားသော ထင်းခွဲခြမ်းများကို သိမ်းကာ တောင်းထဲ ထည့်နေသည်။ အခြားကျောင်းသားတွေလည်း ဝိုင်းပြီးတော့ သိမ်းပေးနေကြသည်။ တချို့ကျောင်းသားကြီးများကို ကျောင်းမှာ နေခွင့်ပြုထားသည်။

"ဟေ့ကောင်တွေ . . . မင်းတို့ သိမ်းတာနေးလှချည်လား။ တောက် . . . သည်ကောင်က တုံ့နေး တုံ့နှေးနဲ့ . . . ကဲကွာ"

"မြန်း"





"အား"

ကျောင်းသားငယ်တစ်ယောက်၏ ကျောပြင်ကို ထင်းချောင်းဖြင့် ရိုက်ထည့်လိုက်သည်။ ထိုကျောင်းသားငယ်မှာ ခါးကော့သွားလေ၏။ နာလွန်း၍ ငိုရှာလေသည်။

"ဟေ့ကောင် . . . ငိုမနေနဲ့။ မင်းကို ဘယ်သူမှ မသနားဘူး။ ငါထပ်လုပ်လိုက်ရရင် သေတော့မယ်။ လုပ်စမ်း . . . ပြီးအောင်"

ဆင်ပေါက်က ထင်းချောင်းဖြင့် ထပ်ပြီးတော့ ရွယ်လိုက်သည်။ ကျောင်းသားငယ်မှာ ဇက်ကလေးပုကာ ဝင်သွာသည်။ တအီးအီးနှင့် ငိုနေရင်းက ကြောက်ကြောက်နှင့်ပင် အလုပ်ကို ဆက်လုပ်နေလေသည်။

"ကျန်တဲ့ကောင်တွေလည်း မှတ်ထား . . . မင်းတို့ ငါ့ကို မကြောက်ရင် သည်ထက်ဆယ်ဆပိုပြီးတော့ နာမယ်မှတ်။ ငါ့ကို ကြောက်ကြလား"

"ကြောက် . . . ကြောက်ပါတယ်"

ကျောင်းသားငယ်များက ကြောက်ကြောက်နှင့် ဖြေကြလေသည်။

အားလုံးသည် ဆင်ပေါက်ကို ရွံ့ကြောက်ကြီး ဖြစ်နေကြသည်။ အသက်ရော၊ အလုံးအထည်ရောကြီးသောကြောင့် ပြန်ပြီးတော့မလုပ်ရဲကြ။

ညက မှောင်လာပြီ။ မိုးချုပ်လာပြီဖြစ်သည်။ ဝန်းကျင်ကို အမှောင်က ချက်ချင်းပင် လွှမ်းခြုံသွားခဲ့သည်။ ဆောင်းရောက်လာပြီ ဖြစ်၍ မိုးချုပ်မြန်သည်။

ထိုစဉ် ကျောင်းပရိဝုဏ်အပြင်ဘက်တွင် တံတိုင်းအရံအနားနှင့် ကပ်လျက်ပေါက်နေသော အုန်းပင်ကြီးတစ်ပင်။ ယင်းအုန်းပင်ကြီးပေါ်တွင် အုန်းသီးတွေက ပြွတ်နေအောင် သီးနေကြလျက်။ သို့ရှိုက် အုန်း



www.burmeseclassic.com

www.burmeseclassic.com



သီးတစ်လုံးသည် အမှတ်မထင် အောက်ကို ပြုတ်ကျလာခဲ့လေသည်။

"ဗိုး"

"ဒုန်း"

"အား"

ဆင်ပေါက်၏ခေါင်းပေါ်တည့်တည့် ပြုတ်ကျလာခဲ့ခြင်းပင် ဖြစ်သည်။ ဆင်ပေါက်သည် တစ်ချက်သာအော်လိုက်နိုင်ပြီး ခွေခနဲဆို လဲကျသွားခဲ့သည်။

"ဟာ. . .ဆင်ပေါက်အပေါ်ကို အုန်းသီးကြွေကျလို့။ လာကြပါဦး"

ကျောင်းသားများက ကုန်းပြီးတော့ အော်ကြသည်။ ဦးပဉ္ဇင်းအချို့နှင့် ကပ္ပိယသည် အသံကြား၍ ပြေးလာနေကြသည်။ ဆင်ပေါက်သည် ဒဏ်ရာပြင်း၍ စကားမေးမရတော့။ အုန်းပင်အမြင့်က ပေ ခြောက်ဆယ်လောက်ကို ရှိမည်။ နည်းနည်းနောနောအမြင့်မဟုတ်။ အခန့်မသင့်ပါက သေနိုင်သည်။

ဆင်ပေါက်ကို ကျောင်းထဲသို့ သယ်ယူသွားခဲ့ကြစဉ် တစ်ခဏအကြာတွင် ယင်းအုန်းပင်ကြီးပေါ်မှ မည်းမည်းသဏ္ဌာန်တစ်ခုက ဆင်းလာခဲ့လေသည်။ ကျောင်းသားတစ်ယောက် နှစ်ယောက်က အမှတ်မထင် တွေ့သွားခဲ့လေသည်။

"ဟာ . . . ဟိုမှာ သစ်ပင်ပေါ်က ဆင်းလာတာ မျောက်ကလေးတစ်ကောင်လား မသိဘူး"

အံ့အားတသင့်နှင့် ကြည့်နေရင်းကပင် ထိုသဏ္ဌာန်လေးသည် မြို့ပြင်သို့ ရောက်သော် အမှောင်ထဲမှာ ပြေးလွှားပျောက်ကွယ်သွားခဲ့လေသည်။





( ၄ )

## တောထဲကလူထူးဆန်း

ဆင်ပေါက်သည် ဒဏ်ရာက ပြင်းထန်သောကြောင့် သတိလစ်နေခဲ့သည်မှာ သုံးရက်အထိပင် ကြာသွားခဲ့သည်။ ဆရာတော်သည်လည်း သူ့မှာ တာဝန်ရှိသည်ဖြစ်၍ သမားကောင်းများကို ပင့်ကာ ကြပ်မတ် ကုသပေးသည်။

နောက်တစ်ရက်တွင် အိမ်မှနေ၍ တာတေ ရောက်လာသည်။ ကျောင်းလာတက်သည်။ ဆင်ပေါက် သတင်းကို ကြားရသည်။ ကျောင်းသားကြီးတစ်ယောက်က . . .

"တာတေ . . . ဆင်ပေါက်တစ်ယောက်တော့ မနေ့ညက ခေါင်းပေါ်ကို အုန်းသီးကြွေကျလို့ သတိမေ့သွားတယ်။ ခုထက်ထိ သတိမရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ကွာ . . . တို့အပေါ်မှာ အနိုင်ကျင့်တဲ့ကောင် သူ့ကိုဘုရားကရိုက်လိုက်တာကွ"

"ဟော့ကောင်တွေ . . . သူများ ဒုက္ခရောက်တာကို မင်းတို့က ဝမ်းသာနေကြသလား။ ကိုယ့်အလုပ် ကိုယ်လုပ်ကြ"

စာပြပေးသော ဦးပဥ္စင်းက ဝင်ပြီးမာန်မဲလိုက်တော့မှ ကျောင်းသားများက ဆက်မပြောဝံ့ကြတော့ပေ။ တာတေကတော့ မည်သည့်စကားမှ မပြောဘဲ ကုပ်ကုပ်ကလေးနှင့်သာ ကျောက်သင်ပုန်းရှေ့မှာ ဝင်ထိုင်လိုက်သည်။

စာအံပြီး နေ့လယ်ထမင်းစားချိန်တွင် တာတေ အိမ်ကို ပြန်သည်။ သူငယ်ချင်းဖြစ်သူ မိုးသီးကလည်း အိမ်ကိုပြန်စားရသည်ဖြစ်၍ တာတေနှင့် အဖော်ရသည်။ မိုးသီးသည် တာတေထက်ကြီးသော်လည်း ညာတာစွာ ဆက်ဆံသည်။ အနုစ်နာခံတတ်သူ။ တာတေ့အပေါ်မှာတော့ ကောင်းသည်။

"ငါ မနေ့ညက ထင်းတွေကိုသိမ်းပြီးမှ အိမ်ကိုပြန်ရတာကွ။ ဆင်ပေါက်အပေါ်ကို အုန်းသီးကြွေကျပြီး သိပ်မကြာခင်မှာပဲ အုန်းပင်ပေါ်က မျောက်ကလေးတစ်ကောင် ဆင်းလာတာကို ငါ တွေ့လိုက်တယ်ကွ။ သည်မျောက်ကလေးကပဲ ဆင်ပေါက်ခေါင်းပေါ်ကို အုန်းသီးနဲ့ ပစ်ပေါက်လိုက်တာလား မသိဘူး"

"သည်ရွာမှာ မျောက်ရှိလို့လား"

"ရှိတော့မရှိဘူးပေါ့ကွာ။ တစ်နေရာရာကနေ ရောက်လာတဲ့ မျောက်ဖြစ်ချင်လည်း ဖြစ်မှာပဲ။ ဟိုဘက်တောထဲမှာ မျောက်တွေရှိနေကြတယ်လို့ ပြောကြတာပဲ"





တာတေက ဆက်မပြောတော့ဘဲ ငြိမ်သက်စွာပင် လိုက်ပါသွားခဲ့လေသည်။ ဆင်ပေါက် ထိုကဲ့သို့ဖြစ်ပြီး နောက်ပိုင်းတွင် လူတွေပြောလာခဲ့ကြသည်က . . .

"မှင်စာဖြစ်မှာပေါ့ကွာ။ ကျောင်းဝင်းအပြင်ဘက်မှာ မှင်စာတွေရှိတယ်။ သည်ကောင်ထဲက တစ်ကောင်ကောင်က အုန်းပင်ပေါ်ကိုတက်ပြီး အုန်းသီးတက်ခူးတာနေမှာပေါ့ကွာ။ ဆင်ပေါက်က ကံနိမ့်လို့ခံသွားရတာ"

အတည်ပြောတာလား၊ နောက်ပြောတာလား မသိ။ တစ်ခါတစ်ရံတွင် ဘုန်းကြီးကျောင်းသားများသည် ထိုနေရာဘက်ကို သွားကြပြီး ဆီးပင်ပေါ်တက်ကာ ဆီးသီးခူးကြသည်။ ကြွေကျနေသော ဆီးသီးများကို ကောက်ကြသည်။ မြွေပါး၊ ကင်းပါး ပေါသည့်နေရာမို့ အန္တရာယ်ရှိသည်။ ကျောင်းသားများကို မသွားစေချင်၍ မှင်စာရှိသည်ဆို၍ ခြောက်လှန့်ကာ ပြောလိုက်ကြသည်များလား မသိပေ။

"သား . . . ကျောင်းမှာ ဆင်ပေါက်ကို အုန်းပင်ပေါ်က မှင်စာက အုန်းသီးနဲ့ ပစ်ပေါက်လို့ဆို။ သား . . . အဲ့သည်ဘက်ကို မသွားနဲ့နော်"

"ဟာ . . . အမေကလည်း မှင်စာဟုတ်ချင်မှ ဟုတ်မှာပါ"

"ဟင် . . . ဘာဖြစ်လို့လဲ သား"

တာတေသည် မိခင်၏အမေးကို ဆက်မဖြေတော့ချေ။ တာတေ့အကျင့်က သည်အတိုင်းပင်။ မေးရင်လည်း ဖြေချင်မှ ဖြေသည်။ သူ့ကို ခွင့်လွှတ်ထားကြရသည်။

ဆင်ပေါက်သည် သုံးရက်ကျော်မှ သတိရလာခဲ့သည်။ သေတော့ မသေ။ အာရုံကြောထိခိုက်သွားသည်။ စကားလည်း ထွေလာကြသည်အထိ မပြော။ သည့်နောက်ပိုင်းတွင် ဆင်ပေါက်သည်



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်မမှန်တော့ပေ။ ဘုန်းကြီးကျောင်းမှာလည်း မထားတော့။ ဆင်ပေါက် ပြောင်းလဲသွားသည်ကား လမ်းမှာ တာတေ့ကိုမြင်လျှင် ကြောက်လန့်ပြီးတော့ ထွက်ပြေးခြင်းပင်ဖြစ်သည်။

တစ်ရက်တွင် တာတေက ရွာလမ်းအတိုင်းလျှောက်အလာ မျက်နှာချင်းဆိုင်လာနေသော ဆင်ပေါက်နှင့် ဆုံမိသည်။

"ဟာ . . . မှင် . . . မှင်စာ ကြောက်ပါပြီဗျ . . . ကြောက်ပါပြီ"

ဆင်ပေါက်သည် တာတေကို မြင်သော အလန့်တကြားနှင့် အော်ဟစ်ပြီးတော့ ပြေးလေတော့သည်။ အသက်ငါးနှစ်ကျော်ကျော်သာ ရှိပြီး ခန္ဓာကိုယ်သေးသွယ်သော တာတေကို ဆင်ပေါက်က လှော ပြောင်ပြီးတော့ ပြေးသွားသည်ဟု ထင်မိကြသည်။ ဆင်ပေါက်သည် တာတေ့ကို သည်တစ်ကြိမ်တည်းသာမဟုတ် နောက်ပိုင်းမှာလည်း ကြောက်မြဲကြောက်နေလေသည်။ တာတေ့ကို မြင်လျှင် ဝေးဝေးကပင် ရှောင်နေလေတော့သည်။

❑ ❑ ❑

တစ်ရက်တွင် သောင်းတင်သည် မြက်ထုံးကြီးနှင့် ခြံထဲကို ဝင်လာခဲ့သည်။ တာတေက ရှေ့မှာ ကျောပေးပြီးတော့ ရပ်နေလေသည်။

"ဟေ့ကောင် . . . တာတေ ဖယ်စမ်း"

ပြောလည်း ပြော၊ တိုက်လည်း တိုက်ချဆိုသလို တာတေမှာ ပစ်လဲပြီးတော့ ကျသွားခဲ့ရလေသည်။

"အား"

မြေပြင်ပေါ်မှာ ဒလိမ့်ခေါက်ကွေးဖြစ်သွားခဲ့ရသည်။ မြက်ထုံး





များကို ဦးပဲ့ထမ်းလာခဲ့သည်ဖြစ်၍ ပင်ပန်းလာကာ စိတ်ကလည်း တိုနေဟန်တူသည်။

"တောက် . . . ငါပြောနေလျက်နဲ့ကွာ။ မင်းအပြစ်နဲ့မင်းပဲ"

"ဟဲ့ . . . သောင်းတင် နင် ကိုယ့်ညီလေးကို သည်လိုပဲ လုပ်ရသလား။ နင်က ပြောပြီးတာနဲ့ ဝင်တိုက်ချလိုက်တာ။ ငါ မမြင်ဘူးများ မှတ်သလား။ သူ ရှောင်နိုင်အောင် နင်က စောင့်ပါဦးတော့လား"

အခြေအနေကို မြင်တွေ့လိုက်ရသော မဆွဲမိက အိမ်ပေါ်က ပြေးဆင်းလာသည်။ သောင်းတင်ကိုလည်း စိတ်ပေါက်ပေါက်နှင့် ပြောချလိုက်သည်။

"သား . . . တာတေ ဘယ်နားနာသွားသေးသလဲ"

တာတေသည် တော်တော်နှင့် မထနိုင်။ ဆွဲထူကာ ဖုတ်ဖက်ပေးသည်။

"မနာပါဘူး အမေ"

တံတောင်ဆစ်မှာပွန်းနေသောအရာကို တွေ့သွားခဲ့လေသည်။

"ဟင် . . . သွေးတွေ ထွက်နေပါလား"

မဆွဲမိသည် တာတေကို ချီကာ အအိမ်ပေါ်သို့ ပြေးတက်သွားသည်။ မြက်များကို ခြံနောက်ဘက်မှာ ချထားပြီး ပြန်ထွက်လာသော သောင်းတင်က တာတေ့တံတောင်ဆစ်ကို နနွင်းမှုန့်သိပ်ပေးနေသော မဆဲမိအား . . .

"တော်တော့်ကို အကဲဆတ်တယ်"

ဟုပြောလိုက်သည်။ မဆွဲမိက ကြားလိုက်သော်လည်း စကားနည်းရန်စဲ တုံ့ပြန်ပြီးပြန်မပြောတော့။



www.burmeseclassic.com

www.burmeseclassic.com



"သား . . . နောက်ဆို သည်ကောင့်ကို ရှောင်နော်"

"ဟုတ်ကဲ့"

တာတေသည် နာကျင်နေသော်လည်း မျက်နှာမပျက်။ မျက်ရည်ကတော့ မသိမသာ ဝဲနေသည်။ ကလေးပေမယ့် မိဘစိတ်မကောင်းဖြစ်မှာကို စိုးရိမ်သည်။ သိတတ်သည်။ အရွယ်နှင့်မလိုက်အောင် နားလည်မှုရှိသည်။

"အင်း . . . သောင်းတင်တစ်ယောက်လည်း သည်ကလေးအပေါ်မှာ ဘာဖြစ်လို့ အကြင်နာတရားကင်းမဲ့နေရတာလဲ မသိဘူး။ ရှေ့ဆက်တော့ ခက်ပါတယ်"

ထိုအကြောင်းကို မဆွဲမိက အောင့်မထားနိုင်တော့ဘဲ ကိုဘထောင်နှင့် ဝိုင်းစိန်ကို ပြောပြလိုက်သည်။

"အင်း . . . သောင်းတင် . . . သောင်းတင် . . . တာတေဟာ ကိုယ့်ရဲ့ ညီအရင်းတစ်ယောက်ဆိုတာတောင် ခေါင်းထဲမှာ ရှိနေသေးရဲ့လား မသိဘူး။ ငါတို့သာမရှိရင် သားငယ်ဘဝဟာ မတွေးဝံ့စရာပဲ"

ကိုဘထောင်က ရှေ့ရေးကို ရတက်မအေးစွာနှင့် ပြောလိုက်သည်။

"သောင်းတင်ကိုတော့ စကားထဲထည့်မပြောနဲ့ အဖေ။ အဖေနဲ့အမေတို့ မရှိကြလည်း ဟောသည်မှာ သမီးတစ်ယောက်လုံး ရှိသေးတယ်။ သမီး အိမ်ထောင်မပြုဘူး။ မောင်လေးကို အစအဆုံးတာဝန်ယူတယ်"

ဝိုင်းစိန်က ရင်ဘတ်ကို လက်နှင့်ပုတ်ပြီးတော့ ပြောသည်။

တာတေ လူ့ဝင်စားဆိုသည့်အကြောင်းကို မိသားစုသာ သိကြသည်။ နှုတ်နည်းသော တာတေကလည်း မည်သူ့ကိုမှ ပြောပြမည်





မဟုတ်ပေ။ လူ့ဝင်စားများသည် ငယ်စဉ်ကသာ အတိတ်ဘဝဇာတ်ကြောင်းကို မိမိ မှတ်မိသမျှ အလုံးစုံကို ပြန်ပြီးတော့ ပြောတတ်ကြသည်။ အရွယ်ရောက်လာသောအခါ မှတ်ဉာဏ်များ တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားကာ မပြောကြတော့ဟုဆိုသည်။

သို့သော် . . .

(တာတေကတော့ အရွယ်ရောက်လာခဲ့သည်အထိ ဖက်ဆစ်ခေတ်က မုဆိုးအောင်ဖေ၏ဘဝကို အမှတ်တရနှင့်ရှိနေဆဲ။ ဖက်ဆစ်ဂျပန်ဆိုလျှင် ရွံ့မုန်းနေဆဲ။ နကာမူရာက မိမိ၏လက်နှစ်ဖက်ကို ခုတ်ဖြတ်ခဲ့သော ကင်ဒိုဓားကြီးကို မြင်တိုင်း သွေးလန့်နေဆဲ။ ကိုဘထောင်သည် ထိုဓားကြီးကို ဖျောက်ဖျက်ပစ်ခဲ့ရလေသည်။)

"ငါ့မြေး . . . မင်း အရင်ဘဝတစ်ခုက မုဆိုးတစ်ယောက် ဖြစ်ခဲ့ဖူးတယ်ဆို။ ဂျပန်တွေက မြင်းတွေ၊ လားတွေနဲ့ သယ်ထုတ်သွားခဲ့တဲ့ သေတ္တာတွေဟာ ဘာသေတ္တာတွေလဲကွယ့်"

"ကျွန်တော် မသိဘူး အဘိုး။ ဒါပေမယ့် အခုတွေးကြည့်ရင် ခေါင်းထဲမှာ ပေါ်လာတာကတော့ သိပ်တန်ဖိုးရှိတဲ့ ပစ္စည်းတွေပါနေမှာပဲ"

"အေး . . . ဒါပဲပေါ့။ သည်ငပုတွေဟာ ငါတို့နိုင်ငံက အဖိုးတန်ပစ္စည်းတွေကို သည်လိုမတရားခိုးထုတ်နေကြတာပဲကွ။ တချို့လည်း သူတို့နိုင်ငံကို ပါမသွားကြဘူး။ ငါတို့ မြေပေါ်မှာပဲ ကျန်ရစ်ခဲ့ကြတယ်။ တချို့ပစ္စည်းတွေဆိုရင် ခုထက်ထိလျှို့ဝှက်တဲ့နေရာတွေမှာ ရှိနေကြတုန်းပဲကွယ့်"

"အင်း . . . ငါ့မြေးကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေ အပါအဝင်ပေါ့ကွာ။ အဲ့သည်နေရာဟာ ဘယ်နေရာလဲဆိုတာ သိသလား"

"ဟင့်အင်း . . . ကျွန်တော် မသိဘူး အဘိုး။ မမှတ်မိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးကင်းက သွေးတိုးစမ်းကာ မေးသည်။ မြေးဖြစ်သူ တာတေက အရိုးခံအတိုင်းဖြေသည်။ မုဆိုးအောင်ဖေဆိုသည့်အမည်၊ ကင်းမွန်ရွာ၊ ဂျပန်၊ ရတနာသေတ္တာများ၊ ဂူကြီးတစ်လုံးဆိုသည်ကိုသာ သိသည်။ မည်သည့်နေရာမှာ တည်ရှိသလဲဆိုသည်ကိုမူ တာတေ မသိပေ။ ထိုစဉ်က တာတေသည် အသက် ရှစ်နှစ်အရွယ်သို့ ရောက်လာခဲ့ပြီဖြစ်သည်။

❑ ❑ ❑

အထက်ကဆိုခဲ့ပြီးသည့်အတိုင်း တာတေသည် ဉာဏ်ကောင်းသော်လည်း၊ ဝီရိယကောင်းသော်လည်း၊ ကြိုးစားအားထုတ်မှုရှိခဲ့သော်လည်း ကျောင်းဆက်မနေတော့။ ဤကား လူတကာ၏ အမြင်တစ်မျိုးနှင့် အမြဲကြည့်ခြင်းခံနေရသော မိမိ၏ဘဝပေးအခြေအနေကြောင့်ပင်တည်း။ သူ့ကို ဒုက္ခိတတစ်ဦး၊ လူစဉ်မမီသူတစ်ဦးအနေနှင့် နှိမ့်ချစွာကြည့်တတ်ကြသူများကြောင့် ခံစားရသည်။ လူနှင့်လူချင်း အတူတူပင်ဖြစ်သော်လည်း အများကြားထဲမှာ တာတေက ဝင်ပြီးတော့ ကစားလျှင် . . .

"တာတေ . . . နင် သူတို့နဲ့ကစားလို့ဖြစ်မှာမဟုတ်ပါဘူး . . . သွား . . . သွား"

ကလေးမိခင်များက တာတေ့ကို ပြောင်ပြောင်တင်းတင်းပင် ပြောတတ်ကြသည်။ ကွယ်ရာမှာလည်း သူတို့၏သားသမီးများကို . . .

"နင်တို့ တာတေနဲ့မကစားကြနဲ့။ ကျက်သရေယုတ်တယ်"

ဟူ၍တစ်မျိုး တားမြစ်ကြသည်။ ထိုစကားကို အစ်မဖြစ်သူ ဝိုင်းစိန်ကကြားသော် ထိုသူ့ဆီကို သွားပြီး ရန်တွေ့သည်။

"ရှင်က သားသမီးတွေကို တာတေနဲ့ ကစားရင် ကျက်သရေ





ယုတ်တယ်လို့ ပြောရရင် ကျွန်မမောင်တာတေက စိတ်ထားမကောင်းလို့လား။ လူတကာ အပေါ်မှာ ရန်လိုနေလို့လား။ လူလူချင်း သည်လိုစကားမျိုးပြောတာ မကောင်းပါဘူး။ ကိုယ့်သားသမီးတွေကိုလည်း သည်လိုမသင်ပေးသင့်ပါဘူး။ သူ့ဘဝအကျိုးပေးကြောင့် ခုလို ဒုက္ခိတဖြစ်နေတာ အားမပေးကြတဲ့အပြင်၊ ဖေးမကူညီစိတ်မရှိကြတဲ့အပြင် အသားလွတ်ကြီး နှိမ်လိုက်တာကတော့ လူမဆန်ဘူး ထင်တယ်"

ဝိုင်းစိန်က အကြွေးမထားဘဲ ပြောသောသူကိုရန်သွားတွေ့သည်။

"ငါ . . . ငါ . . . သည်လိုသဘောမျိုးနဲ့ ပြောတာ မဟုတ်ပါဘူး"

တာတေကို ချိုးနှိမ်ပြီးတော့ပြောလိုက်သူမှာ ဝိုင်းစိန်ကို အားနာနာနှင့် ဘာပြန်ပြောရမှန်းပင်မသိတော့ပေ။ သူမ၏စကားက လွန်သွားသည့်အတွက်လည်း ပြန်ပြီးတော့ရုပ်သိမ်းရန် မတတ်နိုင်ဘဲရှိနေရသည်။

"အစ်မရာ ကျွန်တော့်အတွက်နဲ့ လူတကာနဲ့ ဖက်ပြီးတော့ မဖြစ်ပါနဲ့။ အစ်မကို မုန်းကြလိမ့်မယ်။ သူတို့သားသမီးတွေနဲ့ ကျွန်တော့်ကို ပေးမကစားတာလည်းမလွန်ပါဘူးလေ။ ကျွန်တော်က လူချင်းမှမတူဘဲ"

"ဘာလူချင်းမတူရမှာလဲ။ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်ပြီး ဦးနှောက်နဲ့ အလုပ်လုပ်ကြတဲ့လူချင်းအတူတူပဲ။ မောင်လေး သည်လူတွေကို ဂရုမစိုက်နဲ့။ အားမငယ်ပါနဲ့"

"ကျွန်တော် ဘယ်တုန်းကမှ အားမငယ်တတ်ဘူး အစ်မ။ အဖေနဲ့အမေရယ်၊ အစ်မရယ်၊ အဘိုးရယ်သာရှိနေရင် ကျွန်တော် အားရှိပြီးသားပါ"

"အေး . . . ဒါမှ ငါ့မောင်လေးကွယ့်"

ဝိုင်းစိန်သည် တာတေ့ကိုဖက်ထားရင်း မျက်ရည်ချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်မောင်လေး၏ရှေ့ရေးအတွက် ရင်လေးနေမိသည်မှာ အမှန်ပင်။

❑ ❑ ❑

သို့သော် တာတေသည် လူတွေက သူ့ကို အားမပေးကြသည့်အပြင် အထင်အမြင်သေးသောအကြည့်တွေနှင့် ကြည့်နေကြသည်ကို ကြာတော့ ခံစားလာမိခဲ့ရသည်။ သူသည် ထိုသူတွေကို ပြန်ပြီးတော့ အထင်အမြင်သေးလာခဲ့သည်။

"လူဟာ မေတ္တာ၊ ကရုဏာတရားမရှိရင် အလကားပဲ။ ဒါပေမယ့် အတိုင်းမသိသော သတ္တဝါတို့အတွက် ကျေနပ်စိတ်သွင်း၊ မုဒိတာဆိုတဲ့ ဝမ်းမြောက်စိတ်ပွားရမယ်။ ဖြစ်ပျက်သမျှဟာ ကံရဲ့အကျိုး အားလျော်စွာဖြစ်ရတာပဲ။ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့ကို လျစ်လျူရှုပြီး အမှတ်မထားဘဲ ရှုဆင်ခြင်ပွားများခြင်းဆိုတဲ့ ဥပေက္ခာတရားကို လက်ကိုင်ထားရမယ်"

တာတေသည် ဆရာတော် မကြာခဏ မြွက်ကြားလေ့ရှိသော ဟောပြောချက်တို့ကို ပြန်ပြီးတော့ ကြားယောင်မိလာသည်။

"အင်း . . . ဥပေက္ခာတရား၊ ဥပေက္ခာတရား၊ အဲ့သည် လက်နက်ဟာ ငါ့အတွက် အကောင်းဆုံးပဲ"

လူက ငယ်ပေမယ့် စိတ်က ရင့်ကျက်သော တာတေသည် ယင်းဥပေက္ခာတရားကို နောင်အခါ သူကိုယ်တိုင် မည်ကဲ့သို့ ခံယူကျင့်သုံးခဲ့ပါသနည်းဟူမူ . . .

❑ ❑ ❑

တစ်ရက်တွင် တာတေသည် အိမ်ပေါ်မှနေ၍ လမ်းသွားလမ်းလာများကို ကြည့်နေမိသည်။ ကြည့်ရင်းနှင့် ခံစားလာမိခဲ့ရသည်က





ထိုသူများသည် မိမိကို လှောင်ပြောင်နေကြသည်ဟု ထင်မိလာသည်။ မိမိအပေါ်မှာ အမှတ်မထင်ကြည့်လိုက်သော အကြည့်တွေက မလိုလားမှုဖွယ်နှင့်သာ ပြည့်နေသည်ဟု ခါးသီးစွာပင် လက်ခံလာမိခဲ့သည်။

"သင်းတို့ကို ကြည့်ရတာ မီးလိုပူလောင်တယ်။ သူတို့ရင်ထဲက မရွှေရိယမီးတွေက ငါ့ရဲ့မျက်နှာကို လာဟပ်နေကြတယ်။ ငါ့တစ်ကိုယ်လုံးကို လောင်မြိုက်စေတယ်။ သူတို့နဲ့ဝေးတဲ့နေရာကို ခဏလေး သွားနေရရင် ကောင်းမယ်။ အဲ့သည်လိုနေရာမျိုးဟာ ဘယ်မှာများရှိမှာပါလိမ့်"

"ဟုတ်ပြီ . . . အာလောကတောဟာ သိပ်ပြီးတော့ တိတ်ဆိတ်တယ်။ အေးချမ်းတယ်လို့ လူတွေက ပြောကြတယ်။ ငါ အဲ့သည်တောထဲမှာ သွားနေရင် ကောင်းမယ်"

(အာလောကတောဟူသည် တာနေနေသော ဆီးဖြူတောရွာနှင့် မနီးမဝေးမှာရှိသည်။ အာလောကတောဟု အမည်တွင်ရခြင်းအကြောင်းရင်းမှာ ကသိုဏ်း (၁၀)ပါးတွင် အာလောက ကသိုဏ်းသည် တစ်ခုအပါအဝင်ဖြစ်၏။

ရှေးသူတော်စင် ပုဂ္ဂိုလ်ထူးများသည် ဤတောကြီးထဲ၌ ကသိုဏ်းရှုကြရာတွင် အချို့က အာလောက ကသိုဏ်းကို ရှုကြသည်။ ယင်းကသိုဏ်းကား အလင်းရောင်ကို အာရုံစိုက်၍ မြင်ရသမျှ အလင်းရောင်ချည်းထင်အောင် အာရုံစွဲလာသည်အထိ ရှုမှတ်ရခြင်းပင်ဖြစ်သည်။ အာလောက ကသိုဏ်းကိုရှုပြီး ပေါက်မြောက်သွားခဲ့ကြသူများလည်း ရှိကြသည်။ ထို့ကြောင့် ထိုကဲ့သို့သောဖြစ်ရပ်များကို အစွဲပြုပြီး အာလောကတောဟု အမည်ပေးကာ ခေါ်ခဲ့ကြခြင်းပင် ဖြစ်သည်။)

တာတေသည် အရွယ်နှင့်မလိုက်သော အသိဉာဏ်ဖြင့် အာ



www.burmeseclassic.com

www.burmeseclassic.com



လောကတောထဲတွင် လည်ပတ်သွားလာလျှင် ငြိမ်းချမ်းမှု၊ စိတ်သက်သာရာရမှုများကို ရရှိလိမ့်မည်ဟု ယုံကြည်ထားမိသလား မသိပေ။ စိတ်အကျဉ်းအကျပ်ထဲမှ လွတ်မြောက်ရာကို မိမိဘာသာ ရှာဖွေမိခြင်းပဲ ဖြစ်လေသည်။

❑ ❑ ❑

အာလောကတော၏ အစပ်တွင် တောပါးသလို ထင်ရသော်လည်း အတွင်းပိုင်းကား တောထူသည်။ သစ်ကြီး၊ ဝါးကြီးပင်များ ပေါများသည်။ ထို့အပြင် သည်ထက်နက်ရှိုင်းသော အတွင်းပိုင်းဆီကို ရောက်သွားခဲ့လျှင်ကား ထူးခြားဆန်းကြယ်မှုများနှင့် ကြုံတွေ့ကြရလိမ့်မည်ဖြစ်သည်။ ရှေးသူတော်စင်ကြီးများ၊ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ဆန်းများ၊ လောကီထွက်ရပ်ပေါက်ကိစ္စများကို စီရင်ခဲ့သည့်နေရာများလည်း ရှိကြသည်ဟု ဆိုကြသည်။

အမိကရ သစ်ပင်ကြီးများ၊ ဂူများ၊ ပတ်ကြားအက်ကျောက်ဂူလမ်းကြောင်းများ၊ လိုဏ်လမ်းကြောင်းများနှင့် ပြည့်နှက်နေကြသည်ဟု ဆိုသည်။

သို့သော် ထိုနေရာကို ရောက်သွားဖူးကြသူများသည် လက်ချိုးရေတွက်၍ပင်ရသည်။ အကြောင်းထူး၍ ရောက်ဖူးကြခြင်းပင် ဖြစ်သည်။ တမင်တကာ သွားလျှင် ရှာမတွေ့ကြ။ တောထဲတွင် မျက်စိလည်ကာ တဝဲလည်လည်နှင့် ရှိနေတတ်ကြသည်။ အပြန်လမ်းပင် ပျောက်နေတတ်ကြသည်။

အာလောကတောကြီး၏အတွင်း နက်ရှိုင်းလှသော တစ်နေရာ၌ ထူးခြားမှုများရှိနေကြသည်ဟု ဆိုသည့်တိုင် အတွေ့အကြုံက မရှိကြ





သလောက်မို့ ယုံတမ်းစကားသာ ဖြစ်ခဲ့သည်။ ဒဏ္ဍာရီသာ ဖြစ်ခဲ့သည်။ ကြုံဖူးခဲ့သူက ပြန်ပြီးတော့ ပြောခဲ့ကြသည့်တိုင် မယုံနိုင်ကြ။

တာတေ အာလောကတောထဲကို ဝင်ခဲ့သည်။ အိမ်မှ ထွက်လာခဲ့စဉ် မည်သူ့ကိုမှ အသိမပေးခဲ့။ တာတေသည် ဟိုနား သည်နားလောက်ကိုသာ ဝင်ဖူးသည်။ တောအဟုတ်သော သစ်ပင်၊ ချုံထူထပ်သောနေရာမျိုးလောက်သာ သွားဖူး လာဖူးသည်။ ဤအာလောကတောကြီးထဲကို တစ်ကြိမ်တစ်ခါမှ မလာဘူးချေ။

ထို့ကြောင့် တောစပ်ကိုရောက်လာသည်နှင့် ရှိန်နေမိသည်။ မဝံ့မရဲဖြစ်နေရသည်။ သို့သော် တစ်ခဏအတွင်းမှာပင် မိမိကိုယ်မိမိ တောထဲ တောင်ထဲမှာ သွားလာဖူးသည့်အတွေ့အကြုံရှိဖူးခဲ့သည်ဟု ခံစားလာမိသည်။ တောနှင့် မစိမ်းဟု သိလာခဲ့သည်။ ယခင်ဘဝက မုဆိုးတစ်ဦးဖြစ်ဖူးခဲ့သည်ဆိုသော အသိက ဦးနှောက်အသိထဲမှာ ထင်ဟပ်လာခဲ့ရလေသည်။

ဤသို့ဖြင့် တောထဲတွင် ဦးတည်ရာမဲ့ လျှောက်လာခဲ့လေရာ အရိပ်အာဝါသကောင်းသော ပိန္နဲပင်ကြီးတစ်ပင်၏ အောက်ကို ရောက်လာခဲ့သည်။ ပိန္နဲသီးများက ပင်ယံထက်မှာ ပြွတ်သိပ်ကာ သီးနေလျက်ရှိသည်။ အချို့အသီးများသည် မှည့်ဝင်းလျက်ရှိနေလေပြီ။ မွှေးကြိုင်သော အနံ့များကို အပင်အောက်မှပင် ရလျက်ရှိသည်။

"စားချင်လိုက်တာ"

စားချင်စိတ်ဖြစ်ပေါ်လာသည်။ လမ်းလျှောက်လာခဲ့ရသဖြင့် ဗိုက်ထဲမှာ ဆာလောင်မွတ်သိပ်သောဒဏ်ကို ခံစားလာခဲ့ရလေသည်။ တာတေသည် သန်မာသော လက်မောင်းနှစ်ဖက်ဖြင့် ပင်စည်ကို ဖက်



www.burmeseclassic.com

www.burmeseclassic.com



ကာ တက်သွားသည်။ ခြေကုပ်အားကိုပါ အသုံးပြုပြီး တက်သွားသည်မှာ မျောက်တစ်ကောင်လိုပင်။ လှစ်လှစ် လှစ်လှစ်နှင့်နေသည်။ တစ်ယောက်ယောက်သာ မြင်မိလျှင်သော်မှ ယုံနိုင်စရာပင် မရှိ။ တာတေသည် အလတ်စားပိန္နဲသီးတစ်လုံး၏ အညှာကို ပါးစပ်ဖြင့် ကိုက်ဖြတ်လိုက်သည်။

ပိန္နဲသီးကို အပင်ပေါ်မှ ပစ်ချလိုက်သည်။ ထို့နောက် သစ်ပင်ထက်က အောက်ကို ဆင်းလာသည်။ အောက်ကိုကျလာသည့် အရှိန်ဖြင့် ကွဲအာသွားသော ပိန္နဲသီးကို ပါးစပ်နှင့်ကိုက်ကာ တစ်မွှာပြီး တစ်မွှာ ထုတ်ကာ စားနေစဉ် တာတေ့မျက်လုံးတွေက တစ်နေရာကို အမှတ်မထင် ရောက်သွားခဲ့လေသည်။

သစ်ပင်ကြီးတစ်ပင်အောက်မှာ လူကြီးတစ်ယောက်က မတ်တတ်ရပ်နေသည်။ ထိုလူကြီးသည် မည်းနက်သော မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများက ထူထပ်စွာပင် ပေါက်နေကြလေသည်။ ရှည်လျားသော ဆံပင်များကို စုစည်းကာ ငယ်ထိပ်တည့်တည့်တွင် ဆံစုအဖြင့် ထုံးနှောင်ထားသည်။ ထိုသူ၏တစ်ကိုယ်လုံးသည် မလှုပ်မယှက် တောင့်တောင့်ကြီး ဖြစ်နေသည်။

အကြောင်းမှာ လွန်စွာမှ ကြီးမားလျက်ရှိသော စပါးကြီးမြွေကြီးတစ်ကောင်သည် သူ၏ခန္ဓာကိုယ်ကို အထပ်ထပ်ပင် ရစ်ပတ်ထားသောကြောင့် ဖြစ်သည်။ တာတေသည် ထိုမြင်ကွင်းကို ကြည့်ပြီး အံ့အားသင့်နေမိသည်။ ထိတ်လန့်မှုကိုလည်း ခံစားနေရသည်။

"ဟင် . . . ဟိုလူကြီးကို မြွေကြီးတစ်ကောင်က ပတ်ထားပါလား။ မျိုပြီးတော့ ဝိုက်ထဲကို ထည့်တော့မယ်"





တာတေသည် စပါးကြီးမြွေက သတ္တဝါတွေကို ညှို့ပြီးတော့ မျိုတတ်သည်ဟူသော လူကြီးသူမတွေ၏ပြောစကားကို ကြားဖူးထားခဲ့သည်။ ထို့ကြောင့် ထိုလူကြီးလည်း မကြာခင်မှာ အရိုးများကျိုးကြေသွားသည်အထိ အညှစ်ခံရကာ မြွေကြီးက မျိုပစ်လိုက်မည်ဟု ထင်နေမိသည်။

သူလည်း ထိုလူကြီးကိုကယ်တင်ရန် မတတ်နိုင်ပေ။ အနားကိုပင် မကပ်ရဲပေ။ သူ့ကိုလည်း ပြန်ပြီးတော့ ရန်ပြုတိုက်ခိုက်မှာကို စိုးရိမ်မိသည်။

"ငါ့ကိုပါ မျိုပစ်လိုက်ရင် ဒုက္ခ။ အင်း . . . ငါသွားပြီးကူညီရင်လည်း ငါက ဘာတတ်နိုင်မှာလဲ"

တာတေသည် စိတ်နောက် ကိုယ်မပါနိုင်သည့်အဆုံးတွင် ဤအတိုင်းပဲ ကြည့်နေလိုက်ရတော့သည်။

သို့သော် ထူးခြားချက်များဖြစ်ပေါ်လာသည်။ ထိုလူကြီးသည် စပါးကြီးမြွေက ရစ်ပတ်ထား၍ ခြေလက်များပါ တုတ်နှောင်ထားခြင်းကို ခံနရသည်။ မလှုပ်မယှက်ဖြစ်နေသည်။ လှုပ်လည်းမလှုပ်နိုင်။ ပခုံးနှင့်လည်ပင်းလောက်အထိ တဖြည်းဖြည်းနှင့် ရစ်ပတ်ထားခြင်းကို ခံနေခဲ့ရလေပြီ။ မြွေ၏ခေါင်းသည် တယမ်းယမ်းနှင့်ရှိနေကာ မျက်နှာနှင့်ပင် နီးကပ်လာခဲ့လေပြီ။

မြွေကြီး၏မျက်လုံးများသည် ထိုလူကြီး၏ မျက်လုံးများကို စိုက်ကြည့်နေလျက် ရှိသည်။ ညှို့နေခြင်းပင် ဖြစ်သည်။ ထူးခြားသည်က လူကြီး၏ မျက်လုံးများကလည်း မြွေကြီးကို တန်ပြန်စိုက်ကြည့်နေသည်။ တာတေသည် အသိဉာဏ်ပိုသူဖြစ်၍ အခြေအနေကို အကဲခတ်မိသွားသည်။ အဝေးကနေလှမ်းပြီးတော့ ကြည့်နေရာတွင် လူကြီး၏မျက်လုံးများသည် လင်းလက်တောက်ပနေသည်။ ထိုမျက်လုံးများကို တာတေ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိသည့်တစ်ခဏမှာပင် ခေါင်းထဲမှာ မူးနောက်သွားသလို ခံစားလိုက်ရသည်။ ထို့ကြောင့် အကြည့်ကို ချက်ချင်းပင် လွှဲဖယ်ပစ်မိလိုက်ရသည်။

သို့သော် မကြည့်ဘဲမနေနိုင်၍ ခိုးကြောင်ခိုးဝှက်နှင့် ကြည့်နေမိလေသည်။ ဤသည်မှာပင် ခေါင်းဖေထာင်နေသော မြွေကြီးသည် လည်တယမ်းယမ်းနှင့် ဖြစ်လာသည်။ လူကြီး၏ ကိုယ်မှာ ရစ်ပတ်ထားသော မြွေကိုယ်ထည်ကြီးသည် တစ်စ တစ်စနှင့် လျော့ရဲလာသည်။ အချိန်အနည်းငယ်အတွင်းမှာပင် အောက်သို့ အခွေလိုက်ကြီး ပြုတ်ကျသွားခဲ့လေသည်။ မြွေကြီးကား မလှုပ်မယှက်။

"ဟင် . . . မြွေကြီး ဘာဖြစ်သွားပါလိမ့်"

တာတေ အံ့အားသင့်သွားခဲ့ရလေသည်။ မြွေကြီး၏လက်ချက်ဖြင့် ထိုလူကြီး သေဆုံးသွားလိမ့်မည်ဟု ထင်မိခဲ့သည်။ ယခုတော့ သူ့အထင်က ပါစင်အောင်လွဲသွားခဲ့လေပြီ။ မည်သည့်အကြောင်းကြောင့် အရှုံးပေးလိုက်ရသလဲဆိုသည်ကိုတော့ ငယ်ရွယ်နုနယ်သေးသော တာတေတစ်ယောက် မသိနိုင်။

ထိုလူကြီး၏မျက်နှာသည် တည်ကြည်သည်လည်း မမည်၊ ခက်ထန်သည်လည်း မဟုတ်။ ရင့်ကျက်မှုက အပြည့်ရှိသည်။ မြွေပုံကြားထဲမှ ကျော်ထွက်ပြီး တစ်နေရာကို ထွက်သွားခဲ့လေသည်။ ထိုအခါ တာတေသည် မည်သည့်အကြောင်းကြောင့်လည်း မသိ။ နောက်မှနေ၍ ပြေးလိုက်သွားခဲ့လေသည်။

"ဘ . . . ဘဘ . . . ခဏကလေးနေပေးပါဦး"

တာတေက အော်ခေါ်ရင်း ပြေးလိုက်သွားခဲ့လေရာ လူကြီးက နောက်ကို လှည့်ကြည့်လိုက်လေသည်။





"ဘာလဲကွယ့် ကလေးရဲ့"

"ဘဘ ဟိုမြွေကြီးကို ဘယ်လိုလုပ်လိုက်တာလဲ။ ဘဘကို မျိုမယ့်မြွေကြီးက တစ်ခါတည်းကို ပျော့ခွေပြီးတော့ ကျသွားခဲ့တာပဲ"

"ဩော် . . . မင်းက မြင်လိုက်တာကိုး။ ဘဘက ဘာမှမလုပ်ပါဘူးကွယ်။ သူ့ဘာသာ သူ ဖြစ်သွားတာပါ"

"ကျွန်တော် သိပါတယ်။ ဘဘရဲ့ ကြည့်ဒဏ်ကို မခံနိုင်လို့သည်မြွေကြီးက ဘဘကို အရှုံးပေးလိုက်တာပါ"

ထိုအခါ အနီလူကြီးသည် တာတေကို စူးစမ်းသောအကြည့်မျိုးဖြင့် ကြည့်လာခဲ့သည်။

"တော်တော့်ကို အကင်းပါးတဲ့ကလေးပဲ။ ပြီးတော့ အတိတ်ကံမကောင်းလို့ ဒုက္ခိတလာဖြစ်ရတဲ့ သည်ကလေးကို ငါ ဘယ်လိုကူညီရပါ့မလဲ"

"ဘဘ . . . ကျွန်တော့်ကို သနားရင် အကူအညီပေးပါ။ လူတွေက ကျွန်တော့်ကို လက်မခံကြဘူး။ ကျွန်တော့်ကို အားလုံးက အလေးထားလာအောင် ဘဘပဲ ကူညီနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

ရုပ်ရည်လေးက သနားကမားနှင့် တောင်းပန်တိုးလျှိုးကာ ပြောနေသော တာတေကို ထိုလူကြီးက အတန်ကြာကြည့်ပြီးမှ ခေါင်းတစ်ချက် ဆတ်လိုက်ကာ . . .

"အိမ်း . . . ကောင်းပြီ။ ဒါပေမယ့် မင်း ငါ့စကားကို နားထောင်ရမယ်နော်"

"နား . . . နားထောင်ပါ့မယ် ဘဘ"

တာတေက အားရဝမ်းသာစွာနှင့်ပင် အဖြေပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ( ၅ )

## ပျောက်နေသောတာတေ

တာတေသည် နောက်သုံးရက်အကြာတွင် အိမ်မှ မယောင်မလည်နှင့် ထွက်လာခဲ့လေသည်။ ပုန်းလျှိုးကွယ်လျှိုးနှင့်မဟုတ်။ သည်အတိုင်းပင် ဟိုလိုလို သည်လိုလိုလုပ်ကာ တောင်လိုလို မြောက်လိုလိုနှင့် အနောက်ဘက်ကို ရောက်လာခဲ့သည်။ တာတေ့ကိုယ်လုံးသည် အာလောကတောကြီးထဲမှာ ပျောက်သွားသည်။ တောကကြီး၍ လူကောင်က သေးသောကြောင့် အလွယ်တကူ မတွေ့နိုင်တော့။

"မင်းလာရင် ဘယ်သူမှ မသိစေနဲ့။ နောက်ကြောင်းအေးပေ့စေ"

ထိုလူကြီး၏ သတိပေးစကားကို မှတ်သားထား၍ လူတွေက





မိမိကို သတိမပြုမိစေရန် ဂရုစိုက်နေရခြင်းပင် ဖြစ်သည်။ အာလောကတောထဲတွင် လူသွားလူလာ ပြတ်လျက်ရှိသည်။ တာတေသည် ကလေးပေမယ့် တစ်ဦးတည်း ရောက်လာရသည့်အတွက် ကြောက်လန့်မှုကမရှိ။ သိဒ္ဓိဗလဆိုသည့် လူကြီးနှင့် တွေ့ရန်သာ စိတ်က စောနေမိသည်။

တစ်ခဏအကြာတွင် လာရာလမ်းအတိုင်း ဖဲကျဉ်ကာလျှောက်သွားသည်။ လမ်းမဟုတ်သော လမ်း။ ဟိုတစ်နေ့က သူ့ကို သိဒ္ဓိဗလဆိုသည့်လူကြီး ခေါ်သွားသည့်လမ်း။ လမ်းက ခနော်ခနဲ့နှင့် ဆယ်ပေသာသာ ကျယ်သော စမ်းချောင်းလေးတစ်ခုကို ထန်းပင်လုံးတံတားထိုးထားသည်။ တာတေသည် ကိုယ်ကို ထိန်းပြီးတော့ လျှောက်သွားသည်။ ချုံတွေက များလာသည်။ လမ်းဆိုသည်က ခြေတစ်ဖဝါးစာသာ။ တကယ့်ကျဉ်းကျဉ်းလေး။ နံနက်ခင်းပေမယ့် အမှောင်ရိပ်က ကျနေသည်။ တောရိပ်က ကျနေခြင်းပင်ဖြစ်သည်။ သွားရင်းနှင့် သိဒ္ဓိဗလကို မျက်လုံးတွေက ရှာဖွေနေမိသည်။

"လူလေး . . . ငါ သည်မှာဟေ့"

တာတေသည် ကြားလိုက်ရသောအသံကြောင့် ရင်ထဲမှာ လှပ်ခနဲဆို ဖြစ်သွားခဲ့ရသည်။ အသံထွက်ပေါ်လာရာဆီကို လှမ်းကြည့်လိုက်သည်။

သိဒ္ဓိဗလသည် သစ်ပင်ကြီးနှစ်ပင်ကြားမှာ မားမားကြီး ရပ်လျက်ရှိနေသည်။ မည်သည့်နေရာက ထွက်ပေါ်လာမှန်းမသိလိုက်။ တာတေသည် သိဒ္ဓိဗလဆီကို ပြေးသွားခဲ့သည်။

"အဘ"

"အေး . . . လာ . . . ငါ မင်းကို စောင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



တာတေသည် ဝမ်းသာအားရစွာဖြင့် သိဒ္ဓိဗလနှင့် အတူ လိုက်သွားခဲ့လေသည်။ ထို့နောက် သူတို့နှစ်ဦးသည် တောနက်ကြီးထဲသို့ ဝင်ကာ ပျောက်ကွယ်သွားခဲ့လေသည်။

❑ ❑ ❑

မြင်ကွင်းက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့လေသည်။ ဤနေရာတွင် မြေသားများက နီစွေးစွေးအရောင်သို့ ပြောင်းလဲလျက်ရှိသည်။ အနက်ရောင်၊ အနီရောင်ကျောက်စရစ်ခဲများက ပေါ်များလျက် ရှိကြသည်။ အချို့သည် စမ်းချောင်းကြီးထဲကို ရောက်နေကြသည်။ စီးဆင်းနေသော ရေအောက်မှာ အတိုင်းသားပင် မြင်တွေ့နေရလေသည်။ သစ်ပင်ကြီးတွေကလည်း မတ်မတ်ကြီးတွေ ဖြစ်ကြသည်။

မလှမ်းမကမ်းတွင် ကျောက်ဂူတစ်လုံးက ရှိနေသည်။ သိဒ္ဓိဗလသည် တာတေကို ကျောက်ဂူကြီးဆီကို ခေါ်သွားသည်။ ငှက်ပျောသီးတစ်လုံးကို ယူကာ အခွံနွှာပြီး တာတေ့ကို ကျွေးသည်။

"လူလေး . . . မင်းဆာလာတယ်။ ကုန်အောင်စားလိုက်"

ထို့နောက် ရေတစ်ခွက်တိုက်သည်။ ထိုအခါ ဆာလောင်နေသော တာတေ့ဗိုက်ထဲမှာ ချက်ချင်းပင် ဗိုက်ဝသွားသလို ခံစားသွားခဲ့ရလေသည်။

"မင်း ငါ့နာမည်ကို မှတ်မိလား"

"သိဒ္ဓိဗလပါ"

"အင်း . . . သေသေချာချာမှတ်ထားနော်။ ဘယ်အချိန်၊ ဘယ်အခါပဲရောက်ရောက် မမေ့နဲ့"





"ဟုတ်ကဲ့ . . . အဘ"

"မင်း သည်ကိုလာတာ ဘယ်သူတွေ သိကြသေးသလဲ"

"မသိကြပါဘူး အဘ"

"အေး . . . ကောင်းတယ် . . . ကောင်းတယ်"

တစ်ခဏအကြာတွင် သိဒ္ဓိဗလသည် တာတေကို စမ်းချောင်းလေးဆီကို ခေါ်သွားသည်။ သစ်ပင်တစ်ပင်မှ သစ်ရွက်ဝိုင်းဝိုင်းလေး တစ်ရွက်ကို ဆွတ်ရူးကာ ပေးသည်။ ရွက်ကြောများသည် လက်ချောင်းသဏ္ဍာန်ခွဲဖြာပြီးတော့ ထွက်နေကြသည်။

သိဒ္ဓိဗလသည် လျှော်မျှင်သေးသေးလေးနှင့် ရွက်ညှာတံကို ချည်သည်။ အစတစ်ဖက်ကို ရေထဲသို့ ကျနေသော ရေစပ်ရှိ သစ်ပင်ကြီးတစ်ပင်၏ မြစ်အမွေးတခုစ်ခုမှာ ချည်လိုက်သည်။ သစ်ရွက်လေးကို ရေထဲသို့ ချလိုက်လေ၏။ သစ်ရွက်လေးသည် ရေစီးထဲတွင် မျောပါသွားသည်။ သို့သော် လျှော်ကြိုးချည်ထားသောကြောင့် ဆက်၍ မျောပါမသွားနိုင်တော့ဘဲ တန့်သွားသည်။

"လူလေး . . . မင်း ဒါလေးကို စောင့်ကြည့်နေ။ အာရုံက ဘယ်ကိုမှ မရောက်စေနဲ့နော်။ ငါ မင်းဆီကို တစ်ခေါက်ပြန်လာမှ ရပ်ရမယ်"

"ဟုတ်ကဲ့ ဘဘ"

တာတေသည် ရေစီးမှာ မျောပါမသွားနိုင်ဘဲ တလှုပ်လှုပ်နှင့် ရှိနေသော သစ်ရွက်ကလေးကို ထိုင်လျက်က ကြည့်နေမိသည်။

"ဟောသည်လို ထိုင်ရတယ်ကွ"

သိဒ္ဓိဗလက တာတေထိုင်ရန်အနေအထားကို ပြင်ပေးသည်။ မြက်ခင်းပေါ်မှာ တင်ပျဉ်ခွေပြီးတော့ ထိုင်စေသည်။ လက်နှစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုရန်ဖြစ်သော်လည်း တရားထိုင်သလို မထိုင်နိုင်သောကြောင့် လက်မောင်းနှစ်ဖက်ကိုသာ မလှုပ်ရှားစေဘဲ တည်ငြိမ်စွာ ထားရန် သတိပေးရသည်။ မျက်လုံးအစုံက သစ်ရွက်လေးကိုသာ စူးစိုက်ပြီးတော့ ကြည့်နေစေလေသည်။

"အာရုံက ဘယ်ကိုမှ မရောက်စေနဲ့။ သစ်ရွက်လေးကိုပဲ စူးစိုက်ပြီးတော့ ကြည့်နေ၊ နောက်ကို၊ ဘေးဘီကို မကြည့်နဲ့"

ထို့နောက် သိဒ္ဓိဗလသည် တာတေ၏နောက်မှာ ရပ်နေလိုက်သည်။ တာတေကတော့ တစ်နေရာကို ထွက်သွားပြီဟု ထင်နေမိသည်။ ခိုင်းထားသည့်အတိုင်း ရေထဲမှသစ်ရွက်လေးကိုပဲ သေချာစွာ စူးစိုက်ပြီးတော့ ကြည့်နေလေသည်။ ရေစီးထဲမှာ မျောပါမသွားနိုင်သော သစ်ရွက်လေးသည် လျှော်ကြိုးမျှင်ချည်ထားသောကြောင့် တန့်နေသည်။ ကြည့်နေရင်းကပင် အတင်းရုန်းထွက်နေသည်ဟု နားလည်လာခဲ့သည်။ အနှောင်အဖွဲ့မှ လွတ်မြောက်အောင်ကြိုးစားနေသည်ဟု သဘောပေါက်စ ပြုလာသည်။

သည်အတိုင်းကြည့်နေရင်းက တစ်နာရီနီးပါးခန့် ကြာလာသည်။ မျက်လုံးတွေလည်း ညောင်းညာလာခဲ့သည်။ အောင့်လာခဲ့သည်။ မျက်ရည်များလည်း ကျလာခဲ့လေသည်။

နောက်မှ မလှုပ်မယှက်နှင့် ရပ်နေသော သိဒ္ဓိဗလသည်လည်း နှုတ်မှ မန္တန်တစ်ခုကို အသံမထွက်အောင် ရွတ်ဆိုလျက်ရှိသည်။ တာတေ စပြီးထိုင်နေသည့်အချိန်ကတည်းက သူလည်း မတ်တတ်ရပ်နေခဲ့သည်။

သည့်နောက် တာတေ့ရှေ့သို့ ရောက်လာပြီး . . .





"ထတော့ လူလေး"

ထိုအသံသည် တာတေ့နားထဲမှာ လွန်စွာမှ ချိုမြသွားသည်။ အကြားချင်ဆုံးသောအသံပင် ဖြစ်သည်။ နေရာမှ ထရပ်လိုက်ရာ လဲကျသွားမတတ် ဖြစ်သွားခဲ့ရသည်။ ညောင်းချိသွားသောကြောင့်ပင်။ သိဒ္ဓိဗလက ထူမပေးရလေသည်။ ထို့နောက် တာတေ့ကို ကျောက်ရှူဆီသို့ ခေါ်သွားခဲ့သည်။ သောက်ရေအိုးထဲက ရေကို ဝါးဆစ်ခွက်နှင့် ခပ်ကာ တိုက်သည်။ ငှက်ပျောသီးတစ်လုံး ထပ်ကျွေးသည်။

ချက်ချင်းပင် အားအင်တွေက ပြန်ပြီးတော့ ပြည့်ဖြိုးလာသည်။ စိတ်ထဲမှ နွမ်းနယ်နေသမျှ ပင်ပန်းခဲ့သမျှ ယူပစ်လိုက်သလို ပျောက်သွားခဲ့ရလေသည်။ ထို့နောက် တာတေကို တစ်ရေးတစ်မော အိပ်ခိုင်းသည်။ အိပ်ရာက နိုးသောအခါ နောက်တစ်ကြိမ် ထပ်ပြီး သစ်ရွက်အသစ်လေးကို ရေထဲမှာ မျှောထားရင်း မနက်ကလိုပင် ရှုမှတ်ခိုင်းလေသည်။ နာရီတစ်မောင်း(တစ်နာရီ)အကြာအထိ ရှုကြည့်ခိုင်းရင်း သိဒ္ဓိဗလက ကျောဘက်မှ ဂါထာမန္တန်များကို ရွတ်ဆိုမြဲပင်။ ဤသို့နှင့် ညနေဘက်ကို ရောက်လာခဲ့ရာ . . .

"ကဲ . . . လူလေး သည်ကနေ့တော့ ဒါလောက်ပဲ။ တော်လောက်ပြီ။ မင်းလည်း ပင်ပန်းသွားပြီ။ ငါ့စကားကို နားထောင်ပြီး ဒါလောက်အထိ လုပ်နိုင်တာ တော်တယ် လူလေး။ မင်း အိမ်ကိုပြန်ရမယ်။ နောက်နေ့မှ တစ်ခါထပ်ပြီးလာတော့"

"ဟုတ်ကဲ့ . . . ဘဘ"

တာတေက ကျိုးနွံစွာပြန်ဖြေသည်။ သိဒ္ဓိဗလသည် တာတေကို နေရာမှနေ၍ လမ်းတစ်လမ်းကို ညွှန်ပြလိုက်သည်။ တာတေသည်



www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းအတိုင်း တစ်ဦးတည်း ပြန်သွားခဲ့လေရာ ရွာကို နေမစောင်းမီမှာပင် ရောက်သွားခဲ့လေသည်။

"ဟင် . . . မောင်လေး တစ်နေ့လုံး ဘယ်ကိုသွားနေတာလဲ"

ဝိုင်းစိန်သည် ခြံထဲသို့ ရောက်လာသော တာတေကို အံ့အားတသင့်နှင့် မေးလိုက်လေသည်။

"ကျွန်တော် သည်အနားမှာပဲ ရှိပါတယ် အစ်မ။ ဘယ်ကိုမှ မသွားပါဘူး"

"ထမင်းကော ဘယ်မှာစားသလဲ"

"ကျွန်တော့်ကို ကျွေးမယ့်လူရှိပါတယ် အစ်မ"

ဝိုင်းစိန်က တာတေ့ကို တွေ့လိုက်ရ၍ စိတ်အေးသွားဟန် ရှိသည်။

"အမေနဲ့အဖေကတော့ မောင်လေးကို စိတ်ပူနေကြတယ်။ အခု အိမ်မှာမရှိကြဘူး။ ရွာထဲကို သွားကြတယ်"

"ဟုတ်ကဲ့ . . . ကျွန်တော့်ကို စိတ်မပူကြပါနဲ့။ စိတ်ပြေလက်ပျောက် ဟိုနား သည်နားကို သွားတာပါ"

"အံမာ . . . မင်းက စိတ်ပြေလက်ပျောက်လေး ဘာလေးနဲ့ ကြီးကျယ်လိုက်တာ။ မင်းက အိမ်မှာ မပူမပင်ထိုင်ပြီး စားနေရတာ။ ဘာစိတ်အနှောင့်အယှက်ဖြစ်နေလို့လဲ။ မင်းကို ဘယ်သူက ဘာတွေလုပ်နေလို့လဲ။ တယ်လေ . . . ငါ . . ."

အနားကိုရောက်လာသော သောင်းတင်က သူတို့ ပြောနေကြသည့် စကားများကို ကြားသွားခဲ့သည်။ တာတေ့ကို ငေါက်ငမ်းလိုက်လေ၏။ တာတေသည် သောင်းတင်ကိုပင် မကြည့်တော့ဘဲ အိမ်ပေါ်ကို တက်





သွားခဲ့လေ၏။

"သောင်းတင် . . . နင် သည်ကလေးနဲ့ မျက်နှာချင်းဆိုင်လိုက်တာနဲ့ ရန်ရှာတော့တာပဲ။ ကိုယ့်ညီတစ်ယောက်ဆိုတာကိုလည်း နားလည်ထားဦးမှပေါ့"

"ဘာညီလဲ။ သည်ကောင် ကျွန်တော်တို့မိသားစုကို အရှက်ခွဲဖို့ သည်အိမ်ကို ရောက်လာတာ။ အလကား . . . ဒုက္ခတ။ လူရာမဝင်တဲ့ ကောင်"

"ဟဲ့ . . . သောင်းတင် . . . နင် ပြောလေကဲလေပါလား။ ငါ လုပ်ထည့်လိုက်ရ"

ဝိုင်းစိန်က ထင်းချောင်းတစ်ခုကို ကောက်ဆွဲလိုက်တော့မှ သောင်းတင်သည် တက်တစ်ချက်ခေါက်ပြီး ခြံထဲမှ ထွက်သွားခဲ့လေ၏။ အခန်းထဲကို ရောက်နေသော တာတေသည် အံကိုကြိတ်ကာ မျက်ရည်ပေါက်ကြီးများ ကျနေလျက်ရှိသည်။ အသံမထွက်အောင် ရှိုက်ငိုနေခြင်းပင်။

"နင်လို အစ်ကိုအရင်းခေါက်ခေါက်က သည်လို မညှာမတာ ဆက်ဆံနေလို့ ကလေးက အိမ်မှာမနေချင်တာ။ ပတ်ဝန်းကျင်က တစ်မျိုး၊ နင်က တစ်မျိုး။ ကလေးကို စိတ်ဓာတ်ကျအောင် တမင်လုပ်နေကြတာ"

"အိုဗျာ . . . သည်ကောင် အိမ်မှာမနေလည်း အေးတာပဲ။ ရေးကြီးခွင်ကျယ်ပြောမနေစမ်းပါနဲ့"

သောင်းတင်သည် ခြံအပြင်ကို ရောက်သွားသော်လည်း အော်ပြောသွားခဲ့သေးသည်။ တာတေသည် သောင်းတင်ပြောသွားသော



www.burmeseclassic.com

www.burmeseclassic.com



စကားကို သေချာစွာပင် ကြားလိုက်ရလေသည်။

❑ ❑ ❑

တာတေသည် အာလောကတောထဲကို ရောက်နေသည်။ သည်တစ်ခါတော့ သိဒ္ဓိဗလသည် ယင်းသစ်ရွက်အသစ်ကိုပင် ရေမှာ မျောနေစေကာ တာတေကို ရှုမှတ်ခိုင်းသည်။ သူကတော့ တာတေ့ ကျောဘက် ဖလှမ်းမကမ်းမှာ ရပ်နေပြီး မန္တန်ကို ရွတ်ဆိုလျက်ရှိသည်။ တာတေသည် လျှော်ကြိုးမျှင်နှင့် ချည်နှောင်ထားသော သစ်ရွက်လေးကိုပင် ရှုမှတ်နေလျက်ရှိသည်။ ထူးခြားမှုဖြစ်ပေါ်မလာသော်လည်း စိတ်၏ တည်ငြိမ်မှုကို ရရှိလာခဲ့သည်။ သူ့အရွယ်လေးနှင့် သမာဓိအားကို စတင် ထူထောင်လာခဲ့သည်။

(သမာဓိအားဆိုသည်ကို တာတေ အရွယ်ရောက်လာသော အခါကျမှ သိလာခဲ့သည်။ ကလေးဘဝမှာတော့ မသိနိုင်ခဲ့ပါ။)

ဤလိုနှင့် တစ်ရက်ပြီးတစ်ရက် ကုန်လာခဲ့သည်။ တစ်ခါတစ်ရံတွင် တာတေသည် အိမ်ကို မပြန်ဖြစ်တော့ဘဲ သိဒ္ဓိဗလနှင့်အတူ ဂူထဲမှာ အိပ်သည်။ သို့သော် သူ့ဆရာ သိဒ္ဓိဗလသည် တာတေတစ်ရေးနိုးတိုင်းမှာ ဂူအပြင်ဘက်တွင် ထိုင်နေလျက်သားချည်းပင် တွေ့နေရသည်။ တစ်ဦးတည်း စကားပြောနေသည်။

သစ်ရွက်ကလေးကို စူးစိုက်ပြီး ကြည့်ရသည့်ကျင့်စဉ်ကို မပျင်းမရိုးနှင့် လုပ်လာခဲ့သည်။ တစ်ရက်တွင် ရေထဲမှာ မှောက်ခုံချထားသော သစ်ရွက်စိမ်းလေးသည် တာတေ့မျက်လုံးထဲမှာ လက်ငါးချောင်းသဏ္ဌာန် အရိုးတံလေး(အကြောမွှာ)လေးများက တဖြည်းဖြည်းနှင့် ပြောင်းလဲသွား





သည်။

လူတစ်ယောက်၏အရိုးစုလက်ချောင်းများ သဏ္ဌာန် ပြောင်းလဲပြီး မြင်လာခဲ့ရခြင်းပင်။ တစ်ဖန် လျှော်ကြိုးမျှင်သေးသေးလေးဖြင့် ချည်နှောင်ထားသော သစ်ရွက်လေးသည် ရေစီးတွင် မျောပါသွားစေရန် အစွမ်းကုန် ရုန်းကန်လျက်ရှိသည်ဟု ခံစားသိနားလည်လာခဲ့ရသည်။

"သစ်ရွက်ကလေး မျောပါသွားပါစေ"

ဟု သနားချင်ချင်ဖြစ်မိလာရာက စိတ်ထဲမှ ဆန္ဒပြုမိလိုက်သည်။

ထိုစဉ် သစ်ရွက်မှာ ချည်ထားသော လျှော်ကြိုးမျှင်လေးသည် ရုတ်တရက် ပြတ်တောက်ကာ ရေစီးထဲကို မျောပါသွားခဲ့သည်။ တိုက်ဆိုင်မှုလား၊ ဘာလားတော့ မသိ။ တာတေကတော့ ဝမ်းသာသွားခဲ့လေသည်။ ထိုအခါ နောက်မှာရပ်နေသော သိဒ္ဓိဗလသည် ယောင်ယောင်လေး ပြုံးမိသွားကာ နေရာမှ လှည့်ထွက်သွားခဲ့လေ၏။

နောက်ရက်များတွင် သိဒ္ဓိဗလသည် တာတေနှင့်အတူ မရှိတော့ပေ။ တာတေသည် သစ်ရွက်ကလေးကိုပဲ ဆက်လက်၍ ရှုမှတ်နေလေရာ သူက မထိန်းချင်ဘဲ လွှတ်ပေးလိုက်သောစိတ်က ဖြစ်ပေါ်လာခဲ့သည်နှင့် အလိုလိုပင် ကြိုးပြတ်တောက်သွားခဲ့လေသည်။

တာတေသည် သူ ဆန္ဒပြုလိုက်သည့်အတိုင်း ဖြစ်သွားခဲ့လျှင် ကျေနပ်နေမိသည်။ ပျော်ရွှင်နေမိသည်။ သည့်ထက်မက ကြာလာသော အခါ ကြိုးပြတ်၍ ရေစီးထဲ မျောပါသွားသော သစ်ရွက်ကလေးကို ဆက်လက်ပြီးတော့ အစဉ်တစိုက် မျောမပါစေဘဲ ဟန့်တားချင်စိတ် ဖြစ်ပေါ်လာခဲ့သည်။ စိတ်ထဲက ဟန့်တားလိုက်သည့်အတိုင်းပင် သစ်ရွက်က



www.burmeseclassic.com

www.burmeseclassic.com



လေးက ရေစီးထဲကို ပါမသွားဘဲ နေရာမှာပင် တဝဲလည်လည်နှင့် ဖြစ်နေလေသည်။ စိတ်ကို လျှော့လိုက်သောအခါကျမှ ရေစီးထဲကို မျောပါသွားခဲ့သည်။

ပင်ကိုစိတ် ပြန်ပြီးတော့ ပေါ်လာသောအခါတွင် ငါ လုပ်နေတာ ဟုတ်မှဟုတ်ရဲ့လားဟုပင် ပြန်ပြီး တွေးမိရသည်အထိ ဖြစ်မိရသည်။

သိဒ္ဓိဗလက တာတေကို အိမ်သို့ပြန်နိုင်းသော်လည်း . . .

"ဘဘ ကျွန်တော်ပြန်ချင်စိတ်မရှိသေးလို့ပါ။ ဘဘက အတင်းပြန်နိုင်းရင်လည်း ကျွန်တော် တစ်နေရာရာကို ထွက်သွားမိလိမ့်မယ်"

တာတေက သိဒ္ဓိဗလကို မပြောစဖူး အပြတ်ပင် ပြောလိုက်လေသည်။ သိဒ္ဓိဗလသည် တာတေ့ကို အပြစ်မယူဘဲ အေးဆေးစွာပင် ကြည့်နေမိသည်။

"မင်း ဘာကြောင့် မပြန်ချင်သလဲဆိုတာ ငါ သိပါတယ်။ အေးလေ . . . မင်း စိတ်ကျေနပ်လောက်တဲ့အထိ နေပေါ့ကွာ"

တာတေလည်း သိဒ္ဓိဗလက ခွင့်ပြုလိုက်၍ ပျော်သွားခဲ့လေသည်။

"အင်း . . . မင်းရဲ့အိမ်ကတော့ စိတ်ပူနေကြပြီ လူလေး"

"ကျွန်တော့်ကို စိတ်ပူမယ့်လူက သုံးယောက်ပဲရှိပါတယ် အဘရယ်"

ထိုအခါ တာတေက လေသံပျော့ပျော့လေးနှင့် ပြန်ပြောလိုက်လေသည်။

❑ ❑ ❑





ယင်းအချိန်မှာပင် ကိုဘထောင်နှင့် ရွာသားအချို့သည် ရွာထဲမှ ထွက်ကာ အာလောကတောဘက်ဆီကို လျှောက်လာလျက် ရှိကြသည်။ တာတေတစ်ယောက် ပျောက်နေ၍ အရှာထွက်ကြခြင်းပင်။ တာတေ ပျောက်နေသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်သည်။ မည်သူ့ကိုပဲ မေးမေး မသိဘူးဆိုသည့်အဖြေကိုသာ ရကြသည်။ သည်ကနေ့ ညနေကမှ အာလောကတောထဲမှ ထွက်လာသော အခြားရွာသားတစ်ဦးက တာတေ့သတင်းကို ကြား၍ ကိုဘထောင်ဆီကို ရောက်လာပြီး . . .

"ကလေးတစ်ယောက် ပျောက်နေတယ်ဆိုတဲ့ သတင်း ကြားလို့ပါ"

"ဟုတ်ပါတယ်ရှင်။ ကျွန်မရဲ့မောင်လေးပါ။ သူ ပျောက်နေတာ တစ်ပတ်ရှိပါပြီ။ ခုထက်ထိ ရှာမတွေ့ကြသေးလို့ စိတ်ပူနေကြတာပါ။ ဒါနဲ့ သည့်က ဦးလေးက ဘယ်လိုသတင်းများကြားမိလို့ပါလဲရှင်"

ပိုင်းစိန်က မျှော်လင့်ချက်မျက်ဝန်းများနှင့် မေးလိုက်လေသည်။

"ကလေးရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြပါ"

"အသက်က ခုနစ်နှစ်အရွယ်လောက်၊ လက်နှစ်ဖက်က တံတောင်ဆစ်အောက်က ပြတ်နေပါတယ်ရှင်"

"ဒါဆို . . . ဟုတ်ပြီ။ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ကျွန်တော် တောထဲကို ဝင်တုန်းက တွေ့လိုက်ရတယ်"

"ဟင် . . . ဟုတ်လား"

သတင်းလာပေးသောသူကြောင့် ကိုဘထောင်နှင့် ရွာသားများသည် အာလောကတောဆီသို့ ထွက်လာခဲ့ကြခြင်းပင် ဖြစ်သည်။ ကိုဘထောင်သည် သားဖြစ်သူ တာတေအတွက် မျှော်လင့်ချက်မထားခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ပျောက်သွားသည်က တစ်ပတ်ကြာပြီဆိုတော့ တောနက်ထဲကို ရောက်သွားခဲ့လျှင် သားရဲတိရစ္ဆာန်များနှင့် တွေ့သွားနိုင်သည် မဟုတ်ပါလား။ တောထဲကို ဝင်လာခဲ့သည်နှင့် နေစွယ်ကျိုးကာလကို ရောက်လုခဲ့လေပြီ။

"ကိုဘထောင် . . . ကျွန်တော်တို့ အရိပ်ရသလောက်ကတော့ ဝင်ရှာကြမယ်ဗျာ"

"အင်းပါဗျာ . . . မကြာခင်မှာ မှောင်လာတော့မယ်။ အတွင်းထဲကို သိပ်ဝင်လို့ မကောင်းတော့ဘူး"

တောရိပ်က အတော်ကလေးကို ကျနေသည်။ အလင်းရောင်က အားနည်းခဲ့လေပြီ။ မှောင်ရီသန်းလာခဲ့ပြီဖြစ်သည်။ လူခုနစ်ယောက်တို့သည် ဟိုကြည့် သည်ကြည့်နှင့် လျှောက်လာခဲ့ကြသည်။ တစ်နေရာကို အရောက်တွင် သစ်ပင်ကြီးတစ်ပင်အောက်မှာ ရပ်နေသော လူတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရသည်။

"ကိုဘထောင် . . . ဟိုမှာ"

တစ်ယောက်က မေးငေါ့ပြလိုက်သည်။ အားလုံးက ဆက်မလျှောက်ကြတော့။ တစ်ဦးတစ်ယောက်က ဟန့်တားလိုက်သလို နေရာမှာတင် အလိုလိုပင် ရပ်တန့်သွားခဲ့ကြသည်။ ထိုလူကြီးသည် အရပ်က ထောင်ထောင်မောင်းမောင်းနှင့်။ မည်းနက်တူထဲသော မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများရှိသည်။ ရှည်လျားသော ဆံပင်များကို ထုံးနှောင်ပြီး ငယ်ထိပ်တည့်တည့်မှာ စုကာ ထားလေသည်။ သို့သော် အချို့မသိမ်းမိသော ဆံပင်များက နောက်စေ့နှင့် နားထင်နှစ်ဖက်မှာ ပွယောင်းယောင်းဖြစ်ကာ ထွက်နေကြသည်။





သူတို့သည် ဤကဲ့သို့သော ပုံပန်းသဏ္ဌာန်နှင့်လူကြီးကို တစ်ကြိမ်တစ်ခါမှ မတွေ့ဘူးကြပေ။ ကော်လာမပါသော ဗိတ်ဖြူအင်္ကျီနှင့် လုံချည်ခပ်ညစ်ညစ်ကို ဝတ်ဆင်ထားသည်။ လက်ထဲမှာ တောင်ဝှေးတစ်ချောင်းကို ကိုင်ကာ မြေမှာ ထောက်ထားသည်။

"မင်းတို့ ကလေးပျောက်လာရှာကြတာလား"

ထိုလူကြီးက သစ်ပင်အောက်မှနေ လှမ်းပြီးတော့မေးလိုက်သည်။ အကြောင်းသိနေသလိုဖြစ်နေသည်။ အံ့အားသင့်သွားခဲ့ကြရလေသည်။

"ဟုတ်ပါတယ်။ ကျွန်တော့်သားလေး သည်တောထဲကို ဝင်သွားတယ်ဆိုလို့ လိုက်လာရှာတာပါ။ တစ်ပတ်လောက်ရှိပါပြီ ဆရာကြီး"

"သူ မကြာခင်မှာ ပြန်လာလိမ့်မယ်။ ဘာမှမဖြစ်ဘူး။ ပြန်ကြ"

"တကယ်ပဲလား ဆရာကြီးရယ်။ ကျွန်တော့်သားလေးဟာ ဒုက္ခိတလေးပါ။ သူ စိတ်ညစ်ပြီးတော့ ထွက်သွားခဲ့တာပါ။ ကျွန်တော် အခု တွေ့လို့မရဘူးလား"

"သူ စိတ်ညစ်နေတယ်။ နေသာသလိုနေပါစေ။ ကျုပ် သူ့ကို ချော့မော့ပြီးတော့ ပြန်လွှတ်လိုက်မယ်။ စိတ်မပူပါနဲ့"

ကိုဘထောင်မှာ ထိုလူကြီး၏စကားကို ယုံရအခက် မယုံရအခက်ဖြစ်နေသည်။ သူသည် တာတေ့ကို ဘယ်မှာတွေ့ခဲ့တာလဲ။ မည်သည့်နေရာမှာရှိနေသလဲ။ ယခု မတွေ့နိုင်ဘူးဟု ပြောရသည်မှာ ဘာကြောင့်လဲ။

"ကိုဘထောင် သည်လူကြီးဟာ တာတေ့ကို ဖမ်းထားတာပဲဖြစ်ရမယ်"

"ဟုတ်တယ် . . . တာတေ ဘယ်မှာရှိနေသလဲဆိုတာ သူ သိ



www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ ဒါ တာတေ့ကို ဖမ်းထားလို့ဖြစ်မှာပေါ့။ သူ့ကို သေသေချာချာ စစ်မေးရင် ကောင်းမယ်"

ရွာသားအချို့က ကိုဘထောင်ကို တီးတိုးသတိပေးလာကြသည်။

"ဟာဗျာ . . . ဖြစ်နိုင်မယ် မထင်ဘူး။ သူက သားကို စေတနာနဲ့ စောင့်ရှောက်ထားတာပဲ ဖြစ်မှာပါ"

"မင်းတို့ ငါ့ကိုအထင်လွဲချင်နေကြတယ်။ မကောင်းထင်ချင်နေကြတယ်"

"သည် . . . သည်လိုသဘောမျိုးနဲ့ မဟုတ်ပါဘူး ခင်. . .ခင်ဗျာ"

ကိုဘထောင်က ပျာပျာသလဲနှင့် ရှင်းပြသော်လည်း . . .

"မင်းတို့ အေးအေးဆေးဆေး ပြန်သွားကြ။ သည်ကလေး မှဲ့တစ်ပေါက် မစွန်းစေရဘူး။ အချိန်တန်ရင် အိမ်ကို ပြန်လာလိမ့်မယ်"

သိဒ္ဓိဗလက နှင်ထုတ်သည်။ အားလုံးက အင်တင်တင်လုပ်နေကြ၍ လက်ထဲရှိ တောင်ဝှေးနှင့်ရွယ်လိုက်ရာ . . .

"ရှုတ်"

"ဖြောင်း"

သစ်ကိုင်းတစ်ခုက အမှတ်မထင် ကျိုးကျလာခဲ့သည်။ အလန့်တကြားနှင့် ထွက်ပြေးကြရလေသည်။

❑ ❑ ❑





( ၆ )

## ငါ့လက်ချက်

အာလောကတောသည် အတွင်းဘက်ကို ရောက်လေလေ ပိုပြီးတော့ နက်ရှိုင်းလေလေဖြစ်သည်။ တောသည် ပါးမသွား။ ပိုပြီးတော့ ထူလာခဲ့သည်။ သိဒ္ဓိဗလသည် မည်ကဲ့သို့သော လူစားလဲ။ ယခုလည်း တာတေ့ကို လူသူမရောက်နိုင်သော နေရာကို ခေါ်လာခဲ့လေပြီ။

တောနက်အတွင်း တစ်နေရာကို ရောက်နေပေမယ့် ရှုပ်ထွေးမနေဘဲ အပင်ကြီးငယ်တို့၏အောက်ခြေသည် ရှင်းလင်းလျက်ရှိသည်။ မြေပြင်သည်လည်း ညီညာပြန့်ပြူးကာ ခလုတ်၊ ကန်သင်း၊ ဂမူများ မရှိ။ တမင်တကာ ရှင်းလင်းထားသည်မှာ သိသာသည်။ ဝန်းကျင်ကို ကြည့်တော့လည်း သူတို့ကလွဲပြီး မည်သူမှ မရှိပေ။

သို့သော် တာတေ့စိတ်ထဲမှာ မိမိတို့ကလွဲပြီး အခြားသူများ ရှိနေကြသည်ဟု အလိုလိုပင်ထင်နေမိသည်။ တာတေသည် လူပင်ငယ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သွေးကြောင်တတ်သူ၊ သတ္တိနည်းသူတစ်ဦးမဟုတ်ကြောင်းကို သိဒ္ဓိဗလ သိလာခဲ့ရသည်။ ဖွဲကောင်းသည်။ နိုင်းသည့်အတိုင်း လုပ်သည်။ ထို့ကြောင့် သဘောကျ နှစ်မြို့က်စရာဖြစ်လာခဲ့ရသည်။ တာတေသည်လည်း သိဒ္ဓိဗလနှင့်အတူရှိနေရသည်ကို သဘောကျနေဟန်တူသည်။

ဂူငယ်လေးတစ်လုံးဆီကို သိဒ္ဓိဗလက ခေါ်သွားသည်။ သူပါလိုက်ပြီးတော့ ဝင်သွားသည်။ ဂူထဲမှာလည်း သပ်ရပ်သန့်ရှင်းလျက် ရှိသည်။ မြက်ဖျာလေးတစ်ချပ်ကို ခင်းထားသည်။ ငါးပေအကွာ ဂူနံရံအထက်မှာ အဖြူရောင်စက်ဝိုင်းတစ်ခုကို ရေးဆွဲထားသည်။ အချင်းနှစ်လက်မလောက်ပဲရှိမည်။ အထဲမှာ သောက်ရေအိုး(မြေအိုး)တစ်လုံး၊ ဝါးဆစ်သောက်ရေခွက်၊ ငှက်ပျောသီးတစ်ဖီးကို ထည့်ထားသည်။ တာတေ မြက်ဖျာပေါ်မှာ ထိုင်လိုက်သောအခါ နံရံရှိ အဖြူရောင်စက်ဝိုင်းက မျက်လုံးအစုံနှင့် တည့်တည့်မှာ။

"လူလေး . . . မင်း ဖြစ်မလား"

"ဖြစ်တယ် ဘဘ"

တာတေ့အသံက အားပါးလှသည်။ စကားပြောလျှင်လည်း ပြတ်သားတိုတောင်းသည်။ သိဒ္ဓိဗလသည် ခေါင်းတညိတ်ညိတ်နှင့် ရှိနေသည်။ ထို့နောက် ဂူအပြင်ကို သိဒ္ဓိဗလ တစ်ဦးတည်းထွက်သွားသည်။ တာတေသည် မြက်ဖျာထက်မှာထိုင်ကာ လေကို အဆုတ်ထဲသို့ တဝကြီး ရှုသွင်းလိုက်သည်။ ယင်းအချိန်တွင် သိဒ္ဓိလေသည် ဂူပေါက်ဝကို ကျောက်တုံးများဖြင့် ပိတ်ဆို့လျက်ရှိနေလေပြီ။ သေးငယ်သောအပေါက်ကလေးတစ်ပေါက်သာ ထားသည်။ အလင်းမျှင်သေးသေးလေးသည်သာ ဂူထဲကို ဝင်ရောက်နေလျက်ရှိသည်။





ဂူထဲမှာ ချက်ချင်းလိုလို အမှောင်ကျသွားသည်။ တစ်ခဏအကြာမှာတော့ မိမိ၏ဘေးဘီဝန်းကျင်ကို ဝေဝါးစွာ မြင်သာလာခဲ့သည်။ သို့သော် တာတေ့စက္ခုအာရုံသည် မျက်လုံးရှေ့တည့်တည့်ရှိ အဖြူရောင်စက်ဝိုင်းဆီကိုသာ တည့်မတ်စူးစိုက်ကာ ကြည့်နေလျက်ရှိသည်။ ရှုဖန်များလာသောအခါ စက်ဝိုင်းသည် သေးလာလိုက်၊ ကြီးလာလိုက်နှင့် ဖြစ်နေသည်။ အမှောင်ထဲမှာပေမယ့်လည်း အားစိုက်ပြီးတော့ ကြည့်နေခြင်းမှတ်နေခြင်းမဟုတ်။ ပုံမှန်အနေအထားဖြင့်သာ သိဒ္ဓိဗလသည် တာတေကို မည်သို့ရှုရန် အလုံးစုံသင်ကြားလွှတ်လိုက်ပြီး ဖြစ်သည်။

❑ ❑ ❑

နောက်တစ်နေ့နံနက်တွင် သိဒ္ဓိဗလသည် ဂူဝမှာ ပိတ်ဆို့ထားသော ကျောက်တုံးများကို တစ်လုံးချင်း ယူကာ ရွှေ့ပေးသည်။ အလင်းရောင်က ဂူထဲကို နည်းနည်းချင်းဝင်ရောက်လာသည်။ အလုံးစုံ ဖယ်ရှားပြီးသွားသောအခါ ဂူငယ်ထဲမှ တာတေကို ထိုင်လျက်သားအနေအထားနှင့်ပင် တွေ့လိုက်ရသည်။

"လူလေး . . . လာခဲ့"

သိဒ္ဓိဗလက တိုးညင်စွာဖြင့်ခေါ်လိုက်သည်။ ထိုအခါကျမှ တာတေသည်လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ နေရာမှတဖြည်းဖြည်းထရပ်လိုက်သည်။ ဂူငယ်၏အပြင်ကို ထွက်လာခဲ့လေသည်။ သိဒ္ဓိဗလက တာတေ၏ပခုံးကို ဖက်ကာ ခေါ်သွားသည်။ တာတေသည် ပင်ပန်းနွမ်းရိခြင်းအလျဉ်းမရှိ။ ပကတိလန်းဆန်းလျက်ရှိနေသည်ကို အံ့အားသင့်ဖွယ်ရာတွေ့ရှိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် သုံးရက်တစ်ကြိမ်၊ တစ်ပတ်တစ်ကြိမ်၊ ရက်ကို တိုးတိုးပြီး လေ့ကျင့်ခဲ့သည်။ နောက်ဆုံးမှာတော့ ၁၅ ရက်တစ်ကြိမ်၊ တစ်လတစ်ကြိမ်အထိ ဂူထဲမှာပိတ်ထားခဲ့သည်အထိ ဖြစ်လာခဲ့ရသည်။ တာတေသည် ရှေးဘဝအထုံပါခဲ့သူတစ်ဦးဖြစ်သည်ဟု ဆိုရပေမည်။ ဤလိုကိစ္စမျိုးကို ငယ်ငယ်ရွယ်ရွယ်နှင့် လိုလားစွာ အားထုတ်ခဲ့သည်။ သိဒ္ဓိဇလသည် စိတ်မတည်ငြိမ်ဖြစ်နေသော ကလေးတစ်ဦးကို စိတ်သက်သာရာရစေရန်အတွက် သမထဘာဝနာကို လိုက်စားစေခဲ့လေသည်။ ထိုအခါ တာတေသည် ငြိမ်းအေးမှုကို ရရှိခဲ့ရုံမက အားလုံးအပေါ်မှာလည်း ခွင့်လွှတ်သည်းခံခြင်း၊ ဥပေက္ခာပြုခြင်းများကို ထားနိုင်ခဲ့လေသည်။ တာတေကား အိမ်ကိုမပြန်ချင်သေး။ တောထဲမှာပင် ရေ[illegible]နေကြာခဲ့လေပြီ။

❑ ❑ ❑

ဂူငယ်လေးထဲတွင် အဖြူရောင်စက်ဝိုင်းကို တာတေ ရှုမှတ်လျက်ရှိသည်။ ကသိုဏ်းဝန်းထဲတွင် မျက်လုံးအစုံနှင့် အာရုံကို စူးစိုက်ကာ နှစ်မြှုပ်ထားသည်။ အဖြူရောင်အဝန်းအဝိုင်းသည် တဖြည်းဖြည်းနှင့် လည်ပတ်လာသည်။ စကြာလည်သလို လည်လာသည်။ မှတ်နေအောင် လည်လာရင်းက သင်္ကာန်များပေါ်လာခဲ့လေသည်။ ထို့နောက် လည်ပတ်မှုက နှေးသွားသည်။ သင်္ကာန်များကတော့ ပျောက်ကွယ်မသွားကြ။ ပိုပြီးတော့ပင် ထင်ရှားလာခဲ့သည်။

အိမ်ကိုသော်လည်းကောင်း၊ မိဘနှစ်ပါးကိုသော်လည်းကောင်း၊ အစ်မဖြစ်သူဝိုင်းစိန်၊ အစ်ကိုသောင်းတင်၊ အဘိုး ဦးကင်းတို့ကို တစ်လှည့်စီ မြင်လာခဲ့သည်။ တစ်ဦးချင်းသော်လည်းကောင်း၊ တစ်ယောက်ချင်းကိုသော်လည်းကောင်း၊ စုဝေးပြီးတော့သော်လည်းကောင်း၊ မြင်တွေ့နေရသည်။ အားလုံးသည် စိတ်ပူပန်နေကြသည်။ မိမိအတွက် သူတို့စိတ်စားနေကြရကြောင်း တာတေ နားလည်နေမိသည်။ ခံစားနေမိသည်။ ထို့နောက် ကသိုဏ်းဝန်းထဲတွင် ရှိနေကြသော အ[illegible]အားလုံးသည် တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားခဲ့ကြသည်။

တာတေသည် တစ်ချက်သတိလစ်သလို ဖြစ်သွားခဲ့ရသည်။ သူ၏ရှေ့မှ အဖြူရောင်စက်[illegible]လေးသည် ပျောက်ကွယ်သွားခဲ့သည်။ မျက်လုံးထဲကို စူးလက်သောအလင်းရောင်က ဝင်ရောက်လာခဲ့သည်။ အလင်းတစ်ခုကလွဲပြီး ဘာဆိုဘာမှ မမြင်ရတော့။ ယင်းအလင်းရောင်သည် ဂူအနောက်ဘက်နံရံကြီးတစ်ခုလုံးကိုပင် ဖောက်ထွက်သွားသည်။ အားလုံး ဟာလာဟင်းလင်းကြီး ဖြစ်သွားသည်။ သူ၏မျက်လုံးထဲမှာ သစ်ပင်များ၊ ချုံများ၊ တောင်ပို့များကိုပါ မြင်တွေ့လာခဲ့ရသည်။ အားလုံးကို ဖောက်ထွင်းပြီးတော့ မြင်နိုင်သော အကြည့်မျိုးပင်တည်း။

(တာတေ၏ငယ်ဘဝက ထူးခြားစွာကြုံတွေ့ခဲ့ရသော အတွေ့အကြုံကို သူ၏ခံစားချက်အတိုင်း ပြန်လည်ရှာဖော်ပြခြင်းသာ ဖြစ်ပါသည်။ တာတေသည် အထုံပါရမီအဆက်ရှိသောကြောင့် ငယ်စဉ်ကလေးဘဝကပင်လျှင် ဤကဲ့သို့သော အမြင်ထူးကို ရရှိခဲ့သည်ဟု ထင်ပါသည်။ ဤသမထလမ်းကို လိုက်စားကြသူများ၏ အတွေ့အကြုံနှင့် နှိုင်းယှဉ်ကြည့်ရန်သာ ဖြစ်ပါသည်။)

❑ ❑ ❑

ဆီးဖြူတောရွာမှ တစ်နှစ်ကျော်ကျော်ပျောက်နေသော တာတေ ရွာလမ်းအတိုင်း တရွေ့ရွေ့နှင့် လျှောက်လာနေသည်။ တာတေ ရွာထဲကို







www.burmeseclassic.com

www.burmeseclassic.com



ရောက်တာမှ အားလုံးက သတိပြုမိသွားကြသည်။

"ဟင် . . . သည်ကောင် တာတေ ဘယ်ကနေ ဘယ်လို ပြန်ပေါ်လာပါလိမ့်"

အံ့အားသင့်သွားခဲ့ကြသည်။ မျက်လုံးပြူးသွားခဲ့ကြသည်။ တကယ်တော့ တာတေကို အာလောကတောထဲတွင် ပျောက်ဆုံးသွားခဲ့သည်ဟု သိကြသည့်အတိုင်း နှစ်နှင့်ချီပြီးကြာလာတော့ သေဆုံးသွားခဲ့ပြီဟုသာ နားလည်ထားလိုက်ကြလေသည်။ တာတေသည် သေရာက ပြန်ပြီးတော့ ရှင်လာခဲ့လေသလား။

သို့မဟုတ် ဒါလောက်နှစ်တွေအကြာကြီး တောထဲမှာ နေနိုင်ခဲ့လျှင် တာတေသည် မည်သို့နေထိုင်စားသောက်ခဲ့ပါသနည်း။ တာတေကတော့ သူ့ကို လူတွေက အကဲခတ်နေကြသည့်တိုင် ဂရုမစိုက်သလိုပင်။ သို့သော် တာတေတစ်ယောက် အာလောကတောထဲမှ ထွက်လာစဉ်ကပင် တောအပြင်မှ ရွာသားတစ်ဦးက တွေ့သွားခဲ့ပြီးဖြစ်သည်။ ယခုလောက်ဆိုလျှင် အိမ်သို့ သတင်းပို့ပြီးဖြစ်ပေလိမ့်မည်။ တာတေသည် တောကထွက်အပြီး အခြားသောလမ်းမှ ရွာသို့ဝင်လေသည်။

တာတေ့သတင်းပေးသူတစ်ဦးကြောင့် အိမ်သားများသည် ဂနာမငြိမ်ဖြစ်နေကြသည်။

"သား . . . ထာတေ့ကို အာလောကတောက အထွက်မှာ တွေ့လိုက်ရတယ်တဲ့ ဟုတ်မှ ဟုတ်ပါ့မလား"

တာတေ့သတင်းကို ကြားလိုက်ရသည်နှင့် မဆွဲမိမှာ ရင်တလှပ်လှပ်နှင့်ဖြစ်သွားခဲ့ရလေသည်။

"တာတေဟာ မရှိနိုင်တော့ပါဘူးကွယ်။ လူများမှားသလား"





"အို . . . အဖေကလည်း မောင်လေးရဲ့ပုံစံက မှားနိုင်တာမှ မဟုတ်တာ"

ဒေါ်ဆွဲမိသည် ခြံနောက်ဘက်တံခါးကို ဖွင့်ကာ ပြေးထွက်ကြည့်သည်။ ဟိုးအဝေးတွင် အာလောကတောန်းကို မှိုင်းပျပျပင် မြင်နေရလေ၏။ တာတေ့အရိပ်အယောင်ကိုသော်မှ မမြင်ရသောအခါ ဟင်းခနဲဆို သက်ပြင်းပူပူတစ်ချက် ချမိလိုက်လေသည်။ တာတေ့ကိုမြင်လိုက်သည်ဟု ပြောသွားခဲ့သူက ကြာခဲ့လေပြီ။

မျှော်နေရင်းကပင် တာတေသည် အိမ်ရှေ့သို့ ဘွားခနဲဆို ရောက်လာခဲ့လေသည်။ တာတေတစ်ယောက် ခြံထဲသို့ဝင်လာသည့်ကို မည်သူမှမသိလိုက်ကြ။ အားလုံးသည် ခြံအနောက်ဘက်မှာ စုပြုံပြီးတော့ ရှိနေကြသောကြောင့်ပင်။ တာတေသည် ခြံအနောက်ဘက်ကို တန်းပြီးတော့ ဝင်သွားသည်။ သူ့ကို စပြီးတော့ မြင်လိုက်သူကတော့ မဆွဲမိ။

"ဟင် . . . သား . . . တာ . . . တာတေ"

သူမ၏နှုတ်မှ လွှတ်ခနဲဆို ထွက်သွားခဲ့သည်။ ရင်ထဲမှာလည်း ထိတ်ပျာသွားခဲ့ရသည်။ မဆွဲမိ၏အသံကြောင့် ကိုဘထောင်နှင့် ဖိုးစိန်တို့သည်လည်း လှည့်ကြည့်မိလိုက်ကြသည်။

"ဟင်"

ဟင် နှစ်လုံးသည် တစ်ပြိုင်တည်းလိုလိုပင် ထွက်သွားခဲ့ကြသည်။ တာတေကို မယုံကြည်နိုင်သော မျက်လုံးများဖြင့် မှင်တက်မိကာ ကြည့်နေမိကြသည်။ အားလုံး၏စိတ်ထဲမှာ နေ့လယ်ကြောင်တောင် တစ္ဆေအခြောက်ခံလိုက်ကြရသလိုပင်။

အရင်ဦးဆုံး သတိရလိုက်သူက မဆွဲမိ။ သူမသည် သားဖော



www.burmeseclassic.com

www.burmeseclassic.com



နှင့် တာတေ့ဆီကို ပြေးသွားခဲ့သည်။

"သား . . . သား"

ထို့နောက် တာတေ့အနားတွင် ထိုင်ချလိုက်ကာ တအားပင် ဖက်ထားမိလိုက်လေသည်။ ဖခင်ကိုဘထောင်နှင့် ဝိုင်းစိန်တို့သည်လည်း ချက်ချင်းလိုလိုပင် အနားကိုရောက်လာခဲ့သည်။ တာတေ့ကို အလု အယက်ပင် ပါးကိုင် နားကိုင်ဖြစ်နေကြသည်။ ကိုယ်ထည်ကို လက်နှင့် တကယ်ထိတွေ့နိုင်ကြတော့မှ တာတေသည် သက်ရှိထင်ရှားဘဝနှင့် ပြန်လာခဲ့ကြောင်းကို ယုံကြည်လိုက်ကြရလေတော့သည်။

"သား . . . သားရယ် . . . အမေတို့က သေပြီလို့ထင်နေခဲ့တာ။ သား . . . ဘယ်ကိုရောက်နေတာလဲ။ အာလောကတောကြီးထဲမှာပဲ သား ရှိနေတာလား။ တောထဲမှာ ဘာတွေလုပ်နေလို့ အမေတို့ဆီကို ပြန် မလာနိုင်ရတာလဲ"

မဆွဲမိက တတွတ်တွတ်နှင့်မေးနေသော်လည်း တာတေသည် အေးအေးဆေးဆေးပင် တစ်ယောက်စီ အားလုံး၏မျက်နှာကို လိုက်ပြီး တော့ ကြည့်နေသည်။

"ပြောလေ သား။ မင်းအမေ မေးနေတာကို ဘာဖြစ်လို့ မဖြေ နိုင်ရတာလဲ။ အဖြေရခက်တဲ့အကြောင်းတွေရှိနေလို့လား။ ဟိုလူကြီးက သားကို ဖမ်းထားတာလား"

ကိုဘထောင်က ဝင်မေးလိုက်သောအခါကျမှ . . .

"မဟုတ်ပါဘူး . . . သားကို ဘဘသိဒ္ဓိဗလက ဖမ်းထားတာ မဟုတ်ပါဘူး။ သားကသာ သူ့ဆီကို သွားတာပါ"

"ဟင် . . .. သူ့ဆီကို သားကသွားတာ ဟုတ်လား။ ဘာဖြစ်လို့





သွားရတာလဲ"

"ဟိုမှာ အေးအေးဆေးဆေးနေရတယ်။ စိတ်အနှောင့်အယှက် ဖြစ်အောင် ဘယ်သူမှ မလုပ်ကြဘူး။ ခုလည်း သည်ကိုပြန်မလာချင်ဘဲနဲ့ ပြန်လာခဲ့တာ"

ဟု တာတေသည် အေးဆေးစွာပြောပြီးတော့ ထွက်သွားခဲ့ လေသည်။

"ဟင်"

"မောင်လေးက တောထဲမှာ ပျော်နေရအောင် သူ့ကို စောင့် ရှောက်ထားတဲ့သူဟာ ဘယ်သူလဲ၊ အမေတို့လည်း ကြားလိုက်ကြတယ် နော်။ ဘဘသိဒ္ဓိဗလတဲ့။ သူက ဘယ်သူလဲ"

"လွန်ခဲ့တဲ့တစ်နှစ်ကျော်ကျော်လောက်က အာလောကတော စပ်မှာ အဖေတို့နဲ့ တွေ့ခဲ့ရတဲ့လူကြီးပဲဖြစ်မှာပေါ့ သမီးရယ်။ အဲ့သည်တုန်း က တာတေဟာ တောထဲမှာရှိတယ် မပူကြနဲ့။ အချိန်တန်ရင် ပြန်ရောက် လာလိမ့်မယ်လို့တောင် ပြောလိုက်သေးတယ်။ ဒါပေမယ့် နှစ်နဲ့ချီပြီးတော့ ကြာသွားခဲ့တယ် မဟုတ်လား"

သိဒ္ဓိဗလဆိုသည့်ပုဂ္ဂိုလ်နှင့် ပတ်သက်ပြီးတော့ ထူးဆန်းနေမိ ကြသည်။ အာလောကတောကြီးသည် နက်ရှိုင်းသည်။ တောနက်လေ လေ လျှို့ဝှက်ဆန်းကြယ်မှုတွေက များလေလေ။ တောကြီးသလောက် နတ်ကြီးသည်ဟု ဆိုကြသည်။ လူမရောက်နိုင်သောနေရာများ ရှိနေကြ သည်။ ယင်းနေရာများကို သွားလိုကြသော သူများကိုလည်း ကြောက်စွာ သော ခြောက်လှန့်မှုများနှင့် ကြုံတွေ့ကြရပြီး ပြန်ပြေးကြရသည်။ မရိုး သားသောစိတ်နှင့် သွားကြသူများဆိုလျှင် ပိုပြီးတော့ ဆိုးသည်။ လူပါ



www.burmeseclassic.com

www.burmeseclassic.com



အစရှာမတွေ့အောင် ပျောက်သွားတတ်ကြသည်ဟု ဆို၏။

အာလောကတောနက်တစ်နေရာတွင် ဝိဇ္ဇာဓိရ်များ၊ ဇော်ဂျီများ၊ ရသေ့များက မိမိတို့၏ထွက်ရပ်လမ်းအတွက် ဆေးစီရင်ရာ၊ သူတော်စင်များ ထုံကူးကြသည့်နေရာ၊ ပြဒါးရှင်များကို ပွား၍ သိုဝှက်ထားကြရာနေရာဟု ရှေးလူကြီးများက ပြောဖူးခဲ့ကြသည်။ မသေဆေးများကိုလည်း ဝိဇ္ဇာတို့၏ အတတ်ပညာဖြင့် ဖော်စပ်ခဲ့ကြပြီး ထိုက်သူစံဟူသောသဘောဖြင့် လျှို့ဝှက်စွာ ဝှက်ထားခဲ့ကြသည်ဟု ဆို၏။

အချို့သည် ယင်းပစ္စည်းများကို လိုချင်တပ်မက်သောစိတ်ဖြင့် အာလောကတောထဲသို့ ဝင်ကြသည်။ မည်သူတစ်ဦးတစ်ယောက်ကမှ အောင်မြင်စွာ ရယူလိုက်ကြသည်ဟု မကြား။ မသိခဲ့ကြ။ ယင်းနာမည်ကြီးတောကြီးထဲတွင် တာတေသည် နှစ်နှဲ့ချီပြီးတော့နေခဲ့ပြီးပြီ မဟုတ်ပါလား။

❑ ❑ ❑

မည်သို့ပင်ဆိုစေ တာတေတစ်ယောက် မသေမပျောက်ဘဲ ပြန်ရောက်လာခဲ့သည့်အတွက် ဝမ်းသာမိကြရသည်။ တာတေသည် အရပ်လည်း မြင့်လာသလို၊ ရုပ်ရည်ကလည်း ပိုပြီးတော့ သန့်ပြန့်လာခဲ့လေသည်။ အသားဖြူလာသလို၊ သိမ်မွေ့အေးဆေးလာလေသည်။ တောထဲမှာ ဒုက္ခမရောက်ဘဲ အေးဆေးစွာနေခဲ့ရည်ကတော့ သေချာသည်။ ကိုယ်အင်္ဂါသာစုံခဲ့လျှင် တာတေသည် လူချောတစ်ယောက်ပင်။ အသက်ဆယ်နှစ်ပင် မပြည့်သေးသော်လည်း လူလားမြောက်လာသူတစ်ဦးပမာပင်။ သို့သော် ခန္ဓာကိုယ်ကတော့ သာမန်ပင်ထွားကျိုင်းမလာ။

အစ်ကိုဖြစ်သူသောင်းတင်ကတော့ တာတေ မသေမပျောက်





ပြန်ရောက်လာခဲ့သော်လည်း ဝမ်းမသာသည့်အပြင် ပိုပြီးတော့ပင် မြင်ပြင်းကပ်နေသေးသည်။

"သည်ကောင် သက်ဆိုးရှည်တယ်။ သေသွားပြီမှတ်နေတာ။ ပြန်ရောက်လာပြန်ပြီ"

ဟု မစ္ဆေရိယစိတ်ကြီးစွာဖြင့် ပြောလိုက်လေသည်။

"သောင်းတင် . . . မင်းနဲ့တာတေဟာ ညီအစ်ကိုအရင်း။ အဖေ၊ အမေအရင်းခေါက်ခေါက်က မွေးတာ။ ဒါနဲ့တောင် မင်းက သူစိမ်းတစ်ယောက်လို ဆက်ဆံရုံသာမက ရန်သူလိုဆက်ဆံနေတာ။ မစ္ဆေရိယစိတ်က ကြီးလှပါတယ်ကွယ်"

ဖခင်ဖြစ်သူ ကိုဘထောင်မှာ ထိုမျှသာပြောနိုင်ပါတော့သည်။ သောင်းတင်က တာတေ့အပေါ်ဆက်ဆံရေးအတွက်လည်း တစ်အိမ်လုံးက စိတ်မသက်မသာဖြစ်မိလေသည်။

❑ ❑ ❑

တာတေသည် မိသားစုနှင့် အများအမြင်မှာ တစ်မျိုးပြောင်းလဲနေသည်။ စကားပြောနည်းသူက ကိုယ်အမူအရာ၊ နှုတ်အမူအရာ နည်းလာသောအခါ ပိုပြီးတော့ အေးစက်စက်နိုင်လာသည်။ ချက်ချင်းပင်ကြီးကောင်ဝင်လာသည်ဟု ထင်လာခဲ့ကြရသည်။ သို့သော် တာတေကို မည်သူကမှ အရေတဝင်မလုပ်ကြပါပေ။ သူငယ်ချင်းဖြစ်သော မိုးသီးသည်သာ တာတေ ရွာသို့ပြန်ရောက်လာသည်ကို သိသည်နှင့် ဟန်မဆောင်နိုင်ဘဲ အပြေးပင် ရောက်လာခဲ့လေသည်။

"တာတေ . . . မင်းကို အခုလိုပြန်ပြီးတော့တွေ့ရတာ ဝမ်းသာလိုက်တာကွာ။ မင်း သေသွားပြီလို့ အားလုံးကပြောနေကြတာ။ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်ပြီး ငိုမိတယ်ကွာ"

မိုးသီးက တာတေ့ကို ဖက်လဲတကင်းပင်ပြောသည်။

"ငါ တော်တော်နဲ့သေမယ့်ကောင် မဟုတ်ပါဘူးကွာ"

တာတေက ခပ်ယဲ့ယဲ့အပြုံးနှင့် ပြန်ပြီးဖြေသည်။ မိုးသီးက တာတေ့ကို မကြာခဏ လာတွေ့သည်။ တာတေသည် ရွာထဲတွင် မည်သူနှင့်မှ မဆက်ဆံလို၍ မိုးသီးနှင့်ရွာပြင်မှာသာ တွေ့ကြသည်။ မိုးသီးနှင့်အတူ ဆော့ကစားကြသည်။ သစ်ပင်တက်ပြိုင်ရာတွင် တာတေက မိုးသီးထက်သာလေသည်။ တစ်ရက်တွင် တာတေသည် မိုးသီးနှင့်အတူ ရွာပြင်ကွင်းစပ်တွင် ရှိနေစဉ် . . .

"မင်း မှတ်မိဦးမလား။ ဆင်ပေါက်ခေါင်းပေါ်ကို အုန်းသီးကျတာ"

"မှတ်မိတယ်။ အဲ့ဒါ အုန်းပင်ပေါ်ကို မှင်စာတက်ပြီး လုပ်ချတာ မဟုတ်လား။ လူတိုင်းက အဲ့သလိုပြောနေကြတယ်လေ"

"မင်း ယုံသလား"

"အရင်ကတော့ ယုံချင်တယ်။ နောက်တော့ မယုံချင်တော့ဘူးကွ"

"အေး . . . မယုံတာကောင်းတယ်"

"ဘာဖြစ်လို့လဲ တာတေ"

"အဲ့ဒါ မှင်စာ့လက်ချက်မဟုတ်ဘူးကွ။ မှင်စာဆိုတာ တကယ်ရှိ့မရှိ ငါလည်း မသိဘူး"

"ဒါဖြင့် ဘယ်သူ့လက်ချက်လဲ"

"ငါ့ချက်လက်လေ"

"ဟင်"





## ( ၇ )

## နွားပွဲနှင့်တာတေ

ကိုဘထောင်သည် လယ်ထွန်ရန်ကွင်းထဲသို့ ဆင်းသွားသည်။ သို့သော် လယ်ထဲတွင် ကြိုပြီးတော့ရောက်နေသော တာတေကြောင့် အံ့အားသင့်သွားခဲ့ရသည်။

"ဟင် . . . သား လယ်ထဲမှာ ဘာလာလုပ်နေတာလဲ"

"အဖေ့အလုပ်ကို ဝိုင်းကူပြီးတော့ လုပ်ပေးမလို့လေ"

"ဟာ . . . မဟုတ်တာ။ သားက လယ်ထွန်တတ်လို့လား"

"ထွန်တတ်ပါတယ် အဖေရာ။ သားကိုများ အထင်သေးလို့"

"အထင်မသေးပါဘူးကွယ်"

တာတေက အတန်တန်ပြောလွန်း၍ ခွင့်ပြုလိုက်ရသည်။

"ဟုတ်မှဟုတ်ရဲ့လား။ ငါက ခွင့်မပြုဘူးဆိုရင်လည်း သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အထင်သေးတယ်လို့ ထင်ဦးမယ်"

တွင်းထဲတွင် လှန်ထားသော နွားများသည် ခပ်လှမ်းလှမ်းမှာ ရှိနေကြသည်။ တာတေသည် ကန်သင်းရိုးပေါ်ကို တက်ကာ . . .

"ဟေး . . . ဟေး"

ဟု အသံပြုလိုက်သည်နှင့် နွားနှစ်ကောင်သည် တာတေ့ဘက်ကို ခေါင်းလှည့်လာကြသည်။ ထို့နောက် တာတေ့ဆီကို လျှောက်လာခဲ့ကြလေသည်။ တာတေသည် နဖားကြိုးများကို ပါးစပ်နှင့် ကိုက်ကာ ထွန်တုံးကို လက်မောင်းနှစ်ဖက်နှင့် မ ယူလိုက်သည်။ နွားနှစ်ကောင်သည် တဲမိုးအောက်ကို အလိုလိုပင် ခေါင်းလျှိုပြီးတော့ ဝင်လာခဲ့ကြလေ၏။ တခဏအကြာတွင် တာတေသည် ထွန်းတုံးပေါ်ကိုတက်ကာ လယ်ထွန်နေလေ၏။ ကြိုးစနစ်စကိုကား ပါးစပ်နှင့် ကိုက်ထားလေသည်။ ကိုဘထောင်သည် တာတေ့ကို ကြည့်ပြီး . . .

"လုပ်တတ်သားပဲ"

ဟု ပြုံးပြီး ကြည့်နေခဲ့သည်။ ထို့နောက် ခပ်လှမ်းလှမ်းရှိ တဲတစ်တဲဆီကို ထွက်သွားခဲ့လေ၏။

တစ်ခဏအကြာတွင် ကိုဘထောင်သည် မိမိတဲဆီကို ပြန်ရောက်လာခဲ့သည်။ ထိုအခါ တာတေ့ကို မတွေ့ရတော့၍ အံ့အားသင့်သွားခဲ့ရလေသည်။

"ဟင် . . . တာတေ ဘယ်ရောက်သွားပါလိမ့်"

တာတေ့ကို လယ်ကွက်ထဲမှာ မတွေ့ရသော်လည်း နွားနှစ်ကောင်ကတော့ လှည့်ပတ်ပြီးတော့ ထွန်နေလေသည်။ လူလိုက်မပါဘဲနှင့် သူတို့ဘာသာသူတို့ ခေါက်တုံ့ခေါက်ပြန် ထွန်နေကြသည်။ တမန်း





လည်း ညက်ခဲ့လေပြီ။

"သားရေ . . . တာတေ . . . မင်းဘယ်မှာလဲ"

ကိုဘထောင်က ကန်သင်းရိုးထက်မှနေ၍ တကြော်ကြော်နှင့်အော်ကာ ခေါ်နေလေသည်။ တစ်ကြိမ်လောက်ပဲ ခေါ်လိုက်ရသည်။

"သားက ဒီမှာပါ အဖေ"

နောက်ကို လှည့်ကြည့်လိုက်သောအခါ တာတေဖြစ်နေသည်။

"ဟင် . . . မင်း . . . ဘယ်လို သည်ကိုရောက်နေတာလဲ"

"ဘယ်မှ မသွားပါဘူး။ သည်မှာပဲ ရှိနေတာပါ အဖေရဲ့"

ကိုဘထောင် အံ့ဩသင့်သွားခဲ့ရလေသည်။ လယ်ကွက်က အကျယ်ကြီးပါ။ တဲထဲမှ မတွေ့၍ လယ်ထဲကို ဆင်းကာလိုက်လာသည်။ တာတေကို မတွေ့မိသည်က အရှင်းကြီးပါ။ နောက်ပြောင်ကာ ပုန်းအောင်းနေတတ်သည့် ကလေးမျိုးလည်း မဟုတ်။

"ဩော် . . . အေး . . . အေး . . . နွားတွေကို သည်အတိုင်းပဲ လွှတ်ထားသလား သားရဲ့"

"ရပါတယ် . . . သူတို့က အလုပ်ကို ကောင်းကောင်းလုပ်တတ်ပါတယ် အဖေ"

ကိုဘထောင်သည် အချိန်ငါးမိနစ်ကလေးအတွင်းမှာပင် လယ်ငါးကွက်လောက်ကိုထွန်ပြီးသား ဖြစ်နေသည့်အတွက် ဘယ်လိုမှ နားမလည်နိုင်အောင်ပင် ရှိနေရသည်။ တမန်းလည်း ညက်လိုက်သမှ ဩချစရာ။ တာတေ နွားများနောက်ကို ပြေးလိုက်သွားသည်။ ကိုဘထောင်က အံ့အားတသင့်ဖြင့် ကြည့်နေဆဲ . . .

နောက်နေ့များတွင်လည်း တာတေတစ်ဦးတည်း လယ်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။

"နေဦးလေ . . . အဖေလည်း လိုက်မယ်"

"အဖေ . . . နေခဲ့ပါဗျာ။ သားတစ်ယောက်တည်း ပြီးပါတယ်"

ကိုဘထောင်သည် တာတေသွားပြီး အတန်ကြာမှ လိုက်သွားမည်ဟု စိတ်ကူးထားသည်။ တာတေ လုပ်ပုံကိုင်ပုံကို လိုက်ကြည့်မည်ပေါ့။ သွားရန် စိတ်ကူးလိုက်တိုင်း အကြောင်းအမျိုးမျိုးကြောင့် ပျက်သွားခဲ့သည်က များသည်။ ထို့ကြောင့် မလိုက်ဖြစ်တော့။ ဤသို့နှင့် ဆယ်ရက်ထွန်သောလယ်ကို သုံးရက်တည်းနှင့် ပြီးအောင် ထွန်လိုက်လေသည်။

❑ ❑ ❑

လူမစွမ်း နတ်မ ဟူသည့် စကားလိုပင် တာတေသည် သူများ မလုပ်နိုင်သည့် အလုပ်ကို လုပ်ကိုင်ခဲ့လေသလားဟု ကိုဘထောင် အံ့ဩမိရသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ဝမ်းထဲမှာပဲထားသည်။ မည်သူ့ကိုမှ မပြောပြပေ။ အိမ်သားများကိုပင် ပြောမပြခဲ့။ သောင်းတင်ကလည်း အလုပ်ကို လက်ကြောတင်းအောင် လုပ်သူမဟုတ်။ ထန်းရည်မလေး တမြမြ အရက်ကလေး တမြမြနှင့် နေသည်။ နွားပွဲ၊ ကြက်ပွဲများပင် ပါလိုက်သေးသည်။

လူလားမမြောက်သေးသော တာတေ့လို လူငယ်ကလေး တစ်ဦးက ဖခင်၏ လယ်ယာလုပ်ငန်းများကို ဝိုင်းကူပြီးတော့ လုပ်နေပြီ ဖြစ်၍ အံ့အားသင့်မိရသလို တကယ်တမ်း စနစ်တကျ လုပ်ကိုင်တတ်လာသောအခါ အားထားလာရပြီကို သိလာခဲ့ကြရလေသည်။





ဒုက္ခိတ တာတေကို အလိုလိုနေရင်း မြင်ပြင်းကပ်နေကြသူ တချို့လည်း အားကိုးရပါလားဟူသော အသိဖြင့် ချီးမွမ်းကြလေသည်။ တာတေ လယ်ထဲ၊ ကွင်းထဲမှာ အလုပ်လုပ်ဖို့သွားလျှင် သူ့နောက်က ဖခင်ဖြစ်သူ ကိုဘထောင်လိုက်လာလျှင် မကြိုက်ပေ။

"ကျွန်တော့်ကို စိတ်မချမဖြစ်ပါနဲ့ အဖေရာ။ အားလုံးကို ပြီးစီးအောင် ဂရုစိုက်ပြီးတော့ လုပ်ပါ့မယ်"

ဟု တားမြစ်တတ်သည်။ ကိုဘထောင်သည် အလုပ်ကို စိတ်မချ၍မဟုတ်။ သားဖြစ်သူ တာတေကို သနား၍ဖြစ်သည်။ ဒုက္ခိတက လည်းဖြစ်ပြန်၊ ပင်ပန်းကြီးစွာသော အလုပ်ကိုလည်း လုပ်ရပြန်ဆိုတော့ မကြည့်ရက်သောကြောင့်ပင် ဖြစ်သည်။

လယ်ထွန်ပြီးပြီ ပျိုးကြဲ၊ ပျိုးနုတ်၊ ကောက်စိုက်အလုပ်များသည် တာတေနှင့် မဆိုင်။ ရွာမှာ တစ်ယောက်လယ်ကို တစ်ယောက်က လက်ခစားလိုက်ပြီးတော့ လုပ်ပေးကြသည်။ သူ့လယ် ငါကူ၊ ငါ့လယ် သူကူ။ ဝိုင်းစိန်သည် ပျိုးကြဲရန် မနက်တွင် လူမရဘဲ ရှိနေသည်။

အဘယ်ကြောင့်ဆိုသော် ဝိုင်းကူကြမည့် လူများကို ရွာမှ သူကြွယ်ကြီး ဦးငွေအိုးက အခကြေးငွေပေးပြီး သူပိုင်သောလယ်တွင် ခေါ်ခိုင်းလိုက်သောကြောင့်ပင် ဖြစ်သည်။ ရွာမှလူ တော်တော်များများ သည် ဦးငွေအိုးထံမှ ပေါင်နှံ၊ ချေးငှားမှုများ မကင်းကြ။ ထို့ကြောင့် ယခု လို လိုအပ်၍ ခေါ်လာသောအခါ မလိုက်ဘဲ မနေဝံ့ကြပေ။ အခကြေးငွေ ပေးပြီးတော့ခေါ်သည့်တိုင် မလုပ်ကြလျှင် ပြောစရာကြီး ဖြစ်နေလိမ့်မည်။

ထို့အပြင် ဦးငွေအိုးသည် အငြိုးထားတတ်သည်။ ထိုသည့် တပန်း လူမိုက်များကိုလည်း မွေးထားသည်။ သူ့ကို မည်သည့်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စနှင့်မှ မလွှန်ဆန်ရဲကြပေ။ ဦးငွေအိုး ပိုင်ဆိုင်သည့် လယ်က များသည်။ အနည်းဆုံး ဆယ်ရက်လောက်ကြာအောင် လုပ်ကိုင်ကြရမည် ဖြစ်သည်။ ထို့ကြောင့် ကိုဘထောင်မှာ အခက်တွေ့နေရလေသည်။ ဦးငွေအိုးကိုလည်း တစ်ရက်နှစ်ရက် ဆိုင်းပေးပါရန် မပြောရဲပေ။

တစ်ညနေတွင် တာတေသည် အိမ်မှ ပျောက်သွားခဲ့သည်။ မည်သည့်နေရာကို ထွက်သွားမှန်းမသိပေ။ သို့သော် အိမ်သားများက ယခင်ကလောက် စိတ်မပူတတ်ကြတော့ပါ။ အဘယ်ကြောင့်ဆိုသော် တာတေသည် နောက်ပိုင်းတွင်လည်း အိမ်မှ မကြာခဏ ထွက်သွားတတ်သောကြောင့်ပင်။ သို့သော် တစ်ညအိပ်၊ နှစ်ညအိပ်ကြာပြီးမှ အိမ်ကို ပြန်လာတတ်သည်။ အစက ဘယ်ကိုသွားသလဲ၊ ဘာဖြစ်လို့ အိမ်ကို ပြန်မအိပ်တာလဲဟု မေးသေး၏။ ပြန်၍ မဖြေ။ နောက်တော့ မမေးဖြစ်တော့ပေ။ ယခုလည်း တာတေအိမ်မှ ထွက်သွားခဲ့ပြန်လေပြီ။ နှစ်ရက်တိတိ အိမ်ကို ပြန်မလာ။ သုံးရက်မြောက်နေ့ကျမှ အိမ်ကို ပြန်လာခဲ့သည်။ ထိုနေ့မှာပင်လျှင် ကိုဘထောင်သည် လယ်ထဲကို တစ်ခေါက်သွားကြည့်သည်။ တဲတစ်လုံးဆီက အသိမိတ်ဆွေတစ်ဦးက . . .

"ဗျို့ . . . ကိုဘထောင် တခြားရွာက မိန်းကလေးတွေကို ငှားပြီးတော့ ပျိုးကြဲတာလားဗျ"

"ဗျာ"

ထိုသူ ဘာကိုဆိုလိုလိုက်မှန်း မသိလိုက်၍ "ဗျာ"မိသွားသည်။

"ဟာဗျာ . . . ခင်ဗျားရဲ့ လယ်ကွက်ထဲမှာ မိန်းကလေး တစ်သိုက်က နှစ်ရက်လုံးလုံး ပျိုးကြဲနေကြတာကို ပြောတာဗျ"

ကိုဘထောင်သည် ထိုသူပြောစကားကြောင့် စိတ်ထဲမှာ ဇဝေ





ဇဝါဖြစ်သွားခဲ့ရလေ၏။ ထို့နောက် ဘာမှပြန်မပြောတော့ဘဲ မိမိ၏ တဲဆီကိုသာ ထွက်လာခဲ့သည်။ ရောက်ရောက်ချင်း လယ်ထဲအနှံ့ လျှောက်ပြီးရှော့ ကြည့်သောအခါ လယ်ကွေနစ်ဆယ်လုံးလုံး ပျိုးကြဲပြီးသား ဖြစ်နေသည်ကို အံ့အားသင့်ဖွယ်ရာ တွေ့လိုက်ရလေ၏။

"ဟင် . . . အားလုံး ပြီးစီးနေပါလား"

တအံ့တသြဖြစ်ကာ အသံပင်ထွက်သွားခဲ့ရလေသည်။ ထိုအကြောင်းကို အိမ်ကို ပြန်မပြောချင်သော်လည်း မပြောမဖြစ်၍ ဇနီးနှင့်သမီးကိုတော့ ပြောပြမိလိုက်လေသည်။

"ဟုတ်လား ကိုဘထောင် . . . မိန်းကလေးတွေ တစ်စု ဟုတ်လား။ ဘယ်ရွာကများပါလိမ့်။ တော်ပဲခေါ်ထားပြီး မေ့များနေတာလား"

"ကြံ့ကြီးစည်ရာကွယ်။ ငါ မသိရိုး အမှန်ပါ"

"ဟင် . . ဒါဆို သည်ကိစ္စကို သမီးတို့လည်း ဘယ်လိုနားလည်ရမှန်းတောင် မသိဘူး။ ကိုယ့်အမျိုးတွေထဲကလည်း မေတ္တာနဲ့လာလုပ်ပေးရအောင် ဒီလောက်သဘောကောင်းတဲ့သူ မရှိဘူးဆိုတာသိတယ်"

"အင်း . . . သည်ကိစ္စဟာ အခုမှ မဟုတ်ဘူး။ ငါ နင်တို့ကို မပြောဖြစ်သေးတဲ့ အကြောင်းတစ်ခုကလည်း ရှိသေးတယ်"

"ဟင် . . . ဘာများလဲတော်"

ဇနီးရော သမီးပါ စိတ်ပါဝင်စားစွာနှင့် စကားကို စောင့်စားနေကြသည်။

"သည်လိုဟ"

ကိုဘထောင်သည် သည့်အရင်ရက်တစ်ရက်က လယ်ကွက်ထဲမှ အဖြစ်အပျက်တစ်ခု တာတေလယ်ထွန်ရာတွင် အချိန်တိုတို



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာပင် လယ်ကေအားလုံးကို တမန်းညက်အောင် ထွန်နိုင်ခဲ့သည့် အကြောင်း ပြောပြလိုက်လေ၏။

"ဟင် . . . ဟုတ်လား တော်တော်အံ့အားသင့်စရာ ကောင်းတာပဲ။ ဒါပေမယ့် သားက လယ်ထဲ အတွေ့အကြုံမရှိဘဲနဲ့ ဒါလောက်တောင် စွမ်းဆောင်နိုင်ပါ့မလား။ တချို့မြေတွေက ပွတယ်။ မိုးတွေ ရွာထားတော့ နူးနေပြီး တမန်းညက်နေတာများလား"

"ဟာကွာ . . . ငါ့လယ်အကြောင်း ငါသိပြီးသားပါ"

"ဒါဆိုရင် . . . မောင်လေးက သည်အလုပ်ကို ကျွမ်းကျွမ်းကျင်ကျင်ဖြစ်အောင် တစ်နေရာမှာ နည်းစနစ်ကောင်းကောင်းကို သင်ယူခဲ့တာဖြစ်မှာပေါ့"

"သာပြီးတောင် မဖြစ်နိုင်သေးတယ်"

ကိုဘထောင်သည် သူတို့၏ စကားကို ငြင်းပယ်လိုက်ပြီး နေရာက ထသွားခဲ့လေသည်။

❑ ❑ ❑

တစ်ရက်တွင် တာတေသည် အစ်ကိုဖြစ် သောင်းတင်ကို အိမ်တွင် အမှတ်မထင်ကြည့်နေမိရာက မျက်နှာပြင်မှာ အပြောင်းအလဲတစ်ခု ဖြစ်သွားခဲ့ရလေသည်။ ထိုအချိန်တွင် သောင်းတင်သည် မူးထွေကာ အိမ်ရှေ့ကာပြင်မှာ ငိုင်ကာ ထိုင်နေလျက်ရှိသည်။

"အစ်ကို . . . အစ်ကို"

တာတေက အိမ်အောက်မှနေ၍ ခေါ်လိုက်သည်။ သောင်းတင်သည် မျက်ထောင့်နီကြီးနှင့် တာတေ့ကို ကြည့်လိုက်ပြီး . . .





"ဟော့ကောင် . . . ဘာလဲကွ"

"အစ်ကို . . . နွားပွဲကို မသွားနဲ့။ ရန်ဖြစ်ရလိမ့်မယ်"

"အံမာ . . . မင်းက ငါ့ကို ဆရာလုပ်လို့။ ငါ့ဘာသာငါ သွားသွား, မသွားသွား မင်းအလုပ်လားကွ။ သွားစမ်းပါ . . . ဒီမှာ ကြက်ပွဲရှုံးလို့ စိတ်ညစ်နေရတဲ့အထဲ"

သောင်းတင်သည် တာတေကို အနီးရှိ ဓားမနှင့် ပစ်ပေါက်ထည့်လိုက်သည်။ သို့သော် ဓားက လွဲချော်သွားပြီး အုန်းပင်ကို အနေ့ာ့င့်နှင့်သွား၍မှန်သည်။ ပြန်ကန်လာသည်။

"ဒုတ်"

ဓားမသည် သောင်းတင်မီနေသော အိမ်တိုင်မှာလာ၍ စိုက်သည်။ အသွားက သောင်းတင်၏ နားထင်နှင့် ပွတ်ထွက်သွားပြီးမှ စိုက်ဝင်သွားခြင်းပင် ဖြစ်သည်။ သီသီလေး ကပ်သွားသည်။ သောင်းတင် လန့်သွားသည်။ အမူးပင် ပျောက်သွားခဲ့သည်။ တာတေသည်ပင် ထိတ်လန့်သွားမိသည်။ အကုသိုလ်ဝင်တော့မလို့ ကံကောင်းလို့ပါလား။

"တောက် . . . မင်းကွာ"

သောင်းတင်က ဓားမကိုဆွဲနုတ်ပြီးတော့ နောက်တစ်ကြိမ်ထပ်ပြီး ပစ်ပေါက်ဦးမည်ပြုသည်။ ဓားက ဆွဲနုတ်၍မရ။ တာတေလည်း ပြေးလေပြီ။

❑ ❑ ❑

ရွာအနောက်ဘက်ကွင်းထဲတွင် နွားပွဲရှိသည်။ ပွဲမစမီကပင် လျှင် လူတွေက အုတ်အုတ်ကျက်ကျက်နှင့် ဖြစ်နေကြသည်။ တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရွာက နွားနှင့် ဆီးဖြူတောရွာက နွား တိုက်ကြမည်။ တစ်ဖက်ရွာ သုံးဖို ရွာက နွားသည် မည်သည့်နွားကိုမှ ဗိုလ်မထား။ အလဲ၊ အကွဲနှင့် ဖြိုပစ်ခဲ့သည်ချည်းပင်။ သူ့လက်ချက်နှင့် သေသည့်နွားလည်း ရှိဖူးခဲ့သည်။ သုံးဖိုရွာ နွားအမည်က တိုက်တိုင်းအောင်။ ဆီးဖြူတောနွားက ဗိုလ်မထား။ တိုက်တိုင်းအောင်နှင့် ဗိုလ်မထားတို့ တွေ့ကြတော့မည်။ သောင်းတင်သည် ဗိုလ်မထားကိုလည်း စိတ်ချယုံကြည်ရသည်။ သူလည်း ရှုံးပွဲမရှိ အောင်လံထူခဲ့သည်ချည်းပင်။ ဤနွားနှစ်ကောင် ယခုမှ ထိပ်တိုက် တွေ့ကြခြင်းပင်။ သောင်းတင်သည် ဗိုလ်မထားဘက်က လောင်းကြေးများများ ထပ်လိုက်လေသည်။

မကြာမီ သုံးဖိုရွာမှ တိုက်တိုင်းအောင် ရောက်လာခဲ့သည်။ ချွန်ထက် သောချိုကားကားနှင့် အလုံးအဖန်က ကြီးသည်။ ဗိုလ်မထားထက် တစ်မိုက်ခန့် ပိုမြင့်သည်။ ဗိုလ်မထားသည် တိုက်တိုင်းအောင်လောက် အလုံးအဖန်မကြီးသော်လည်း ခန္ဓာကိုယ် ကျစ်လျစ်သန်မာသည်။ ပိုပြီးတော့ ဖျတ်လတ်သည်။ အကင်းပါးသည်။

ပွဲစသည်နှင့် နွားနှစ်ကောင်ကို လွှတ်ပေးလိုက်ကြလေပြီ။ တိုက်တိုင်းအောင်က မာန်တက်နေသည်။ ဒေါသကြီးသည်။ စပြီး ဝင်လာကတည်းက ကမူးရှူးထိုး။ ဗိုလ်မထားသည် တိရစ္ဆာန်ဖြစ်သော်လည်း ဦးနှောက်ကို ပိုပြီးတော့ သုံးတတ်သည်။ ချိန်ဆမှုရှိသည်။ အခြေအနေကို ကြည့်ပြီးတော့ ဝင်သွားသည်။ တိုက်တိုင်းအောင်လိုတော့ စိတ်လွတ်ကိုယ်လွတ် မဟုတ်။

နှာတရှူးရှူးမှုတ်၍ ပြေးဝင်လာသော တိုက်တိုင်းအောင်သည် သူ့ထက် အလုံးအဖန်သေးသော ဗိုလ်မထားကို အထင်သေးပုံရသည်။





ကြောက်စရာကောင်းအောင် တစ်ရှိန်ထိုး ပြေးဝင်လာခဲ့ပြီး ချိုနှင့်ပင့်တင်လိုက်သည်။ တစ်ချက်တည်းပင် ပွဲသိမ်းပစ်လိုက်ချင်ပုံရသည်။

သို့သော် ဗိုလ်မထားကရင်ဆိုင်တွေ့ပြီဆိုသည်နှင့် ဖျတ်ခနဲဆိုဘေးကို ရှောင်လိုက်သည်။ ချိုချက်က လွဲသွားသည်။ မလွဲရင်လည်း ဗိုလ်မထား၏ လည်မျိုကို ဖောက်ထွက်သွားနိုင်သည်။ တိုက်ကွက် လွဲသွားသောကြောင့် တိုက်တိုင်းအောင် ပိုပြီးတော့ ဒေါသကြီးလာသည်။ အရှိန်နှင့် အဝေးကို ရောက်သွားပြီးမှ နောက်တစ်ကြိမ် ပြန်ပြီးတော့ လှည့်လာပြန်သည်။

"တိုက်တိုင်းအောင်ကွ . . . ဗိုလ်မထားကို ကားခနဲနေအောင် ဆော်ပြလိုက်မယ်"

"သားကြီး ဗိုလ်မထားရေ . . . တိုက်တိုင်းအောင် ဖင်ထောင်ပြီးပြေးအောင် အစွမ်းပြလိုက်စမ်းကွဲ့"

တစ်ဖက်နှင့် တစ်ဖက်အားပေးကြသည်။ နွားနှစ်ကောင်သည် အားပေးမှုများကို ခံကြရသည့်အတွက် ပိုပြီးတော့ အားတက်လာကြသည်။ သည်တစ်ချီတော့ တိုက်တိုင်းအောင်သည် ဗိုလ်မထား၏ဘေးမှ ဖြတ်ပြီးတော့ ဝင်သည်။ သူ၏ချွန်ထက်သောချိုများကို အားထားကာ ဗိုလ်မထား၏ ဗိုက်ကို ပွင့်အောင်ကြံဆောင်တော့မည်ဖြစ်သည်။ ဤကား သူ၏ရက်စက်လှသော တိုက်ကွက်ပင်တည်း။

လူအုပ်နှင့် မလှမ်းမကမ်းရှိ ကုက္ကိုပင်ကြီးတစ်ပင်ထက်တွင် မည်သူမှ မမျှော်လင့်မိသော လူတစ်ယောက်က ရှိနေသည်။ သူကတော့ တာတေ။ တာတေသည် နွားနှစ်ကောင်၏တိုက်ပွဲကို သေချာစွာပင် မှုးစိုက်ကာ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုင်းအောင်သည် သူ၏အကြံအစည်အတိုင်း တစ်ဟုန်ထိုးပင် ပြေးဝင်လာပြီး ဗိုလ်မထား၏လက်ဝဲနံပါးကို ဦးချိုဖြင့် တအားပင်ဝှေ့ထည့်လိုက်လေ၏။ သို့သော် ဗိုလ်မထားကလည်း တိုက်တိုင်းအောင်၏ အကြံအစည်ကို ကြိုပြီးတော့ သိနေသည့်အလား ခြေရှေ့နှစ်ချောင်းကိုထောက်ကာ နောက်ခြေနှစ်ချောင်းကို မြှောက်ပြီးတော့ ရှောင်တိမ်းလိုက်သည်။ ထိုအခါ ဗိုလ်မထားသည် ဖင်ထောင်သွားခဲ့လေ၏။ တိုက်တိုင်းအောင်၏ချိုချက်က ဗိုလ်မထား၏ ဝမ်းဗိုက်အောက်လေကိုသာ တိုက်ခတ်မိသွားသည်။

သို့သော် ဗိုလ်မထားသည် ခက်ခဲစွာရှောင်လိုက်ရ၍ ရှေ့ခြေနှစ်ချောင်း အားနှင့်ဖင်ထောင်သွားရာက အရှိန်ကို မထိန်းနိုင်တော့။ ဒေါးတိုက်လဲကာ ကျသွားခဲ့ရလေ၏။

"ဟာ"

ထိုအခါ တိုက်တိုင်းအောင်သည် ချက်ချင်းပင် ပြန်လှည့်ပြီး ဗိုလ်မထားဆီကိုပြေးဝင်လာခဲ့သည်။ သည်တစ်ခါတော့ ဗိုလ်မထား သွားပြီဟု လူတွေအားလုံး အသည်းတအေးအေးနှင့် ဖြစ်သွားခဲ့ကြရသည်။

"ဟင်"

"ဟာ"

သို့သော် ရိုးပြတ်ခြောက်တွေကို ထောင်းလမောင်းကြအောင် ဖုံတသောသောထအောင် ဒေါသစိတ်နှင့် ပြေးလာနေသော တိုက်တိုင်းအောင်သည် သစ်ပင်ထက်ကို အမှတ်မထင်ခေါင်းထောင်ကာ မော့ကြည့်လိုက်သလို ဖြစ်သွားသည်။ ထိုအခါ သစ်ကိုင်းခွကြားမှ ထိုင်နေသည့် တာတေနှင့် မျက်နှာချင်းဆိုင်မိသွားခဲ့လေသည်။ တာတေနှင့် မျက်လုံးချင်းဆုံမိသလို ဖြစ်သွားသည်။

"ဝမ်းဘဲ

ထိုအခါ တိုက်တိုင်းအောင်သည် တစ်ချက်အော်လိုက်သည်။ ခေါင်းကိုမော့ကာ အထိတ်တလန့်အမှုအရာမျိုးဖြင့် အော်လိုက်သလိုမျိုး။ တိုက်ဆိုင်မှုပဲလား။ အကြောင်းတစ်ခုခုကြောင့်ပဲလား တိုက်တိုင်းအောင်၏ ပြေးလာသောခြေအရှိန်သည် ရုတ်တရက် တန့်သွားခဲ့ရသည်။

"ဟာ . . . ဟော့ကောင်ကြီး ဘာဖြစ်သွားတာလဲ"

နွားရှင်ဘက်မှရော ထိုးသားတွေပါ နားမလည်နိုင်အောင် ဖြစ်သွားခဲ့ကြရသည်။ သို့ရှိနိုက်မှာပင် စောစောက လဲကျနေသော ဗိုလ်မထားသည် ရုတ်တရက် ချက်ချင်းနေရာမှထကာ ပြေးချလာသည်။ တိုက်တိုင်းအောင်၏ ကိုယ်ကို ချိုနှင့်ဝှေ့ထည့်လိုက်လေတော့သည်။

"ဘဲ"

ထိုအခါ တိုက်တိုင်းအောင်သည် နာကျင်စွာတစ်ချက်အော်လိုက်ပြီး ချာခနဲဆို လှည့်ကာ ပြေးထွက်သွားခဲ့လေတော့သည်။

"ဟေး . .ဟေး. . .တိုက်တိုင်းအောင် ဖင်ထောင်ပြီး ပြေးပြီကွ"

ဆီးဖြူတောရွာဘက်မှ အားပါးတရ အော်ဟစ်လိုက်သံများသည် ဝေါခနဲဆို ထွက်ပေါ်လာခဲ့လေတော့၏။ သုံးဖိုရွာသားများသည် အရှုံးကိုရင်မှာပိုက်ပြီးတော့ ပြန်သွားခဲ့ကြရလေ၏။ ထိုပွဲတွင် သောင်းတင်သည်လည်း မြိုးမြိုးမြက်မြက်ကလေး စားလိုက်ရလေ၏။ ထိုအချိန်တွင် သစ်ပင်ပေါ်မှာ တာတေမရှိတော့။ ဘယ်အချိန်ကတည်းက ဆင်းသွားခဲ့လေသလဲမသိ။

❑ ❑ ❑







www.burmeseclassic.com

www.burmeseclassic.com



သောင်းတင်သည် သည်တစ်ချီတွင် အပွဲကြီးပွဲခဲ့ပြီဖြစ်၍ လွယ်အိတ်ထဲမှ ငွေများကို စမ်းကာ စမ်းကာ ကျေနပ်လျက်ရှိနေသည်။ တိုက်တိုင်းအောင်ဘက်မှ လောင်းကြသောသူများက အရှုံးကြီးရှုံးကြသည်။ နလံမထူနိုင်အောင် ကျွဲကြသည်။

ဆီးဖြူတောရွာသားများဘက်ကလည်း တိုက်တိုင်းအောင်ဘက်က လောင်းကြသည်။ မိမိတို့ရွာက နွားကို အားမပေးကြဘဲ အမေကျော်ပြီး ဒွေးတော်လွမ်းကြသည့် ကိုယ့်ရွာသားများကို မြင်ပြင်းကပ်မိသည်။

"သည်ကောင်တွေက အရှက်မရှိတဲ့မျက်နှာနဲ့ ငါ့ဆီက ပိုက်ဆံတောင်းကြဦးမှာ။ အမြန်လစ်မှ . . ."

သောင်းတင်သည် အားလုံးအလစ်တွင် ထွက်လာခဲ့သည်။ တောလမ်းကနေ ထွက်ပြီး လူတွေကို မျက်ခြည်ဖြတ်သည်။ သို့သော် သူ့စိတ်ကူးကို ဖျက်ဆီးလိုက်ကြသောသူများက . . .

"ဟေ့ . . . ဟေ့ကောင် . . . သောင်းတင် နေပါဦးကွ"

နောက်ကခေါ်သံကို ကြားလိုက်ရသည်။ သောင်းတင် စိတ်ပျက်သွားသည်။ အငမ်းမရပြေးလိုက်လာကြသည့် မိမိတို့ရွာသားသုံးယောက်။

"ဘာလဲကွ . . . မင်းတို့က"

"မင်းက ဗိုလ်မထားဘက်က မြိုးမြိုးမြက်မြက်ကလေး ရသွားတော့ အူမြူးပြီး တစ်ချိုးတည်းလစ်ထွက်သွားတာပေါ့လေ။ ငါတို့မှာတော့ တိုက်တိုင်းအောင် ဒုက္ခပေးသွားလို့ ပျာကုန်ကြပြီ"

"အဲ့ဒါ ငါက ဘာလုပ်ပေးရမလဲ"





"ငါ့ကို ပိုက်ဆံချေးကွာ"

"မိန်းမနားကပ်ကို ငါ ယူပြီး ပေါင်ခဲ့တာကွ။ ကျိန်းသေနိုင်မယ်ထင်လို့ တိုက်တိုင်းအောင် ဒုက္ခပေးသွားလို့။ နားကပ် ပြန်မရွေးနိုင်တော့ဘူး။ အိမ်ကျရင် မိန်းမနဲ့ငါ နပန်းလုံးရတော့မယ်"

"ငါလည်း ဆိုင်အတွက် ကုန်ပစ္စည်းဝယ်ဖို့ ယူလာတဲ့ငွေတွေ ဗိုလ်မထားနောက်ကို ပါသွားပြီ"

"ငါ . . . ငါလည်း . . ."

"နေ . . . နေကြစမ်းပါဦး။ မင်းတို့ဘာသာမင်းတို့ ရှုံးတာ ငါနဲ့ဘာဆိုင်သလဲ။ ငါက ဘာလုပ်ပေးရမှာလဲ"

သောင်းတင်က စိတ်ပေါက်ပေါက်နှင့် မေးလိုက်လေသည်။

"အဟဲ . . . သည်လိုကွာ။ မင်းဆီက ပိုက်ဆံနည်းနည်းလောက်ချေးချင်လို့"

"မပေးနိုင်ဘူးဟေ့။ ငါ့ကံနဲ့ငါဖြစ်လာတာ။ ငါ ရှုံးလှည့်ကြုံတုန်းကတော့ မင်းတို့တစ်တွေ တစ်ယောက်မှ မေးဖော်မရဘူး။ ငါ အခုရတာ အရင်ကရှုံးခဲ့တာနဲ့ ထေလို့မရသေးဘူး။ ငါ့မှာလည်း အကြွေးနဲ့"

သောင်းတင်က စိတ်ပေါက်ပေါက်နှင့် ပြောပြီး ချာခနဲဆို လှည့်ထွက်သွားခဲ့လေသည်။

"ဟေ့ . . . ဟေ့ . . . သောင်းတင် ငါတို့ကို ချေးခဲ့ပါကွ။ မင်းဆီက အလကားမယူပါဘူး။ ပြန်ပေးမှာပါကွ"

"ဟုတ်ပါတယ်ကွာ။ ပြန်ရမှာပါ"

"မပေးဘူးကွာ"

သောင်းတင်သည်လည်း ယမကာမှီဝဲထားသည့်အရှိန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါသလည်း ထွက်ကာ တင်းတင်းမာမာပင် ပြောလိုက်လေတော့သည်။ ထိုအခါ ထိုသူများသည်လည်း သူ့လိုပဲ ယမကာရှိန်တက်နေကြသူများ ဖြစ်ကြပြန်၊ နွားပွဲမှာ အရေးမလှခဲ့ကြသူများလည်း ဖြစ်ကြရပြန်လေကား

"သောင်းတင် . . . မင်းက နိုင်ထားတယ်ဆိုပြီး ငါတို့ကို ပမာမခန့်နဲ့ဆက်ဆံတာလားကွ။ မင်း မပေးရင် လုယူမယ်ကွာ"

ထိုသူသုံးယောက်သည် သောင်းတင်ဆီကို ပြေးလာခဲ့ကြပြီး ဝိုင်းလုကြရန် ကြိုးစားကြလေတော့သည်။

"ဟေ့ . . . ဟေ့ကောင်တွေ မင်းတို့နော် . . . မင်းတို့နော်"

သောင်းတင်သည် သူတို့ကိုကြည့်ပြီး ဟန်ပုံမပေါ်သောအခါ သစ်ကိုင်းခြောက်ကြီးတစ်ချောင်းကို အသင့်တွေ့သည်နှင့် ကောက်ယူလိုက်သည်။ ထိုသူများကလည်း ဓားမြှောင်များ ပါလာကြသည်ဖြစ်ရကား သောင်းတင်ကို တိုက်ခိုက်ကြလေတော့သည်။

"သေပေတော့"

ဓားမြှောင်နှင့်ပြေးထိုးလိုက်သော ရှေ့ဆုံးကလူကို အရင်ရိုက်ချလိုက်လေ၏။

"ဖြောင်း"

"အား"

နောက်နှစ်ယောက်ကလည်း သောင်းတင်ကို တိုက်ခိုက်ရင်း လွယ်အိတ်ကို ဝင်လုသည်။ ဓားမြှောင်များနှင့်လည်း တိုက်ခိုက်သည်။ သောင်းတင်သည်လည်း မူးတွေနေသည်ဖြစ်ရကား ဤအတိုင်းဆိုလျှင် နိုင်မှာမဟုတ်။ သို့သော် မျှော်လင့်မထားသော အခြေအနေတစ်ခုက ရုတ်တရက်ဖြစ်ပေါ်လာခဲ့သည်။ အလျားရှည်ပြီး တုတ်ခိုင်သော မြွေကြီး





တစ်ကောင်က သစ်ပင်ထက်မှနေ၍ ရှာသားနှစ်ယောက်ပေါ်ကို မထင်မှတ်ပဲ ပြုတ်ကျလာခဲ့သည်။

"ဘုတ်"

"အောင်မယ်လေးဗျ"

"အား"

မြွေကြီးသည် သူတို့နှစ်ဦးစလုံး၏ လည်မျိုကို ချက်ချင်းပင် ရစ်ပတ်ထားလိုက်လေတော့သည်။ သောင်းတင်သည် မြွေကြီးကို ကြည့်ပြီး မျက်လုံးမျက်ဆံ ပြူးကာ ထွက်ပြေးလေတော့သည်။ သူတို့ရောက်နေသည့်နေရာမှာ သစ်ခြောက်ပင်ကြီးဖြစ်သည်။ ဤအပင်ပေါ်ကို မြွေကြီးက မည်သို့ရောက်လာခဲ့လေသနည်း။ ရှာသားနှစ်ယောက်သည် လည်ပင်းနှင့် ကိုယ်ကို ရစ်ပတ်နေသော မြွေကြီးကို ရုန်းကန်လှုပ်ရှားရင်း ဖြေနေကြသည်။

"အီး"

"အား"

ထိုစဉ် မနီးမဝေးရှိ ချုံထဲမှ တာတေ ပြေးထွက်သွားသည်ကို မည်သူမှ မမြင်လိုက်ကြ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



( ၈ )

## လိမ္မာသွားသောသူ

သောင်းတင်တစ်ယောက် နွားပွဲမှာ အချင်းများလာသော ကိစ္စကို ဖခင်ဖြစ်သူ ကိုဘထောင် သိသွားသည်။

"သောင်းတင် မင်းကို သည်လောင်းကစားအလုပ်တွေ မလုပ်ပါနဲ့လို့ ငါ တားမြစ်ထားတာ နားမထောင်ဘဲ လုပ်တယ်။ ခုတော့ ရွာသားအချင်းချင်း ရန်ဖြစ်လာကြတယ် ကောင်းသလား။ တစ်ယောက်ယောက်က ပိုးစိုးပက်စက်ဖြစ်သွားခဲ့ရင်တော့ကွာ ဒါဟာ ရာဇဝတ်မှုပဲကွ"

ဦးဘထောင်မှာ ဒေါသဖြစ်နေသည်။ သူသည် ရပ်ရွာထဲတွင် လူမှုရေးကဏ္ဍ၌ တက်ကြွစွာ ပါဝင်လှုပ်ရှားနေသူတစ်ဦးဖြစ်သည်။ အများ၏လေးစား ယုံကြည်ခြင်းကိုလည်း ခံနေရသည်။ ယခု သားဖြစ်သူ





က အလုပ်ကို လက်ကြောတင်းအောင် မလုပ်ဘဲ တေပေနေသောသူ ဖြစ်နေ၍ အရှက်ရမိသည်။

"အဖေကလည်း . . . ကျွန်တော်က အေးအေးဆေးဆေးနေတာ။ သူတို့က ပိုကဆံကိုလုတယ်။ လူကိုလည်း ဓားနဲ့ဝင်ထိုးတယ်။ ဒါ ကျွန်တော့်အလွန်လား"

"အံမာ . . . မင်း အသုံးမကျလို့ဖြစ်တာ။ ငါ့ကိုပါ ပြန်ပြီးတော့ ခံပက်နေသေးတယ် . . . ကဲကွာ"

"ဖြောင်း"

ဇက်ပိုးကို လက်ဝါးဖြင့် အုပ်ထည့်လိုက်သည်။ သောင်းတင် နေရာမှ ထွက်ပြေးသည်။ သူ ဆိုးညစ်ပေတေနေပါစေ ဖအေကိုတော့ ကြောက်သည်။ သောင်းတင်သည် နွားပွဲမှ နိုင်ခဲ့သောငွေများကို မိခင်နှင့် ဝိုင်းစိန်အား ပေးသည်။

"မယူဘူး သောင်းတင်။ ဒါ နင် စင်စင်ကြယ်ကြယ်နဲ့ ရခဲ့တဲ့ငွေတွေ မဟုတ်ဘူး။ လောင်းကစားမှုနဲ့ရခဲ့တာ။ နင်ပဲသုံး"

"ဟုတ်တယ် . . . သောင်းတင်။ ငါလည်း မယူဘူး"

ဝိုင်းစိန်ကပါခေါင်းခါသည်။ သောင်းတင် စိတ်ပျက်သွားမိသည်။

"မယူချင်လည်းနေကြပေါ့ဗျာ။ အရေးစိုက်လို့"

ဟုဆိုပြီး ဆောင့်ကြီးအောင့်ကြီးနှင့် ထွက်သွားခဲ့လေသည်။ သောင်းစိန်ကား အသက်ရလာသလို အိမ်အတွက် ဘာအလုပ်မှမလုပ် တာဝန်ကင်းမဲ့မြဲပင်။

တစ်ရက်တွင် တာတေသည် သောင်းတင်နှင့် မလှမ်းမကမ်းမှ ဖြတ်လျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . . တာတေ လာဦး"

တာတေသည် သောင်းတင်က သူ့ကို မည်သို့နှိပ်စက်လေဦးမလဲဟု ရင်တထိတ်ထိတ်နှင့်ရှိနေလေသည်။ ထို့ကြောင့် နေရာမှာတင် ရပ်ကာ ကြည့်နေလေသည်။

"လာပါကွ . . . ငါ မင်းကို ဘာမှမလုပ်ပါဘူး။ မေးချင်စရာလေး တွေရှိလို့ပါ"

သောင်းတင်၏အမူအရာမှာ နူးညံ့နေသည်။ သူ့ကို အချိုသတ်တာလည်း ဖြစ်နိုင်သည်။ မရဲတရဲနှင့်လျှောက်သွားသည်။

တာတေ အနားကိုရောက်သော် . . .

"မင်းပြောတာ မှန်သားပဲကွ။ ငါ နွားပွဲကိုသွားရင် ရန်ဖြစ်လိမ့်မယ်ဆိုတာ။ မင်း ဘယ်လိုသိသလဲ"

"ကျွန်တော့်စိတ်ထဲမှာ ထင်နေတာ"

"အေး.ကွာ . . . ငါ့စိတ်ထဲမှာလည်း ဗိုလ်မထားက တိုက်တိုင်းအောင်ကို ရှုံးလိမ့်မယ်လို့ ထင်နေတာ။ မမျှော်လင့်ဘဲ နိုင်သွားတာ။ ငါတောင် အံ့အားသင့်သွားခဲ့ရတယ်"

"အစ်ကို . . . ကျွန်တော့်ကြောင့်နိုင်တာ။ မဟုတ်ရင် အစ်ကို ခုလောက်ဆို ဒေါသန္တဲ့ အမုန်းနဲ့ ဖြေနိုင်မှာတောင် မဟုတ်ဘူး"

"ဘာ . . . ဘယ်လို . . . ဘယ်လို"

"ဟိုလူတွေ အစ်ကို့ကို ဓားနဲ့ဝင်ထိုးကြတာ အရာမရောက်ဘူး မဟုတ်လား။ သူတို့ပဲ ဒုက္ခရောက်သွားကြတယ်"

"ဟင် . . . မင်း ဒါလည်းသိနေတာပဲလား"

သောင်းတင်သည် တာတေ့ကို အံ့အားသင့်နေမိလေသည်။





တာတေသည် သူ့ကို ပြုံးတေ့တေ့နှင့် ကြည့်ကာ ထွက်သွားခဲ့သည်။ သောင်းတင်ကို ရွာသားနှစ်ဦးက ဓားဖြင့် ဝိုင်းထိုးကြသည်။ သူတို့၏ ကိုယ်ပေါ်ကို မြွေကြီးတစ်ကောင်က ကျလာခဲ့သည်။ မြွေကြီးက နှစ်ယောက်စလုံးကို ရစ်ပတ်ထားရာ ဝိုင်းပြီးတော့ဖြေကြသည်။ ဓားမြှောင်ဖြင့်ထိုးကြသည်။ ထိုအခါ အချင်းချင်းလည်း ပြန်ပြီးတော့ထိုးမိကြသည်။ ဖြတ်သွားဖြတ်လာအချို့က သူတို့၏အခြေအနေကို မြင်တွေ့သွားခဲ့ကြသည်။ တကယ်တော့ သူတို့သတ်ပုတ်နေကြသည်မှာ မြွေကြီးမဟုတ်၊ ကြိုးတစ်ချောင်းပင်ဖြစ်နေသည်။ မူးမူးရူးရူးနှင့် အထင်မှား၊ အမြင်မှား ဖြစ်နေကြခြင်းသာ။ ထိုအခါ လူတွေက ဝိုင်းပြီးတော့ ထိန်းသိမ်းပေးကြရသည်။ ဓားဖြင့် အချင်းချင်းထိုးမိကြသော်လည်း သေလောက်သည့် ဒဏ်ရာမျိုးကို မရခဲ့ကြပေ။

❑ ❑ ❑

သောင်းတင်သည် တာတေ့ကို ထူးဆန်းသည်ဟု မြင်လာခဲ့သည်မှာ ကြာခဲ့လေပြီ။

"တာတေဟာ သူတစ်ယောက်တည်း လယ်ထွန်တာ သုံးရက်လောက်နဲ့ ပြီးခဲ့တယ်ဆိုပဲ။ ပျိုးကြဲတာလည်း အိမ်ကမသိတဲ့သူတွေနဲ့ အလုပ်လုပ်ခဲ့တာ နှစ်ရက်လောက်နဲ့ ပြီးခဲ့တယ်တဲ့"

ဤစကားများသည် အိမ်ကလူများ တိုးတိုးတိတ်တိတ်နှင့် ပြောဖူးခဲ့ကြသည်ကို သူ ကြားခဲ့ခြင်းပင်။

"နွားပွဲမှာလည်း ရှုံးခါနီးဆဲဆဲ ဗိုလ်မထားက တိုက်တိုင်းအောင်ကို တစ်ချက်တည်းနဲ့ နိုင်ခဲ့တယ်။ တာတေက သူ့ကြောင့် နိုင်ခဲ့တာပါလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တာ ဘာကြောင့်လဲ။ သည်ကောင်က စကားနည်းပေမယ့် လိမ်တော့မပြောတတ်ဘူး။ အင်း . . .လူမဖွမ်းနုတ်မဆိုတာများ ဖြစ်နေမလား။ နွားပွဲတုန်းကလည်း သည်ကောင် ဘယ်အချိန်ကတည်းက ရောက်နေသလဲ မသိဘူး"

သောင်းတင်သည် တာတေကို သူ့နည်းသူ့ဟန်နှင့် စမ်းကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။ တစ်ရက်တွင် . . .

"တာတေ . . . ငါ့ညီ အစ်ကို့ဆီလာပါဦးကွ"

အိမ်ပေါ်ရှိနေသော တာတေသည် သောင်းတင်က ခေါ်၍ အောက်ကိုဆင်းလာခဲ့လေသည်။ သောင်းတင်၏စကားကို ကြားလိုက်ရသော ဝိုင်းစိန်က . . .

"အလို . . . ကျားသားမိုးကြိုး။ ငါပဲ နားကြားလွဲသလား"

တာတေ့ကို မည်သည့်အခါမှ ဆေးဖော် ကြောဖက်မလုပ်သော သောင်းတင်၏အပြုအမူကိုကြည့်ပြီး အံ့အားသင့်သွားခဲ့ခြင်းပင်။

"ဘာလဲ အစ်ကို"

တာတေသည် သောင်းတင်ကို စိတ်မချ။ ခပ်လှမ်းလှမ်းမှနေ၍ ရပ်ကာမေးလိုက်သည်။

"မင်းကို တိုင်ပင်စရာရှိလို့ပါကွ . . . လာ"

သောင်းတင်သည် တာတေ့ပခုံးကို ဖက်ကာ ခေါ်သွားခဲ့သည်။ တာတေမှာ ရင်တထိတ်ထိတ်နှင့် ခြံနောက်ဘက် တညင်းပင်ကြီး၏ အောက်ကို ရောက်သော် . . .

"သည်လိုကွ မနက်ဖြန်ကျရင် အနောက်ဘက်ဝါးရုံပင်အုပ်စုမှာ ကြက်ပွဲရှိတယ်။ ရွာလယ်ပိုင်းက သာအေးရဲ့ကြက် မဲတူနဲ့ အင်းလှ





ရွာက မောက်နီနဲ့ ချကြမှာ"

"ကိုသာအေးရဲ့ကြက် မဲတူက မောက်နီကို မယှဉ်နိုင်ဘူး ထင်တယ်"

"အေး . . . အဲ့ဒါ ငါသိတယ်။ မောက်နီနဲ့တွေ့ရင် မဲတူ ကျိန်းသေရှုံးမှာပဲ။ အဲ့သည်တော့ ငါ မင်းကို အားထားတယ်ကွာ"

"ဟာ . . . အစ်ကိုကလည်း ကျွန်တော်က ဘာလုပ်ပေးနိုင်မှာမို့လို့လဲ"

တာတေက ဤသို့ ရုတ်တရက်ပြောလိုက်သဖြင့် အံ့အားသင့်သွားခဲ့ရလေသည်။ သို့သော် သောင်းတင်သည် တစ်ချက်တွေဝေသွားပြီးမှ . . .

"ဒါဖြင့် သည်လိုလုပ်ကွာ။ မင်း ကြက်ပွဲကို လာခဲ့ပါလား။ ဝိုင်းထဲကိုဝင်ပြီး မကြည့်ချင်လည်း တစ်နေရာကနေ ကြည့်နေပေါ့"

တာတေကလည်း ချက်ချင်းအဖြေမပေး။ စဉ်းစားသေးသည်။

"အင်းလေ . . . ကျွန်တော် လာခဲ့ပါ့မယ်။ ဒါပေမယ့် အစ်ကိုက အရင်သွားနှင့်"

"အေး . . . အေး . . . အင်း . . . မနက်ဖြန်ဝိုင်းရှိတယ်ဆိုတာ အိမ်ကမသိစေနဲ့နော်"

တာတေသည် နှုတ်ကမဖြေ ခေါင်းညိတ်လိုက်သည်။

ထိုစဉ် ဝိုင်းစိန်ကအနားကိုရောက်လာသည်။ မိခင်မဆွဲမကို . .

"အမေ သောင်းတင်က တာတေ့ကို အရောတဝင်လုပ်နေတယ်။ ဟိုမှာ ကြည့်ပါလား"

မဆွဲမိကလည်း အိမ်နောက်ဘက်ရေကပြင်မှနေ၍ ခြံနောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို လှမ်းပြီးတော့ ကြည့်လိုက်သည်။ အံ့အားသင့်သွားခဲ့ရသည်။

"အလိုတော် . . . တစ်သက်လုံးက တာတေ့ကို ကြည့်မရတဲ့ သူက အခုတော့ ဖက်လဲတကင်းဖြစ်နေပါလား။ ကောင်းပါတယ်လေ။ ညီအစ်ကိုချင်း သင့်မြတ်သွားခဲ့တာ"

သူတို့ချင်း သင့်မြတ်နေသည့်အကြောင်းကို မသိကြ။ ဘယ်လိုပဲဖြစ်ဖြစ် စိတ်ကြည်နူးရသည့် မြင်ကွင်းတစ်ခုပဲ မဟုတ်ပါလား။

❑ ❑ ❑

သည်လိုနှင့် ကြက်ပွဲဖြစ်မည့်နေ့ကိုရောက်လာခဲ့သည်။ သောင်းတင်သည် သာအေး၏အိမ်မှာရှိနေသည်။ တိုက်ကြက်ဖမဲတူ ကိုသာအေးက ပိုက်ထားသည်။

"ဟော့ကောင် သောင်းတင် ငါ့ကြက်ဖက မောက်နီနဲ့ရင်ဆိုင်လို့ ဖြစ်ပါ့မလားကွ။ မလွယ်ဘူးထင်တယ်။ ဟိုအကောင်က နာမည်ကြီး။ မြို့တကာ၊ နယ်အနှံ့ရောက်ခဲ့တာ။ သည်ကောင်က သူနဲ့တွေ့တဲ့ကြက်တိုင်းကို အသေခွပ်ခဲ့တာချည်းပဲကွ။ မဲတူကလည်း ရှုံးပွဲမရှိသေးဘူးဆိုပေမယ့် မောက်နီနဲ့ မတွေ့သေးလို့သာပါကွာ။ ငါ့ကောင် ဒုက္ခရောက်သွားလိမ့်မယ်"

"သာအေး . . . မင်း ဒါလောက်အစိုးရိမ်မကြီးနဲ့။ သည်ပွဲမှာ မဲတူ မုချနိုင်ရစေ့မယ်"

သာအေးသည် သောင်းတင်စကားကို ဘယ်လိုယုံရမှန်းမသိ။ မဲတူ ကျိန်းသေနိုင်ရလိမ့်မည်ဟု မည်သည့်အကြောင်းကြောင့် အာမခံနိုင်ရသနည်း။ မျက်လုံးထဲမှာတော့ မိမိ၏တိုက်ကြက်ဖလေး မရှုမလှနှင့်





သေပွဲဝင်သွားခဲ့ရသည်အထိ မြင်ယောင်နေမိသည်။

ထုံးစံအတိုင်းပင် အင်းလှရွာမှာ တိုက်ကြက်ဖမောက်နီနှင့်အတူ ကြက်ရှင်ဖြစ်သော ညီုအေးအပါအဝင် အင်းလှရွာသားအချို့ ရောက်လာခဲ့ကြသည်။ သာအေး၊ သောင်းတင်နှင့် ရွာသားများသည်လည်း အနောက်ဘက်ဝါးရုံပင်အုပ်စုတွင် ကြိုပြီးတော့ ရောက်နေခဲ့ကြလေပြီ။ တာတေသည်လည်း နောက်ကျပြီးတော့ရောက်လာသည်။ သူရောက်လာခဲ့ပြီး မကြာမီမှာပင် ကြက်ပွဲကစတော့သည်။

မဲတူသည် စပြီးလွှတ်လွှတ်ချင်း မောက်နီနှင့် ရင်ဆိုင်ရမှာကို စိုးရိမ်ကြောက်လန့်နေဟန်တူသည်။ လူတွေအားလုံး၏ရှေ့မှာ ဆောင့်ကြောင့်ထိုင်နေသော တာတေသည် မဲတူကို အားမရဖြစ်သွားသည်။ တစ်ဖက်ရွာမှ မောက်နီကား ရင်ထွားထွား၊ အတက်ကားကားနှင့် တကွတ်ကွတ်နှင့် ထူးခြားသော အသံကြီးပေး၍ ပြေးဝင်လာခဲ့လေပြီ။

တာတေသည် တုံ့နှေးနေသော မဲတူ၏အတောင်နှစ်ဖက်ဆုံသော နေရာကို တံတောင်ထိပ်နှင့် ပုတ်လိုက်ကာ . . .

"မဲတူ . . . နင်က ကျား၊ ဟိုက အသား။ ပေါပစ်လိုက်စမ်း"

ဟု အားပေးလိုက်သည်။ သာအေးသည် တာတေက ဘာမှမဆိုင်ဘဲ သူ့ကြက်ကို တို့ထိရပ့်မလားဟု ဒေါသထွက်သွားကာ . . .

"ဟော့ကောင် . . . ဟာ . . . သည်ကောင်တော့ ခက်ပြီ။ ငါ့ကြက်လန့်သွားဦးတော့မှာပဲ"

စိတ်ပေါက်ပေါက်နှင့် တာတေ့ကို လက်နှင့်တွန်းပစ်လိုက်ရာ ဖင်ထိုင်ပြီးတော့ ကျသွားခဲ့လေသည်။

"သာအေး . . . မင်း ငြိမ်ငြိမ်နေစမ်း"



www.burmeseclassic.com

www.burmeseclassic.com



သောင်းတင်က သာအေးကို ဝေါက်ငမ်းလိုက်သည်။ သာအေးသည် သောင်းတင်၏ ဝေါက်ဆတ်ဆတ်စကားကို မကြိုက်။ သူညီတာတေကို မရှာဘဲ မိမိကို ဝေါက်ငမ်းရပါ့မည်လားဟု သို့သော် တင်ခဏအတွင်းမှာပင် အံ့သြစရာကောင်းသော အခြေအနေတစ်ခုကို တွေ့လိုက်ရလေသည်။ အကြောင်းမှာ မဲတူသည် သူ့ထက် ပါင်းတစ်လုံး ပိုမြီးမြင့်သော မောက်နီဆီကို မကြောက်မရွံ့နှင့် တစ်ဟုန်ထိုးပြေးဝင်သွားခဲ့သည်။ မောက်နီကလည်း မဲတူကို တိုက်ခိုက်ရန်အသင့်ပြင်လိုက်သည်။

သို့သော် မဲတူက မောက်နီကို ဟာရစပ်ပင် နွှပ်ကာ တိုက်ခိုက်သည်။ မောက်နီမှာ ပြင်ဆင်ချိန်ပင် မရလိုက်။ မဲတူ နွှပ်သည့်ဒဏ်ကို အလူးအလဲပင် ခံနေရသည်။ မောက်နီက တစ်ချက်၊ တစ်ချက်သာ ပြန်ပြီးတော့ တိုက်ခိုက်နိုင်သည်။ မထိရောက်ပါ။ မဲတူသည် တစ်ကိုယ်လုံးမည်းနက်နေသည့် တိုက်ကြက်ဖမျိုး။ အားအင်တွေက မည်သို့ဝင်လာမှန်း မသိ။ မနားတမ်းတိုက်ခိုက်သည်။ မောက်နီသည်ပင် နှစ်ကြိမ်တိတိဖင်ထိုင်ပြီးတော့ ကျသွားခဲ့ရသေးသည်။ မောက်နီသည် သူ့ထက်အလုံးအဖန်၊ အကောင်သေးသော မဲတူ၏တိုက်ခိုက်မှုကို ကြာတော့ ကြောက်လာသည်။ အကြောက်တရားကပင်လျှင် မောက်နီအတွက် အရှုံးကို ဖြစ်ပေါ်စေခဲ့လေသည်။

မဲတူက သက်လုံမကျဘဲ ဆက်တိုက်ပင် နွှပ်နိုင်ခဲ့သည်။ မောက်နီ၏လည်မှာ တစ်ချက်၊ ရင်အုပ်မှာ တစ်ချက်၊ ခေါင်းက စူးခဲ့သည်။ မောက်နီသည် မဲတူ၏လက်ချက်ဖြင့် ဘိုင်းခနဲပစ်လဲကာ သေပွဲဝင်သွားရရှာလေသည်။

"ဟာ"





ညီအေးသည် မောက်နီတစ်ကောင် သူ့ရှေ့မှာပင် စင်းစင်းကြီး သေပွဲဝင်သွားခဲ့သည့်အဖြစ်ကို တွေ့လိုက်ရသည့်အတွက် ဟာခနဲ ဖြစ်သွားခဲ့ရသည်။ သူ့မျက်လုံးကိုပင် မယုံကြည်နိုင်တော့ပါ။ ရှုံးပွဲမရှိသော မောက်နီတစ်ကောင် နာမည်မကြီးသည့် မဲတူ၏လက်ချက်ဖြင့် အသက်ပါ ထွက်ခဲ့ရသည့်အတွက် ခံပြင်းသွားမိသည်။

"တောက်"

ညီအေးသည် သူ့ကြက်ကို ခြေထောက်နှစ်ချောင်းမှ ဆွဲကိုင်ကာ သူ့ရွာသားများနှင့်အတူ အင်းလှရွာကို ပြန်သွားခဲ့လေတော့သည်။ သာအေးသည် သူ့တိုက်ကြက်ဖမဲတူက မောက်နီကို အသေခွပ်နိုင်ခဲ့သည်ကို မျက်လုံးနှင့် ဒဲ့ကြီးမြင်တွေ့လိုက်ရသည့်တိုင် မယုံနိုင်အောင် ဖြစ်သွားခဲ့ရသည်။

"သောင်းတင်ရာ ငါတော့ ကိုယ့်မျက်လုံးတွေကိုတောင် မယုံနိုင်လောက်အောင်ပါပဲ"

သောင်းတင်သည် မဲတူကို ဝိုင်းထဲမှယူကာ ပွေ့ဖက်ထားပြီး . .

"မင်းကို ငါ မပြောခဲ့ဘူးလား။ မဲတူ ကျိန်းသေနိုင်ရပါမယ်လို့။ ဒါနဲ့တောင် မင်းက တာတေကို ရန်ရှာချင်သေးတယ်"

"အေးကွာ"

သာအေးသည် ဘာဆက်ပြောရမှန်းမသိတော့။ တာတေကို သတိရပြီး ကြည့်လိုက်တော့ တာတေကား မရှိတော့။

❑ ❑ ❑

တာတေသည် လာဘ်ကောင်တစ်ကောင်ဖြစ်သည်ဟု သောင်း



www.burmeseclassic.com

www.burmeseclassic.com



တင် ပြောပြချက်အရ သာအေး သိသွားခဲ့ရသည်။ တိုက်ကြက်ဖမဲတူသည့် သူနှင့်ဘက်မညီသော မောက်နီကို အနိုင်ရခဲ့ခြင်းက လက်တွေ့ပင် မဟုတ်ပါလား။

"တာတေ . . . အစ်ကို မင်းကို ကြက်ပွဲမှာ မရေမင်ဆက်ဆံမိတာ မှားတယ်ကွာ။ ခွင့်လွှတ်နော်"

"ကျွန်တော်က အငယ်ပဲဗျာ။ ဘယ်လိုမှ သဘောမထားပါဘူး အစ်ကိုသာအေး"

တာတေကလည်း ကလေးပီပီ အမှတ်မထား။ သို့သော် သူ၏ စွမ်းဆောင်မှုမည်မျှရှိသည်၊ မရှိသည်ကို ဦးနှောက်သညာထဲတွင် ရှိဟန်မရှိဟန်မသိ။ သောင်းတင်နှင့် သာအေးက မုန့်ဘိုးပေး၍ ကျေနပ်နေလေသည်။

တစ်ရက်တွင် သောင်းတင်သည် မူးထွေနေပြီး ဒယိမ်းဒယိုင်နှင့် အိမ်ကိုပြန်လာခဲ့သည်။

"ဟဲ့ . . . သောင်းတင် နင် မူးပြီးပြန်လာခဲ့ပြန်ပြီလား။ ငါ နင့်ကို ဘာမှာထားသလဲ"

မိခင်က သောင်းတင်ကို ခြံထဲသို့ အဝင်မခံဘဲ ဆီးပြီးအပြစ်တင်သည်။

"သူငယ်ချင်းတွေက ဝိုင်းပြီး ပြုစုလိုက်ကြလို့ပါ အမေရာ။ သည်တစ်ခါတည်းပါ။ နောက်ကို မသောက်တော့ပါဘူး"

"နင်ဟာ မိဘကိုလည်း ကူဖော်မရဘူး။ နင့်ညီလောက်တောင် အဖြစ်မရှိဘူး။ အလကား ဆန်ကုန်မြေလေးကောင်း။ သွား . . . နင် ငါ့အိမ်ရိပ်ကို မနင်းနဲ့"





"ဟာဗျာ . . . အမေကလည်း ဒါလောက်ကလေးနဲ့ ကျွန်တော့် အပြစ်က သိပ်ပြီးကြီးနေလို့လား"

"တယ် . . . နင် . . . နင်က မိဘကို ခံပြောရသလား။ သွား သွား . . . မလာနဲ့ဆို မလာနဲ့။ ခွေးဖြစ်မယ့်ကောင်"

ထိုအချိန်တွင် တာတေသည် အိမ်ပေါ်မှ ဆင်းလာပြီး . . .

"အမေရာ အစ်ကို့ကို သည်လိုမပြောပါနဲ့။ အစ်ကိုက သည်နေ့ကစပြီးတော့ လိမ္မာတော့မှာပါ"

"ဟင် . . . တာတေ နင်က အဲ့သလိုပြောတော့ နင့်အစ်ကို သောင်းတင်က နင့်ကို လုပ်ထားမှာပေါ့။ သူ့အကြောင်း နင်သိသားနဲ့"

မိခင်က တာတေ့အတွက် စိုးရိမ်ပြီးတော့ ဝင်ပြောသည်။ သို့သော် တာတေက မိခင်၏စကားကို မကြားသလိုပင် အိမ်အောက်ကို ဆင်းသွားခဲ့သည်။

"ဟုတ်တယ် မဟုတ်လား အစ်ကို။ သည်ကနေ့ကစပြီးတော့ လိမ္မာတော့မယ် မဟုတ်လား"

တာတေသည် ခပ်လှမ်းလှမ်းမှနေ၍ သောင်းတင်၏ မျက်နှာကို စေ့စေ့ကြည့်ပြီးတော့ ပြောသည်။ သောင်းတင်သည် တာတေ့ကို မျက်ထောင့်နီကြီးနှင့် ပြန်ပြီးတော့ ကြည့်နေသည်။ အိမ်ပေါ်ကလူများမှာ သူတို့နှစ်ယောက်ကိုကြည့်ပြီး ရင်တထိတ်ထိတ်နှင့် ဖြစ်နေကြရသည်။ တာတေသည်လည်း ဘယ်လိုဖြစ်နေပါလိမ့်။ မိခင် တားမြစ်သည်ကိုပင် လက်မခံ။

သောင်းတင်သည် သစ်ကိုင်းခြောက်တစ်ခုကို လက်မှာ ကိုင်ထားသည်။ သူ တာတေ့ကို မကျေမနပ်ဖြင့် ကြည့်နေသည်။ တာတေ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် စိုးရိမ်နေကြသည်။ မတော်လို့များ ရိုက်ထည့်လိုက်လျှင် . . .

"ဟော့ကောင် . . . မင်းက ငါ့ညီပါ။ ငါ့ကို ဆရာလာလုပ်ဖို့ မလိုပါဘူးကွ။ အေး . . . မင်းကို ငါ ဆုံးမရဦးမယ် . . . ကဲကွာ"

"ဖြောင်း"

"ဟဲ့"

"အို"

အာမေဋိတ်သံအသီးသီးက ထွက်ပေါ်လာခဲ့ကြသည်။ သောင်းတင် ခွေခနဲဆို လဲကျသွားသည်။ သူ့ခေါင်းကို သူ ပြန်ရိုက်ထည့်လိုက်ခြင်းပင်။ သစ်ကိုင်းခြောက်ကြီးသည်ပင် ကြေမွသွားသည်။ အံ့အားသင့်စရာကောင်းသည်။ သောင်းတင်သည် ထိုနေ့က စပြီးတော့ လိမ္မာသွားခြင်းပင်။ သို့သော် . . .

နောင်အခါ တာတေသည်ကား . . .

❑ ❑ ❑





( ၉ )

## ပဟေဠိဆန်သောချောက်ချားမှု

တာတေသည် အာလောကတောထဲကို မကြာခဏ သွားသည်။ သူ့ကို မသင်္ကာ၍လိုက်ပြီးတော့ ချောင်းကြသူများရှိကြသည်။ ဘာရယ်လို့တော့မဟုတ်ပါ။ လက်နှစ်ဖက်မရှိသော ကလေးတစ်ယောက်က တောထဲကိုဝင်ပြီးတော့ ဘာလုပ်သလဲဟု သိချင်နေကြသည်။ သို့သော် တာတေ့နောက်ကို မျက်ခြည်မပြတ်လိုက်ကြသော်လည်း မျက်စိအောက်မှာတင် ပျောက်သွားတတ်သည်။

"သည်ကောင်ဟာ ကိုယ်ဖျောက်တတ်သလား မသိဘူး။ ငါတို့ရှေ့မှာတင် ပျောက်ပျောက်သွားတတ်တယ်"

"လျှင်လို့ပါကွာ။ အပုန်းလည်းကောင်းလို့ မတွေ့နိုင်တာပါ။ ရှာ



www.burmeseclassic.com

www.burmeseclassic.com



မနေစမ်းပါနဲ့။ သည်ဒုက္ခိတက ကျပ်ပြည့်တာ မဟုတ်ဘူး။ တောထဲမှာ သူ့ဘာသာသူ လုပ်ချင်ရာကို လုပ်နေတာ။ အချိန်ကုန်တယ်"

သည်လိုနှင့် တာတေ့ကို ရှာမတွေ့ကြသောအခါ လက်လျှော့လိုက်ကြသည်။ ယင်းအချိန်တွင် တာတေသည် တောတွင်းတစ်နေရာကို ရောက်နေတတ်သည်။ သူ့နေရာကို မည်သူမှမသိကြ။ ရောက်လည်း မရောက်ဘူးကြ။ အချို့ကတော့ ဤသို့ထင်ကြသည်။ "အာလောကတောကြီးဟာ နက်ရှိုင်းလေလေ လျှို့ဝှက်ချက်က များလေလေပဲ။ တချို့နေရာတွေမှာ သူတော်စင်တွေ တရားကျင့်ကြံအားထုတ်ဖူးခဲ့ကြတယ်။ ရွှေဖြစ် ငွေဖြစ် အဂ္ဂိရတ်ထိုးခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိခဲ့ကြတာပဲ။ သူတို့ထားခဲ့တဲ့ အဂ္ဂိရတ်ရွှေတွေ ဘာတွေကို သည်ကောင် ရချင်ရလိမ့်မယ်ကွ။ လူမစွမ်း နတ်မဆိုတဲ့စကားရှိတယ်။ ပြောလို့ ဘယ်ရမလဲ။ ပုဂ္ဂိုလ်တွေက တာတေ့ကို ပေးချင်ပေးကြမှာပေါ့"

တာတေ့ကို အမျိုးမျိုးပင် ထင်မြင်ချက်ပေးကြသည်။ တစ်ချိန်က အာလောကတောကြီးထဲတွင် တာတေ ပျောက်၍ လိုက်ရှာခဲ့ကြစဉ်က တွေ့ခဲ့ကြရသော လူထူးဆန်းပုဂ္ဂိုလ်ကြီးကိုလည်း မမေ့ကြ။ ဝိဇ္ဇာလား၊ သူတော်စင်ကြီးလား၊ ထိုသူကြီးသည် တာတေ့ကို အကြောင်းအမျိုးမျိုးဖြင့် စောင့်ရှောက်ကူညီနေသည်ဟု ထင်ကြသည်။

သို့သော် ထိုလူထူးဆန်းကြီးကို နောက်တစ်ကြိမ် မည်သူမှ မမြင်ဘူးကြတော့ပါ။ တာတေ့ကို မကျေနပ်သောလူတစ်ယောက်ရှိသည်။ ထိုသူကား အင်းလှရွာက ညိုအေးပင်။ ညိုအေးသည် သူ အားထားရသော တိုက်ကြက်ဖကြီး မောက်နီသေဆုံးသွားသောကြောင့် တာတေ့ ပယောဂ မကင်းဟုဆိုကာအခဲမကျေဖြစ်နေသည်။ တာတေက ကြက်ဝိုင်းတွင် . .





"မဲတူ . . . နင်က ကျား၊ ဟိုက အသား၊ ပေါ်ပစ်လိုက်စမ်း" ဟု မဲတူကို ကိုင်ကာ ပြောခဲ့သည်။ မောက်နီသည် မဲတူ၏လက်ချက်ဖြင့် သေဆုံးသွားခဲ့လေသည်။

"သည်ကောင် မဦးမချွတ်။ နိမိတ်ဖတ်လိုက်လို့ ငါ့ကြက် သေသွားရတာ"

တာတေ့ကို ထိုရက်ကစပြီး စိတ်ထဲမှာ တေးကာ မှတ်ထားသည်။ မည်သူ့ကိုမှ မပြော။ တစ်ယောက်ယောက်ကို ပြောပြလျှင်လည်း ကလေးနှင့် လူကြီး ဖက်ဖြစ်သည်ဟု ထင်ကြပေလိမ့်မည်။

ညိုအေးသည် တာတေ့အသွားအလာကို မသိမသာလေ့လာလျက်ရှိသည်။ တာတေ အာလောကတောထဲသို့ မကြာခဏ သွားတတ်သည်ကို သူ သိထားသည်။

"မောက်နီက ငါ့ကိုလုပ်ကျွေးတာ။ သူ့ကြောင့် ငါ ငွေတွေ များများကြီးရခဲ့ပြီးပြီ။ နောက်ထပ်လည်း ငါ့ကို ရှာပေးနိုင်သေးတယ်။ သည်ကောင် ပါးစပ်ပုပ်ကြီးနဲ့ နိမိတ်ဖတ်လိုက်လို့ ငါ့ကြက် သေရတာ"

နွေစဉ်ပင် အံတကြိတ်ကြိတ်နှင့်ရှိနေသည်။ ရင်ထဲမှာ ဘာဟုတ်တာလေးနှင့် တောက်လောင်နေသော မချွေရိုယမီး၊ ရန်လိုသောအးကို ဒေါသလောင်မီးက ထပ်ဆင့်ကာ အကူဖြည့်ပေးသည်။

မနက်က ဆီးဖြူတောရွာဘက်ကို ကွင်းလမ်းမှ ဖြတ်လျှောက်လာရင်း တာတေ့ကို ညိုအေး လှမ်းပြီးမြင်လိုက်သည်။

"ဟင် . . . သည်ကောင်"

ဆုံချင်ပေမယ့်လည်းမကြုံ။ ယခုတော့ မရည်ရွယ်ဘဲနှင့်ပင်ဆုံလည်း ဆက်ပင်းတိုးမိသည်။ ညိုအေး၏ရင်ထဲက အငြိုးအတေးတွေသည် လောင်



www.burmeseclassic.com

www.burmeseclassic.com



မီးပမှာ ထဖောက်လာသည်။ ပတ်ဝန်းကျင်အခြေအနေကို ကြည့်ပြီးတော့ တာတေ၏ နောက်က လိုက်သွားခဲ့လေသည်။

အာလောကတောထဲကို တာတေဝင်သွားခဲ့စဉ်က ညိုအေးတောစပ်ကို ရောက်နေလေပြီ။ တာတေသည် စိတ်ထဲမှာ သင်္ကာမကင်းဖြစ်လာခဲ့သည်နှင့် နောက်ကိုလှည့်ကြည့်မိလိုက်သည်။ ထိုအခါ ညိုအေးသည် ဆတ်ခနဲဆို သစ်ပင်ကြီးတစ်ပင်နောက်မှာ ကွယ်လိုက်ရလေ၏။

ထို့နောက် တာတေသည် ဆက်ပြီးတော့ လျှောက်သွားသည်။ ညိုအေးသည်လည်း ပုန်းလျှိုးကွယ်လျှိုးနှင့် ဆတ်ပြီးတော့လိုက်သွားသည်။ တာတေသည် ချုံတစ်ချုံ၏အနောက်တွင် ပျောက်သွားသည်။

"အင်း . . . သည်ကောင်တော့ ငါ လိုက်လာမှန်းသိလို့ ပုန်းနေတာပဲဖြစ်ရမယ်"

ညိုအေးသည် မသိချင်ယောင်ဆောင်နေလိုက်သည်။ မိမိ၏ လက်ဝါးနှစ်ဖက်စလုံး ယားလာသည်။ မိမိမှာ လက်နက်ဆို၍ အပ်တိုတစ်ချောင်းပင် ပါမလာ။ ဤလက်နှစ်ဖက်သည်သာ တာတေ့အတွက်။

စဉ်းစားရင်း စိတ်ရိုင်းများ ဝင်လာခဲ့သည်။ အစကတော့ ကျော်မှန်း ကန်မှန်းသိအောင် ဆုံးမရုံသာ။ အခုတော့ သေဆုံးသွားသော မောက်နီကို မျက်စိထဲမှာ မြင်ယောင်လာလေလေ တာတေ့အပေါ်မှာ မကျေမချမ်းဖြစ်လာလေလေ။ လူကြီးနှင့်ကလေး တန်၏မတန်၏ မစဉ်းစားနိုင်တော့။ စိတ်ဆင်ရိုင်းက ဝင်လာခဲ့လေသည်။ ယင်းစိတ်ရိုင်းကို ဆင်ခြင်တုံတရားချွန်းသည်ပင် မအုပ်နိုင်တော့။

ညိုအေးသည် ချုံကြီး၏အနားကို တဖြည်းဖြည်းနှင့် တိုးသွားသည်။ ခြေသံကို တတ်နိုင်သမျှ လုံ့လုံ့ထားပြီးတော့ သွားသည်။ ချုံ





အထက်ကနေ ကျော်ပြီးတော့ ကြည့်လိုက်သောအခါ ရင်ထဲမှာ ထတ်ခနဲ ဖြစ်သွားခဲ့ရသည်။ တာတေသည် ချုံကိုကျောပေးကာ ထိုင်နေသည်ကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

သူ၏လက်ဝါးနှစ်ဖက်စလုံးသည် မနေနိုင်အောင် ယားယံလာခဲ့လေ၏။ မကောင်းကြံမှုကိစ္စအတွက် နှောင်တရချင်သလိုဖြစ်သွားသည်။

ခြေအစုံက တစ်လှမ်းမရွေ့။ တွန့်ဆုတ်သွားမိသည်။ သို့သော် သူ၏လက်တွေကတော့ တာတေ့ဆီကိုသွားရန် မရမကပင် သွေးဆောင်လျက်ရှိသည်။ ယင်းစိတ်ဇောကြောင့်ပင် တာတေ့အနားကို ချက်ချင်းပင် ရောက်သွားခဲ့သည်။ ကျောဘက်မှနေ၍ လက်နှစ်ဖက်က တာတေ့လည်ပင်းဆီကို ရောက်သွားပြီး တအားပင် ညှစ်ထားလိုက်လေသည်။

ထိုစဉ် မမျှော်လင့်သော အခြေအနေတစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။

"အူး . . . ဂူး"

အော်သံကြီးတစ်ခုက မမျှော်လင့်ဘဲ ထွက်ပေါ်လာသည်။ ထိုင်နေသောသူသည် တာတေမဟုတ်။ မြေထိုင်ဝက်ဝံကြီးတစ်ကောင် ဖြစ်နေသည်ကို ချက်ချင်းပင် သိလိုက်ရသောကြောင့်ပင်တည်း။ ညိုအေးသည် အလန့်တကြားနှင့် ထွက်ပြေးသည်။ သို့သော် မြေထိုင်ဝက်ဝံကြီးက သူ့ကို ဖမ်းချုပ်ကာ ကိုင်ထားလိုက်သည်။

"လွှတ် . . . လွှတ် . . . အား . . . ကယ်ကြပါ"

ညိုအေးသည် ထိုအခါကျမှ အော်ဟစ်ကာ အကူအညီတောင်းသည်။ ရုန်းကန်သည်။ သို့သော် ဒေါသကြီးနေသော ဝက်ဝံကြီးသည် ညိုအေးကို လုံးဝလွှတ်ပေးခြင်းမရှိ။ ပါးစပ်ကြီးကို ဖြဲကာ အစွယ်ဖွေးဖွေးပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်အထိခြိမ်းခြောက်ပြီး တိုက်ခိုက်လေတော့သည်။ ညိုအေးသည် ဝက်ဝံကြီးကိုတိုက်ခိုက်ရန် အပ်တိုတစ်ချောင်းပင်ပါမလာခဲ့။ မြေထိုင်ဝက်ဝံညိုကြီး၏ ရှည်လျားသောလက်သည်းကြီးများ၏ ကုပ်ဖဲ့မှုဒဏ်ကို ငယ်သံပါအောင်အော်ရင်း ခံနေရသည်။ သူ့ကို အကူအညီပေးမည့်သူလည်း မရှိ။ နောက်ဆုံးမှာတော့ ညိုအေး၏အသံက တိမ်ဝင်ကာ ပျောက်သွားခဲ့လေသည်။

ညနေပိုင်းကျမှ ညိုအေး၏ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော အလောင်းကို တွေ့ကြရသည်။ မည်သည့်သတ္တဝါက ညိုအေးကို ရက်စက်စွာပင် သတ်ဖြတ်သွားကြပါသလဲ။ ဤနေရာကို ကျား၊ ကျားသစ်၊ ဝက်ဝံသည့် သတ္တဝါများက လာလေ့မရှိ။ ဤတောထဲမှာ ယင်း ရက်စက်ကြမ်းကြုတ်သော သတ္တဝါများနေလေ့နေထမရှိ။ သို့ဆိုလျှင် ညိုအေး၏ အဖြစ်သည် အားလုံးအတွက် ပဟေဋ္ဌိဆန်လွန်းလှပေသတည်း။

❑ ❑ ❑





( ၁၁ )

## ဆင်စိုင်းအလိုက်ခံကြရခြင်း

အနှစ်နှစ်ဆယ်ကြာသောအခါ . . .

သောင်းတင်သည် လယ်ထဲတွင် အလုပ်ရှုပ်နေရာက ဇနီးဖြစ်သူ ဒွေးလှကို . . .

"ဒွေးလှ . . . အိမ်ကို တာတေလာသေးသလား"

"ဟင့်အင်း . . . မလာဘူး ကိုသောင်းတင်"

"ဒါဆို သည်ကောင် ဘယ်ကိုများလျှောက်သွားနေပါလိမ့်"

ဒွေးလှသည် ခေါင်းပေါ်မှ ထမင်းတောင်းကိုချလိုက်သည်။ ခေါင်းခုကိုဖြေ၍ ချွေးသုတ်လိုက်ရင်း . . .

"ကိုသောင်းတင်လည်း တာတေ့အကြောင်းကို သိသားပဲ။ ဘယ်တုန်းက အိမ်ကပ်လို့လဲ။ သုံးလေးရက်လောက် ပျောက်ပျောက်နေတတ်တာ။ အစ်မပိုင်းစိန်ကလည်း ကျွန်မကို မေးပြီးပြီ"

"အင်း . . . သည်ကောင်ဟာ မပြောမဆိုနဲ့ထွက်သွက်သွား။ မထင်မှတ်ဘဲ ပြန်ပြန်ရောက်လာ ငယ်စဉ်ကအကျင့်ကို မပျောက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အစ်မလည်း သူ့အတွက်နဲ့ အလုပ်တစ်လုပ်"

သောင်းတင်က တာတေ့ကို စိတ်ပူသည်။ မိဘများမရှိကြသောအချိန်တွင် ပိုင်းစိန်နှင့် သောင်းတင်တို့က တာတေ့အတွက် တာဝန်ရှိကြသည်ဟု သဘောပေါက်ထားကြသည်။ မိဘနှစ်ပါးက လွန်ခဲ့သောငါးနှစ်ကပင် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်သွားခဲ့ကြလေပြီ။ ပိုင်းစိန်ကပင် တာတေ့ကို အုပ်ထိန်းသူဖြစ်လာခဲ့သည်။

သူမသည် ယခုထက်တိုင် အိမ်ထောင်မပြု။ တစ်သက်လုံးသည်အတိုင်းပဲ နေသွားလိမ့်မည်ဟု ထင်သည်။ မောင်ငယ် တာတေ့ကိုတော့ အတော်ချစ်ရှာသည်။ တာတေသည် အိမ်အလုပ်ကို ပိုင်းမကူဘဲနေသည်တော့မဟုတ်။ သို့သော် ငယ်စဉ်ကညာဉ်အတိုင်း တစ်ခါတစ်ရံမှာ အိမ်က ပျောက်ပျောက်သွားသည်။ ဘယ်ကိုသွားပြီး ဘာလုပ်မည်ဆိုတာကိုလည်း မပြော။ တစ်ရက် သို့မဟုတ် သုံးလေးရက်လောက်ကြာလျှင်တော့ ပြန်ရောက်လာတတ်သည်။ သောင်းတင်က အိမ်ထောင်ပြုပြီး ပိုင်းစိန်နှင့်အတူနေသည်။ အစ်မကြီးပိုင်းစိန်ကို စောင့်ရှောက်ရန်ဖြစ်သည်။ သောင်းတင် လိမ္မာသွားခဲ့သည်မှာ ကြာပြီ။ လွန်ခဲ့သည့် နှစ်နှစ်ဆယ်ကျော်လောက်ကတည်းက။ ထူးထူးခြားခြား လိမ္မာသွားခဲ့သည့် သောင်းတင်ကို မိဘများကပင် အံ့အားသင့်သွားခဲ့ကြရသည်။

မှတ်မိကြသေးသည်။ ထိုစဉ်က သောင်းတင်သည် တာတေ့ကို မူးထူးသော့စိတ်ဖြင့် ထင်းချောက်နှင့် ရိုက်မည်ပြုခဲ့သည်။ သို့သော် တာတေ့ကို မရိုက်ဘဲ သူ့ခေါင်းကို သူ ပြန်ရိုက်မိခဲ့သည်။ ထိုအချိန်ကစပြီး အမူးပြေတော့ သောင်းတင်၏စိတ်သည် လုံးလုံးလျားလျားပင် ပြောင်းသွားခဲ့သည်။ အရက်သေစာလည်း မသောက်တော့။ လောင်းကစားမှု





များကိုလည်း မလုပ်တော့။ သူ့စိတ်ကို ပြောင်းပစ်လိုက်သောသူမှာ သူကိုယ်တိုင်ပင်။

တာတေ့အပေါ်မှာလည်း ယခင်ကထက်ပိုပြီးတော့ စာနာတတ်လာခဲ့သည်။ အစ်ကိုတစ်ယောက် ပီသခဲ့သည်။

"အစ်ကို ကျွန်တော် သည်မှာပါ။ ဘာခိုင်းစရာရှိလို့လဲ"

"ဟင် . . . တာတေ ညီလေး"

တာတေသည် အနားကို မည်သို့ရောက်လာမှန်းမသိ။ သောင်းတင် အံ့အားသင့်သွားခဲ့ရသည်။ ဒွေးလှသည်လည်း ထို့အတူ။ ကွင်းပြင်က ပြောင်တလင်းကြီးပါ။ တဲနားမှာ ကပ်ပြီးတော့ ပေါက်နေသည့် ကုက္ကိုပင်ကြီးကလွဲ၍ အခြားဘာမှမရှိ။ ခြေသံလုံလုံနှင့်လျှောက်လာသည့်တိုင် နားစွန်နားဖျားတော့ ကြားနိုင်ရမည်။ ထားပါတော့ မိမိတို့က အလုပ်တွင် အာရုံနှစ်နေသောကြောင့် တာတေ ရောက်လာသည်ကို မသိနိုင်တာဟု။

"ခိုင်းစရာရှိလို့ မဟုတ်ပါဘူး ညီလေးရာ။ မတွေ့လို့ မေးကြည့်တာပါ။ အစ်မကလည်း မေးနေတယ်။ စိတ်ပူနေတယ်"

"ကျွန်တော် အစ်မနဲ့တွေ့ပြီးပါပြီ"

"အေး . . . အေး"

သောင်းတင်သည် တာတေ့ကို မြင်လိုက်မှ စိတ်အေးသွားဟန်တူသည်။ တာတေသည် အရွယ်ရောက်လာပြီဖြစ်သည်။ လူပျိုကြီးဖားဖားဖြစ်နေသော်လည်း အရပ်က ငါးပေကျော်ကျော်လောက်သာ ရှိသည်။ အသားက ဖြူသည်။ လူပုံက ချောချော။ သို့သော် ဒုက္ခိတတစ်ယောက်ဖြစ်နေ၍သာ လူရာမဝင်ခြင်းဖြစ်သည်။ မျက်နှာပေးက ပြုံးစစနှင့် ခင်စရာတော့ကောင်းသည်။ တာတေ အခင်မင်ဆုံးသော သူငယ်ချင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသာဖြစ်သည်။

"ဟေ့ကောင် . . . မိုးသီး . . . မင်းက မှိုင်တွေတွေနဲ့ပါလား။ ဘာများဖြစ်နေတာလဲ"

တစ်ရက်တွင် ရွာစပ်ရှိ ကြို့ပင်ကြီးအောက်မှာ ထိုင်နေသော မိုးသီးကို တွေ့လိုက်ရ၍ တာတေက မေးလိုက်ခြင်းပင်ဖြစ်သည်။

"ပြောစမ်းပါဦးကွ။ အိမ်နဲ့ပြဿနာတက်လာလို့လား။ ငါ မင်းကို ရွာထဲမှာ မတွေ့လို့ လိုက်ရှာနေတာ။ မင်းက သည်ကိုရောက်နေတာကိုး"

"ငါ ဘာမှမဖြစ်ပါဘူးကွာ။ ပျင်းလို့ သည်မှာ လာထိုင်နေတာပါ"

"ဟေ့ကောင် . . . မိုးသီး မင်းတစ်ခုခုဖြစ်နေတာ ငါ သိတယ်။ ငါ့ကိုမညာနဲ့၊ မင်းမှာ ဘာအခက်အခဲရှိသလဲ။ ငါ ကူညီနိုင်ရင် ကူညီမယ်"

တာတေက မရမက မေးလွန်းသောအခါကျမှ . . .

"နှင်းရီကိစ္စကွ"

"နှင်းရီ . . ဟုတ်လား။ ဘာလဲ။ မင်းနဲ့သူနဲ့ အဆင်မပြေလို့လား"

"ပြေပါတယ်ကွာ"

"ဒါဖြင့်ရင် ဘယ်လိုအကြောင်းလဲ။ မင်းက ငါ မေးနေတာကို ပွင့်ပွင့်လင်းလင်း မရှိဘူး။ မပြောချင်သလိုလို ပြောချင်သလိုလိုနဲ့"

"သည်လိုကွာ . . . နှင်းရီကို မောင်ကောက်က လိုက်ပြီးလူပျို စကားပြောတယ်"

"အံမာ သည်ကောင်က မင်းနဲ့နှင်းရီဖြစ်နေမှန်းသိလျက်နဲ့။ ဒါ တမင်လုပ်တာပဲကွ"

"နှင်းရီက လက်မခံဘူး။ သည်တစ်ကြိမ်တည်းမဟုတ်ဘူး။ ကြာပြီ။ နှင်းရီက ဘယ်လိုမှလက်မခံမှန်းသိတော့ သူ့မိဘတွေကို ပူဆာပြီး





လူကြီးချင်း နားဖောက်ကြတော့မယ်။ နှင်းရီရဲ့မိဘတွေကလည်း မောင်ကောက်ဆိုရင် ငြင်းကြမှာ မဟုတ်ဘူး။ နဂိုကတည်းက ပေးစားချင်ချင်"

"ဟင် . . . သည်ကောင်က ဒါလောက်အထိတောင် ကြံစည်နေပြီလား။ ယောက်ျားမပီသတဲ့ကောင်။ အဲ့ဒါကို မင်းက စိတ်ပျက်လက်ပျက်ဖြစ်နေတယ်ပေါ့လေ . . . ဟုတ်လား"

"စိတ်မပျက်လို့ကောဖြစ်မလား တာတေ။ မောင်ကောက်မိဘတွေက ငွေရှင်ကြေးရှင်တွေလေ။ နှင်းရီရဲ့မိဘတွေကို မင်္ဂလာကိစ္စ လာမြန်းကြရင် ငြင်းမယ့်သူတွေ မဟုတ်ဘူး။ လက်ခံကြမှာပဲ။ နှင်းရီကလည်း ဘကို ကြောက်တော့ ခေါင်းညိတ်မိမှာပဲ"

"သည်ကိစ္စကို နှင်းရီက ဘာပြောသလဲ"

"ငါ့ကို ခိုးခိုင်းတယ်ကွာ"

"ဒါဆိုလည်း ခိုးပေါ့ကွာ"

"ငါက ဘယ်လိုခိုးရမှာလဲ။ ငွေကြေးလည်း မပြည့်စုံဘူး။ ပြီးတော့ . . ."

"တော်ပြီ . . . ငါ သဘောပေါက်ပြီ။ မင်းကို ငါ ကူညီမယ်။ မင်းသာ နှင်းရီကို ခိုးဖို့ အသင့်ပြင်ထား။ မင်းသတ္တိရှိရင်ပေါ့ကွာ"

"ဟာကွာ . . . မင်းကူညီမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့ကွာ"

မိုးသီး၏မျက်နှာမှာ လပေပုပ်ဖမ်းစားထားခြင်းခံရရာမှ လွတ်မြောက်သွားသည်ကဲ့သို့ . . .

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ နံနက်သုံးနာရီခန့်။ နတ်တော်၊ ပြာသို။ လွန်စွာမှ ချမ်းအေးသည့်ကာလ။ ကျွဲချိုများပင်အေးသည်ဟုဆိုသည်။ ဤအချိန်သည် အိပ်ရာထဲမှာ ကွေး၍အကောင်းဆုံးဖြစ်သည်။ အအေးဒဏ်ကို စောင်ထူထူထဲခြုံကာ ကာကွယ်သော်လည်း လုံခြုံမှုမပေးနိုင်။

ယင်းအချိန်တွင် လူသုံးယောက်သည် အနောက်ဘက်ကွင်းလမ်းကဖြတ်ပြီး ခြေလှမ်းသွက်သွက်နှင့် သွားနေကြသည်။ ကိုယ်ပေါ်မှာ စောင်တစ်ထည်စီကို ခြုံထားကြသည်။ နှစ်ဦးကတော့ ခေါင်းထက်မှာ တဘက်တစ်ထည်စီ ပေါင်းထားကြသည်။ တစ်ယောက်ကတော့ ဖော့ဦးထုပ်တစ်လုံးကို ဆောင်းထားသည်။

"လာ"

တဘက်များကို ပေါင်းထားကြသူတွေက မိုးသီးနှင့် နင်းရီ။ ဖော့ဦးထုပ်ကို ဆောင်းထားသူကတော့ အခြားသူမဟုတ်။ တာတေ။ သူတို့သည် နင်းရီကို ခိုးလာခဲ့ကြခြင်းပင်ဖြစ်သည်။ ရက်ရက်စက်စက် ချမ်းအေးလှသောအချိန်ကြီးမှာပင် အအေးဒဏ်ကို ဂရုမစိုက်နိုင်ကြ။ ချစ်သူနှင့် ပေါင်းရဖို့အတွက်သာ အရေးကြီးနေကြသည်။ ဇောကပ်နေကြသည်။ ခြေလှမ်းတွေကလည်း သွက်သွက်၊ စိတ်ကလည်း မတည်မငြိမ်။ နောက်ကိုလှည့်တကြည့်ကြည့်နှင့်။

"သွက်သွက်ကလေးဟေ့။ မိန်းကလေးရှင်ဘက်က စပြီး သိသွားကြပြီ။ လိုက်လာကြတော့မယ်"

တာတေက လေသံအုပ်အုပ်နှင့် ပြောလိုက်လေသည်။ မိုးသီးနှင့် နင်းရီတို့လည်း တာတေစကားကြောင့် အံ့အားသင့်သွားခဲ့ကြလေသည်။ နင်းရီ၏မိဘများ သိသွားကြသည်ကို တာတေက မည်သို့သိသွား





ခဲ့လေသလဲ။

"ဟင် . . . တာတေ မင်း ဘယ်လိုသိတာလဲ"

"ကိုတာတေ အရီတို့ ပြေးလို့လွတ်ပါ့မလား"

"ဘာမှမပူကြပါနဲ့။ ငါတို့ကို တစ်ယောက်ယောက်က တွေ့သွားလို့ သတင်းသွားပေးလိုက်တာပဲ။ ငါတို့ထွက်လာခဲ့တာ ရွာကလူတစ်ယောက်ကတော့ သိသွားပြီ"

တာတေသည် လမ်းကြောင်းပြောင်းမှဖြစ်တော့မည်ကို သဘောပေါက်သွားခဲ့သည်။ ယခုဆိုလျှင် နောက်ကနေ တောက်လျှောက်ပင် လိုက်လာကြတော့မည်ဖြစ်သည်။

"မြန်မြန်လာကြ။ ငါတို့ သည်ဘက်လမ်းကနေဖြတ်ထွက်ကြမယ်"

ကွင်းခေါင်ခေါင်ကြီးက မသွားကြတော့။ ဝါးရုံပင်များအုပ်ဆိုင်းလျက်ရှိသည်။ တောလမ်းတစ်ခုဆီကို ဦးတည်လိုက်ကြသည်။ ကောင်းကင်မှာ ကြယ်ရောင်ကအပြည့်။ တမိုးလုံး ထိန်နေသည်။ မိုးအောက်မြေပြင်ပေါ်ကိုလည်း လုံလောက်သော အလင်းရောင်က ပက်ဖြန်းပေးထားသည်။ ကွင်းလမ်းကနေဆက်ပြီးတော့ သွားလျှင် သူတို့ကိုယ်က ထီးတည်းကြီး ထင်ရှားနေပေလိမ့်မည်။ ဝါးရုံပင်များက အရိပ်ကျနေကြသည်။ သူတို့ကို အမှောင်ရိပ်ဖြင့် ပျောက်ကွယ်ပေးထားလေသည်။

မိုးသီးနှင့် နင်းရီတို့သည် တာတေ၏ဦးဆောင်မှုအောက်မှာ လိုက်သွားကြလေသည်။ တာတေ့ကိုသာ ပိုပြီးတော့ အားကိုနေကြရပြီဖြစ်သည်။

မကြာမီ ကွင်းဘက်ဆီမှ လူသံ၊ ဆူသံများကို သဲ့သဲ့မျှ ကြားလာခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ . . . သူတို့ သည်ဘက်လမ်းကထွက်သွားကြတာ ကျိန်းသေတယ်ကွ။ မြန်မြန်လိုက်ကြ"

"မလွှတ်စေနဲ့ဟေ့။ မိရင်တော့လားကွာ"

"ဟိုကောင် . . . ဒုက္ခိတ။ လက်ပြတ်တာတေ သည်ကောင်က ဆရာကြီးလုပ်ပြီးတော့ ခေါ်သွားတာကွ။ လူရာဝင်လို့ကွာ . . . တောက်"

မောင်ကောက်၏အသံပင်။ နှင်းရီနှင့် ပေးစားမည့်သူ။ ပါးစပ်ထဲ ရောက်ခါနီးအစာ လွတ်သွား၍ စားမာန်ခုတ်နေသည့်အသံ။ ကိုယ့်ပါးစပ်ထဲကို ရောက်ရမည့်အစာ သူတစ်ပါး၏လက်ထဲကို ရောက်သွား၍ တာတေသည် သူ့ကို ချိုးချိုးဖွဲ့ဖွဲ့ပြောလိုက်သည်ကို အတိုင်းသားကြားနေရသည်။ သို့သော် လိုက်လာကြသူတစ်စုက ဝေးနေကြသေးသည်။

"ကိုတာတေ . . . ဒါ မောင်ကောက်အသံပဲ။ အစ်ကိုတို့ သည်အတိုင်းဆက်ပြီးသွားနေလို့ ဖြစ်ပါ့မလား"

နှင်းရီသည် တုန်လှုပ်ချောက်ချားနေသည်။ ချမ်း၍လား ကြောက်၍လား မသိ။ ကိုယ်လုံးလေးက တဆတ်ဆတ်နှင့် တုန်နေသည်။

"နှင်းရီ နင် စိတ်အေးအေးထား။ သူတို့ရဲ့လက်ထဲကို နင် ပြန်ရောက်မသွားစေရဘူး။ ငါ တာဝန်ယူမယ်။ လာကြ . . . မြန်မြန်"

တာတေသည် ဒုတိယလမ်းကြောင်းတစ်ခုကို ပြောင်းလိုက်ပြန်သည်။ သည်တစ်ခါတော့ ကြံတောထဲကို ဖြတ်သန်းဝင်ရောက်သွားခဲ့ကြသည်။ ရွာနှင့်အတန်ငယ်ဝေးလာခဲ့ပြီဖြစ်၍ တာဂတက ဘာကိုမှ ဂရုမစိုက်တော့။

"ဟေ့ . . . သည်ကောင်တွေ ကွင်းထဲမှာ မတွေ့ရဘူးကွ။ လမ်းကြောင်းပြောင်းသွားကြပြီထင်တယ်။ လူခွဲပြီးတော့ ရှာကြမယ်ကွ"





"ဟုတ်တယ် . . . တစ်နေရာတည်းကို စုပြီးတော့ သွားနေကြလို့ မဖြစ်ဘူး။ ငါတို့ လူများသားပဲ။ နှစ်စုခွဲကြ။ မင်းတို့က သည်ဘက်လမ်းကို လိုက်။ ငါတို့က ကွင်းလမ်းအတိုင်း ဆက်လိုက်သွားကြမယ်"

ပြောလိုက်သူက မောင်ကောက်၏တပည့် ဟန်မောင်။ သူသည် မောင်ကောက်ကို ကပ်ကာ ဖားရားပြီး စားသောက်နေသူ ဖြစ်သည်။ တာတေတို့သည် ထိုအသံများကို ဂရုမစိုက်အားတော့။ ကြံတောထဲကသာ လွတ်မြောက်အောင် သွက်သွက်ပင် လှမ်းနေကြသည်။ ကြံတောကြီးက ကြီးမားလှသည်။ ကျယ်ဝန်းသည်။ သူတို့ကို ကြံတောကြီးက ဝါးမျိုထားသည်။ တုတ်မီးမပါကြ၍ မှောင်ရီရီမှာ သတိနှင့် တိုးကာသွားနေကြရသည်။ ကြံပင်များကို ပွတ်တိုက်ပြီးသွားနေကြသောအသံတွေက မြည်နေကြသည်။ ဒါတောင်မှ သတိနှင့်သွားနေကြပေလို့သာ ဤမျှလောက်ပဲ အသံတွေ ထွက်နေကြခြင်းပင်။

ထိုအချိန်တွင် မောင်ကောက်၏တပည့် ဟန်မောင်နှင့် သုံးဦးသည် ကြံတောကြီးဘက်ကို ဦးတည်ပြီးတော့ လာနေကြသည်။ ဟန်မောင်သည် လမ်းမှာ ကျနေသောအရာလေးတစ်ခုကို အမှတ်မထင် တွေ့သွားသည်။ ကောက်ယူပြီးတော့ ကြည့်လိုက်သည်။ မိန်းမကိုင်ပဝါလေးတစ်ထည်ဖြစ်နေသည်။

"ဟုတ်ပြီ . . . သူတို့ ခြေရာဖျောက်ပြီး ကြံတောထဲကနေ ဖြတ်သွားခဲ့ကြတာပဲကွ။ ဟေ့ကောင် မောင်ဦး မင်း ဆရာကောက်နောက်ကို အမြန်လိုက်သွား။ သည်မှာ တာတေတို့သွားတဲ့ဘက်ကို တွေ့ပြီလို့။ မြန်မြန်သွား။ တစ်ပါတည်းခေါ်လာခဲ့ကွာ"

"အေး . . . အေး"



www.burmeseclassic.com

www.burmeseclassic.com



မောင်ဦးက ပြေးထွက်သွားသည်။ မောင်ငီကောက်ကို မျက်နှာလို မျက်နှာရလုပ်၍ ပြေးပြောရဦးမည်။ တာတေတို့ကို ကွင်းထဲမှာတွေ့သူလည်း သူပင်။ မိုးသီးနှင့် နှင်းရီတို့ ဘယ်ကိုမှမရောက်အောင် အချိန်မီ အုပ်မိနိုင်ခဲ့လျှင် မောင်ကောက်က ဟန်မောင်နှင့် သူ့ကို ထိုက်တန်စွာပင် သူကောင်းပြုပေလိမ့်မည်။ ဤသို့တွေးပြီး မောင်ဦးတစ်ယောက် အူမြူးသွားသည်။

ဟန်မောင်နှင့် အဖော်တစ်ယောက်ကတော့ ကြံတောထဲကို ဝင်သွားခဲ့ကြလေပြီ။

❑ ❑ ❑

တာတေသည် ရှေ့ကနေသွားနေရင်းက ခြေလှမ်းတွေကို ရပ်ထားလိုက်သည်။ မိမိတို့ဖြတ်သန်းလာခဲ့သော ကြံတောထဲကို တစ်ချက်လှမ်းကြည့်လိုက်သည်။ နောက်မှ လိုက်လာကြသော မိုးသီးနှင့်နှင်းရီတို့က သူတို့ကို ကြည့်သည်ဟု ထင်မိလိုက်ကြသည်။ ထို့ကြောင့် ခြေလှမ်းသွက်သွက်နှင့် လျှောက်လာခဲ့ကြသည်။

"မြန်မြန်ကွ . . . သည်ကောင်တွေ ငါတို့ကြံတောထဲကို ဖြတ်လာကြတာကို သိသွားကြပြီ။ လိုက်လာကြပြီကွ"

"ဟင် . . . ဟုတ်လား"

"ဟုတ်လား . . . ကိုတာတေ"

နှင်းရီ၏မျက်ဝန်းများက ဝိုင်းစက်နေကြသည်။ ထိတ်လန့်နေသည့်အမူအရာ။ မိုးသီးကလည်း မျက်နှာပျက်နေသည်။ တာတေသည် နားပါးလွန်းလှသူလား။ ကြံတောထဲကို ဝင်လိုက်လာကြပြီကို ဘယ်လို





သိနေသလဲ။

"မင်းတို့သိအောင် ငါက ပြောပြတာ။ သည်ကောင်တွေ ငါတို့ဆီကို ရောက်မလာစေရဘူး။ စိတ်ချ နှင်းရီ။ နင် သိပ်ပြီးအကြောက်ကြီးမနေနဲ့"

"ဟုတ် . . . ဟုတ်ကဲ့"

ကြံတောထဲမှ ထွက်လာခဲ့ကြပြီဖြစ်၏။ မကြာမီ ဆီးဖြူတောချောင်းဆီကို ရောက်လာခဲ့ကြသည်။ အနောက်ဘက်ချောင်းကြီး ဖြစ်သည်။ မိုးရောင်မရှိသော်လည်း ဝန်းကျင်က ကောင်းစွာပင်မြင်သာသည်။ တာတေသည် ကမ်းအနိမ့်ပိုင်းဆီကို ဆင်းသွားခဲ့သည်။ လှေငယ်တစ်စီးကို တွေ့လိုက်ရသည်။ ထိုးဝါးတိုင်မှာ လှေကို ချည်နှောင်ထားသည်။

"ကဲ . . . သည်လှေကိုမြင်တော့ မင်းတို့ ဘာလုပ်ရမယ်ဆိုတာကို သိသွားကြပြီ မဟုတ်လား"

လှေကို ရေထဲသို့ မိုးသီးနှင့်နှင်းရီက တွန်းချလိုက်ကြသည်။

"မင်းကော လိုက်မယ်မဟုတ်လား တာတေ"

"အေးပေါ့ကွာ။ ပို့မယ့်ပို့ ခရီးဆုံးရောက်တဲ့အထိ ပို့ရမှာပေါ့"

မိုးသီးနှင့် နှင်းရီတို့က တာတေ့စကားကြောင့် ဝမ်းသာသွားခဲ့ကြလေ၏။ ကျရေနှင့်လိုက်ပါသွားခဲ့လျှင် အတော်ပင်။ မိုးသီးရော နှင်းရီပါ လှေလှော်တတ်ကြသည်။ လှေဦး ဦးတည်ရာကို တာတေက ညွှန်ပြသည်။ ရေစုန်မှာ မျှော၍လိုက်ပါသွားခဲ့ကြသည်။ ကမ်းပေါ်ရှိ သစ်ပင်များဆီက အရိပ်မည်းကြီးများက ထိုးကျနေကြသည်။ ထို့ကြောင့် အမှောင်ရိပ်အောက်မှ လှော်ခတ်လာခဲ့သည်။

"ငါ မင်းတို့ကို ငွေကြေးလုံလုံလောက်လောက် ပေးလိုက်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးစားသောက်ဖို့။ ရှာဘက်ကိုတော့ သုံးနှစ်လောက် ခြေဦးမလှည့်နဲ့ဦး။ မင်းတို့အတွက် (× × ×)မြို့မှာ ငါ စီစဉ်ထားပြီးပြီ။ ဟိုအရောက်အထိ ငါ လိုက်ပို့ပေးမယ်"

လှေဦးကနေ လိုက်လာသော တာတေက အားပေးစကား ပြောလိုက်သည်။

"အေးပါကွာ . . . ကျေးဇူးပါပဲ တာတေရာ။ မင်းရှိလို့သာပဲ"

လှေသည် ကျရေရှိန်မှာ သက်သာစွာပင် လိုက်ပါသွားနေသည်။ နောက်ပိုင်းတွင် ကျန်ရစ်ခဲ့သောသူတို့၏ အခြေအနေမှာကား . .

❑ ❑ ❑

မောင်ဦးသည် မောင်ကောက်နောက်ကို ချက်ချင်းပင် လိုက်သွား၏။ မီသည်။ အကျိုးအကြောင်းပြောပြပြီး ကြံတောဘက်ဆီကို ခေါ်လာခဲ့လေသည်။ ကြံခင်းကြီးတစ်ခုလုံးသည် ညအမှောင်အောက်မှာ ဝပ်စင်းနေလျက်၊ အပင်များသည်လည်း ရှုပ်ယှက်ခတ်ကာ တောထနေလေသည်။

"ဘယ်မှာလဲကွ ဟန်မောင်နဲ့ဟိုကောင်"

"သူတို့သွားနှင့်ကြပြီ။ သင်းတို့ကိုမီအောင် လိုက်ကြမယ်ထင်တယ်"

"အေး . . . မှန်တယ်။ အဲ့သလိုမှဖြစ်မျာ။ သည်လိုမှမလုပ်ရင် မျက်ခြည်ပြတ်သွားကြဦးမယ်"

မောင်ကောက်တို့လည်း ကြံတောထဲကို တိုးဝင်သွားခဲ့ကြသည်။ သူတို့လည်း မီးတုတ်တွေကိုယူမလာကြ။ အလင်းရောင်ကြောင့် တာတေတို့သိသွားကြမည်ကို စိုးသည်။ မောင်ကောက်က တစ်ရှာသား။





သူ့ဌေးသား။ ဆီးဖြူတောရှာမှ ဥစ္စာပေါ ရုပ်ချော။ နှင်းရီကို နှစ်သက်၍ ငွေအင်အားနှင့် ပုံအောကာ တောင်းမည့်စိတ်ကူး။ ယခုတော့ မိုးသီးက နှင်းရီကို ခိုးပြေးသွား၍ ဒေါသငယ်ထိပ်ကိုရောက်နေသည်။

ဤကိစ္စတွင် တာတေက အခရာ။ တာတေ့ကို နှတ်နှတ်စင်း ပစ်နေချင်သည်။ မောင်ကောက်က ဆီးဖြူတောရှာသားအချို့နှင့် ပေါင်းပြီး လူတွင်ကျယ်လာလုပ်နေသည်။ ဟန်မောင်က ဆီးဖြူတောရှာသား။ သူ့ကို မောင်ကောက်က တပည့်အဖြစ်မွေးထားသည်။

ကြံတောထဲသို့ ဝင်သွားခဲ့ကြသော ဟန်မောင်နှင့် အဖော်တစ်ယောက်မှာ ကြံတောထဲက ထွက်မရ။ ထွက်မနိုင်ဘဲရှိနေသည်။

"မောင်ခွေး . . . ငါတို့ ဘယ်လိုဖြစ်တာလဲကွ။ အပြင်ကို မရောက်သေးပါလားကွ"

"ဟုတ်တယ် ဟန်ဆောင်။ တကယ်ဆို ငါတို့ ဒါလောက်အထိ လျှောက်လာခဲ့တာ အပြင်ကို ရောက်ချိန်တန်ပြီ"

မောင်ခွေးလည်း ဘယ်လိုမှ နားမလည်နိုင်အောင်ဖြစ်နေသည်။ ဟိုနားကဖြတ်ထွက်၊ သည်နားကဖြတ်ထွက် ထွက်ပေါက်တွေ့နိုးနိုးနှင့်ရှိနေသည်။ ကြာတော့ အအေးဓာတ်ကို မခံစားကြရတော့ဘဲ ချွေးများပင် ပြန်လာခဲ့သည်။ မှန်းကြပ်လာခဲ့ပြီဖြစ်သည်။ ကြောက်စိတ်တွေလည်း ဝင်လာခဲ့ရလေသည်။

"ငါတို့ ဘယ်လိုလုပ်ကြမလဲကွ"

"ဘာတတ်နိုင်မှာလဲ။ သည်လိုပဲ လျှောက်သွားကြည့်ရမှာပဲ။ ထွက်ပေါက်ကတော့ တွေ့မှာပါ။ နေဦး . . . သည်ဘက်ကို မသွားရသေးဘူး။ လာ . . . သွားကြမယ်"

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် အားပေးကြရင်း တစ်ဖက်ကို ထွက်သွားခဲ့ကြပြန်သည်။ ထိုစဉ် . . .

"ဝှတ် . . . ဝှတ်"

"ဖြောင်း . . . ဖြောင်း"

အသံက သူတို့နှင့်မဝေး။ နီးနီးကပ်ကပ်လေးဟုပင် ထင်နေရသည်။ သိချင်စိတ်က ဝင်လာကြသည်။ မိမိတို့၏ကိစ္စကို မေ့သွားသည်။ အသံထွက်ပေါ်လာရာဆီကို နားစွင့်ပြီးတော့ တဖြည်းဖြည်းနှင့် တိုးဝင်သွားခဲ့ကြသည်။ ထိုစဉ် . . .

သူတို့၏ခြေလှမ်းများသည် နေရာမှာတင် ရပ်သွားခဲ့ကြသည်။ အကြောင်းမှာ ရှေ့မှာ မည်းမည်းသဏ္ဍာန်များကို တွေ့လိုက်ရသော ကြောင့်ပင်။

"ဘာတွေလဲကွ"

"မသိဘူးလေ"

လေသံဖြင့် လက်ကုပ်ပြီးပြောကြ၊ ဆိုကြသည်။ အမှောင်အားက များနေ၍ ဝိုးတဝါးမြင်ကွင်း။ သေသေချာချာကြည့်ကြသည်။ မမြင်ရ၍ ရှေ့ကိုတိုးသွားကြသည်။

"ဟာ"

နှစ်ယောက်စလုံး မျက်လုံးတွေ ပြူးထွက်သွားခဲ့ကြသည်။ သူတို့တွေ့လိုက်ကြရသည်ကား တောဆင်ရိုင်းတွေ။ ကြံများကိုချိုးကာ နတ်ကာ ဝါးနေကြသည်။

"ဟာ . . . ဆင် . . . ဆင်ရိုင်းတွေကွ"

"အေး . . . ဟုတ်တယ်"





တုန်လှုပ်ချောက်ချားသွားကြသည်။ သည်နေရာကို တောဆင်ရိုင်းတွေ ဝင်သည်ဟုလည်း မကြားဘူးခဲ့။ မကြုံဘူးခဲ့။ ယခုတော့ မယုံမရှိ လက်တွေ့သိမြင်ခဲ့ကြရလေပြီ။ တိုင်ပင်ထားကြသလို နောက်ကြောင်းကို လှည့်ပြေးရန် ကြံလိုက်ကြသည်နှင့် . . .

"အူး . . . ရှူး"

ဆင်ရိုင်းကြီးများသည် ကြံတောထဲ လူရောက်နေသည်ကို သိသွားခဲ့ကြလေပြီ။ သူတို့၏နှာမောင်းကြီးတွေကို ဦးကင်းထက်သို့ မြှောက်ကာ ဒေါသနှင့် ဟစ်ကြွေးလိုက်သည်။ ထို့နောက် ချက်ချင်းလိုလိုပင် တစ်ဟုန်ထိုးပြေးလိုက်လာကြလေတော့သည်။

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

"ဟာ . . . လိုက် . . . လိုက်လာကြပြီ။ ပြေး . . . မြန်မြန်ပြေး"

နောက်ကြောင်းကိုလှည့်မကြည့်နိုင်ကြ။ သေလုမျောပါးပင် အသက်ကိုလုပြီးတော့ ပြေးကြရသည်။ နောက်မှ တဝုန်းဝုန်း တဖြောင်းဖြောင်းနှင့် ဆူညံကာ လိုက်လာနေကြသော အသံများ။ ကြံပင်များသည် ထောင်းလမောင်းကြေကာ မြေပြင်မှာ ပြားပြားဝပ်ပြီးတော့ ကျန်ခဲ့ကြသည်။

ထိုစဉ် မောင်ကောက်၊ မောင်ဦးနှင့် ရွာသားအချို့တို့သည်လည်း ကြံတောထဲကို ရောက်လာခဲ့ကြလေပြီ။ သူတို့ဆီကို ပြေးလာခဲ့ကြသော လူနှစ်ယောက်နှင့် ပက်ပင်းတိုးမိသည်။

"ဟာ . . . ဟိုမှာ ပြေးလာနေကြတာ ဘယ်သူတွေလဲ"

စကားမဆုံးမီ မှောင်ရီရီထဲမှာ ဝင်တိုက်မိကြတော့မလို ဖြစ်သွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဖော့ . . . ဖော့ . . . ဘယ် . . . ဘယ်သူတွေလဲ"

"ဟင် . . . ဆ . . . ဆရာကောက် . . . ကျွန် . . . ကျွန်တော်တို့နောက်ကို ဆင်ရိုင်းတွေ လိုက် . . . လိုက်လာကြလို့"

"ဟင် . . . ဘာကွ။ ဆင်ရိုင်းတွေ . . . ဟုတ်လား။ သည်နေရာကို ဘယ်တုန်းက ဆင်ရိုင်းတွေ လာဖူးလို့လဲကွ . . . ဟော . . . မင်း . . . မင်းတို့က . . ."

ပြောချို့မှမဆုံးမီ . . .

"ဝုန်း . . . ဝုန်း . . . ဝုန်း"

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

ကြံတောထဲမှာ တဝုန်းဝုန်း တဖြောင်းဖြောင်းနှင့် အသံများက ထွက်ပေါ်လာခဲ့ကြလေသည်။ အသံတွေက ဆူညံလျက်ရှိသည်။ မောင်ကောက်သည် ခေါင်းတစ်ချက်ကြီးသွားသည်။ အားလုံး အသံထွက်ပေါ်လာရာဘက်ဆီကို တစ်ပြိုင်တည်းပင် ကြည့်မိလိုက်ကြသည်။ တွေ့လိုက်ရပါပြီ။ တရိပ်ရိပ်နှင့် ပြေးလာနေကြသော မည်းမည်းသဏ္ဍာန်များ။ ကောင်ရေမနည်းကြသော ဆင်ရိုင်းများ။

"ဟာ . . . ဟုတ်တယ်ဖော့။ ပြေး . . . ပြေးကြ"

အထိတ်တလန့်နှင့် အော်ဟစ်ကြပြီး ဦးတည်ရာကို စွတ်ရွတ်ပြီးတော့ ပြေးကြသည်။

"အောင်မယ်လေးဗျ . . . ကယ်ကြပါဦး"

ရှေ့က ပြေးလေလေ နောက်ကလိုက်လေလေ။ ဆင်တွေကလည်း သူတို့ကို မမီ။ သူတို့ကလည်း လွတ်အောင်မပြေးနိုင်ကြ။ အားလုံး အလဲလဲအပြိုပြိုနှင့်၊ ထိခိုက်ဒဏ်ရာတွေရကုန်ကြသည်။ မိုးလင်းသည်





အထိ ကြံတောထဲမှာ လှည့်ပတ်ကာ ပြေးလို့ကောင်းတုန်း။ ကြံတောထဲက ထွက်လာနိုင်ကြသောအခါ မိုးစင်စင်လင်းလျက်ရှိနေကြလေပြီ။ ကွင်းကိုဖြတ်ကာ ရွာဆီကို တန်း၍ပြေးကြသည်။ သို့သော် ဆင်ရိုင်းတွေ တစ်ကောင်မှ နောက်ကလိုက်မလာကြ။

❑ ❑ ❑

ဆီးဖြူတောရွာတွင် မောင်ကောက်နှင့် ရွာသားများ၏ သတင်းသည် ပျံ့နှံ့သွားခဲ့လေသည်။

"မောင်ကောက်တို့ကွာ သူယူမယ့်မိန်းကလေးကို သုတ်ပြေးသွားတဲ့ မိုးသီးတို့ရဲ့နောက်ကို လိုက်တာ ကြံတောထဲမှာ တောဆင်ရိုင်းတွေ ဝိုင်းပြီးအလိုက်ခံရလို့တဲ့"

"ဘာကွ . . . ဘယ်ကတောဆင်ရိုင်းလဲ။ သည်နေရာကို ဘယ်ဆင်ရိုင်းက လာဖူးလို့လဲ။ ရိုးမက ဟိုးအဝေးကြီး။ သူ့အစာနဲ့သူ တောထဲမှ ဝအောင်စားနိုင်တယ်။ သည်ဘက်ကို လာစရာမလိုဘူး"

"အေးဗျာ . . . သည်ဆင်ရိုင်းတွေက လယ်ကွင်းတွေကို ထိုးတည်းဖြတ်ပြီး ပြောင်ပြောင်တင်းတင်းနဲ့ လာကြမတဲ့လား။ ကြည့်လည်းလုပ်ကြပါဦး။ ကြံတောထဲမှာ ကွက်တွေက မြေတွင်းအသိုက်လုပ်ပြီး သောင်းကျန်းနေကြတယ်။ ကိုင်းတွေထဲဝင်ပြီး သီးနှံတွေကို စားသောက်ဖျက်ဆီးတတ်ကြတာပဲရှိတယ်။ သည်ကောင်တွေ အရက်ကို နေ့မှန်း ညမှန်းမသိသောက်။ တစ်ချိန်လုံး မူးရူးနေကြတာ။ ဆင်မှန်းမသိ၊ ကြွက်မှန်းမသိနဲ့။ ရွာရောက်တော့ လုပ်ဇာတ်ခင်းပြနေတယ်"

"အဲ့ဒါနဲ့ပဲ မောင်ကောက်ယူမယ့်ကောင်မလေးတဲ့ မိုးသီးရဲ့



www.burmeseclassic.com

နောက်ကို ပါသွားပါပေါ့လား . . . ဟား . . . ဟား . . . ဟား"

တစ်ရွာသား မောင်ကောက်မှာ အလှောင်အပြောင်ခံနေရသည်။ ခေါင်းပင် မဖော်နိုင်တော့။ သူသည် လူမျိုးခြား။ ဘာသာခြားတစ်ဦးဖြစ်သည်။ နှင်းရီကို ငွေနှင့်ပေါက်ပြီးတော့ ယူမည့်သူ။ ဆီးဖြူတော ရွာသားများက နှင်းရီနှင့် မောင်ကောက် လွဲသွား၍ ကြိတ်ပြီးတော့ ဝမ်းသာနေကြသည်။ မောင်ကောက်သည် အရှက်ကြီးရှက်ပြီး မိမိရွာကို ပြန်ပြေးရလေသည်။

(နောက်သုံးရက်အကြာတွင် တာတေသည် ရွာကို ပြန်ရောက်လာသည်။ မိုးသီးနှင့်နှင်းရီတို့လည်း ပြန်ပါမလာကြတော့ပေ။)

တာတေသည် သူ့အိမ်မှာပင် ခပ်တည်တည်နှင့်နေသည်။ သို့သော် တာတေ ရွာကိုပြန်ရောက်လာကြသည်ဟု သတင်းရရချင်း နှင်းရီ၏ မိဘများက ရောက်လာခဲ့ကြသည်။

"တာတေရှိလားဟေ့"

နှင်းရီ၏ဖခင် ဦးဘတူက လေသံခပ်တင်းတင်းနှင့် မေးလိုက်သည်။ အိမ်ပေါ်မှာ ဘယ်သူမှမရှိကြ။

"ဟေ့ . . . တာတေရှိသလားလို့ မေးနေတယ်"

"ဟုတ်ကဲ့ . . . ရှိပါတယ်"

အသံက ကျောဘက်မှကပ်ပြီးတော့ ထွက်ပေါ်လာသည်။ လင်မယားနှစ်ယောက်စလုံး ကျောထဲမှာ အေးစိမ့်ပြီးတော့ တက်သွားခဲ့ကြသည်။ နောက်ကိုလှည့်ကြည့်မိလိုက်ကြသည်။ တာတေသည် သူတို့ကို မပြုံးမရယ်နှင့် ကြည့်နေသည်။

"ဟေ့ကောင် . . . မင်း . . . မင်း . . ."





ဦးဘတူသည် တာတေ့ကို ဒေါသဖြင့်ပြောမည်ကြံစည်သည်။ သို့သော် တာတေ့မျက်လုံးအကြည့်ကို မခံနိုင်။ မာကျောနေသော ဒေါသသည် အရည်ပျော်သွားသည်။ သိမ်ငယ်သွားသလိုလည်းခံစားလိုက်ရသည်။

"အင်း . . . မင်း . . . ငါ့သမီးကို ဘယ်မှာထားထားခဲ့သလဲ"

လေသံကပျော့ပျောင်းသွားသည်။ မမေးဝံ့ မေးဝံ့အမူအရာမျိုး။

"ဦးရဲ့သမီး . . . ဟုတ်လား။ နှင်းရီကိုပြောတာလား"

"အေးလေ . . . ငါတို့သမီး နှင်းရီကိုပြောတာလေ။ မင်းပဲ မိုးသီးနဲ့ နှင်းရီကို အတူခေါ်သွားခဲ့တယ်လေ"

"ဘယ်သူကပြောသလဲ။ မဟုတ်တာဗျာ"

"သည်လိုလည်းမပြောလိုက်ပါနဲ့ တာတေရယ်။ ငါ့သမီးကို မင်း မိုးသီးနဲ့အတူ ခေါ်သွားတာ မြင်တဲ့သူတွေက မြင်လိုက်ကြတယ်။ အဒေါ် ကိုက သမီးကို မောင်ကောက်နဲ့ ပေးစားဖို့ စီစဉ်ပြီးသားကွယ့်။ မကြာခင် မှာ လူကြီးစုံရာနဲ့ လာပြီးတော့ ကြောင်းလမ်းကြတော့မှာ။ ငါတို့ မျက်နှာ ပျက်အောင် မလုပ်ပါနဲ့ကွယ်"

နှင်းရီ၏မိခင် ဒေါ်ငွေခင်ကပါ မျက်ရည်လေးစမ်းစမ်းနှင့် ပြော ခဲ့သည်။ နေရာတကာ စွာတတ်သော ဒေါ်ငွေခင်က ယခုတော့ တာတေ့ကို မစွာနိုင်။ တောင်းပန်တိုးလျှိုးနေရသည်။

"နှင်းရီကို ကျွန်တော်က မိုးသီးအတွက် ခိုးသွားပေးတယ်လို့ ပြောကြတဲ့သူတွေက တမင်လုပ်ဇာတ်ခင်းကြတာပါ။ မဟုတ်ပါဘူး။ အသေအချာပြောရဲပါတယ်။ အဒေါ်တို့ တခြားမှာ သွားပြီးတော့ စုံစမ်းကြပါဦး"

တာတေက ခပ်ပြုံးပြုံးပင်ပြောသည်။ ဒေါ်ငွေခင်သည် တာတေ့ကို စကားတစ်ခွန်းထပ်ပြောဦးမည်ပြုသေးသည်။ သို့သော် တာတေ့မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်က အပြုံးကို အလိုလိုနေရင်းနှင့် ကြောက်လာမိသည်။ ပြောမဖြ
တော့။

"ဩော် . . . အေး . . . အေး . . . ဒါဆိုရင်လည်း တခြားမှာ
သွားပြီးတော့ စုံစမ်းကြည့်ပါဦးမယ်"

သူတို့သည် တာတေ့ကို ဆက်ပြီးတော့ မမေးရဲကြသလိုပင်
ထို့ကြောင့် အေးဆေးစွာပင် ထွက်သွားခဲ့ကြလေသည်။ နောက်ပိုင်းတွ
သတင်းများဖြစ်ပေါ်နေသည်ကား . . . ။

"ဒေါ်ငွေခင်လို ခပ်စွာစွာအမျိုးသမီးတောင် တာတေ့ကို ခ
မာမာမပြောရဲဘူးဆိုတော့ အံ့အားသင့်စရာပဲ။ သည်ကောင်က ဘာ
ကြောင့် သည်လိုဖြစ်နေရတာလဲ။ သည်လိုအဟန့်မျိုးရှိနေရတာ ဘာ
ကြောင့်လဲ"

"တာတေက လူဝလံလေးပါကွာ။ လုပ်လိုက်ရင် တစ်ချက်တ
တောင် မရှိဘူး။ ငါနဲ့တွေ့လိုက်စမ်းချင်တယ်"

ရွာသားတစ်ဦးက လက်ထဲမှာ ရှားနစ်တုတ်ကြီးကို ကိုင်ထာ
ကာ တာတေ့ကွယ်ရာတွင် အစွမ်းပြနေသည်။

"ဟေ့ကောင် ငါ မင်းရဲ့ရှေ့မှာရောက်နေပြီလေ။ တွေ့ချင်တယ်ဆို"

"ဟင်"

မြအောင်အမည်ရှိရွာသားသည် မမျှော်လင့်ဘဲ အနားကို ရောက်
လာသော တာတေ့ကိုကြည့်ပြီး ကြောင်အမ်းအမ်းဖြစ်သွားခဲ့ရသည်။

"ဟင် . . . မင်း . . . မင်း . . . တာတေ"

"မင်းက ငါ့ကို သည်တုတ်ကြီးနဲ့ရိုက်မလို့ ဟုတ်လား။ မင်းနဲ့ငါ
ဟာ ဘာရန်ငြိုးမှမရှိကြပါဘူး မြအောင်ရာ။ ဘာဖြစ်လို့ မင်းက ငါ့အပေါ်





မှာ ပဋိပက္ခရိယာစိတ်တွေများနေရတာလဲ"

"အဲ . . . ငါ . . . ငါ . . ."

"ဒါနဲ့ မင်းရဲ့တုတ်က တော်တော်မာသလား"

"အေး . . . မာတယ်"

"သည်လိုဆို မင်းရဲ့ခေါင်းလည်း မာမှာပေါ့ကွ။ ပြစမ်းပါဦးကွာ"

"အေး"

"ခွပ်"

"အား"

မြအောင်သည် သူ့ခေါင်းကို သူ ပြန်ရိုက်ထည့်လိုက်သည်။
သည့်နောက် ပျော့ခွေပြီးတော့ လဲကျသွားခဲ့လေသည်။ အနီးအနားရှိ လူ
အချို့က အံ့အားသင့်ပြီးတော့ ကြည့်နေမိကြသည်။ တာတေသည် ခပ်ပြုံး
ပြုံးပင် အနားမှ လှည့်ထွက်သွားခဲ့လေသည်။

❑ ❑ ❑

တာတေသည် မိဘလက်ငုတ်ဖြစ်သော လယ်ယာအလုပ်ကို
အစ်ကိုဖြစ်သူ သောင်းတင်နှင့်အတူ ဝိုင်းကူပြီးတော့လုပ်သည်။ တာတေ
လယ်ထဲဝင်ပြီဆိုလျှင် သောင်းတင် သက်သာသည်။ အကြောင်းမှာ အလုပ်
ကို လျင်မြန်စွာပြီးစီးစေသောကြောင့်ပင်ဖြစ်သည်။ ညီအစ်ကိုနှစ်ယောက်
နွားတစ်ရှဉ်းစီနှင့် တစ်နေရာစီ လယ်ထွန်နေ တာတေက အရင်ပြီးသည်။

တာတေ အလုပ်လုပ်နေသည်ကိုလည်း မြင်နေရသည်။ လုပ်
နေတော့လည်း ပုံမှန်ပင်။ သို့စဉ်လျက် တာတေက မည်သို့မည်ပုံကြောင့်
စောစီးစွာ အရင်ပြီးစီးသွားသည်ကို မသိလိုက်။ သောင်းတင်ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



တာတေက ဝိုင်းကူလိုက်သေးသည်။

သောင်းတင်၏ ဖနီး ခွေးလှကလည်း တာတေ့ကို ခင်သည်။ စာနာတတ်သည်။

"ကိုတာတေ လယ်ထဲ ဝင်မလုပ်ပါနဲ့။ ပင်ပန်းပါတယ်"

"ငါ ဝင်လုပ်တော့ မြန်မြန်ပြီးတာပေါ့ဟ။ အစ်ကိုလည်း သက်သာတာပေါ့"

ဟု ခပ်ပြုံးပြုံးပင် ပြန်ပြောတတ်သည်။ တာတေ အိမ်မြဲပြီဆိုလျှင် တစ်လကိုးသီတင်း။ ဝိုင်းစိန်က . . .

"တာတေ နင် အိမ်မှာ အခုလိုမြဲနေတော့ စိတ်အေးရတာပေါ့ဟာ။ နင် အိမ်ကပျောက်နေရင် ငါတို့မှာ စိတ်ပူလို့မဆုံးဖြစ်နေရတာ"

"အစ်ကမလည်းဗျာ ကျွန်တော်က တစ်ချိန်လုံးလည်း အိမ်မှာ မနေနိုင်ဘူးဗျ။ ရှိုးမွမ်းမယ် မစဉ်းစားနဲ့"

"အင်းပါ . . . အင်းပါ . . . ငါ့မောင်ရဲ့ စိတ်ဆန္ဒကို မတားဆီးပါဘူး။ ဒါပေမယ့် ဘယ်သူနဲ့မှ ဘာပြဿနာမှ မဖြစ်စေနဲ့နော်။ ငါ့မောင်ကို သူများတွေ ပြောဆိုနေကြတာကို မခံနိုင်ဘူး"

"အစ်မရာ ကျွန်တော့်ကြောင့် လိုက်ရှင်းရတာမျိုး ရှိဖူးလို့လား"

"ရှိတော့မရှိဘူးပေါ့။ ဒါပေမယ့် နင်းရီကို မိုးသီးခိုးပြေးသွားတဲ့ ကိစ္စမှာ နင့်ပယောဂမကင်းဘူးလို့ ပြောနေကြတယ်။ ဟို မြဒမောင်က သူ့ခေါင်းကို သူ ပြန်ရိုက်တာလည်း နင်က တိုက်တွန်းလို့တဲ့။ ကာယကံရှင်တွေက မကျေမနပ်ဖြစ်နေကြတယ်"

"ဟာ . . . အစ်မကလည်း တစ်ခုမှမဟုတ်ဘူး"

"အေးလေ . . . ကိုယ့်ပယောဂမပါလည်း ပြီးတာပါပဲ။ အဲ . . .





နေဦး ကျန်သေးတယ်။ ဟို . . . မောင်ကောက်ကလည်း နင့်ကို စားကြိမ်းကြိမ်းနေတယ်တဲ့။ သည်ကောင်က နင်းရီကိစ္စနဲ့ပတ်သက် နင့်ကို မကျေမနပ်ဖြစ်နေတာ သတိထား။ အခြောက်တိုက်ရန်များနေလို့"

"ဟုတ်ကဲ့ပါ . . . ကျွန်တော် သတိထားပါ့မယ်"

ဝိုင်းစိန်က အစိုးရိမ်ကြီးနေသလောက် တာတေကတော့ ခပ်အေးအေးပင်။

❑ ❑ ❑

အချိန်ကား ညနေစောင်းကာလ။ အာလောကတောကြီး၏ အတွင်းပိုင်း၊ နက်ရှိုင်းသောနေရာတွင် တာတေတစ်ယောက် ရောက်ရှိနေသည်။ သူသည် ဂူငယ်လေးတစ်ခုထဲတွင် ထိုင်ကာ အလုပ်လုပ်နေခဲ့သည်မှာ တစ်နေ့လုံးလိုလိုပင် ဖြစ်သည်။ ထိုင်နေရာမှ မထသေး။ ထိုစဉ်တာတေ၏ကိုယ်သည် ဆတ်ခနဲဆို ဖြစ်သွားသည်။ မျက်ခွံတွေလည်း ပွင့်လာခဲ့လေသည်။ တစ်ခဏမျှငြိမ်သက်နေသေးသည်။

"သည်လူ ငါ့ကို လိုက်ရှာနေတာပါလား"

သက်ပြင်းတစ်ချက် မသိမသာချလိုက်သည်။ ထို့နောက် နေရာမှ ထလိုက်လေသည်။ ဤနေရာမှာ သူ တစ်ဦးတည်းသာ ရှိနေသည်။ သူတော်စင်ကြီး သိဒ္ဓိဗလသည် ခရီးတစ်ခုသို့ ထွက်သွားခဲ့ပြီဖြစ်၏။ လ၊ နှစ်များစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် တာတေ့ကို ကရုဏာထားကာ လူမစွမ်း နတ်မဆိုသည့်စကားအတိုင်း ပညာအမွေပေးခဲ့ပြီးဖြစ်၏။ သိဒ္ဓိဗလ ပြန်လာ, မလာ မသေချာပေ။

ယခု တာတေရောက်ရှိနေသောနေရာတွင် သိဒ္ဓိဒေါက်ပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများ ထားရှိခဲ့သော သိဒ္ဓိပြီး သိဒ္ဓိဝင်ပစ္စည်းများရှိကြသည်။ တာတေလည်း မည်သည့်နေရာမှာရှိသလဲဆိုသည်ကို မသိ။ လိုက်၍လည်းမရှာ။ မသမာသူများက ယင်းပစ္စည်းများကို ရှာဖွေရန် ရောက်လာခဲ့ကြလျှင်တော့ တာတေက သူနည်းသူဟန်ဖြင့် တားဆီးရမှာပဲဖြစ်သည်။ သို့သော် ဤအတွင်းပိုင်းနေရာကို မည်သူမှ ရောက်မလာနိုင်ကြ။ ကြံစည်မှုနှင့် ရောက်လာခဲ့ကြသည့်တိုင် တလွဲတစ်နေရာကို အလိုလိုနေရင်း ရောက်သွားခဲ့ကြသည်ချည်းပင်။

တာတေ အာလောကတောကြီးထဲသို့ ဝင်ရောက်ခဲ့လေတိုင်း တစေ့တစောင်းချောင်းချောင်းပြီးတော့ လိုက်နေကြသူများလည်း ရှိကြသည်။ သို့တစေ တာတေ ဘယ်သွားသည်ကို မသိရဘဲ ငန်းမြွေကြီးများ၊ တောရိုင်းသတ္တဝါကြီးများသာ အလိုက်ခံကြရပြီး အသက်လုပြီးတော့ ပြေးကြရသည်က များသည်။

ယခုလည်း အခြားအကြောင်းတစ်ခုခုကြောင့် တာတေ့စိတ်ထဲမှာ ထူးခြားမှုတစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။ ထို့ကြောင့် နေရာမှ ချက်ချင်းပင်ထွက်လာခဲ့သည်။ မိမိနေရာမှ တခြားတစ်နေရာကို ရောက်လာသောအခါ စိတ်ထဲမှာ မသိုးမသန့်နှင့် ပို၍ပြီးတော့ ခံစားလာခဲ့ရသည်။

ထို့ကြောင့် သတိနှင့်လျှောက်လာခဲ့လေသည်။ ယင်းအချိန်မှာပင်လျှင် တာတေ လာနေသည်ကို တစ်နေရာမှ စောင့်ကြည့်နေသူတစ်ဦး၊ အခြားသူမဟုတ် မောင်ကောက်ပင်တည်း။ သူသည် သစ်ပင်ကြီးတစ်ပင်၏အကွယ်၌ ရှိနေပြီး လက်ထဲမှာလည်း ငှက်ကြီးတောင် ဓားကြီးကို ကိုင်ဆောင်ထားလေသည်။

"သည်ကောင် မနက်ကတည်းက ဝင်သွားခဲ့တာ။ သည်လမ်းကပဲ ပြန်လာမှာပဲ"

မောင်ကောက်သည် တာတေ ပြန်မလာမချင်း ဖွဲကောင်းကောင်းနှင့် စောင့်နေခြင်းပင်ဖြစ်သည်။

❑ ❑ ❑

တာတေသည် သတိလည်းထားရင်း လမ်းကြောင်းကိုလည်း မပြောင်း၊ အလာလည်းသည်လမ်း၊ အပြန်လည်းသည်လမ်းပဲဆိုသလို လျှောက်လာရင်း မျက်နှာပြင်ထက်မှာ မထီမဲ့မြင် အပြုံးလေးက ယောင်ယောင်လေး ဖြစ်ပေါ်လာသည်။ အဓိပ္ပာယ်ရှိသော အပြုံးပင်ဖြစ်သည်။

မောင်ကောက်သည် တောနက်ထဲမှ ထွက်လာသော တာတေ့ကို ဘွားခနဲဆို မြင်တွေ့လိုက်ရသည်။

"လာပြီ . . . လာပြီ . . . သည်ကောင်လာပြီ"

လက်ထဲမှ ဓားကိုလည်း ကျစ်ကျစ်ပါအောင်ပင် ဆုပ်ကိုင်ထားမိလိုက်သည်။ တာတေနှင့် သူသည် ဆယ်ကိုက်ပင် မဝေးတော့။ ထို့ကြောင့် မောင်ကောက်သည် သစ်ပင်အကွယ်မှ ခုန်ထွက်လိုက်သည်။

"ဟင်"

"ဘယ်လိုလဲ တာတေ။ မင်းကို ငါ တစ်နေ့လုံး စောင့်နေတာ နောက်ကျလိုက်တာကွာ"

မောင်ကောက်သည် ငှက်ကြီးတောင်ဓားကြီးကို လေထဲမှာ တစ်ချက်ဝင့်လိုက်သေးသည်။ မျက်နှာကြီးက သုန်မှုန်ကာ ခက်ထန်နေ၏။

"မင်းက ငါ့ထက်ငယ်တယ် မောင်ကောက်။ အပြောအဆို ရိုင်းစိုင်းလှချည်လား"







www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . ဟား . . . ဟား . . . ဟား . . . သည်လိုနေရာမျိုးမှာ မင်းက အရှိအသေခံချင်သေးသလား။ မင်းလိုလူရာမဝင်တဲ့၊ ဘာမဟုတ်တဲ့ ဒုက္ခိတတစ်ယောက်က ငါ့ဘဝကို ပြောင်းလဲသွားအောင် လုပ်ပစ်ခဲ့တာ။ ငါ့တစ်သက် မမေ့ဘူးကွ။ အခု မင်းနဲ့စာရင်းရှင်းမလို့ လာခဲ့တာ။ မင်းရဲ့အသက်ကို ငါ ယူရမယ်ကွ"

"ဗျာ . . . ကျွန်တော်ရဲ့အသက်ကို ယူမလို့ ဟုတ်လား။ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲဗျာ။ ကျွန်တော် နင်းရီကို မခိုးခဲ့ပါဘူး အစ်ကိုရာ။ ကျွန်တော့်ကို အစ်ကို အထင်မှားနေတာပါ"

တာတေက လက်မောင်းနှစ်ဖက်ကို ပူးကာ ရှိခိုးမတတ်တောင်းပန်သည်။

"အံမာ . . . မင်းက အကြောက်လွန်ပြီးတော့ ငါ့ကို အစ်ကိုလေး ဘာလေးနဲ့ လာလုပ်မနေစမ်းပါနဲ့ကွာ။ အရှက်မရှိတဲ့မျက်နှာ။ မင်းသာ မိုးသီးကို အကူအညီမပေးခဲ့ရင် ခုအချိန်မှာ ငါနဲ့နင်းရီ ရွှေလက်တွဲပြီး ပျော်ပျော်ကြီးနေနေပြီကွ။ တောက် . . . မင်းမျက်နှာကို ငါ တစ်စက်လေးမှ မကြည့်ချင်တော့ဘူး . . . တယ်"

မောင်ကောက်က စိတ်မထိန်းနိုင်တော့ဘဲ ဓားနှင့် ပိုင်းချလိုက်သည်။

"ဝှစ်"

"အား"

တာတေသည် အလန့်တကြားနှင့် အော်မိလိုက်သည်။ ထို့နောက် မြေပြင်ပေါ်ကို မှာက်ချမိလိုက်သည်။ ဓားက သူ့ခေါင်းပေါ်မှ ကျော်သွားသည်။ လွဲသွားသည်။ ထို့နောက် ဆတ်ခနဲဆို မှောက်လျက်





က ထကာ ဒူးထောက်လိုက်သည်။ တံတောင်နှစ်ဖက်ကိုလည်း ရှိခိုးတောင်းပန်သလို ပူးယှက်ကာ . . .

"တောင်း . . . တောင်းပန်ပါတယ်ကွာ။ ငါ့ကို မသတ်ပါနဲ့။ စိတ်လျှော့ကွာ မောင်ကောက်။ စိတ်လျှော့လိုက်စမ်းပါ"

"ဘာကွ . . . မင်းကို မသတ်ပါနဲ့ . . . ဟုတ်လား။ ငါက မင်းကို သည်နေရာမှာ စောင့်နေတာက မင်းကို သတ်ဖို့ကွ။ စိတ်ကတော့ မလျှော့နိုင်ဘူး။ ငါ့စိတ်ကို ငါ ပိုင်းဖြတ်ပြီးပြီ။ သည်ကနေ့ဟာ မင်းရဲ့နောက်ဆုံးနေ့ပဲ"

"ကဲ . . . မောင်ကောက် မင်းက ငါ့အသနားခံနေတာတောင် စိတ်မလျှော့နိုင်ဘူးဆိုတော့ ငါ့ထိုက်နဲ့ငါ့ကံပဲပေါ့ကွာ။ မင်းက သတ်ချင်တယ်ဆိုရင်လည်း သတ်ပေါ့။ ငါ သေရမှာ မကြောက်ပါဘူး ဟဲ . . .ဟဲ"

တာတေက ရယ်ဖြဲဖြဲလုပ်ပြီးတော့ ပြောလိုက်သည်။

"မင်းက သေရခါနီးတောင် ငါ့ကို ပမာမခန့်နဲ့။ မင်း ရူးသွားပြီလား တာတေ။ သေဘေးကြောင့် မင်း အကြောက်ကြီးကြောက်ပြီးတော့ စိတ်ဖောက်သွားတာလား။ အဲ့သလိုကြောက်ပြနေလို့လည်း ငါက မင်းကို မသတ်ဘူးလို့ မထင်နဲ့။ ငါ့စိတ်ကို ပိုင်းဖြတ်ပြီးသား"

မောင်ကောက်၏ဓားကိုင်ထားသော လက်သည် တဆတ်ဆတ်နှင့် တုန်ယင်လာခဲ့သည်။

"ဟား . . . ဟား . . . ဟား . . . ဟား . . . ပေ့ကောင် မောင်ကောက် ငါက မကြောက်ဘူး။ မင်းက ကြောက်နေတာ။ မင်းက ငါ့ကို အလိုလိုနေရင်းနဲ့ ကြောက်နေတာ။ ငါက သေရမှာကို မကြောက်ဘူး။ တုတ်ပြီး ဓားပြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တုတ်ပြီး စားပြီးတယ် . . . ဟုတ်လား"

"အေး . . . ဟုတ်တယ်လေ။ ဒါကြောင့်မို့ မင်းကို ငါက မကြောက်ဘူးလို့ ပြောတာပေါ့ကွ။ သဘောပေါက်လား"

မောင်ကောက်သည် တာတေ့မျက်လုံးတွေကို ကြည့်ရင်း ရှောင်လွှဲရန် ခက်ခဲလာခဲ့သည်။ လက်ထဲရှိဓားကိုလည်း အပြန်ပြန် အလှန်လှန်ပင် ကြည့်နေမိသည်။

"ငါလည်း တုတ်ပြီး စားပြီးဆေး ထိုးထားတယ်ကွ။ မင်း . . . ယုံလား"

"မယုံဘူးကွာ။ ငါ ပြီးတယ်ဆိုလို့ မင်းက လိုက်ပြီးတော့ပြီးပြနေတာ"

"ဟော့ကောင် . . . တကယ်ပြီးတာ။ မင်း ငါ့ကို ယုံသွားအောင် ဘာသက်သေပြရမလား"

"ပြစရာမလိုပါဘူးကွာ။ ဒါပေမယ့် ငါ မယုံဘူး"

"မင်းက မယုံလို့ ငါက ပြမယ်ပြောတာ . . . တာတေ"

မောင်ကောက်သည် စိတ်ဖောက်သွားသည့်လူတစ်ယောက်လို သူပြောချင်တာလိုပင် ဖွတ်ပြောနေသည်။ မျက်လုံးတွေကလည်း ကြောင်စီစီဖြစ်လာသည်။

"မယုံဘူးကွာ . . . ငါ ပြီးလို့ မင်းက လိုက်ပြီးပြီးပြနေတာ"

"မင်း ငါ့ကို အထင်သေးတယ်။ ငါ ဘယ်လောက်ပြီးတယ်ဆိုတာကို ပြမယ်။ မင်း သိရမယ် . . . သိရမယ်"

မောင်ကောက်သည် တာတေ့ကို မမြင်တော့သလို ဓားကြီး ကျော်သွားဝင့်ဝင့်နှင့်ထွက်သွားသည်။ တစ်ခဏအကြာတွင် သူ့ကို မမြင်ရတော့ပါ။





( ၁၂ )

## နတ်ဝှက်တဲ့များအုံ

တာတေသည် သူကြီးဦးစံပ၏အိမ်ကို ရောက်နေသည်။ ရွာသူ ရွာသားတွေကလည်း သူကြီး၏ အိမ်ဝိုင်းထဲမှာ ရှိနေကြသည်။ အခြေ အနေကို စိတ်ဝင်စားကြ၍ လာရောက်နားထောင်နေကြခြင်းပင်။

သူကြီးစံပကား ခြံဝင်းထဲရှိ စားပွဲနားမှာ ရပ်နေရာက ကုလား ထိုင်တွင် ဆောင့်ကြီးအောင့်ကြီးပင် ထိုင်ချလိုက်သည်။ သူ ထိုင်လိုက် တော့မှ ရပ်ရွာလူကြီးလူကြီးသုံးယောက်ကလည်း လိုက်ပြီး ထိုင်လိုက်ကြ သည်။

"ပြောစမ်း တာတေ။ မောင်ကောက်ကို မင်းသတ်လိုက်တာ လား။ မောင်ကောက်သေတာ မင်းရဲ့လက်ချက်လား"

ဦးစံပ၏မျက်နှာမှာ နီရဲလျက်ရှိနေသည်။ ဒေါသထွက်နေ သည်။ အနားမှာရှိနေကြသည့်သူများကြောင့် ပိုပြီးတော့ မာန်တက်နေပုံ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သူ ပါးစပ်လှုပ်လိုက်တိုင်းမှာ အဖျားချွန်ကော့နေသော နှုတ်ခမ်းမွေးကြီးနှစ်ဖက်က ထောင်ပြီးတော့ တက်တက်လာသည်။

"ကျွန်တော် သူကြီးမင်းကို ဖြေကြားပြီးပါပြီခင်ဗျာ။ မောင်ကောက်သေတာ ကျွန်တော်နဲ့ မဆိုင်ပါဘူးဆိုတာ။ ပြီးတော့ ကျွန်တော့်လို ဒုက္ခိတတစ်ယောက်က မောင်ကောက်ကို ဘယ်လိုလုပ်ကြံနိုင်စွမ်းရှိမှာလဲခင်ဗျာ"

တာတေသည် ဆောင့်ကြောင့်ဆိုင်ကာ လက်မောင်းနှစ်ဖက်ကို ဒူးပေါ်မှာတင်ထားသည်။ မျက်နှာသေလေးဖြင့် သူကြီးဦးစံပ မေးသည်ကို အထက်ပါအတိုင်း ရိုသေလေးစားစွာဖြင့် ပြန်ပြီးတော့ ဖြေလိုက်လေသည်။

"အဲ့သည်နေ့က အာလောကတောထဲက ထွက်လာခဲ့တဲ့သူဟာ မင်းတစ်ယောက်တည်းပဲရှိတယ်။ တွေ့တဲ့သူတွေက တွေ့ကြတယ်။ မောင်ကောက်လည်း ဓားဒဏ်ရာနဲ့ သေနေတာ။ အဲ့သည်နေ့ကပဲ . . ."

"မောင်ကောက်သေတာ ကျွန်တော်နဲ့ ဘာဆိုင်သလဲဗျာ။ ဒါနဲ့များ ကျွန်တော်က တရားခံဖြစ်ရရောလား။ ကျွန်တော့်အခြေအနေကိုလည်း သူကြီးမင်း ရှုစားတော်မူပါဦး။ လက်နှစ်ဖက်လုံး မရှိတဲ့ ဒုက္ခိတတစ်ယောက်ပါ။ အားကောင်းမောင်းသန်ယောက်ျားကြီးတစ်ယောက်ကို ဘယ်လိုလုပ်ပြီး အသက်ရန်ရှာလို့ရမှာတဲ့လဲ။ သူကြီးတို့မြင်ခဲ့တာ ငှက်ကြီးတောင်ဓားကြီးနဲ့ဆို။ အဲ့သည်ဓားကြီးကို ကျွန်တော်က ကိုင်နိုင်စွမ်းရှိနိုင်လို့လား။ သူကြီး စဉ်းစဉ်းစားစားနဲ့ပြောပါ"

"ဟော့ကောင်"

သူကြီးဦးစံပသည် ကုလားထိုင်မှ ဝုန်းခနဲဆိုထရပ်လိုက်သည်။

"ဟော့ကောင် . . . မင်း . . . မင်း"





တာတေ့ကို ဒေါသတကြီးဖြင့် လက်ညှိုးငေါက်ငေါက်ထိုးကာ တစ်စုံတစ်ရာသောစကားကို ပြောမည်ကြံသည်။ သို့သော် တာတေ့မျက်နှာကို ကြည့်ပြီး ပြောမထွက်တော့။ ပြောရမည့်စကားများသည်လည်း ဘယ်ပျောက်သွားကြမှန်းမသိ။ ချွေးသီးချွေးပေါက်များပင် ကျလာခဲ့ကြသည်။

"ကိုစံပ . . . ထိုင်ပါဗျာ။ ခင်ဗျား သိပ်ပြီးတော့ ဒေါသကြီးနေတယ်။ ကျုပ်အနေနဲ့ ပြောရရင် မောင်ကောက်ဟာ တစ်ရွာသားတစ်ယောက်၊ ရွာကျော်ပြီးတော့ အာလောကတောထဲကို ဘယ်လိုအကြောင်းကြောင့် ရောက်လာရတာလဲ။ ပြီးတော့ လက်ထဲမှာလည်း ငှက်ကြီးတောင်ဓားကြီးနဲ့။ ဒါ . . . တစ်ယောက်ယောက်ကို ရန်ရှာဖို့လာတယ်ဆိုတာ ကျိန်းသေတယ်။ တာတေ အာလောကတောထဲက ထွက်လာခဲ့တာ မောင်ကောက်ကို သတ်တဲ့ တရားခံဟာ သူဖြစ်ရမလား။

ပြီးတော့ တာတေ့အနေနဲ့ကကော သည်ဓားကြီးကို ဘယ်လိုကိုင်နိုင်မလဲ။ ခင်ဗျားတွေးတာ ချော်နေတယ်"

ရွာမှ ဩဇာတိက္ကမရှိသော ဦးညာကာဆိုသူက အခြေအနေကို သုံးသပ်ကာ ပြောပေးသည်။

"ဦးညာကာပြောတာ ဟုတ်တယ်ဗျ။ တာတေဟာ သည်အမှုမျိုးကို ကျူးလွန်ဖို့ ဘယ်လိုမှ စွမ်းဆောင်နိုင်မှာ မဟုတ်ဘူး။ မောင်ကောက်အပေါ်မှာ ကျူးလွန်တဲ့သူဟာ တာတေမဟုတ်ဘဲ သည့်ပြင်လူတစ်ယောက်ယောက် မဖြစ်နိုင်ဘူးလား"

တစ်ယောက်ကလည်း ဝင်ပြီးတော့ ဆွေးနွေးသည်။

"တာတေဟာ ဒုက္ခိတတစ်ယောက်မို့ ခင်ဗျား နှိမ်ချင်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ သည်လိုတစ်ဖက်သတ်ပြီး စွပ်စွဲလို့ကတော့ တရားမမျှတာဘူး။ သည်လိုဘက်လိုက်တာမျိုးကတော့ မဖြစ်သင့်ဘူး။ ခင်ဗျားက သိပ်ပြီးတော့ သိသာလွန်းတယ် ကိုစံပ"

တစ်ယောက်ပြီးတစ်ယောက်က သူကြီးဦးစံပကိုသာလျှင် အပြစ်တင်နေကြသည်။ ဦးစံပမှာ ဘာမှပြန်မပြောနိုင်။ မျက်နှာကြီး နီမြန်းကာ ကြောင်တောင်ကြီးဖြစ်နေသည်။

"ပြီးတော့ ပုလိပ်ကိုယ်တိုင်က တာတေ့ကို စစ်မေးပြီးပြီး သက်သေ မပြနိုင်၊ မခိုင်လုံလို့ ပြန်လွှတ်လိုက်ပြီးကာမှ ခင်ဗျားက မကျေနပ်လို့ ထပ်စစ်တယ်ဆိုတော့ ဘယ်လိုသဘောလဲဗျ"

"ပြော . . . ပြောပေးကြပါဦးဗျာ။ သူကြီးက ကျွန်တော့်ကို ဘယ်လိုအငြိုးနဲ့များ ဒါလောက်တောင် သဲကြီးမဲကြီး စွပ်စွဲနေရသလဲဆိုတာကို မသိနိုင်တော့ပါဘူးဗျာ"

တာတေသည် တုန်ယင်သောလေသံဖြင့် အားလုံး၏မျက်နှာကို လိုက်ကြည့်နေကာ တောင်းပန်နေသည်။ နောက်ဆုံးမှာတော့ တာတေ့ကို လွှတ်ပေးလိုက်ရလေသည်။

မောင်ကောက်သည် အာလောကတောထဲတွင် ရင်ဝမှာ ငှက်ကြီးတောင်မားစိုက်ကာ သေးတစောင်းအနေအထားဖြင့် လဲကျပြီး သေဆုံးလျက်ရှိသည်။ မားရိုးကို သူ့လက်များဖြင့် တင်းကြပ်စွာပင် ဆုပ်ကိုင်ထားသည်။ အနေအထားက သူ့ကိုယ်သူ သတ်သေသလိုမျိုး။ သို့သော် လုပ်ကြံခံရပုံမျိုးလည်း ဖြစ်နိုင်သည်။ သက်ဆိုင်ရာက လုပ်ကြံခံရသည်ဟုလက်ခံထားသည်။ တရားခံကိုကား ယခုထက်ထိ မမိနိုင်သေး။

"မောင်ကောက်သေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ငါ့မောင်ကိုများ





ထင်ချင်ကြသေးတယ်။ ရေနစ်ခဲ့သူ ဝါးကူလို့ထိုး။ တော်တော့်ကို မှတ်ကြတဲ့လူတွေ"

ဝိုင်းစိန်က သူကြီးဦးစံပကို မကျေမနပ်ဖြစ်နေမိသည်။

"အစ်မရာ . . . ကိုယ့်ကိုယ်ကိုယ် သံသယရှင်းရင်ပြီးတာပဲ။ မြွေမှန်ရင် တွင်းဝင်ဖြောင့်ပါတယ်။ သူတို့က ဘယ်လိုပဲထင်နေကြပေ့စေ ခေါင်းထဲကို လုံးဝမထည့်ဘူး။ ကျွန်တော့်ကံတရားပဲ သည်အတိုင်းပဲ လက်ခံထားတယ်"

တာတေက စိတ်မသက်သာသောအမူအရာဖြင့် ပြန်ပြောလိုက်သည်။ ဝိုင်းစိန်သည် တာတေ့ကို ကြည့်ပြီး သနားနေမိလေသည်။ တာတေကား . . .

❑ ❑ ❑

လူတစ်ယောက်သည် ဒူးလေးကိုထမ်းကာ တောလမ်းအတိုင်း လျှောက်သွားလျက်ရှိသည်။ ကျောထက်မှာလည်း မြားရှူးများအပြည့်ထည့်ထားသော ကျည်တောက်တစ်ခု။ သူသည် ရှေ့မှာ သားကောင်တစ်ကောင်ကို မြင်တွေ့သွားဟန်တူသည်။ ဆတ်ခနဲဆို သစ်ပင်အကွယ်ဆီကို ရောက်သွားခဲ့သည်။ ဒရယ်တစ်ကောင်သည် စမ်းချောင်းမှာ ရေသောက်လျက်ရှိနေသည်။ ဝမ်းသာသွားမိသည်။

ဒူးလေးညို့မှ ကန်အားပြင်းစွာဖြင့် ထွက်သွားသာ မြားဟံသည် ဒရယ်ကို သွား၍ မှန်သည်။ သူ ပြေးသွားသည်။ သေဆုံးသွားသော ဒရယ်ကို နေရာမှာတင် ဖျက်သည်။ ရှေ့လက်နှစ်ချောင်းကို ဓားနှင့်ခုတ်ဖြတ်မိလိုက်သည်။ ထိုစဉ်မှာပင်လျှင် ဒရယ်ကောင်သည် တပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ပြေးလေသည်။ ဒရယ်လေးသည် မသေသေးပါ။ သေငယ်ဇောနှင့် မျော နေခြင်းသာလျှင်ဖြစ်၏။ ထ၍ပြေးသော်လည်း ရှေ့လက်နှစ်ချောင်း ပြတ်နေ၍ မပြေးနိုင်။ တဘိုင်းဘိုင်းနှင့် ပစ်လဲကျသွားသည်။

ထိုအခါ မုဆိုးသည် ဒေါသတကြီးနှင့် ဒရယ်လေးကို ဓားနှင့် ပိုင်းချလိုက်လေတော့သည်။

❑ ❑ ❑

တာတေသည် သူ တစ်ခါမှမရောက်ဘူးသေးသောနေရာကို ရောက်နေသည်။ တကယ်တော့ မရောက်ဘူးသောနေရာဆိုပေမယ့် ပြန် ပြီးစဉ်းစားကြည့်က ဤနေရာသည် သူနှင့်မစိမ်း။ ကျွမ်းရင်းစွဲရှိပြီးသော နေရာဟောင်းတစ်ခုပင်။ လမ်းမှာ ခြေစုံချပြီးတော့ရပ်နေရာက နောက် ကြောင်းကို ပြန်လှည့်ကာ ကြည့်မိလိုက်သည်။

ထိုအခါ ရွာတစ်ရွာကို လှမ်းပြီးတော့ မြင်လိုက်ရလေ၏။ သူနေ သော ဟင်းမွှန်ရွာပင်တည်း။ ထိုအခါ သူသည် အခြားသူမဟုတ်။ မုဆိုး ကြီးအောင်ဖေဟု သိလာခဲ့ရသည်။ သို့ရှိစဉ် ဂျပန်စစ်သားများသည် သူ့ ဆီကို မမျှော်လင့်ဘဲ ရောက်လာခဲ့ကြသည်။ သူ့ကို စကားပြန်ကတစ် ဆင့် စကားတွေ ပြောကြသည်။ သူက ငြင်းသည်။ ထိုအခါ ဂျပန်ဗိုလ်မှူး က ကင်ဒိုဓားကြီးနှင့် သူ့ကို ပိုင်းမည်ပြုသည်။

ထို့နောက် လားများပေါ်မှာ သံသေတ္တာများတင်ကာ ဂျပန်စစ် သားများ၊ ချောအဆွဲခံရသော မြန်မာများနှင့်အတူ လိုက်ပါနေရသည်။ အနိမ့်ပိုင်းရှိ လှိုဏ်ကြီးတစ်ခုဆီကို ရောက်သွားသည်။ ယင်းကတစ်ဆင့် ဂူကြီးတစ်လုံးဆီသို့။ ဂူကြီးထဲကို မြန်မာများက လားများပေါ်မှသံသေတ္တာ





များကို သယ်ယူကာ သွင်းကြသည်။

သေနတ်သံများနှင့်အတူ သေဆုံးနေကြသော ဂျပန်စစ်သား များ၊ မြန်မာအချို့၊ သွေးသံရဲရဲမြင်ကွင်း၊ ဖက်ဆစ်ဂျပန်ဗိုလ်မှူးသည် မြား တန်းလန်းနှင့် အောင်ဖေဆီကို ပြေးဝင်လာသည်။ ထို့နောက် ကင်ဒိုဓား ကြီးနှင့် ပိုင်းချလိုက်သည်။ ဂူထဲမှ ထွက်ပေါ်လာသော ပေါက်ကွဲသံကြီး နှင့်အတူ . . .

"အား"

❑ ❑ ❑

တာတေသည် အိပ်မက်ထဲမှာ အော်မိလိုက်သည်။ အသံထွက် သွားသည်ဟု ထင်သည်။ တော်ပါသေး၏။ မည်သူမှ မကြားကြပေလို့။ အိမ်သားတွေအားလုံး အိပ်မောကျနေကြသည်။

"ငါ ဝင်စားလိုက်တာ။ အဲ့သည်ဝင်စားတွေ ငါလိုက်တာ"

မျက်လုံးထဲမှာ ဒရယ်လေး၏ ပြတ်ထွက်သွားသောရှေ့ခြေနှစ် ချောင်းကို မြင်ယောင်နေဆဲ။ မုဆိုးအောင်ဖေဘဝက ပြုမိခဲ့သော ရက် စက်မှုအမှားသည် ယခုဘဝအထိ ဝင်စားကြွေးတင်ကာလိုက်ပါလာခဲ့ပါလား။

တစ်ဖန် ကင်းမွှန်ရွာ ဘယ်မှာရှိသည်ဆိုတာကိုလည်း မိမိ သိခဲ့ ပြီ။ ရတနာများ မြှုပ်နှံထားသည့်ဂူဆီကို သွားသည့်လမ်း၊ ခေါင်းထဲမှာ တရေးရေးနှင့် ပြန်ပြီးတော့ ပေါ်လာခဲ့သည်။ တာတေသည် ဤလျှို့ဝှက် ချက်ကို မည်သူ့ကိုမှ ပြန်မပြောပြ။ အမှတ်သညာထဲမှာပင် သိမ်းဆည်း ထားလိုက်လေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် ကြက်ရှန်းရွာမှ အင်းသူဌေးဦးပွားဆိုသူသည် တာတေနှင့် တစ်နေရာတွင် တိတ်တဆိတ်တွေ့ဆုံသည်။ ဦးပွားနှင့် တို့ တိုးတိတ်တိတ် စကားတွေပြောကြသည်။

"အဲ့ဒါပဲ တာတေ။ သည်ကောင်က ငါ ဆွဲမယ့်အင်းကို ဝင်လု နေတယ်ကွ။ လေလံမှာ လူကြီးတွေက သူ့ဘက်ကပါနေကြတယ်။ တစ်ယောက်က သူ့အမျိုး။ သည်ကောင်ရဖို့ ကျိန်းသေတယ်"

"အဲ့သည်တော့ ကျွန်တော်က ဦးကို ဘာလုပ်ပေးရမှာလဲ"

"သည် အင်းက လက်ရှိကတော့ ငါ့လက်ထဲမှာကွ။ သည်နှစ် ငါးပိုထွက်မှာ။ သည်ကောင့်လက်ထဲကို အပါမခံနိုင်ဘူး။ သည်ကောင်ကလည်း ငါးထွက်မယ့်အခြေအနေကို သိထားတယ်ကွ။ အဲ့သည်တော့"

"ကျွန်တော် သဘောပေါက်ပြီ။ အဲ့သည်လူရဲ့လက်ထဲကို သည်အင်း မရောက်စေချင်ဘူးဆိုပါတော့"

"သည်အတိုင်းပဲပေါ့ကွာ။ မင်း ဒုန်းမဝေးဘူးဆိုတာ ငါ သိပါတယ်"

ငွေစက္ကူတစ်ထပ်သည် တာတေ၏ အကျီအိတ်ထဲကို ရောက်သွားသည်။

"ကောင်းပြီလေ"

ဦးပွားသည် တာတေ၏ပခုံးကို လက်နှင့်ပုတ်လိုက်ပြီး . . .

"ကဲ . . . ငါ စိတ်ချပြီးတော့ သွားမယ်ကွာ။ ထန်းရည်ဖိုး ငါ ရှင်းခဲ့ပြီးပြီ"

ဦးပွားထွက်သွားသောအခါ တာတေသည် ခေါင်းထဲမှာ အလုပ်ပေးလျက်ရှိသည်။ အကြောင်းအရာတစ်ခုကို အကွက်ချစီစဉ်လျက်ရှိ





သည်။

❑ ❑ ❑

ကြက်ရှန်းနဲ့ရွာသားကိုကျားသည် ညောင်ကန်အင်းကြီးကို အင်းသူဌေး ဦးပွားဆီက လုယူရန် ကြိုးစားလျက်ရှိသည်။ လေလံပွဲတွင် သူအနိုင်ရရှိရန် အားလုံးပွဲပြီးမီးသေ စီစဉ်ထားပြီး ဖြစ်သည်။

"ဦးပွား ညောင်ကန်အင်းကြီးက ကျုပ်လက်ထဲကို မုချရောက်ရမှာပါဗျာ"

"စောင့်ကြည့်သေးတာပ မောင်ကျားရာ။ မောင်ပွားနဲ့ မောင်ကျား ဘယ်သူသာသလဲဆိုတာ အချိန်က အဆုံးအဖြတ်ပေးပါလိမ့်မယ်"

သူ့ကို မထီလေးစားအမူအရာနှင့်ဆက်ဆံလိုက်သော ကိုကျားကို ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။ ကိုကျားက အပြုံးမပျက်။ ဦးပွားကား ခေါင်းတညိတ်ညိတ်နှင့် အနားမှ ထွက်သွားခဲ့လေသည်။

နောက်တစ်ပတ်အကြာတွင် ကိုကျားသည် အာလောကတောထဲကို မသွားချင်ဘဲ မနေနိုင်။ စိတ်ထဲက အလိုလိုပင် ပြင်းပြလာသောဆန္ဒ။

"ငါ တောထဲကိုသွားချင်တယ်။ တောထဲမှာ ငါ့အတွက် အကျိုးရှိမယ့်ကိစ္စတစ်ခုခုရှိနိုင်တယ်"

ကိုကျား၏ မျက်လုံးမှာ ပျားအုံကြီးတစ်အုံကို မြင်ယောင်လာခဲ့သည်။ ပျားအုံကြီးမှာကြီးလိုက်သမှ လှည်းဘီးအဝန်းလောက်ကို ရှိသည်။

"ဟုတ်တယ် . . . ငါ ပျားဖွတ်မယ်။ အဲ့သလောက်ကြီးမားတဲ့ ပျားအုံကြီးဆိုရင် ပျားရည်တွေ အများကြီးရမှာပဲ။ ဘယ်သူ့ကိုမှ အသိ

www.burmeseclassic.com



ပေးလို့မဖြစ်ဘူး။ ငါ ပြောလိုက်ရင် သူများတွေ ငါ့ထက်အရင် လက်ဦးဖို့ ကြိုးစားကြလိမ့်မယ်"

ထို့ကြောင့် တစ်ရက်တွင် ကိုကျားသည် ကြက်ရှန်းရွာမှ တိတ်တဆိတ်ပင် ထွက်လာခဲ့သည်။ သူ့လက်ထဲမှာ မီးတုတ်၊ ရေပုံးနှင့် စောင်တစ်ထည်ပါလာခဲ့သည်။ သုံးရွာကျော်ခန့်ဝေးသော အာလောကတောကြီးဆီကို ရွာအပြင်ဘက်ကနေပြီးတော့ လျှောက်လာခဲ့သည်။ ထူးခြားသည်က သူနှင့်သိကြသောသူအချို့နှင့် လမ်းမှာတွေ့ ကြသော်လည်း နှုတ်မဆက်ကြ။ တစ်ယောက်နှင့်တစ်ယောက် မမြင်ကြသလို ရှောင်သွားကြလေသည်။ ကိုယ့်အာရုံနှင့်ကိုယ်မို့လားမသိပါပေ။ ကိုကျား၏ စိတ်ထဲမှာ ပျားဖွတ်ချင်သည့်ဆန္ဒက လွန်မင်းစွာ ပြင်းပျနေလျက်ရှိသည်။

သို့နှင့် ကိုကျားသည် အာလောကတောကြီးထဲကို အခြားသော ဝင်ပေါက်တစ်ခုမှ ဝင်သွားခဲ့လေသည်။ ပျားအုံရှိသည့်နေရာကို သူ မသိပါ။ သို့သော် စိတ်ထဲမှာမြင်ယောင်နေမိပြီး ဦးတည်ရာကို လျှောက်သွားနေခဲ့လေသည်။ သည်လိုနှင့် တောနက်ထဲကို ရောက်မှန်းမသိ ရောက်သွားခဲ့သည်။

(ထူးဆန်းသည်က အာလောကတောကြီးထဲကို သူ တစ်ခါမှ မရောက်ဘူးပါ)

ထို့နောက် သူ မြင်ယောင်လျက်ရှိသော ပျားအုံကြီးကို အထင်နှင့် လိုက်ပြီးရှာလျက်ရှိသည်။

"ပျားအုံက ဘယ်နားမှာပါလိမ့်။ သည်နားလောက်မှာပဲ။ အသေအချာကို ရှိရမယ်။ ငါ အာရုံရလို့မြင်တဲ့ ပျားအုံကြီးက အကြီးကြီး။ သူများတွေများ ဦးသွားကြပြီလား မသိဘူး"





လှည်းဘီးတမျှ ကြီးသော ပျားအုံကြီးကို တစ်ယောက်ယောက်ကများ ဦးသွားခဲ့လျှင်ဟူသော အတွေးက ဝင်လာခဲ့သည်နှင့် ရင်ထဲမှာ ပူလောင်သွားခဲ့ရသည်။ တကယ်တော့ ပျားအုံကြီးကို သူကိုယ်တိုင် အပြင်မှာ မမြင်ဘူးပါဘဲလျက်နှင့် အကယ်ရှိနေသည်ဟုထင်နေခြင်းသာ။

"ငါက အကြားအမြင်များရနေသလား မသိဘူး။ သည်တောထဲမှာ ပျားအုံကြီးရှိနေတယ်ဆိုတာ ငါ သိနေတယ်"

သည်လိုနှင့် သစ်ပင်များပေါ်ကို မော့ရင်း မော့ရင်းနှင့် ၊ လျှောက်လာခဲ့သည်။ တစ်နေရာကို အရောက်တွင် . . .

"ဟေ့လူ . . . ခင်ဗျားက သစ်ပင်ပေါ်ကို တမော့မော့နဲ့ ဘာရှာနေတာလဲဗျ"

အမှတ်မထင် လူတစ်ယောက်၏မေးလိုက်သောအသံ။ ရင်ထဲက ထိတ်ခနဲတော့ ဖြစ်သွားသည်။ အသံထွက်ပေါ်လာရာဆီကို လှည့်ကြည့်လိုက်ရာ။ သစ်ပင်ကြီးတစ်ပင်အောက်မှာ ထိုင်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။ လက်နှစ်ဖက်က မရှိ။ လက်မောင်းအောက်မှ ပြတ်ထွက်နေသည်။ ခန္ဓာကိုယ်က သေးသေးသွယ်သွယ်။ အသားက ဖြူဖြူ။ ရုပ်ရည်က သနားကမားနှင့်။

ကိုကျားသည် ထိုသူကိုမြင်လိုက်သောအခါ စိတ်အချဉ်ပေါက်သွားခဲ့ရသည်။

"ငါ့ဟာသာငါ ဘာရှာရှာပေါ့ကွ။ မင်းက ဘာကြောင့်စပ်စုရတာလဲ"

"ဒေါသမထွက်နဲ့ဗျာ။ ခင်ဗျားက ပျားအုံကိုရှာနေတယ်ထင်လို့ မေးမိတာပါ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျား အံ့အားသင့်သွားခဲ့ရသည်။ သူ ပျားအုံရှာနေသည်ကို သည်လူက ဘာကြောင့်သိနေပါလိမ့်ဟု။

"သည်ကောင်က ငါ ပျားအုံရှာနေတယ်ဆိုတာ ဘယ်လိုကြောင့် သိနေရတာလဲ။ ပျားအုံကို သည်ကောင်တွေ့ပြီး လက်ဦးသွားပြီ ထင်တယ်"

"သည်မှာ . . . ခင်ဗျား ဘာတွေးနေသလဲဆိုတာ ကျုပ် သိတယ်။ အဲ့သည်ပျားအုံကို ကျုပ်တွေ့ထားတယ်။ အမြင့်ကြီးမှာ။ ဒါပေမယ့် ကျုပ်က ပျားအုံကို သစ်ပင်ပေါ်တက်ပြီး ဖွတ်နိုင်လောက်အောင် မစွမ်းဆောင်နိုင်ဘူး။

အဲ . . . ခင်ဗျား ကျုပ်ကို ပျားရည်နည်းနည်းပါးပါးပေးရင်တော့ ပျားအုံရှိတဲ့နေရာ ပြောပြမယ်။ ဘယ့်နှယ်လဲ"

"အေး . . . ငါ မင်းကို ပျားရည်တစ်ပုလင်းစာ ပေးမယ်။ ပြောပြ"

ကိုကျားသည် သူ့ကို တစ်တို့စာပင်မပေးချင်။ သို့သော် ပျားအုံရှိသည့်သစ်ပင်ကို သူတစ်ယောက်တည်းသိသည်မဟုတ်ပါလား။ အချိန်ကြာကြာမဖြုန်းနိုင်။ ထို့ကြောင့် တစ်ထစ်လျှော့လိုက်ရသည်။

"ပျားအုံက ကျုပ်ထိုင်နေတဲ့သစ်ပင်ကြီးရဲ့ အပေါ်မှာဗျ"

တာတေက ထိုင်နေလျက်က သစ်ပင်ပေါ်ကို မော့ကြည့်လိုက်သည်။ ထိုအခါကျမှ ကိုကျားလည်း မော့ကြည့်မိလိုက်သည်။

မြင့်မားသောသစ်ပင်ကြီး၏ အကိုင်းတစ်ခုပေါ်တွင် လှည်းဘီးတမျှ ကြီးမားသော ပျားအုံကြီးတစ်အုံကို တွေ့လိုက်ရလေသည်။

ကိုကျား ဝမ်းသာသွားခဲ့သည်။ ရေပုံးကို အောက်မှာချကာ မီးတုတ်နှင့် စောင်ကိုယူ၍ သစ်ပင်ပေါ်ကို တက်သွားသည်။ ပျားအုံကြီး





ရှိသောနေရာအထိ တော်တော်ကလေး တက်ရသည်။ သူသည် ပျားဖွတ်ဖူးသူဖြစ်သည်။ သို့သော် ဤမျှကြီးမားသည့် ပျားအုံကြီးကို သူ အခုမှပဲ မြင်ဖူးတော့သည်။ ပျားအုံကြီး၏အနီးကို ရောက်ကာမှ အောက်ကနေကြည့်တာထက် ပိုပြီးတော့ ကြီးမားနေကြောင်းကို သိလိုက်ရလေတော့သည်။

ကိုကျားသည် ခါးမှာပတ်ယူလာသော စောင်ကို ခေါင်းမြီးခြုံလိုက်ကာ ကိုယ်မှာ ရစ်ပတ်လိုက်သည်။ ခါးတောင်းကို မြောင်နေအောင် ကျိုက်ထားသည်ဖြစ်၍ စောင်အစအချို့ကို လုံချည်ကြားထဲ ထိုးထည့်ကာ ညှပ်ထားလိုက်သည်။ ထို့နောက် မီးတုတ်ကို မီးရှို့လိုက်သည်။ ပျားအုံမှ ပျားတစ်ကောင် နှစ်ကောင်သည် တဝီဝီနှင့် အော်မြည်ကာ ပျံသန်းနေလျက်ရှိကြသည်။

ထို့နောက် ပျားအုံကို မီးနှင့်တိုက်သည်။ ပျားများသည် မီးအပူအရှိန်အဟပ်ခံကြရ၍ ထွက်ပြေးကြသည်။ တဝီဝီနှင့် အော်ပြီးပြေးလွှား ပျံသန်းနေကြသည့်အသံများကား ဆူညံလျက်ရှိနေကြလေသည်။ သို့သော် ပျားအများစုကား မပြေးကြဘဲ ကိုကျားကို ဝိုင်းပြီးတုတ်ကြလေတော့သည်။ စောင်ကြားထဲသို့ ဝင်ကာ မျက်နှာကိုတုတ်ကြသည်။ ထို့နောက် အတွင်းဘက်အထိဝင်ပြီး ကိုယ်ကိုတုတ်ကြလေတော့သည်။

"အား . . . အား . . . အောင်မယ်လေးဗျ"

ကိုကျားသည် နာလွန်းလှ၍ မခံမရပ်နိုင်ဖြစ်ကာ အော်သည်။ မီးတုတ်ကို ဝှေ့ယမ်းကာ ပျားများကို မောင်းနှင်သည်။ သို့သော် ပျားများကား မီးကိုမကြောက်ကြတော့။ အလုံးလိုက်အရင်းလိုက် စုပြုံပြီးတော့ ဝင်တုပ်ကြသည်။ ကိုကျားသည် သစ်ပင်ပေါ်မှ အောက်ကိုဆင်းကာပြေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပျားတွေက အလွတ်မပေးဘဲဝိုင်းအုံခဲ့ပြီးတော့ တိုက်နိုက်ကြသည်။

"အား"

ထိုအခါ ဘယ်လိုမှမတတ်နိုင်တော့ပဲ သစ်ပင်ထက်မှ အောက်သို့ ပြုတ်ကျလာခဲ့လေသည်။ ကိုကျားသည် သစ်ပင်အောက်မှာ စန့်စန့်ကြီးဖြစ်နေသည်။ သူ့အနားမှာ မည်သူတစ်ဦးတစ်ယောက်မှ မရှိတော့ပါ။

❑ ❑ ❑

ထိုနေ့မှာပင်လျှင် ကိုကျားကို သစ်ခုတ်သမားတစ်စုက တောထဲမှာ တွေ့လိုက်ကြရသည်။ တစ်ကိုယ်လုံး ပျားတုပ်ခံထားရသော ဒဏ်ရာများနှင့်ဖြစ်သည်။ မျက်နှာပြင်မှာလည်း အဆုပ်အဆုပ်ကြီးများဖြစ်ကာ သီးထနေကြသည်။

"ဟာ . . . သည်လူဟာ ကြက်ကုန်းရွာက ကိုကျားပဲ။ ဘယ်လိုဖြစ်တာပါလိမ့်။ ကိုယ်ပေါ်မှာ ပျားတုပ်ခံထားရတဲ့ဒဏ်ရာတွေကလည်း မနည်းမနောပါလား"

"သစ်ပင်ပေါ်က ပြုတ်ကျတာဗျ။ နေစမ်းပါဦး။ သည်အပင်ပေါ်ကို ပျားတက်ဖွပ်တယ်ဆိုရအောင်လည်း ပျားအုံတစ်အုံမှ မရှိပါလား"

ကိုကျားသည် တစ်ချက် နှစ်ချက် ညည်းညူသည်။ မသေသေးပေ။ အသက်ပြင်းသည်။ ထို့ကြောင့် ကြက်ရုန်းရွာကို သယ်ယူသွားခဲ့ကြသည်။ ရွာတွင် သမားတော်အကျော်အမော်တစ်ဦးနှင့် ဆေးကုသသည်။

"ပျားအုံကြီး . . . လှည်းဘီးလောက်ကို ရှိတယ်။ ပျားတွေ . . . ပျားတွေ ဝိုင်းတုပ်ကြတယ်။ အား . . . အား . . . ကျ . . . ကျပြီ . . . သေပါပြီဗျ"





ကယောင်ကတမ်းနှင့် အော်ဟစ်ကာ ကုန်းရုန်းပြီးတော့ ထသည်။ သူ့ကို ဝိုင်းပြီးတော့ ချုပ်ထားကြရသည်။ ကယောင်ကတမ်းနှင့် ဧကာ ခဏ ပြောပြီးနောက် တောထဲမှခေါ်လာသည့် ညနေမှာပင်လျှင် သေဆုံးသွားခဲ့လေတော့သည်။

"လှည်းဘီးလောက်ကြီးတဲ့ ပျားအုံကြီးတဲ့ဗျာ။ ကျုပ်တော့ တစ်ခါမှ မမြင်ဖူးဘူး။ ကြားလည်း မကြားဖူးဘူး။ သည်ကောင်တော့ တောမောက်ပြီ ထင်တယ်"

"အာလောကတောထဲမှာ နတ်ဝှက်တတ်တဲ့ ပျားအုံတွေလည်း ရှိတယ်တယ်တဲ့ဗျ"

ဟု တစ်ယောက်တစ်မျိုး ပြောကြရင်း ကိုကျားကိစ္စသည် ရှာကျော်သွားလေတော့သတည်း။

❑ ❑ ❑



www.burmeseclassic.com

(၁၁)

## လူစိမ်းတစ်ယောက်

အာလောကတောကြီးအတွင်း လူတစ်ယောက်က ခြေလှမ်းမှန်မှန်နှင့် လျှောက်သွားနေသည်။ ထိုသူသည် တောစီးဖိနပ်ရှည်ကို စီးထားသည်။ ဂျန်းဂဲလ်ဟက်ခေါ် ဦးထုပ်ကို ဆောင်းထားသည်။ ပါးမြိုင်းမွေးထူထူ၊ မုတ်ဆိတ်မွေးပါးပါး၊ နှုတ်ခမ်းမွေးရေးရေးက သူ၏ရုပ်ရည်ကို ပို၍ပြီးတော့ ခန့်ထည်စေသည်ဟု ဆိုရမလား။ သို့မဟုတ် ရိုင်းစွဲ အသက်ထက် ရင့်ရော်သွားစေသည်ဟုပဲ ပြောရမလား။

ထိုသူ၏ညာပခုံးထက်မှာ အမဲလိုက်သေနတ်ကြီးတစ်လက်ကို လွယ်ထားသည်။ အမဲသားကောင်ပစ်ခတ်ရန် ရောက်လာသောသူပင်။ တာဇေတသည် ထိုသူကို တစ်နေရာမှနေ၍ လှမ်းပြီးတော့မြင်လိုက်သည်။



"သည်လူ ဘယ်ကပါလိမ့်။ သည်တစ်ခါ မြင်ဖူးသေးတယ်"

အာလောကတောကြီးထဲကို ဝင်ပြီး အမဲလာပစ်သူက ခပ်ရှားရှားပင်။ တကယ်တော့ တာဇေတသည် မြေပြင်အောက်မှာ မဟုတ်ဘဲ သစ်ပင်ကြီးတစ်ပင်ထက်မှာ ရှိနေသည်။ ထိုသူ မလှမ်းမကမ်းမှ ဖြတ်လျှောက်သွားသည်ကို သစ်ပင်ထက်မှ လှမ်းပြီးတော့ မြင်လိုက်ခြင်းပင်။

ထိုသူသည် သားကောင်တွေ့လိုတွေ့ငြား မျက်လုံးကို ဖွင့်၊ နားကိုစွင့်ကာ လိုက်ရှာနေသော်လည်း နေ့ဝက်သာကျိုးလာတော့မည် သားကောင်တစ်ကောင်မှမတွေ့။ သို့သော် စိတ်ပျက်ခြင်းအလျဉ်းမရှိပဲ ဆက်ပြီးတော့ ရှာဖွေလျက်ရှိသည်။

သစ်ပင်ထက်မှာရှိနေသော တာဇေ၏ ခပ်ထွေ့ထွေ့အပြုံးမှာ နှုတ်ခမ်းထောင့်စွန်းမှာ ပေါ်လာခဲ့လေ၏။ ထို့နောက် သစ်ပင်ပေါ်မှ ဆင်းလာခဲ့လေ၏။ မိမိသည် သစ်ပင်ထက်သို့ တက်တတ် ဆင်းတတ်သည်ကို ပြည်သူမှ မမြင်ဘူးကြ။ မြင်လည်း မမြင်စေလို။

(ငယ်စဉ်က ဖခင်ဖြစ်သူ ကိုဘဲထောင်သာလျှင် တာဇေ သစ်ပင်ပေါ်မှဆင်းလာသည်ကို တစ်ကြိမ်မြင်ဖူးခဲ့သည်။)

တာဇေသည် စောစောက ထွက်သွားသောသူ၏နောက်မှ နောက်ယောင်ခံကာ လိုက်သွားခဲ့သည်။ သူသည် တောလိုက်မုဆိုးများကို စိတ်ဝင်စားသည်။ ဘဝဆက်တစ်ခုက အထုံရေစက်ကြောင့်မေပဲလား မသိ။ ဗုဒ္ဓ၏တရားတော်များအရ ဝဋ်မှာ အမြဲ ငရဲမှ အခါဆိုသည်ကဲ့သို့ ဝဋ်ကြွေးကို ရှောင်၍မရပေ။ ကာလဝိဘာက်နောက်ပိုးတက်ဟူသည့်အတိုင်း မိမိပြုလုပ်ခဲ့သော အကုသိုလ်အတွက် ဤဘဝမှာပင် ဆိုးကျိုးခံစားရတတ်သည်။ ဝဋ်ဆိုသည်မှာလည်း ဤဘဝမှာ ပြန်လည်၍ခံစား

www.burmeseclassic.com



ရလျှင် နောင်ဘဝ ဘဝများတွင် တန်ပြန်ခံရစမြဲပင်ဖြစ်သည်။ ဤကာ မကောင်းမှုမှန်သမျှကို မကျူးလွန်မိကြစေရန်၊ ကျူးလွန်မိက တုံ့ပြ တတ်သော ကြမ္မာဝဋ်ကြွေးက ရှေ့မှာ အဆင်သင့်စောင့်နေသည်ဟ သတိပေးထားခြင်းပင်။

ဝဋ်ကိုကြောက်သောသူသည် အတ္တသိုလ်ကို မပြုလုပ်၊ ကိုယ် အသိနှင့်ကိုယ် ရှောင်ရှားကြသည်။ ယခုတော့ တာတေသည် မှဆို အလုပ်ကို မကျူးလွန်ခဲ့သော်လည်း အတိတ်၏အရိပ်ကဲပါလာခဲ့သည် ဖြစ်၍ အကြွင်းအကျန်လေးလောက်ကတော့ ရှိနေသေးသည်။

စောစောကလူကို သူ မီလာခဲ့သည်။ သစ်ပင်ကြီးတစ်ပင် အောက်မှာ ထိုင်နေသည်ကို တွေ့လိုက်ရသည်။ ထိုသူသည် တစ်နေရာ ကိုငေးနေရာက နောက်ကို ဆတ်ခနဲဆိုလှည့်ကြည့်လိုက်သည်။ တာတေ သည် ရှောင်တိမ်းချိန်မရလိုက်၊ သူ့ကို တွေ့သွားခဲ့လေပြီ။

တာတေသည် ခပ်ပြုံးပြုံးပင် ထိုသူ၏အနားကို ချဉ်းကပ်လာခဲ့ သည်၊ ထိုသူသည်လည်း တာတေ့ကို ခပ်စိမ်းစိမ်းပင် ကြည့်နေသည်။

"ကိုယ့်လူက သည်နယ်က မဟုတ်ဘူး မှတ်တယ်"

ထိုသူက ခေါင်းညိတ်လိုက်သည်။ တာတေ့မှာ လက်နစ်ဖက် မရှိသည်ကို မြင်သွားခဲ့သည်။ အနည်းငယ်တော့ အံ့အားသင့်သွားခဲ့ရ သည်။

"ကျွန်တော် မနက်ကတည်းက တောထဲကိုရောက်နေခဲ့တာ။ ခုထက်ထိ သားကောင်တစ်ကောင်တောင် ရှာမတွေ့သေးဘူး"

"ဟုတ်လား . . . သားကောင်တွေက သည်ဘက်ကို လာလေ့ လာထမရှိဘူးဗျ။ ဟိုဘက်တောထဲမှာပဲရှိတယ်"





"ဟိုဘက်တောဆိုတာက"

"အာလောကတောရဲ့ အနောက်ဘက်ကို ပြောတာဗျ။ ဟို ဘက်က တောထူတယ်။ သည်ကောင်တွေက တောပါးတဲ့နေရာကို ဘယ်လာကြမလဲ"

"ဪ . . . ဟုတ်လား။ ဒါကြောင့်ကိုး။ ဒါနဲ့ မိတ်ဆွေက သည် တောအကြောင်း သိထားတယ်ထင်တယ်"

"ကျွန်တော်က တောနဲ့ မနီးမဝေးက ရွာမှာနေတာပဲဗျ။ သည် တောထဲကို ဝင်ချည် ထွက်ချည်လုပ်နေတာ ကလေးဘဝကတည်းကပဲ"

"သဘောပေါက်ပါပြီ။ ဒါနဲ့ နာမည်လေးသိပါရစေ"

"တာတေတဲ့။ တချို့က ကျွန်တော့်ကွယ်ရာမှာ လက်ပြတ် တေလို့ ခေါ်ကြတယ်"

"ကျွန်တော့်ကိုလည်း မှတ်ထားပါ ကံရာဇာတဲ့"

တာတေက သူ့ကို လက်ပြတ်တာတေဟု အများကခေါ် ကြ သည့်အကြောင်းပြောပြရာ၌ ကံရာဇာဆိုသည့်လူသည် ထူးခြားမှုဖြစ်ပေါ် မသွားပေ။ ကံရာဇာသည် သားကောင်မရရှိသည့်အတွက် တခြား ဘာ ကိုမှ စိတ်ဝင်စားခြင်းမရှိခဲ့လေသလား။ တာတေကကော ကံရာဇာကို မည်သည့်အကြောင်းကြောင့် လိုလိုလားလားနှင့် ဆက်ဆံနေရပါသလဲ။

"ကျွန်တော် သားကောင်တွေရှိကြတဲ့နေရာကို သွားမယ်ဗျာ"

ကံရာဇာက သေနတ်ကိုဆွဲကာ ချက်ချင်းပင်နေရာမှ ထလိုက် သည်။

"မိတ်ဆွေ . . . အလျင်မလိုပါနဲ့လေ။ ခင်ဗျား သည်တောကြီး ရဲ့အကြောင်းကို မသိသေးဘူးနဲ့တူတယ်။ တောနက်ထဲကိုရောက်လေ



www.burmeseclassic.com

www.burmeseclassic.com



လေ ဆိုးကျိုးတွေက များလေလေပဲ။ ဒါ . . . နာမည်ကြီးတဲ့တောချ အင်မတန်မှ တောခြောက်တာ။ တချို့ကဆို တောနက်ထဲကို ဝင်သွားပြီး ပြန်မထွက်နိုင်ကြဘဲ ပျောက်ပျောက်သွားတတ်ကြတယ်"

"အဲ့ဒါ ဘယ်လိုအကြောင်းကြောင့်လဲဗျာ"

"ဘယ်သူမှ သေသေချာချာ မပြောနိုင်ကြဘူးဗျ။ တောထဲမှာ မျက်စိလည်လမ်းမှားပြီး ပြန်လမ်းမတွေ့ကြတော့ အစာငတ်၊ ရေငတ်နဲ့ သည့်လိုပဲ သေဆုံးသွားကြတယ်နဲ့ တူပါတယ်ဗျာ။ ဒါမှမဟုတ် သားရဲ တိရစ္ဆာန်တွေရဲ့တိုက်ခိုက်မှုကြောင့် တောထဲမှာပဲ လူမသိ သူမသိဘဝနဲ့ သေဆုံးသွားခဲ့ကြတာပဲလား"

"အင်း . . . တောကြီးရင် သည်လိုပဲပြောတတ်ကြတာပါပဲလေ။ လူတွေရဲ့ အယူသီးမှုတွေပေါ့။ အထူးသဖြင့် ဒေသခံတွေက လူစိမ်းမပွ ရောက်လာရင် ကြောက်လန့်ပြီးပြေးအောင် သည်လိုပဲ ပြောတတ်ကြ တာပဲ"

"တချို့ကတော့ ခင်ဗျားပြောသလို ဟုတ်ချင်မှ ဟုတ်မှာပေါ့ လေ။ ဒါပေမယ့် ကျွန်တော်ကတော့ အမှန်အတိုင်းပဲပြောတာပါ"

တာတေက လေသံအေးအေးနှင့် ပြန်ပြောလိုက်လေသည်။

"အင်း . . . ခင်ဗျားကတော့ သည်လိုလူမျိုးထဲက ဟုတ်ဟန် မတူပါဘူးပေ"

"ခင်ဗျား တောကောင်ပစ်ဖို့ တောထဲကို ရောက်လာဆိုတော့ အညီအလိုင်း ဘာမှမရဘဲ ပြန်သွားခဲ့ရင် အချည်းနှီးပဲဖြစ်မှာပေါ့"

"ဘာတတ်နိုင်မှာလဲဗျာ"

"ကဲပါဗျာ . . . ကျွန်တော် ခင်ဗျားကို အကူအညီပေးပါ့မယ





"ဘယ်လိုပေးမှာလဲဗျ"

"လာပါဗျာ။ ကျွန်တော်နဲ့သာ လိုက်ခဲ့ပါ"

တာတေသည် ကံရာဇာ၏ရှေ့က ဖြတ်ထွက်သွားသည်။ ကံရာ ဇာလည်း သေနတ်ကြီးကို ဆွဲကိုင်ကာ နောက်မှလိုက်သွားခဲ့လေ၏။ သိပ်မသွားလိုက်ရပါ။ နာရီဝက်သာသာလောက်ပဲ လျှောက်လိုက်ရ သည်။ တောထူထပ်သော နေရာကို ရောက်လာခဲ့လေ၏။ ထိုနေရာ သည် အတန်ငယ်မြင့်သော တောင်ကုန်းလေးတစ်ခုလို ဖြစ်နေသည်။ အောက်ဘက် ကိုက်ငါးဆယ်အကွာလောက်တွင် ချောင်းဆွယ်လေး တစ်ခုလိုဖြတ်ပြီးစီးဆင်းနေသော ကွေ့ကွေ့ကောက်ကောက် အနေ အထားလေးကို တွေ့လိုက်ရသည်။

"သည်နေရာကို သားကောင်တွေ လာတတ်ကြတယ်။ ဆားငံ မြေလာလျက်ကြတယ်။ ခင်ဗျား စောင့်ပစ်ရင်ရတယ်"

"ဟုတ်လား . . . ဘယ်လောက်အထိ စောင့်ရမှာလဲ"

"မလာမချင်းပေါ့ဗျာ။ အဲ . . . နောက်တာပါ။ လာကို လာစေရ မယ်ဗျာ။ ခင်ဗျား စိတ်ကျေနပ်မှုရှိစေရမယ်"

"ကိုတာတေက အာမခံရဲလှပါလား။ စောင့်ကြည့်ရတာပ"

တာတေသည် တောနက်အတွင်း တစ်နေရာကို မျက်နှာမူကာ ကစ်ခဏ ငြိမ်သက်သွားခဲ့သည်။ တောအခြေအနေကို အကဲခတ်နေ သလားမသိပေ။ တာတေ၏ အပြုအမူကို ကံရာဇာက လေ့လာနေသ လား၊ မသိဘဲနေသလား မပြောတတ်။ ထို့နောက် တာတေသည် ကံရာဇာ နှင့် မလှမ်းမကမ်းမှာ ထိုင်နေလိုက်လေသည်။ တစ်ခဏအကြာတွင် . . .

"ရွှတ်"



www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်းခြောက်ကို တစ်ဦးတစ်ယောက်က နင်းလိုက်သံမျိုး ထွက်ပေါ်လာသည်။ ညာဘက်က ထွက်ပေါ်လာသည့်အသံ။

(တာတေ လှမ်းကြည့်ခဲ့သည့်တောအုပ်ဘက်မှ ထွက်ပေါ်လာသည့်အသံ)

ကံရာဇာသည် ချက်ချင်းပင် သေနတ်ကို ပြင်လိုက်လေသည်။ အသံသည် တစ်ခဏမျှ တိတ်ဆိတ်သွားသည်။ နှစ်ယောက်စလုံး ငြိမ်ပြီးတော့ အခြေအနေကို စောင့်ကြည့်နေကြသည်။ နောက်ထပ် ဘာသံမှ မကြားရတော့။

ထို့နောက် ချုံတစ်ချုံကို ကိုယ်ထည်နှင့်ပွတ်တိုက်ပြီးတော့ ထွက်ပေါ်လာသည့်အသံမျိုးကို ကြားလိုက်ကြရပြန်သည်။ ခပ်လှမ်းလှမ်းမှ ချုံတစ်ချုံ လှုပ်ခါသွားသည်။ မြင်လိုက်ကြရသည်။ ငြိမ်ပြီးတော့ စောင့်ကြည့်နေကြဆဲမှာပင် တလှုပ်လှုပ်နှင့် ထွက်လာသော သဏ္ဍာန်တစ်ခုကို တွေ့လိုက်ရလေသည်။ ယင်းသတ္တဝါမှာ ကျားကြီးတစ်ကောင်ဖြစ်နေလေသည်။ တာတေသည် ကံရာဇာကို မျက်နှာရိပ် မျက်နှာကဲပြလိုက်သည်။ ယင်းကျားကြီးသည် ဆားမြေကို လာရောက်လျက်ခြင်းပင်ဖြစ်သည်။ ရေစပ်နားကို ရောက်သောအခါ ခေါင်းကို ငုံ့ပြီး ဆားပွင့်များကို အေးဆေးစွာပင် လျက်နေသည်။

ကံရာဇာသည် ပစ်ကွင်းထဲသို့ ဝင်ရောက်လာသည့် ကျားကြီးကို သေနတ်နှင့် ထိုးချိန်လိုက်သည်။ မိမိရရချိန်ပြီးသောအခါ . . .

"ဒိုင်း"

"အူး . . . ဝေါင်း"

ကျယ်လောင်သော ပေါက်ကွဲသံကြီးတစ်ခုက မမျှော်လင့်ဘဲ





ထွက်ပေါ်လာခဲ့လေသည်။ ကျည်ဆံသည် ကျားကြီး၏ လက်ပြင်နောက်ကို မိမိရရပင် ထိသွားခဲ့သည်။ တစ်ဆက်တည်းမှာပင် ကျားကြီးထံမှ နာကျင်စွာ ဟိန်းဟောက်လိုက်သော အသံကြီးက ထွက်ပေါ်လာခဲ့လေသည်။ ကျားကြီးသည် ဘိုင်းခနဲဆို ကိုယ်တစောင်းပစ်လဲကာ ကျသွားခဲ့သည်။ ထို့နောက် သွေးသံရဲရဲနှင့် လူးလိမ့်နေရင်း အော်ဟစ် ဟိန်းဟောက်လျက်ရှိနေသည်။

"ကိုယ့်လူက လက်ဖြောင့်သားပဲ"

တာတေက ချီးမွမ်းလိုက်သည်။ ကံရာဇာသည်လည်း နောက်တစ်ချက် ထပ်ပစ်ဖို့မလိုဟု နားလည်လိုက်သည်။ သို့သော် မကြာမီမှာပင် မထင်မှတ်သော အချင်းအရာတစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။ ယင်းမှာ ဒဏ်ရာကြောင့် အလူးအလဲခံနေရသော ကျားကြီးသည် တစ်ခဏ ငြိမ်သက်သွားသလိုဖြစ်သွားပြီးမှ နေရာမှ ရုတ်တရက် ထပြေးလေတော့သည်။

"ဟင်"

"ဟာ"

နှစ်ဦးစလုံး အံ့အားသင့်သွားခဲ့ကြရသည်။ သေလောက်သော ဒဏ်ရာမျိုးရထားလျက်နှင့် ရုတ်ချင်းထပြေးသွားသောကြောင့်ပင် ဖြစ်သည်။ ဘယ်လိုမှ နားမလည်နိုင်လောက်အောင် ဖြစ်သွားခဲ့ကြရသည်။

"ပြေးပြီဗျ . . . လာ . . . လိုက်ကြမယ်"

တာတေသည် တောင်ကုန်းပေါ်ကနေ ပြေးဆင်းသွားခဲ့သည်။ သွက်လက်လွန်းလှပါဘိ။ ကံရာဇာလည်း မှင်တက်မိနေရာက သတိရသွားသလို ဖြစ်သွားခဲ့ရပြီး တာတေ၏နောက်မှ လိုက်သွားခဲ့လေသည်။ ကျား



www.burmeseclassic.com

www.burmeseclassic.com



ကြီး လဲကျသွားသောနေရာတွင် သွေးစက်များကို တွေ့ရှိက်ရသည်။

ကျားကြီးပြေးထွက်သွားသောနေရာကို မိတာတာခြေရာကောက် လိုက်သွားကြသည်။ လမ်းမှာလည်း သွေးစက်များကို တွေ့လာခဲ့ရသည်။

"သည့်ကောင်ကြီး တော်တော်အသက်ပြင်းတယ်။ ဒါပေမယ့် မွေးတေးတော့ မပြေးနိုင်ဘူးဗျ"

"ဟုတ်တယ် . . . ကိုတာတော။ သူ့မြေးပုံက ရှုးကွေးနေတယ်။ ဖဝါးကျတဲ့အနေအထားကိုကြည့် ယိုင်မှန်နေတယ်။ တစ်နေရာရာမှာ လဲကျနေမှာ အမှန်ပဲ"

ကံရာအခေါ်မျှော်လင့်ချက်ရှိလေသံ။ အားတက်သရောနှင့် ပြောသည်။ ဆက်ပြီးတော့ လိုက်ကြသည်။ ဒဏ်ရာရသွားသော ကျားကြီးသည် ဆက်ပြီး မပြေးနိုင်တော့လျှင် မိမိတို့ကို တစ်နေရာရာမှ ချောင်းမြောင်းနေပေလိမ့်မည်။ ထို့ကြောင့် သွားရင်းနှင့် သတိထားနေကြရလေသည်။

သည်လိုနှင့် တောက်လျှောက်လိုက်လာခဲ့ကြရင်း သွေးစက်များကို မတွေ့ရတော့ပေ။ ထို့ကြောင့် စဉ်းစားရကျပ်သွားခဲ့ကြရသည်။ စကားမပြောဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြလေသည်။ တာတောက တစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။ ကျားကြီး၏ ခြေရာများ။ ကံရာအော့ အံ့အားသင့်သွားခဲ့သည်။ သည်ခြေရာကို စောစောက မတွေ့မိကြ။ အခုမှ ဘာကြောင့်တွေ့ ကြရတာလဲ။ မျက်စိ လျှမ်းသွားကြ၍လား။

သတိနှင့်ဆက်ပြီး လိုက်ကြသည်။ တောသည် တဖြည်းဖြည်း နှင့် ပိုပြီးတော့နက်လာသည်။ ကံရာအော့ သတိပြုမိသွားသည်။





"ဖြစ်ပါ့မလား ကိုတာတော"

"သွားပါ။ ကျွန်တော် ရှိပါတယ်"

ဆက်လိုက်ကြသည်။ လမ်းတွေက အခွယ်သွယ်ဖြစ်၍ ကျားက ဘယ်အစကိုတို့ ထွက်သွားမှန်းမသိ။ တစ်နေရာတွင် ဆက်ရပ်ကာ အခြေအနေကို စောင့်ကြည့်နေခဲ့မိ။

"ဟေး . . . ဟော . . . ဝေါင်း"

ထိုစဉ် ကျားတစ်ကောင်၏ နာကျင်စွာ ဟိန်းဟောက်လိုက် သောအသံကြီးတစ်သံကို မမျှော်လင့်ဘဲ ကြားလိုက်ကြရသည်။

"ဟော . . . ဟိုဘက်ကလာတဲ့အသံ"

တာတောက ချုံပုတ်မြောင်း တစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။

"ဟော သွားကြမယ်"

"ဖိသတိထားနော်။ သည်ကောင်ကြီးက ဘယ်လိုမှ မပြေးနိုင် တော့ဘူး။ တစ်နေရာတည်းမှာ ခိုနေပြီး အော်လိုက်တာ"

တာတောက သတိပေးလိုက်သည်။ သေနတ်ကို အသင့်ချိန်ရွယ် ပြင်ကာ သတိနှင့် ရှေ့ကို တိုးလာခဲ့ကြသည်။ ခပ်လှမ်းလှမ်းမှာ ချုံကြီး တစ်ချုံ။ ချုံက တလှုပ်လှုပ်။ သတ္တဝါတစ်ကောင်ရှိနေသည်မှာ သေချာ နေပြီ။

ကံရာအော့သည် သေနတ်ကို ချုံထဲသို့ ဖြောင့်ဖြောင့်ချိန်ထား လိုက်သည်။ ရှေ့ဆိုးကိုတော့ မတိုးတော့။ ကိုကျန်နှစ်ယောက်ကွာအလှလောက် မှာ ရပ်တား အဖိအနွဲ့ရပ်၍ ချိန်ထားလိုက်သည်။ ချုံက လှုပ်နေသည်။ မကြာမီ ကျားသတ္တဝါကောင်၏ ဦးခေါင်းပိုင်းက တဖြည်းဖြည်းနှင့် ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သေနတ်ပြောင်းဝက ပစ်မှတ်ဆီကို ရွေ့သွားသည်။

"ဒိုင်း"

"အုး . . . ဝေါင်း"

အော်လိုက်သံကား နားကွဲမတတ်။ တစ်တောလုံး ဟိန်းထွက်သွားသည်။ သည်တစ်ခါလည်း မိမိရကြီးကို ထိသွားခဲ့ပြန်လေပြီ။ ကျားကြီးသည် ချုံထဲမှ နောက်ကျွမ်းပစ်ကာ ထွက်လာသည်။ ကံရာဇာနှင့် ဆယ်ကိုက်အကွာလောက်မှာ ဘုတ်ခနဲဆို လာကျသည်။ ခြေလေးဖက်အကျနှင့် ကျားကြီးကို သူတို့ မြင်လိုက်ကြရသည်။ အခြေအနေက ခေါင်းတစ်ခြမ်းမရှိတော့။

သို့သော် ကျားကြီးသည် ဝမ်းခေါင်းသံကြီးပေးကာ တဟာမ်းဟာမ်းနှင့် မာန်ဖီနေသည်။ ကံရာဇာသည် ကျားကြီးကိုကြည့်ကာ အံ့အားသင့်သွားမိရသည်။ မည်သည့်အကြောင်းကြောင့် ချက်ချင်းလဲမကျသွားပါသလဲ။ တစ်ချက်တည်းနှင့် ဘိုင်းခနဲ ပစ်လဲကျကာ သေပွဲဝင်ဖို့ ကောင်းနေသည့်အခြေအနေ။ ထို့ကြောင့် ဖလုတ်ထဲတွင် ကျည်တစ်တောင့်ကို ချက်ချင်းထည့်မိလိုက်သည်။ မတ်တတ်ရပ်လျက်ကပင် သေချာစွာ ချိန်ကာ ပစ်ထည့်လိုက်သည်။

"ဒိုင်း"

"အုး . . . ဝေါင်း"

ကျားကြီးထံမှ နာကျင်စွာ အော်လိုက်သံက ထွက်ပေါ်လာခဲ့ပြန်သည်။ ကျည်က လည်တိုင်ကို ပစ်ချိုးလိုက်သည်။ ခေါင်းကြီးလည်ထွက်သွားကာ ပစ်လဲကျသွားသည်။ လည်ပင်းမခိုင်တော့၍ ခေါင်းထောင်၍ မရတော့။ မြေပြင်မှာ လူးလိမ့်လျက်ရှိသည်။ တော်တော့်ကို အသက်ပြင်း





သည့်ကျားကြီး။ သည်တစ်ခါတော့ ဘာမှမတတ်နိုင်တော့။ သေဖြစ်ပြီ။

သို့သော် လူးလိမ့်အော်ဟစ်နေသော ကျားကြီးသည် ချက်ချင်းပင် နေရာမှ ထပြေးသွားခဲ့ပြန်သည်။

"ဟာ"

ကံရာဇာသည် သည်တစ်ခါတော့ ဘယ်လိုမှနားမလည်နိုင်အောင်ပင် ဖြစ်သွားခဲ့ရလေသည်။ နေရာမှာတင် ဘိုင်းခနဲလဲပြီး သေနိုင်လောက်သည့် ဒဏ်ရာကြီးရထားသည့်တိုင် အကြိမ်ကြိမ်ပင် ထပြီးတော့ ပြေးနေခြင်းသည် သဘာဝမကျ။ မဖြစ်နိုင်တော့။ ထို့ကြောင့် စိတ်ထွက်လာပြီဖြစ်ကာ ကျားကြီး၏နောက်က ပြေးလိုက်သွားခဲ့လေသည်။ သို့သော် ကျားကြီး ဘယ်ဘက်ကိုပြေးသွားမှန်းပင် မသိလိုက်တော့။ ခန့်မှန်း၍မရလောက်အောင်ပင် ခြေရာက ပျောက်သွားခဲ့လေပြီ။

ကျားနာကြီးသည် တစ်နေရာရာကနေ၍ မိမိကို စောင့်နေကာ ချောင်းမြောင်းနေလိမ့်မည်ဟု ထင်မိသည်။ ရှေ့လည်း မတိုးရဲ၊ နောက်ကိုလည်း မဆုတ်ရဲ။ တစ်နေရာတည်းမှာရပ်နေကာ သေနတ်ကို ကျည်အသင့်ထိုးလျက် စောင့်နေသည်။ ကံရာဇာသည် တာတေ မိမိနှင့်အတူ လိုက်ပါမလာခဲ့သည်ကို သတိရမိသွားသည်။ ကျားနောက်ကိုလိုက်ရင်းနှင့် လူစုကွဲသွားသည်ဟု ထင်မိသည်။ ထိုစဉ် . . .

"ဝေါ"

ဥသြဆွဲသလို ကျယ်လောင်သော အသံကြီးတစ်ခုက ထွက်ပေါ်လာပြီး တစ်စုံတစ်ရာသည် ဝေါခနဲဆို မလှမ်းမကမ်းက ဖြတ်သွားသည်။ တော်တော်နှင့် မဆုံးနိုင်သောအသံကြီး။ မြေပြင်နှင့်ပွတ်ဆွဲသွားသည်။ ရှည်ကြာသည်။ အကောင်အထည်ကို မမြင်ရ။ အသံက

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် ဝေးသွားသည်။ ဘာမှန်းလဲမသိရ။ ကံရာဇာသည် သေနတ်တပြင်ပြင်နှင့် သတိတော့ထားနေရသည်။ ကြီးမားသော ရော မြွေကြီးတစ်ကောင်လည်း ဖြစ်နိုင်သည်။

ကံရာဇာသည် တစ်နေရာတည်းမှာ ရပ်နေလို့မဖြစ်မှန်း သိလာ သည်။ ထို့ကြောင့် အရဲစွန့်ပြီး ရှေ့ကိုသာ ဆက်လျှောက်သွားသည်။ ထိုစဉ် . . .

"ဖြောင်း"

ကျောဘက်မှ ထွက်လာသည့်အသံ။ နောက်ကိုလှည့်ကြည့် လိုက်သည်။ ဘာကောင်မှမတွေ့ရ။ သားကောင်တစ်ကောင်က မိမိ နောက်က လိုက်နေသည်ဟု ထင်မိသည်။

"ဒုန်း . . . ဒုန်း"

မြေပြင်သည် သိမ့်သိမ့်တုန်လာခဲ့သည်။ ရင်ထဲမှာ ထိတ်ခနဲဆို ဖြစ်သွားခဲ့ရသည်။ ဤမျှလောက် ကြီးမားသည့်အသံကြီးသည် ဆင်အုပ် တစ်အုပ်၏ ခြေသံများပဲဖြစ်နိုင်သည်။

"ဆင်အုပ်ကြီး ငါ့အနားကို ရောက်နေတာလား"

တွေး၍မှ မဆုံးမီ . . .

"ဂူး . . . အူး"

ဆင်အော်သံများက ထွက်ပေါ်လာခဲ့ကြလေသည်။ ကံရာဇာ သည် မည်သည့်နေရာက ထွက်ပေါ်လာသည့်အသံများလည်းဟု ဟို သည် လိုက်ပြီးတော့ အကဲခတ်ကာ ကြည့်နေသည်။

"ဂူး . . . အူး"

ဆင်အော်သံများသည် ဆက်တိုက်ဆိုသလိုပင် ထွက်ပေါ်လာ





ခဲ့ကြသည်။

"ဖြောင်း"

"ဝုန်း"

တောတိုးသံများကိုပါ ကြားလာခဲ့ရသည်။ ကောင်ရေများသော ဆင်အုပ်ကြီးတစ်အုပ်သည် သူ့ဆီကိုလာနေကြပြီဖြစ်ပါ၏။ သည်အတိုင်း ၊ ခံစားမိလိုက်သည်။ မကြာမီမှာပင် မိမိ၏ကျောဘက် ခပ်လှမ်းလှမ်း ကစ်နေရာမှာ မည်းမည်း မည်းမည်းနှင့် လာနေသော ကောင်ရေတစ်ရာ ကျော် မနည်းသော ဆင်အုပ်ကြီးတစ်အုပ်ကို လှမ်း၍မြင်လိုက်မိသည် ဖြစ်ပါသတည်း။

"ဂူး . . . အူး"

ဆင်ရိုင်းကြီးများသည် ဦးကင်းထက်တွင် နှာမောင်းကြီးများကို မြှောက်တင်ကာ အမုန်ယစ်၍ အော်ဟစ်နေကြသည်။ ကံရာဇာသည် ပေလည်ာမှာရောက်နေ၍ လေအောက်မှာရှိနေကြသော ဆင်အုပ်ကြီး သည် အနံ့ရသွားဟန်တူသည်။ ကံရာဇာ၏နောက်ကို တစ်ရှိန်ထိုးပင် လိုက်ကြလေတော့သည်။

"ဂူး . . . အူး"

"ဖြောင်း . . . ဖြောင်း"

"ဟာ . . . ငါ့နောက်ကို လိုက်လာကြပြီ"

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၄ )

## ထန်းသီးကြွေခိုက် ကျီးနင်းခိုက်

နောက်မှနေ၍ တဝုန်းဝုန်းနှင့်ပြေးလိုက်လာနေကြသော ဆင်အုပ်ကြီးကြောင့် ကံရာဇာမှာ နောက်ကိုပင် လှည့်မကြည့်နိုင်တော့။ ဦးတည်ရာကို စွတ်ရွတ်ပြီးတော့ ပြေးနေရသည်။ ဆင်အုပ်ကြီး၏အသံသည် တစ်တောလုံးကို ဆူညံစေခဲ့သည်။ အပင်ငယ်များ၊ ချုံများသည်လည်း ဆင်ကြီးများ၏ ခြေထောက်အောက်မှာ ထောင်းလမောင်းကြေခဲ့ပြီမှာ ထင်မိသည်။

တော်တော်ဝေးဝေးအထိ ပြေးလာခဲ့ရာ ကြာတော့ မောဟိုက်လာခဲ့သည်။ ဆင်အုပ်ကြီးကလည်း မိမိကို မီအောင်လိုက်မလာနိုင်။ ထိုစဉ် နောက်မှလိုက်လာကြသောအသံများက ရုတ်တရက် တိတ်ဆိတ်





သွားကြသည်။ မည်သည့်အကြောင်းကြောင့်လည်း မသိ။ ပြေးနေရာမှ ရပ်လိုက်ပြီး နောက်ကို လှည့်ကြည့်မိလိုက်သည်။

တစ်တောလုံးသည် တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ ဆင်အုပ်ကြီးကိုလည်း မတွေ့ရတော့။

"ဟင် . . . ဘယ်လိုဖြစ်တာလဲ။ ဆင်အုပ်ကြီး ဘယ်ရောက်သွားသလဲ"

အံ့အားသင့်သွားမိသည်။ ဆင်အုပ်ကြီးက လမ်းကြောင်းပြောင်းပြီး တခြားဘက်ကို ပြေးသွားခဲ့လျှင်လည်း အသံဗလံတွေကို ကြားရပေလိမ့်မည်။ ခုတော့ ဘာသံမှမကြားရ။ တစ်တောလုံး ချောက်ချားစရာကောင်းအောင်တိတ်ဆိတ်သွားသည်။

ကံရာဇာ အတွေးတစ်မျိုးပေါက်သွားသည်။ ပြုံးမိလိုက်သည်။ သူ လမ်းပျောက်နေပြီဖြစ်သည်။ အပြန်လမ်းကို တွေ့လိုတွေ့ငြားအတွေးနှင့် ဆက်ပြီးလျှောက်လာခဲ့သည်။ တစ်နေရာကိုအရောက်တွင် လမ်းမှာ သေဆုံးနေသော တောခွေးတစ်ကောင်ကို တွေ့လိုက်ရသည်။ ခေါင်းတစ်ခြမ်းပွင့်ထွက်နေသည်။ လက်ပြင်နောက်မှာလည်း ကျည်ဆံရာတစ်ပေါက်၊ ဘယ်လိုအကြောင်းကြောင့် တောခွေးသည် ကျည်ဆံရာနှစ်ချက်နှင့် သေဆုံးနေရပါသလဲ။ စဉ်းစားရင်း အတွေးပေါက်သလိုလို ရှိလာခဲ့သည်။ ချောက်ချားမှုတစ်မျိုးကို ခံစားလိုက်ရသလိုပင်။

အာလောကတော၊ မယာတောကြီးထဲမှ အမြန်ဆုံးထွက်မှ ဖြစ်မည်။ ထွက်ဖို့ထွက်ပေါက်ကို မဖြစ်မနေရှာရမည်။ တာတေကို တွေ့လိုတွေ့ငြား ဟိုသည်လိုက်ပြီးတော့ ကြည့်နေမိလိုက်သေးသည်။ နှစ်ယောက်ဆိုတော့ ကြည့်နေမိလိုက်သေးသည်။ နှစ်ယောက်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်တို့ရှာရင်း အဖော်ရနိုင်သေးသည်။ တာတေ့ကို တွေ့ရန် မျှော်လင့်ချက်က မရှိ။ သေနတ်ကိုထမ်းကာ တစ်ကိုယ်တည်းပဲထွက်လာခဲ့သည်။ သည်လိုနှင့် တစ်နေရာကို ရောက်လာခဲ့သည်။

သူ့မျက်လုံးထဲမှာ သစ်ပင်ကြီးတွေသည် လေမတိုက်ဘဲ လှုပ်ယမ်းနေသည်ဟု ထင်မိသည်။ အကြောက်အလန့်မရှိ။ ထိုလှုပ်ယမ်းနေသော သစ်ပင်ကြီးတစ်ပင်ဆီကို လျှောက်သွားသည်။ သစ်ပင်ကြီး၏အောက်ကို ရောက်သွားသောအခါ လှုပ်ယမ်းမှုမရှိတော့ဘဲ ငြိမ်သက်သွားခဲ့လေသည်။

"ငါပဲ စိတ်ထင်တာလား"

စောစောက မောမောပန်းပန်းနှင့် ပြေးခဲ့ရ၍ စိတ်လှုပ်ရှားကာ အလိုလိုထင်နေခြင်းလည်းဖြစ်နိုင်သည်။ လမ်းကသာနေသည်။ စောစောကလိုမျိုး မဟုတ်တော့။ စိတ်အနှောင့်အယှက်ကင်းမဲ့နေသလိုမျိုး ထွက်ပေါက်ကို တွေ့နိုင်တော့မည်ဟု အလိုလိုပင် ထင်နေမိသည်။

တစ်နေရာကိုအရောက်တွင် လွန်စွာမှ ကြီးမားသော သစ်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရလေသည်။ ပင်စည်ကြီးသည် ဝိုင်းစက်နေကာ အချင်းပေ ငါးဆယ်လောက်ကို ရှိနေသည်။ ကံရာဇာသည် ကိုယ့်မျက်စိကိုပင် မယုံနိုင်။

"အိမ်တစ်လုံးစာလောက်ကြီးမားနေတဲ့ သစ်ပင်ကြီးပါလား။ ဟုတ်မှ ဟုတ်ပါ့မလား။ ငါပဲ အမြင်မှားသလား"

မိမိရှေ့မှောက်ရောက်နေသော်လည်း မယုံချင်ချင်၊ အပင်ကြီးသည် မြင့်မားသည်။ အကိုင်း၊ အခက်၊ အရွက်တွေက ဘေးကိုပြန့်ကားပြီးတော့ ထွက်နေကြရာတွင် ကြည့်ရသည်မှာ အဝေးကို တော်တော်နှင့်





မရေ့နိုင်။

ထီးကြီးဖြန့်မိုးထားသလို ဖြစ်နေသည်။ ဤအပင်ကြီးတစ်ပင်တည်းနှင့်ပင် ပေသုံးရာလောက်အထိ အပေါ်မှာ အုပ်အုပ်ဆိုင်းဆိုင်း ဖြစ်နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးကို နေရာယူထားလေသည်။

အပင်ကြီး၏အောက်ခြေမှာ ပေါင်းပင်၊ မြက်ပင်များက မရှိ။ ရှင်းလင်းလျက်ရှိနေသည်။ သို့သော် အပင်တစ်ပတ်လည်အောင် ကြည့်မိသည်။ သဘာဝထက်လွန်ကဲနေသော အပင်ကြီးသည်။ သက်တမ်းကမနည်းတော့။ နှစ်ထောင်ချီမကရှိနေပြီဟု ထင်မိသည်။ အရွက်တွေကလည်းတစ်မျိုး။ တြိဂံပုံ ထောင့်စွန်းများရှိနေကြသည်။ အရွက်များအားလုံးက စိမ်းလန်းနေကြသည်။ အဝါရောင်တစ်ရွက်ကိုပင် မတွေ့ရ။ ဘာပင်ကြီးမှန်း မသိ။

တစ်နေရာတွင် အပင်ကြီး၏အောက်၌ သစ်ခေါင်းပေါက်ကြီးတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ အဝသည် ဘေးနှုတ်ခမ်းသားများက သပ်သပ်ညီညာလျက်ရှိသည်။ သစ်စ၊ သစ်မွေးများ ဖြာထွက်မနေ။ ဘဲဥပုံသဏ္ဍာန်ဖြစ်သည်။ ကံရာဇာ စိတ်ဝင်စားသွားသည်။ ခေါင်းထိုးပြီး အထဲကို ကြည့်လိုက်သည်။ မှောင်မနေဘဲ အပြင်မှ အလင်းရောင်က ဝင်နိုင်သလောက်ဝင်လျက်ရှိသည်။ အထဲမှာ တော်တော်လေးကို ကျယ်ဝန်းပုံရသည်။ မိမိကို အန္တရာယ်ပေးနိုင်သော သတ္တဝါမရှိနိုင်ဘူး ဟု ယုံကြည်စိတ်ချနိုင်လောက်မှ အထဲကို ခြေတစ်လှမ်းစပြီး ဝင်လိုက်သည်။

နောက်တော့ တစ်လှမ်းပြီးတစ်လှမ်း တိုးပြီးတော့ ဝင်လာခဲ့သည်။ မိမိခြေတစ်လှမ်းလှမ်းတိုင်းမှာ အလင်းရောင်က ရှေ့ကို ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာလေလေဟု ထင်ရသည်။ ကြီးမားကျယ်ဝန်းသော သစ်ခေါင်းဂူကြီးထဲမှာ ကံရာဇာတွေ့လိုက်ရသည်။ အရောက်ာ ႏ ရုပ်တုများပင်တည်း။ အချို့ကား မတ်တတ်ရပ်နေကြသည်။ ရှည်လျားသောဆံပင်ကြီးများသည် မြေပြင်အထိ ရောက်နေကြသည်။ မတ်တတ်ရပ်နေကြသော ပုဂ္ဂိုလ်ကြီးများသည် မျက်ခွံတွေကိုပိတ်ထားကြသည်။ ထိုင်နေသော ပုဂ္ဂိုလ်များသည် (အချို့မှာ) မျက်လုံးတွေ ပွင့်နေကြသည်။ ရှည်လျားသော မုတ်ဆိတ်မွေးများ၊ ပါးမြိုင်းမွေးများသည် ထူပျစ်ခဲ့နေကြသည်။

ခေါင်းထက်မှာ ဖော့လုံးခေါင်းပေါင်းများ၊ ဦးထုပ်နီနီချွန်ချွန်များကို ဆောင်းထားကြသည်။ အချို့ကား ဦးခေါင်းထိပ်တည့်တည့်၌ ဆံကျစ်များကို ထုံးနှောင်ထားကြသည်။

ကံရာဇာသည် အသက်ဝင်လွန်းလှသော ရုပ်တုများကို ကြည့်ပြီး တအံ့တသြဖြစ်မိသည်။ မည်သည့်အကြောင်းကြောင့် ဤသစ်ပင်ကြီး၏ အခေါင်းကြီးထဲမှာ တစုတဝေးနှင့်ရှိနေရပါသလဲ။ စိတ်ထဲမှ ရေတွက်ကြည့်ရာ ဆယ်ဦးတိတိရှိနေသည်။ တစ်ဦးနှင့်တစ်ဦး ငါးပေစီကွာဝေးကြသည်။ ကံရာဇာစိတ်ထဲမှာ သက်ာမကင်းဖြစ်နေမိသည်က ဆံပင်မွေးများ၊ မုတ်ဆိတ်ကျင်စွယ်များပင် တကယ့်သက်ရှိတစ်ဦး၏ အမွေးအမှင်များအတိုင်းရှိနေကြသည်။ မျက်လုံးပွင့်နေကြသော ပုဂ္ဂိုလ်များ၏မျက်လုံးများမှာ ပတ္တတိပင် ကြည်လင်လျက်ရှိနေကြသည်။ မိမိကို စူးစိုက်ပြီး အကဲခတ်နေသလားဟုပင် ထင်မိရသည်။ ကျောထဲမှာ စိမ့်ခနဲ စိမ့်ခနဲနှင့် ဖြစ်သွားခဲ့သည်အထိပင်။

"ရုပ်တုတွေမှ ဟုတ်ရဲ့လား"

တဖြည်းဖြည်းနှင့် သံသယတွေဝင်လာခဲ့ရလေသည်။ ရုပ်တု





များမဖြစ်နိုင်တော့။ ခံစားချက်တစ်မျိုးက သက်ရှိများဖြစ်နိုင်သည်ဟု နားလည်လာမိသည်။ လက်နှင့်ထိတွေ့မိလိုက်သည်။ မိမိကြားဖူး၊ မှတ်ဖူး၊ ဖတ်ဖူးသည်။ သူတော်စင်များသည် လူသူများကင်းဝေးရာ ဆိတ်ငြိမ်ရာအရပ်တွင် တရားကျင့်ကြံအားထုတ်ကြသည်။ နှစ်ကာလကြာရှည်စွာ မလှုပ်မယှက်နှင့်ပင် ဈာန်ဝင်စားနေကြသည်။ လောကီကျင့်စဉ်များကို ကျင့်ကြံအားထုတ်ကြသူများဟု။

ရုပ်တုပဲဖြစ်စေ၊ သက်ရှိပဲဖြစ်စေ၊ အနှောင့်အယှက်မပေးလိုတော့။ လက်အုပ်ချီကာ ကန်တော့လိုက်သည်။ ထိုနေရာမှ ထွက်သွားရန် စိတ်ကူးမိလိုက်စဉ်မှာပင် . . .

"တောက်"

ဖောက်ခနဲဆို ထွက်ပေါ်လာသော အသံတစ်သံကို မမျှော်လင့်ဘဲ ကြားလိုက်ရသည်။ အသံထွက်ပေါ်လာရာဆီကို လှမ်းကာ ကြည့်မိလိုက်သည်။ ခပ်လှမ်းလှမ်းတွင် ကျောက်ပြားနီနီကြီးတစ်ချက်ကို တွေ့လိုက်ရသည်။ လေးထောင့်စပ်စပ်ဖြစ်ပြီး ယင်းအပေါ်မှာ ပုလင်းလေးတစ်လုံးက လည်ပတ်လျက်ရှိသည်။ ပုလင်းလေးသည် တစ်လက်မလောက်ပဲမြင့်မည်။ မည်သည့်နေရာက ရောက်ရှိလာမှန်းလည်းမသိရပေ။

ကံရာဇာ ရောက်သွားသောအချိန်တွင် ပုလင်းလေးမှာ လည်ပတ်နေသေးဆဲ။ နောက်တော့မှ တဖြည်းဖြည်းနှင့် အလည်ရပ်သွားသည်။ ကံရာဇာသည် ယင်းပုလင်းလေးကို ကောက်ယူလိုက်သည်။ ဖော့ဆို့လေးနှင့် ဆို့ကာ ပိတ်ထားသည်။ အထဲမှာ ရွှေအိုရောင်အမှုန့်လေးများကို တွေ့ရသည်။

အဆို့ကိုဖွင့်ကြည့်လိုက်သည်။ မွှေးပျံ့သော အနံ့ကထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပုလင်းထဲမှ အမှုန့်များကို လက်ဝါးပေါ်အနည်းငယ်ချသည်။ လျှာနှင့် လျက်ကြည့်သည်။ ချိုသလို၊ ဖန်သလို၊ ပြာမှုန့်ကို စားမိသလို အရသာမျိုး ခံစားမိရသည်။ ဝမ်းထဲမို့ချမိလိုက်သည်။ တစ်ကိုယ်လုံး ဖျင်းဖျင်းနှင့် ဖြစ်လာသည်၊ ခေါင်းထဲမှာလည်း မူးမိုက်သလိုမျိုး ဖြစ်သွားပြီးမှ တစ်ဖန် ပြန်ပြီးတော့ ကြည်လင်လာမိသည်။ စောစောက ပြေးလွှားခဲ့၍ မောပန်းခဲ့သမျှ အမောပြေသွားရုံသာမက ယခင်ကထက် ခွန်အားတွေ အဆများစွာ ပြည့်လာသလိုပင်။

ပုလင်းအဆို့ကို ပြန်ပြီးတော့ ပိတ်လိုက်သည်၊ သို့စဉ်မှာပင် လျှင် ပုလင်းသည် အမှတ်မထင်ပင် အောက်ကို လွတ်ကျသွားခဲ့လေ၏။ လိမ့်လိမ့် လိမ့်လိမ့်နှင့် ထွက်သွားခဲ့လေရာ ကံရာဇာက နောက်မှ လိုက်ဖမ်းသည်။ မမီတော့ပါ။ ရွှင်းပေါက်တစ်ခုထဲကို ကျသွားခဲ့လေတော့သည်။ ကံရာဇာသည် သက်ပြင်းချမိလိုက်သည်။ ပိမိနှင့် မထိုက်တန်၍ ဘဲလားဟု စဉ်းစားမိလိုက်သည်။ ထို့နောက် သစ်ခေါင်းကြီးထဲမှ ပြန်ပြီးတော့ ထွက်လာခဲ့လေသည်။ အပြင်ကိုရောက်သော . . .

"ဟင် . . . ကိုတာတေ"

အံ့အားတသင့်ဖြစ်သွားမိသည်။ သူ့ရှေ့မှာရပ်နေသူက အခြားသူ မဟုတ်။ တာတေပင်တည်း။ တာတေသည် သူ့ကို စမ်းသောအသွင်နှင့် ကြည့်နေသည်။

"ခြော် . . . ကိုကံရာဇာ ခင်ဗျား ပျောက်သွားလို့ ကျွန်တော် လိုက်ရှာနေတာ။ လက်စသတ်တော့ သည်နေရာကို ရောက်နေတာကိုး"

တာတေသည် ပျာပျာသလဲ အနေအထားနှင့် ပြောလိုက်သော်လည်း ကံရာဇာကို မသင်္ကာသော မျက်လုံးများနှင့် ကြည့်နေမိသည်။





သို့သော် ချက်ချင်းပင် အမူအရာကို ပြောင်းပစ်လိုက်သည်။

"ဒါ . . . ဒါနဲ့ ခင်ဗျား ကျားနောက်ကိုလိုက်တာ တွေ့ရဲ့လား"

"မတွေ့ပါဘူးဗျာ။ ကျားလည်း ဒါလောက်အက်ရာကြီး သုံးလေးခုရထားတာတောင် ပြေးနိုင်သေးတယ်။ နောက်တော့ ဘယ်ပျောက်သွားမှန်းကို မသိတော့ဘူး"

"ဒါနဲ့ ခင်ဗျား သည်ဘက်ကို ဘယ်လိုရောက်လာတာလဲ"

"လမ်းလျှောက်နေလို့ တောထဲကထွက်နိုင်မယ့်လမ်းစကို ရှာရင်း ရောက်လာခဲ့တာပဲ ကိုတာတေ။ ဒါထက် ဟောသည်နေရာက တော်တော်လေးကို ထူးခြားတယ်ဗျာ။ သည်သစ်ပင်ကြီးကိုပဲကြည့်ဗျာ။ ဒါလောက်ကြီးမားတဲ့ သစ်ပင်ကြီးကို သည်တစ်ခါပဲ မြင်ဖူးသေးတယ်။ ကမ္ဘာပေါ်မှာတောင် ဘယ်နေရာမှာမှ ရှိလိမ့်မယ် မထင်ဘူး"

"ခင် . . . ခင်ဗျား သည်အထဲကို ဝင်ခဲ့ပြီးပြီမဟုတ်လား"

"ဟုတ်တယ်။ သည်အထဲမှာ ကျွန်တော် ဘာမြင်ခဲ့သလဲ သိလား"

"သဘောပေါက်ပြီ။ သည်နေရာကို တော်ရုံလူတွေ မရောက်နိုင်ဘူး။ ခင်ဗျား ကံကောင်းတယ် ကိုကံရာဇာ။ တစ်ခုရှိတယ်။ ခင်ဗျား မြင်ခဲ့၊ တွေ့ခဲ့တာတွေကို ဘယ်သူ့ကိုမှ မပြောပါနဲ့"

"မပြောနဲ့ဆိုလည်း မပြောပါဘူးဗျာ။ ဒါနဲ့ ခင်ဗျား သည်နေရာကို သိနေတယ်ပေါ့"

"အင်း . . . ကျွန်တော်လည်း အစက မသိပါဘူး။ ခင်ဗျားလိုပဲ။ အမှတ်မထင် တွေ့ခဲ့တာပဲဆိုပါတော့။ မသူတော်တွေသာ သိသွားခဲ့ကြရင် အနှောင့်အယှက်ပေးတန် ပေးကြမှာဗျ။ သည့်ထက်ဆိုးတာတွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးရှိနိုင်သေးတယ်။ မမြင်ရ၊ မတွေ့ရလို့သာ။ ဒါ . . . ဟိုအရင်က သူတော်စင်တွေ တရားအလုပ်လုပ်တဲ့နေရာအစစ်အမှန်ဖြစ်တယ်"

"အေးဗျာ . . . ကံထူးလို့သာ တွေ့ရတယ်လို့ပဲ ဝမ်းမြောက်မိပါတယ်"

"ကဲ . . . ခင်ဗျားလည်း သည်တောထဲက ထွက်ချင်ပြီ မဟုတ်လား။ လာ . . . သွားကြရအောင်"

"ကိုတာတေကလည်းဗျာ သည်မှာ ထူးထူးဆန်းဆန်းတွေ ရှိနိုင်သေးတယ်ဗျ။ ကျွန်တော် စိတ်ဝင်စားတယ်၊ လိုက်ရှာကြည့်ရအောင်ဗျာ"

"မဟုတ်သေးဘူး ကိုကံရာဇာ။ ခင်ဗျား ကံကောင်းလို့ သည်နေရာကိုရောက်လာခဲ့တာ။ သည့်ထက်ပိုပြီးတော့ အခွင့်အရေးယူဖို့ မစဉ်းစားပါနဲ့ဗျာ။ ပုဂ္ဂိုလ်တွေက ဒါလောက်လေး ခွင့်ပြုထားတာကိုပဲ ကျေနပ်ပါ။ သည့်ထက်ကြာသွားခဲ့ရင် ဆိုးကျိုးတွေဖြစ်လာလိမ့်မယ်။ လာပါဗျာ . . . သွားကြရအောင်"

တာတေသည် ကံရာဇာကို အတင်းတွန်းထိုးကာ ခေါ်သွားခဲ့သည်။ ကံရာဇာလည်း မလွှဲမရှောင်သာ၍ တာတေခေါ်ဆောင်ရာကို လိုက်ပါခဲ့ရသော်လည်း တွေ့ခဲ့လှပါဘိသော ဤလိုနေရာမျိုးကို ထပ်ပြီးတော့ မြေ့လာချင်သေးသည်။

သည်လိုနှင့် တာတေက အတင်းခေါ်လာခဲ့၍ ဘယ်ဆီကို ရောက်လာမှန်းပင် မသိတော့။ သတိရ၍ နောက်ကိုပြန်လှည့်ကြည့်လိုက်ရာ . . .

"ဟင်"





တောအုပ်အသွင်သည် ချက်ချင်းပင် ပြောင်းလဲသွားသည်။ စောစောကနေရာကိုလည်း မမှတ်မိတော့ချေ။ မိမိကို မည်သည့်နေရာက ခေါ်လာမှန်းလဲ မမှတ်မိတော့။ ကံရာဇာသည် ရောက်သည့်နေရာမှာ ခဏ ရပ်လိုက်ကာ ဟိုသည် လိုက်ပြီးတော့ ကြည့်နေသည်။

"ကိုယ့်လူ . . . စောစောကနေရာကို လိုက်ရှာနေတယ် ထင်တယ်။ မလွယ်ဘူးလေ။ ခင်ဗျား နောက်တစ်ခါပြန်ပြီးတော့ သွားချင်ပါတယ်ဆိုရင် အသက်နဲ့ရင်းရဦးမှာပဲ။ ကဲပါဗျာ . . . ကျွန်တော်က စေတနာနဲ့ သတိပေးတာကို လက်ခံစမ်းပါ"

ကံရာဇာလည်း စိတ်လျှော့လိုက်ရလေတော့သည်။ ယခုအခြေအနေမှာလည်း အပြန်လမ်းကို မိမိ မသိသေး။ တာတေကိုသာလျှင် အားထားရပေမည်။ သည်တစ်ခါ လူချင်းကွဲသွားခဲ့လျှင် တောထဲမှာပင် တဝဲလည်လည်နှင့် နိဂုံးချုပ်သွားနိုင်သည်။ တာတေ၏ အသက်နှင့်ရင်းရဦးမှာပဲဟူသည့်စကားသည် အကြောင်းမဲ့သက်သက် သတိပေးခြင်း မဟုတ်တန်ရာ။

"ဟုတ်ပါပြီလေ . . . ကျွန်တော်လည်း စိတ်ဆန္ဒပြင်းပြသွားလို့ပါ။ ပြန်လမ်းကိုလည်း ခင်ဗျားပဲ သိတယ်ဆိုတော့ ကိုယ်စိတ်ရှိတိုင်း သွားလို့ မဖြစ်ဘူးလေ"

"ခင်ဗျား ဒုက္ခမရောက်စေချင်လို့ပါဗျာ။ စေတနာနဲ့ပါ . . . လာ လာ"

တာတေသည် ကံရာဇာကို နောက်ကနေမလိုက်စေဘဲ သူနှင့် အတူတူပင် လျှောက်စေသည်။ သည်လိုနှင့် . . .

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



ကံရာဇာဆိုသည့်လူကို နောက်ထပ်မတွေ့ရတော့။ သို့သော် တာတေသည် ကံရာဇာနှင့်ပတ်သက်ပြီးတော့ ဘဝင်မကျဖြစ်နေဆဲ။

"သည့်လူက ဘယ်ကလဲ။ အာလောကတောကြီးထဲကို ဘယ်လိုရောက်လာတာလဲ။ တောထဲမှာ ဘာအန္တရာယ်နဲ့မှမတွေ့ဘဲ အသက်နဲ့ ပြန်ပြီးတော့ ရောက်လာတာ ကံကောင်းတာပဲ။ ဒါနဲ့များတောင် ဟိုနေရာကို ကြံကြံဖန်ဖန် တွေ့ဖြစ်သွားသေးတယ်။ ဘဘသာသိရင် ငါ့ကို အပြစ်တင်မယ်။ ငါ ခေါ်လာတယ်လို့ထင်မှာပဲ"

(ဘဘဆိုသည်မှာ သူတော်စင်ကြီး သိဒ္ဓိဇလကို ခေါ်ခြင်းပင် ဖြစ်သည်။)

တာတေသည် သည်ရက်ပိုင်းမှာ အာလောကတောထဲကို မကြာ မကြာ ရောက်သည်။ ကံရာဇာဆိုသည့်လူကို မတွေ့ရတော့ပါပေ။

တစ်ရက်တွင် နပုလဲရွာမှ လူတစ်ဦးသည် တာတေဆီကို ရောက်လာခဲ့သည်။

"ကျွန်တော် ကိုတာတေနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်"

တိုးတိုးတိတ်တိတ် စကားပြောမည့်မှန်းသိ၍ လုံခြုံစိတ်ချရမည့် နေရာတစ်နေရာကို ခေါ်သွားခဲ့သည်။

"ကဲ . . . ဆို . . . ခင်ဗျားက ဘယ်ရွာကလဲ။ ကျွန်တော် တစ်ခါမှလည်း မမြင်ဖူးဘူး"

ထိုသူက ဝန်းကျင်ကို စိတ်မချဟန်နှင့် ဟိုကြည့် သည်ကြည့် နှင့် ရှိနေသည်။

"သည်မှာ ကိုယ့်လူ။ ခင်ဗျားပြောမှာသာ ပြော။ သည်နေရာကို





ဘယ်သူမှ မလာဘူး စိတ်ချ။ လွတ်လွတ်လပ်လပ်တိုင်ပင်လို့ရတယ်"

"ဟုတ်ကဲ့ . . . ကျွန်တော်က နပုလဲရွာကပါ။ မောင်ကျော်လို့ ခေါ်ပါတယ်။ ညီမတစ်ယောက်ရှိတယ်။ မအေးမိတဲ့။ ကျွန်တော်တို့မှာ သည်မောင်နှမနှစ်ယောက်တည်းရှိတယ်။ အဲ့ဒါဗျာ ဟိုအကောင် ဖိုးပေ ဆိုတဲ့ကောင်နဲ့ ကြိုက်ချင်နေတယ်။ သည်ကောင်က အရက်သမား၊ ဖဲ သမား၊ ဓားပြမှုတစ်ခုနဲ့တောင် မသင်္ကာလို့ အစစ်ဆေးခံရသေးတယ်"

"ခင်ဗျားက ကိုယ့်ညီမနဲ့ သည်လူကို သဘောမတူဘူးဆိုပါ တော့"

"ကျိန်းသေတာပေါ့ဗျာ။ ဒါပေမယ့် ခက်နေတာက ကျွန်တော့် ညီမဗျ။ သူ့ကောင်နဲ့ ဘယ်လိုမှခွဲထုတ်လို့ကို မရဘူး။ သည်ကောင် ဘာ ကောင်လည်းဆိုတာလဲ သူ မသိတာမဟုတ်။ သည်ကောင့်ကိုသာ ယူ လိုက်ရင် သည်တစ်သက် ဒုက္ခရောက်မှာ"

"အဲ့သည်တော့"

"ကိုတာတေ . . . ကြည့်လုပ်ပေးပါဗျာ"

"သည်လူ့အားနည်းချက်က ဘာလဲ"

"အင်း . . . ကယောင်ကတမ်းနဲ့ အိပ်ရာက ထထပြီး ယောင် ကတတ်တယ်။ အမြင့်ကို ထွက်ထွက်သွားတတ်တယ်။ စိတ်ဓာတ်က သူ့ ဟို လက်နဲ့ပုတ်ရင် ပြန်ပြီးတော့ ပုတ်တတ်တာမျိုး"

"သဘောပေါက်ပြီဗျာ"

မောင်ကျော်က တာတေ၏အကျီအိတ်ထဲသို့ ငွေစက္ကူများ ထည့်ပေးလိုက်လေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် တောထဲသို့ ထင်းခုတ်သွားကြသော လူတစ်စုသည် ချောက်ကြီးထဲမှာ သေဆုံးနေသော လူတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရသည်။

"ဟင် . . . လူတစ်ယောက်ပါလား။ ဘယ်လိုဖြစ်တာပါလိမ့်"

ဝံကိုက်သလား၊ ကျားခဲသလားဟု စစ်ဆေးကြရာ ကိုယ်ပေါ်တွင် မည်သည့်ဒဏ်ရာများကိုမှ မတွေ့ကြရ။ ဇက်ကျိုးပြီးတော့ သေဆုံးလျက်ရှိသည်။ ချောက်သည် အောက်ဘက်မှကြည့်လျှင် ပေတစ်ရာ့ငါးဆယ်လောက်နီးပါး နက်သည်။

"သည်လူ အပေါ်ကနေ ကျလာပြီး သေတာပဲဗျ"

သေဆုံးသူ၏ ရုပ်ရှာကို စုံစမ်းကြရာ နပုလဲရွာသား ဖိုးပေဟု သိကြရသည်။ တောအုပ်သည် ရွာနှင့် အတန်ငယ်ဝေးသည်။ ဖိုးပေသည် ထိုနေ့ညဦးကတည်းက အရက်ကို လွန်ကျွံစွာ သောက်လာသည်။ ဘာမှ မစားနိုင်ဘဲ အိပ်ရာထဲဝင်သည်ဟုဆို၏။ တစ်ရေးနိုးကြသော အိမ်သားများက ထိုအချိန်တွင် ဖိုးပေကို မတွေ့ကြရတော့ဟုဆို၏။ အိမ်မှ ယောင်ပြီးထွက်သွားတတ်သော အကျင့်ရှိသည်။ ညဥ့်ဘက်မှာ သေရည်ရောင်းချတတ်သော ခွက်ပုန်းဆိုင်များတွင် အချိန်မတော် လာရောက်၍ သောက်တတ်ကြသူများရှိကြသည်။ ဖိုးပေလည်း ထိုဆိုင်မျိုးကို ထွက်သွားသည်ဟု ယူဆထားကြသည်။ သို့မဟုတ် ယောင်ယမ်းသောအကျင့်ရှိသူမို့ အိပ်ရာမှ ထကာ ထွက်သွားသည်ပဲလား။ မိုးလင်းလျှင် ဖိုးပေကို ကောက်ရိုးပုံဘေး၊ သို့မဟုတ် သစ်ပင်တစ်ပင်အောက်မှာ တွေ့ရစမြဲ။

သို့သော် ယခုတော့ ဖိုးပေကို ဘယ်မှာမှမတွေ့ရတော့။ နှစ်ရက်သာ ကြာသွားခဲ့သည်။ သုံးရက်မြောက်သောနေ့မှာမှ ဖိုးပေ၏





သတင်းဆိုးကို ကြားလိုက်ကြရခြင်းပင် ဖြစ်သည်။ အားလုံး၏မှတ်ချက် (အိမ်သားများအပါအဝင်) က ဖိုးပေသည် အရက်ကြောင်ကာ ယောင်ပြီး အိမ်ကထွက်သွားသည်။ တစ်ညလုံး ဦးတည်ရာလျှောက်သွားနေသည်။ နောက်ဆုံး တောထဲကို ရောက်သွားကာ ချောက်ထဲသို့ ကျသေရသည်ဟူ၍။ သို့သော် အရက်သမား၊ လူရမ်းကားတစ်ဦးဖြစ်သော ဖိုးပေသည် သူ့ကို မကျေနပ်သောသူ၊ မုန်းသောသူရှိလျှင်လည်း ရှိနိုင်သည်ဟု ထပ်ဆင့်အတွေးများက ဝင်လာကြလည်း မှန်သည်၊ မှားသည်ဟု မဆိုနိုင်။ သို့ဖြစ်ပါတလည်း ဖိုးပေကို လုပ်ကြံသော လက်သည်တရားခံကို ရှာမတွေ့နိုင်သေး။

ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသလို ဖိုးပေတစ်ယောက် သူ့အကုသိုလ်သူ့ဝင်ကာ သေကံရောက်သွားခဲ့သည်။ မအေးမိသည်လည်း ရည်းစားနှင့် သေကွဲကွဲခဲ့ရသည်။ ညီမနှင့်ဖိုးပေကို သဘောမတူသော မောင်ကျော်၏အလိုဆန္ဒကား ပြည့်ဝခဲ့ရသည်။

သို့သော် လက်ပြတ်တာတေသည် ဤအမှုကိစ္စတွင် ပါဝင်ပတ်သက်ခြင်းရှိ မရှိ မည်သူမှ မသိနိုင်။ မည်သည့်အမှုကိစ္စမဆို ဖြစ်ပေါ်လာပေစေ တာတေ့ကို မျက်စောင်းထိုးကြသည်။ ဖိုးပေ သေဆုံးသောကိစ္စကို မရှိးသားဟု ဆိုကြသည်။ အစစ်အဆေးခံရသည်မှာလည်း တာတေ။ တာတေ့ပုံစံနှင့် ကိုယ်ဟန်ဝလလေးကြောင့် ဖိုးပေ သေဆုံးသောကိစ္စနှင့် မပတ်သက်ဟု ဆုံးဖြတ်ချက်ချကြသည်။ တာတေကား မသင်္ကာဖြစ်ခြင်းမှ လွတ်မြောက်သွားခဲ့လေသတည်း။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၅ )

## မျက်လုံးအစ် ကျားမခံနိုင်

အာလောကတောကြီးထဲကို နောက်ထပ်တစ်ကြိမ် ရောက်လာသူ တစ်ယောက်။ သူကတော့ အခြားသူမဟုတ်။ ကံရာဇာ သူကား မှုဆိုး။ လက်ထဲမှာ အမဲလိုက်သေနတ်ကြီးကို ကိုင်ထားရသည်။ သူသည် တောထဲမှာ သားကောင်ကို ရှာဖွေလျက်ရှိသည်။ ထုံးစံအတိုင်းပင် သားကောင်ကို တောအစပိုင်းမှာ ရှာ၍မတွေ့။

သို့သော် သူ့အမူအရာက အေးအေးဆေးဆေးပင်။ သားကောင်ကို တွေ့လည်း အကြောင်းမဟုတ်၊ မတွေ့လည်း အကြောင်းမဟုတ်။ သူကား အပျော်တမ်း အမဲလိုက်သမား။ သူ တစ်နေရာပြီး တစ်နေရာ၊ တစ်ချိုပြီးတစ်ချို တိုးကာ သွားနေသလို သူ့နောက်ကလည်း မျက်ခြည်မပြတ်လိုက်နေသူက တစ်ယောက်။ သူကတော့ တာတေ။ လက်ပြတ်တာတေ။





"သည်လူ တောထဲကို ရောက်လာပြန်ပြီ"

တာတေ မကျေမနပ်ဖြစ်နေမိသည်။ တောနက်တွင်း တစ်နေရာဆီကို ထပ်ပြီးရောက်သွားမှာကို စိုးရိမ်နေမိသည်။ ကံရာဇာသည် သူ့နောက်က တောက်လျှောက်လိုက်နေသော သူတစ်ယောက်ရှိနေသည်ကို မသိ။ သားကောင်တစ်ကောင်ကို အဝေးမှနေ၍ လှမ်းပြီးမြင်လိုက်ရပါလေပြီ။ တောဝက်ကြီးတစ်ကောင်ပင်ဖြစ်သည်။ ဝါးရုံပင်ကြီးတစ်ခုမှ မျှစ်များကို ထိုးကော်ကာ စားသောက်နေသည်။ သူနှင့် အတန်ငယ်လှမ်းနေသေးသည်။ တောဝက်ကြီးသည် ကျောပေးလျက် အနေအထားရှိနေသည်။

ကံရာဇာသည် ပစ်ခတ်နိုင်ရန် လက်လှမ်းမီနိုင်မည့်သာနေရာအထိ တဖြည်းဖြည်းနှင့်တိုးကပ်သွားနေသည်။ တောဝက်ကြီးကား အစာကိုသာ မဲပြီး စားကောင်းနေဆဲ။

လက်လှမ်းမီသောနေရာကို အရောက်တွင် ကံရာဇာသည် တောဝက်ကြီးကို ပစ်ခတ်ရန် သေနတ်ကို ပြင်ဆင်လိုက်သည်။

❑ ❑ ❑

ကံရာဇာ၏နောက်ကို မသိမသာလိုက်နေသော တာတေ။ တောဝက်ကြီး၏နောက်ကိုလည်း ကံရာဇာက ခြေလှမ်းသွက်သွက်ဖြင့် လိုက်နေသောအချိန်။ တာတေသည် စိတ်ထဲမှာ သက်ာမကင်းသလိုမျိုး ခံစားလိုက်ရသည်။ ထို့အတူ နှာခေါင်းထဲကို ဝင်လာသော အနံ့အသက်တစ်ခု။ သူ သဘောပေါက်သွားခဲ့ရလေပြီ။

ကျားတစ်ကောင်သည် သူ့ကို ချောင်းမြောင်းနေသည်ဟု ခံစားလာခဲ့ရသည်။ ထို့ကြောင့် တာတေ၏ခြေလှမ်းတွေသည် ရုတ်တရက် ရပ်



www.burmeseclassic.com

www.burmeseclassic.com



တန့်သွားခဲ့ရလေသည်။ မျက်လုံးတွေက သူ့ရှေ့ရှိ ချုံကြီးတစ်ခုဆီကို ရောက်သွားခဲ့စဉ်မှာပင် . . .

"ဟင်"

ယင်းချုံကြီးကို ဖျတ်ခနဲဆို ခုန်ကျော်လွှားကာ ရောက်လာသော ကျားကြီးတစ်ကောင်။ တာတေနှင့် မျက်နှာချင်းဆိုင်ဖြစ်သွားသည်။ တာတေသည် ဘယ်လိုမှ ရှောင်လွှဲရန်မတတ်သာတော့။ ကျားကြီးကလည်း တာတေ့ကို စူးစိုက်ပြီးတော့ ကြည့်နေသလို တာတေကလည်း ကျားကြီး၏မျက်လုံးတွေကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေမိသည်။ မိမိက ကြောက်လန့်ပြလိုက်လျှင် သတ္တိနုံနဲ့သော အားနည်းချက်ကို သိသွားပေလိမ့်မည်။ ထိုအခါ မိမိအတွက် သေဘေးနှင့်လွန်စွာ နီးကပ်သွားမည်မှာ ကျိန်းသေသည်။

ကျားကြီးသည် တာတေက မလှုပ်မယှက်နှင့် မိမိကို ပြန်ပြီးတော့ ကြည့်နေသည့်အတွက် အစဉ်းစားရကျပ်သွားသည်နှင့်တူသည်။ ဤသို့ဖြင့် အတန်ကြာအောင်ပင် မျက်လုံးချင်းဆိုင်ကြည့်နေကြသည်မှာ အတော်ပင်ကြာသွားခဲ့လေသည်။

မကြာမီမှာပင် ကျားကြီးက စတင်လှုပ်ရှားလာသည်။ နောက်ကို ခြေနှစ်လှမ်းဆုတ်သွားသည်။ ထို့နောက် ချက်ချင်းပင် နောက်ကြောင်းကို ပြန်လှည့်ထွက်သွားခဲ့လေသည်။ တာတေသည် နေရာက မရွေ့ရှားသေးဘဲ ဖြည်းဖြည်းနှင့် ဝေးသွားသော ကျားကြီးကို ကြည့်နေဆဲ။ ကျားကြီး ထွက်သွားရာနေရာသည်ကား ကံရာဇာရှိနေသောဘက်ဆီကိုပင်တည်း။

❑ ❑ ❑





ကံရာဇာသည် အစာကိုသာ မဲပြီးတော့စားနေသော တောဝက်ကြီးကို ပိုင်လောက်ပြီဟု ထင်၍ သေနတ်နှင့် အမိအရချိန်ထားလိုက်လေသည်။ ထိုအခါ တောဝက်ကြီးသည် မည်သည့်အကြောင်းကြောင့်လည်း မသိ အဟ်နဲ့ဆို အော်ကာ နေရာမှ ထွက်ပြေးသွားခဲ့လေသည်။

"ဟင်"

ကံရာဇာသည် တောဝက်ကြီး၏ အပြုအမူကို အံ့အားသင့်သွားခဲ့ရသည်။

"သည်ကောင်ကြီး အကြောင်းမဲ့ထွက်ပြေးသွားတာတော့ မဖြစ်နိုင်ဘူး"

ဟု အတွေးတစ်ချက်က ဝင်သွားခဲ့သည်။ ယင်းအချိန်တွင် တာတေနှင့် တွေ့ဆုံခဲ့သော ကျားကြီးက ကံရာဇာဆီကို ဖြေးရွေ့ရွေ့နှင့် လာနေလေပြီ။ ကျားကြီးသည် ကံရာဇာကို တွေ့မြင်သွားခဲ့လေပြီ။ ကျားကြီး၏နောက်မှ ထပ်ချပ်မကွာလိုက်ပါလာသူကား တာတေပင်။ တာတေသည် ကံရာဇာဆီကို ဦးတည်ကာ သွားနေသော ကျားကြီးကို ခပ်ဝေးဝေးမှ လှမ်းပြီးမြင်နေရသည်။

ကျားကြီးသည် ကံရာဇာနှင့် ဆယ်ပေလောက်သာ ဝေးတော့သည်။ ထိုအခါ နောက်ခြေနှစ်ချောင်းကို နှိမ့်ချလိုက်ကာ ကိုယ်ကိုလည်း ဝပ်ချလိုက်ပြီး ကံရာဇာဆီကို တစ်ချက်တည်းပင် ခုန်အုပ်လိုက်ပါတော့သည်။

"ဒိုင်း"

ပေါက်ကွဲသံကြီးတစ်ခုက ထွက်ပေါ်လာသည်။

"အူး . . . ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com



ကျားကြီး၏ နာကျင်စွာ အော်ဟစ်လိုက်သံ၊ လေထဲမှာပင် တန့်ခနဲဖြစ်သွားကာ အရုပ်ကြိုးပြတ်ပစ်ကျလာခဲ့လေသည်။ နဖူးပြင်ကို ဖောက်ထွင်းသွားသော ကျည်သည် နောက်စေ့မှ ပွင့်ထွက်သွားသည်။ အသက်ပြင်းလှသော ကျားကြီးသည် ဝေဒနာကြောင့် တအူးအူး တအဲအဲနှင့် ညည်းညူကာ လူးလိမ့်နေသေးဆဲ။

"ဒိုင်း"

နောက်ထပ် ကျည်တစ်တောင့်က လည်တိုင်ကို ချိုးပစ်လိုက်သည်။ ထိုအခါကျမှ ကျားကြီးသည် ခြေအကြောများဆွဲကာ တဖြည်းဖြည်းနှင့် ငြိမ်ကျသွားခဲ့လေသည်။

ကံ့ရာဇာသည် သူ့ကျောဘက်မှာ အန္တရာယ်ပေးမည့် သားရိုင်းတိရစ္ဆာန်ကြီးတစ်ကောင် ရောက်နေသည်ကို သိနေသည်။ ထို့ကြောင့် ချက်ချင်းပင် နောက်သို့လှည့်ကာ ကျားကြီးကို မြင်လိုက်သည်နှင့် ထိုးချိန်ပြီး ပစ်ထည့်လိုက်ခြင်းပါ။

နောက်မှလိုက်လာသော တာတေသည်ပင် သူ့ကို ကျည်မှန်မည်စိုး၍ သစ်ပင်ကြီးတစ်ပင်မှာ ဆတ်ခနဲဆို ကွယ်လိုက်ရသည်။ ကံ့ရာဇာ၏ လက်ချက်ကြောင့် ကျားကြီး ကိစ္စချောသွားသည်ကို တွေ့လိုက်ရသည်။ လက်ဖြောင့်ပုံကြောင့် အံ့အားသင့်သွားခဲ့ရလေသည်။

ကံ့ရာဇာသည် ငြိမ်သက်နေသော ကျားသေကြီး၏အနီးကို တိုးကပ်သွားသည်။ သည်တစ်ခါတော့ ကျားကြီးက ထမပြေးတော့။ ထာဝရ ငြိမ်သက်သွားခဲ့လေပြီ။

"ကိုယ့်လူရဲ့ လက်က အတော်ဖြောင့်တာပဲ။ တစ်ချက်တည်း ထိုးပြီးတော့ ပစ်လိုက်တာ ကျားကြီးကို ကိစ္စချောရော"





ကျားကြီးဆီကို အာရုံက ရောက်နေသော ကံ့ရာဇာသည် ကျောဘက်မှ ထွက်ပေါ်လာသောအသံကြောင့် နောက်ကို လှည့်ကြည့်မိလိုက်သည်။ တာတေ့ကို တွေ့လိုက်ရသည်။ အံ့အားသင့်ခြင်းတော့ မဖြစ်ပေ။ သို့သော် ကံ့ရာဇာက တာတေ့ကို ကြည့်ပုံက ထူးခြားမှုရှိနေသည်။

"ကျွန်တော်က ကိုယ်လိုချင်တဲ့သားကောင်ကို မရရအောင် ရှာပစ်တတ်တယ်ဗျ။ ဟို အရင်တစ်ခါက အပိုင်ပစ်နိုင်ရဲ့သားနဲ့ လွဲသွားခဲ့တယ်။ ကံတရားက မျက်နှာသာမပေးခဲ့ဘူး။ ခုတစ်ခါတော့ ဘာတတ်နိုင်သေးသလဲ"

"အေးဗျာ . . . တော်တော့်ကို ထူးတဲ့ ခင်ဗျားရဲ့ကံပဲ။ ဒါပေမယ့် သည်လိုအခွင့်အရေးမျိုးဆိုတာ တိုက်ဆိုင်မှုကြောင့်လည်း ဖြစ်တော့ ပါ။ ကိုယ်လိုချင်တာကို မရမနေ ကြိုးစားတိုင်း ဆန္ဒပြည့်ဝလိမ့်မယ်လို့ မထင်ပါနဲ့။ တချို့ဆိုရင် သေသွားတာတောင် ကိုယ့်လိုဘမပြည့်ဝသွားတဲ့ လူတွေရှိနေကြတယ်။ ဟဲ . . . ဟဲ . . . ဪ . . . ကျွန်တော်ပြောတာ ဖြစ်တတ်တဲ့ သဘောကိုပါနော်"

ကံ့ရာဇာက ပြုံးပြီးတော့ ခေါင်းတညိတ်ညိတ်နှင့် ရှိနေသည်။

"အင်း . . . သည်ကျားဟာ လမ်းမှာ သားကောင်တစ်ကောင်ကောင်နဲ့ ပက်ပင်းတိုးခဲ့ပုံရတယ်။ ဒါပေမယ့် သားကောင်ကို မတိုက်ခိုက်ဘဲ သည်ဘက်ကို လှည့်ထွက်လာရာမှာ ကျွန်တော်နဲ့တွေ့ပြီးတော့ ကံဆိုးသွားခဲ့ရတာပဲ"

"အလို . . . ကိုယ့်လူက ပဟေဠိဝှက်နေပါလား။ ကျားမှဆိုးလိုမှတော့ သားကောင်နဲ့တိုးတာတောင် တိုက်ခိုက်ခြင်းမပြု၊ စားဖို့လည်းမကြံစည်၊ သည်အတိုင်းပဲ လွှတ်ပေးနိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"သတ္တဝါကို သနားလို့ မဟုတ်ရင် အားမတန် မာန်လျှော့လို့ ဖြစ်ရမယ်။ ဒါမှမဟုတ်ရင်လည်း သည်ကျားဟာ သည်ကနေ့မှာ ဥပုသ်စောင့်လို့ပဲလား"

"ဟုတ်ပဗျာ . . . ဒါပေမယ့် ကိုကံရာဇာနဲ့တွေ့တော့ ကိစ္စချောပါပေါ့လား"

"ကဲ . . . ကဲ . . . ကိုတာတေ ဒါတွေကို အသာထားတော့။ ခင်ဗျားနဲ့ ကျွန်တော် တောထဲမှာပဲ ကြုံနေရတာ အထုံရေစက်ကြောင့်ပဲ ထင်တယ်။ တစ်ယောက်နဲ့တစ်ယောက် ချိန်းထားရင်တောင် လွဲဦးမယ်။ သည်ကျားသေကြီးကို သယ်ဖို့ ကူညီပါဦးဗျာ"

"မပူပါနဲ့ဗျာ။ သေနတ်သံကြားရင် ကူညီမယ့်လူတွေက ရောက်လာကြမှာပါ။ သူတို့က အမဲသားကောင်ရပြီဆိုတာသိနှင့်နေကြပြီဗျ။ ရွာသားတချို့ မကြာခင်မှာ ရောက်လာကြပါလိမ့်မယ်"

တာတေဖြေသည့်အတိုင်းပင် တစ်ခဏအကြာတွင် သူတို့ဆီကို သစ်ခုတ်သမားတစ်စုက ရောက်လာခဲ့ကြလေသည်။

❑ ❑ ❑

တိုက်ဆိုင်မှုဆိုသည်မှာ တစ်ကြိမ်၊ နှစ်ကြိမ်လောက်ပဲရှိသင့်သည်။ သုံးကြိမ်အထိရှိလာပြီဆိုလျှင် စဉ်းစားစရာဖြစ်လာခဲ့ရလေပြီ။ တာတေနှင့် ကံရာဇာတို့ အမှတ်မထင်ဆုံတွေ့ကြခြင်းသည် အာလောကာ တောနက်ကြီးအတွင်းမှာသာ။ ဆုံတွေ့လိုက်တိုင်းမှာလည်း သားကောင်ကို ပစ်ခတ်သော အခြေအနေမျိုးနှင့် ပတ်သက်နေသည်။ ယင်းသားကောင်သည် နှစ်ကြိမ်တိတိ ကျားပဲဖြစ်နေသည်။





"သည်လူဟာ ငါ့အတွက် စိတ်အနှောင့်အယှက်ဖြစ်နေပြီ။ ငါ့ကို ကောင်းကျိုးပေးဖို့ ရောက်လာတာတော့ မဖြစ်နိုင်ဘူး။ ဒါကို ငါသိတယ်။ အန္တရာယ်ပေးဖို့ ရောက်လာတာ"

တာတေသည် အန္တရာယ်။ အန္တရာယ်ဟူသော စကားကိုသာပင် စိတ်ထဲမှာ အထပ်ထပ် ရွတ်နေလျက်ရှိသည်။ တစ်ညတွင် တာတေသည် အိပ်မက်မက်သည်။ သူ့နောက်မှ လူတစ်ယောက်က အပြေးလိုက်လာသည်။ တာတေက ထိုသူ့ကို ရင်မဆိုင်လို၍ ပြေးသည်။ မည်သို့ပဲ ကွေ့ရှောင်ပြီးတော့ ပြေးပြေး ကံရာဇာက သူ့နောက်က ထပ်ချပ်မကွာ လိုက်ပါနေဆဲ။

"ဟေ့ . . . ကိုတာတေ မပြေးပါနဲ့တော့။ ခင်ဗျား ကျွန်တော့်လက်ထဲက မလွတ်ပါဘူး။ အမိသာခံလိုက်ပါ"

"ဟာ . . . ဘာလို့ အမိခံရမှာလဲ။ ကျုပ်က ဘာလုပ်လို့လဲ"

တာတေကလည်း ပြန်ပြောသည်။ ထိုသူ(ကံရာဇာ)က တာတေ့လက်မောင်းကို လမ်းဆုပ်ကိုင်လိုက်စဉ်မှာပဲ လန့်နိုးသွားခဲ့ရလေသည်။

❑ ❑ ❑

အိပ်မက်သည် ဤတစ်ကြိမ်တည်းမဟုတ်။ နှစ်ခါ သုံးခါမျှလောက်အထိကို ရက်ခြားကာ မက်လာသည်။ ထိုအခါ တာတေသည် သည်းမခံနိုင်တော့အောင် ဖြစ်လာခဲ့ရလေသည်။

"ဟာကွာ . . . သည်လူက ငါ့ကို ခဏ ခဏ"

စိတ်ထွက်သွားသည်။ မိမိသည် ဒေါသထွက်လွယ်တတ်သူမဟုတ်။ ချက်ချင်းပင် ပြန်ငြိမ်းတော့ သတိရသွားခဲ့သည်။ မှန်ကိုယူပြီး ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဆင်ရိုင်းတစ်ကောင်၏ မုန်ယိုနေသောမျက်နှာလိုမျိုး။ ဖြူသော အသားသည် ညိုညစ်လျက်ရှိသည်။ သူ့မျက်နှာပြောင်းလဲသွားပြီကို သိနေသည်။

အမြဲတမ်း သွေးအေးအေးရှိနေသော မိမိ၏မျက်နှာ၊ မည်သည့်အကြောင်း၊ အဆိုး အကောင်းတွေရှိနေရှိနေ ခံစားမှုမရှိသလို နေတတ်သောမျက်နှာ။ ခုလည်း သည်အတိုင်းပဲရှိနေသင့်သည်။ ရှိကို ရှိနေရမည်။ မြိမ်းခြောက် ဟိန်းဟောက်ခြင်းကို ခံရလည်း မပြောင်းလဲဘဲရှိနေရမည်။ သည်မျက်နှာမျိုးပဲ ပြန်ဖြစ်နေရမည်။ စိတ်ကိုလျှော့ထားလိုက်သည်။

ထိုအခါ မှန်ကိုကြည့်နေဆဲမှာပင် တာတေ့မျက်နှာသည် တဖြည်းဖြည်းနှင့် ပြောင်းလဲလာခဲ့သည်။ ညိုညစ်နေရာမှ ပြောလျှော့လာပြီး နောက်ဆုံးမှာတော့ မူလအသားရောင်သို့ပြန်ပြီးရောက်လာခဲ့လေသည်။

တာတေသည် မိမိ၏ရုပ်သွင်ကို ကြည့်ပြီးတော့ ကျေနပ်မိသွားသည်။ နှုတ်ခမ်းထောင့်စွန်းမှ ခပ်တွေ့တွေ့ကြည့်တတ်သောအကြည့်မျိုးသည်ပင် ပြန်ပြီးတော့ ပေါ်လာခဲ့လေသည်။

"သည်လိုပဲရှိနေရမယ်လေ"

တာတေသည် နှုတ်မှ တိုးတိုးလေးပင် ပြောမိလိုက်လေသည်။

❑ ❑ ❑

တာတေ့လက်ဖျားတွင် ငွေသီးလျက်ရှိသည်။ (လက်မရှိသော တာတေပင်ဖြစ်သော်လည်း ဥပမာပေးခြင်းပါ) မည်သည့်အကြောင်းကြောင့်လည်း မသိဘဲရလာသောငွေများကို အစ်မဖြစ်သူ ဝိုင်းစိန်လည်း အပ်နံသည်။ အစ်ကိုသောင်းတင်နှင့် မရီးခွေးလှကိုလည်း ပေး





သည်။

"မောင်လေး . . . နင် ငါ့ကို ငွေတွေ ခဏ ခဏ အပ်တယ်။ ဘာလုပ်လို့ရလာတဲ့ငွေတွေလဲ"

"ဟာ . . . အစ်မကလည်း ကျွန်တော်က သူများလို လက်နှစ်ဖက်နဲ့အလုပ်မလုပ်နိုင်တာ။ သည်တော့ အရင်းအနှီးက ဟောသည် ပါးစပ်ပဲရှိတယ်လေ။ ပွဲစားပေါ့ အစ်မရယ်။ အစ်မမောင် သည်အလုပ်လုပ်နေတယ်ဆိုတာ မသိဘူးလား"

ဝိုင်းစိန်သည် တာတေ့ကို သင်္ကာမကင်းနှင့်ကြည့်လိုက်သည်။

"နင့်သတင်းတွေက ပျံ့နေတယ်နော် တာတေ။ အမှုအခ်ခုဖြစ်တိုင်း ခဏ ခဏ အစစ်အဆေးခံရတယ်။ ငါတော့ နားမလည်တော့ဘူး"

"အစ်မရာ ကျွန်တော့်ကို တချို့က ဒုက္ခိတတစ်ယောက်ဆိုပြီး အကြောင်းမဲ့ကြည့်လို့မရကြတာ အစ်မလည်း သိသားနဲ့။ ရွာ လာဘ်စိတ်ကောင်ဆိုပြီး အလကားနေ မျက်မုန်းကျိုးနေကြတာ။ သည်တော့ သည်ကောင်မရှိရင် အေးရောဆိုပြီး ချောက်တွန်းကြတာ ရှင်းနေတာပဲ။ ကျွန်တော်လို ဒုက္ခိတတစ်ယောက်က ဘယ်သူ့ကို ရန်လုပ်နိုင်မှာလဲ။ လူတိုင်းအပေါ်မှာ ရိုကျိုးနေရတာ"

"အင်း . . . ငါ့မောင်အပေါ်မှာ လူတွေထားတဲ့ သဘောထားကိုလည်း အစ်မက သိနေတာပဲ။ မသိဘူး မဟုတ်ပါဘူး။ သည်ရာဇဝတ်မှုတွေနဲ့ ငါ့မောင် မပတ်သက်ရင် ပြီးတာပဲလေ"

"သူတို့သင်္ကာမကင်းဖြစ်ကြတာကတော့ နိုင်လုံတဲ့ အထောက်အထားမရှိပါဘူး။ ဒါလည်း ကျွန်တော်ရဲ့ဝဋ်ကြွေးပဲပေါ့လေ"

"အင်း . . . အင်း . . . အသွားအလာလည်း ဆင်ခြင်ပေါ့ယ်။ ရန်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ပြောလို့မရဘူး။ မတော် တွေ့လာလည်း ရှောင်နိုင်တာ အကောင်းဆုံးပဲ"

"စိတ်ချပါ အစ်မ။ ကျွန်တော် ဘယ်သူ့အပေါ်မှာမဆို သည်းခံတတ်ပါတယ်"

တာတေ့အပြောကြော င့် ငိုင်းစိန်လည်း ကျေနပ်သွားခဲ့ရလေသည်။

❑ ❑ ❑

တာတေသည် ကံရာဇာနှင့် မဆုံဆည်းခဲ့သည်မှာ ရက် အတန်ကြာခဲ့ပြီဖြစ်သည်။ အာလောကတောကြီးထဲတွင် တွေ့နေကြဖြစ်သည့် အတိုင်း တစ်တောလုံး ထုံးလိုမွှေ ရေလိုနှောက်ကာ ရှာခဲ့သော်လည်း မတွေ့ခဲ့။

"သည်လူ သည်တောထဲကို မလာတော့ဘူးလား။ တစ်နေရာကိုများ ထွက်သွားပြီလား။ အင်း . . . ထွက်သွားမယ့်လူတော့ မဟုတ်ဘူး။ သူ တစ်နေရာရာမှာ ရှိနေလိမ့်မယ်။ ရှိနေတယ်"

တစ်ရက်တွင် တာတေသည် အာလောကတောထဲမှာ လျှောက်သွားနေရင်းက တောတွင်းတစ်နေရာတွင် ပစ္စည်းတစ်ခုကို မမျှော်လင့်ဘဲ ကောက်ရသည်။

"ဟင် . . . ဒါဟာ"

သစ်ကိုင်းခြောက်ကို လက်မောင်းနှင့် တံတောင်ဆစ်ငုတ်တို ကြားမှာ ညှပ်တာ ယင်းပစ္စည်းလေးကို ကောက်ယူလိုက်သည်။

"အင်း . . . မဟုတ်မှလွဲရော သည်လူ့ဟာပဲဖြစ်ရမယ်"





တာတေသည် ထိုပစ္စည်းလေးကို အင်္ကျီအိတ်ထဲမှာ ထည့်ထားလိုက်ပြီး သူ သွားလေရာကို ယူသွားခဲ့လေသည်။

"သည်လူ . . . ငါနဲ့တွေ့ကိုတွေ့ရမယ်။ တွေ့မှလည်းဖြစ်မယ်"

သည်လိုနှင့် ရက်အတန်ကြာလာခဲ့သည်။ ထိုရက်များအတွင်းတွင် တာတေသည် ကံရာဇာအပေါ်မှာသာလျှင် အာရုံစူးစိုက်မှုကို ထားသည်။

"ကံရာဇာဆိုတဲ့လူနဲ့ ငါနဲ့ သည်ကနေ့မှာ ဆုံကိုဆုံဖြစ်ရမယ်။ ဆုံတွေ့ဖို့ အချိန်တန်ပြီ"

တာတေ၏မျက်လုံးထဲမှာ ကံရာဇာ၏မျက်နှာက ပြတ်ပြတ်ထင်ထင်ပင် ပေါ်လာခဲ့လေသည်။ ထိုအခါ မထီမဲ့မြင် အပြုံးကလေးတစ်ခုက တာတေ၏ ညာဘက်နှုတ်ခမ်းထောင့်မှာ ပေါ်လာခဲ့လေသည်။

❑ ❑ ❑

အာလောကတောကြီးထဲတွင် ကျေးငှက်သံများ စီစီညံလျက်ရှိသည်။ တာတေသည် သစ်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်နေသည်။ ပင်ယံထက်ကို မော့ကြည့်လိုက်ပြီး . . .

"အော်လိုက်စမ်းကွာ . . . သည့်ထက်ပိုပြီးတော့ ဆူညံသွားအောင် အစွမ်းရှိသလောက် အော်ပြလိုက်ကြစမ်း"

ထိုအခါ ကျေးငှက်များ၏အော်သံများသည် ပိုပြီးတော့ ဆူညံလာကြသည်။ ယင်းအသံများသည် တစ်ပင်မှတစ်ပင် ကူးစက်သွားကြသည်။ အခြားသောသစ်ပင်များထက်ရှိ ကျေးငှက်များကပါ အော်မြည်တမ်းနေကြလေတော့သည်။ တစ်တောလုံးသည် ငှက်အော်သံများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆူညံနေလေတော့သည်။

တာတေသည် သူ စိတ်ရှုံးပေါက်၍ပြောတိုင်း ငှက်တွေက အကြိုက်ပေးကာ ကျယ်လောင်သောအသံကို ပြုကြသည်ထင်၍ ကျေနပ်နေမိသည်။

ထိုစဉ် ကျေးငှက်များ၏အသံသည် ရုတ်တရက် တိတ်ဆိတ်သွားခဲ့ကြလေ၏။ ထိုအခါ တစ်တောလုံး တစ်တောင်လုံးသည်လည်း အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်သွားခဲ့ကြလေသည်။ တာတေသည် ယင်းသို့ အခြေအနေက ချက်ချင်းပင်ပြောင်းလဲသွားခဲ့သည့်အတွက် အံ့အားသင့်သွားခဲ့ရလေသည်။

ကျေးငှက်သံများသာမက အခြားသော တိရစ္ဆာန်ငယ်ကလေးများ၏ တစ်ချက် တစ်ချက်မှာ ထွက်ပေါ်လာတတ်သည့်အသံများသည်ပင် မကြားရတော့။

"ကြောင်ရောက်လာလို့ ကြွက်သံတွေ ချက်ချင်းပဲ တိတ်ဆိတ်သွားကြသလိုပါပဲလား"

ထိုစဉ် တစ်နေရာမှ အမှတ်မထင် ထွက်ပေါ်လာသောအသံ။ တာတေသည် အသံထွက်ပေါ်လာရာဆီကို လှည့်ကြည့်မိလိုက်ရာ . . .

"ဟင်"

□ □ □





( ၁၆ )

## တိုက်ဆိုင်တာ မဟုတ်ဘူးဆိုရင်

တာတေ့ဆီကို တောလမ်းအတိုင်း လျှောက်လာသော လူတစ်ယောက်။ သူကတော့ အခြားသူမဟုတ်။ ကံရာဇာ။

"ဗျို့ . . . ကိုတာတေ ခင်ဗျား တစ်ယောက်ယောက်ကို စောင့်နေတာထင်တယ်။ လာမလား လာမလားလို့လေ"

ကံရာဇာကို အမှတ်မထင်တွေ့လိုက်ရသော်လည်း ကံရာဇာမှာ အံ့အားသင့်မိခြင်း မဖြစ်မိ။ သူတို့နှစ်ဦးသည် ညှိုချက်မိနေကြသူများ ပမာပင်။ ဆိုရလျှင် တောင်နှင့်မြောက် ဆန့်ကျင်ဘက် ဝင်ရိုးစွန်းများသည် ဆွဲငင်အားရှိကြသည်။ တစ်ခုနှင့် တစ်ခု ပြေးကပ်ကြသလိုပင်။

"ဪ . . . ဒါကတော့ဗျာ တောထဲမှာ ခင်ဗျားနဲ့ဆုံဖြစ်တာများပြီလေ။ သည်တော့ ကျွန်တော် တောထဲကိုရောက်တိုင်း ခင်ဗျားကို တွေ့နိုင်မလားရယ်လို့ ရှာမိတာပေါ့ဗျာ"

"အေးဗျာ . . . ကျွန်တော်ကလည်း ခင်ဗျားလိုပဲ ကိုတာတေ။ ခင်ဗျားနဲ့အတူ တောထဲမှာ သည်းထိတ်ရင်ဖိုကြုံခဲ့ရတာလေးတွေကို ပြန်စဉ်းစားမိတိုင်း ခင်ဗျားကို သတိရမိတယ်။ တွေ့ချင်နေမိဟယ်။ တစ်ဦးအပေါ် တစ်ဦး လေးနက်မှုတွေရှိနေကြတယ်ထင်ပါရဲ့ . . . ဟဲ . . . ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဆန့်ကျင်ဘက်အချင်းချင်းလည်း ဖြစ်နိုင်တာပဲ၊ ကျွန်တော် တစ်ယောက်တည်းရှိနေစဉ်မှာ ငှက်သံတွေက စီစီညံနေတာပဲ။ ခင်ဗျားလည်း ရောက်လာရော အသံတွေပျောက်ကုန်ရော"

"ဒါကလည်း တိုက်ဆိုင်မှုတစ်ခုပါဗျာ"

"ဒါနဲ့ . . . တောအခြောက်ကြမ်းတဲ့နေရာကို ခင်ဗျားက အမဲပစ်သွားဦးမလို့လား။ သည်တစ်ခါလည်း လမ်းပျောက်ရင် ပြန်လမ်းရှာဖို့ မလွယ်ဘူးဗျ။ အာလောကတောကြီးထဲမှာ လမ်းပျောက်သွားကြတဲ့သူတိုင်း အသက်နဲ့ ခန္ဓာ တွဲပြီး ပြန်လာတဲ့သူရှိခဲ့တယ်"

"ခင်ဗျားတစ်ယောက်က လွဲလို့ပေါ့လေ"

ကံရာဇာသည် အတန်ငယ်ငြိမ်သက်သွားပြီးမှ "ခင်ဗျားတစ်ယောက်ကလွဲလို့ပေါ့လေ" ဟူသောစကားကို ပြောလိုက်ခြင်းပင်ဖြစ်သည်။

"ကျွန်တော်က ထူးထူးဆန်းဆန်းတွေဆိုရင် သိပ်ပြီး မြင်ချင်ကြည့်ချင်တာပဲဗျ။ အင်း . . . တမင်တကာတော့ မသွားပါဘူး။ မျက်စိလည် လမ်းမှားပြီး မတော်တဆရောက်သွားခဲ့ရင်တော့ မပြောတတ်ဘူး"

"မတော်တဆဆိုတာ ခဏ ခဏ မရှိနိုင်ပါဘူးလေ။ တိုက်ဆိုင်တယ်ဆိုတာကလည်း တစ်ခါတစ်ရံမှာသာ ဖြစ်တတ်တာ ကိုကံရာဇာ"

တာတေသည် ကံရာဇာကို ခပ်ထေ့ထေ့ကြည့်ရင်း ပြောလိုက်သည်။ ထို့နောက် ကံရာဇာကို တာတေ့အကြည့်၊ မျက်နှာအမူအရာ အေးစက်စက်ဖြစ်သွားပြီး . . .

"ခြော် . . . ခင်ဗျားကျကျန်ခဲ့တဲ့ပစ္စည်းတစ်ခု ကျွန်တော် ကောက်ရထားတယ်"

"ဘာပစ္စည်းလဲဗျာ"





"အိတ်ထဲမှာပါလာတယ်ဗျာ။ နှိုက်ယူလိုက်ပါ"

ကံရာဇာက တာတေ့အပေါ်မှ ငုံ့ကာ အင်္ကျီအိတ်ထဲကို နှိုက်ယူလိုက်သည်။ လက်ထဲမှာပါလာသည့်ပစ္စည်းတစ်ခု လက်ထိပ်ပင်။

"ကျွန်တော် သိမ်းထားတာကြာပြီ။ ပိုင်ရှင်ကို မတွေ့သေးတာနဲ့ မပေးဖြစ်တာ။ ကျေနပ်ပါတယ်နော်"

"ဟာ . . . ဒါ ကျွန်တော့်ပစ္စည်းမဟုတ်ဘူးဗျ။ ခင်ဗျား ထင်တာမှားနေပြီ"

"ဟင် . . . ဟုတ်လား။ ကျွန်တော်က ခင်ဗျားအပိုင်မှတ်လို့။ အေးဗျာ . . . မဟုတ်လည်း ယူထားလိုက်ပါ"

"ကျွန်တော်က ဒါကြီးကို ယူထားပြီးတော့ ဘာလုပ်ရမှာလဲဗျ"

"အင်း . . . ဒဏ်ရာရထားတဲ့ သားကောင်တွေ မပြေးနိုင်အောင် ချုပ်နှောင်ဖို့က သည်ပစ္စည်းမျိုး လိုလိမ့်မယ်ထင်တယ်ဗျ။ ဒါမှမဟုတ် အသေကောင်တွေ ထမပြေးအောင်လည်း အသုံးဝင်လိမ့်မယ်ဗျ . . . ဟား . . . ဟား . . . ဟား . . . ဟား"

တာတေသည် သူ့စကားကို သဘောကျသွားသည်။ ဟားတိုက်ကာ ရယ်မောမိလိုက်လေသည်။ ကံရာဇာကတော့ တာတေ့ကို ပြုံးတေ့တေ့နှင့်ပင်ကြည့်နေခဲ့သည်။ ထို့နောက် လက်ထိပ်ကို တာတေ ထိုင်နေသည့်အပင်ကြီး၏ သစ်ကိုင်းတစ်ခုမှာ ချိတ်ထားလိုက်သည်။

"ကဲပါလေ . . . သားကောင်ပစ်မလို့ ကျွန်တော်နဲ့အတူတူ လိုက်ခဲ့ပါဦးလား"

"မလိုက်တော့ပါဘူးဗျာ။ ခင်ဗျားပဲ သွားပါတော့"

တာတေက ရိသဲ့သဲ့စကားတစ်ခွန်းပြောမည်ဖြစ်သွားခဲ့သေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ မပြောဖြစ်တော့။ ကံရာဇာသည် သေနတ်ကို သစ်ပင်မှာ ထောင်ထားရာက ကောက်ယူကာ နေရာမှ ထွက်သွားခဲ့လေသည်။ တာတေကတော့ သစ်ပင်အောက်မှာ ထိုင်လျက်နှင့်ပင် ကျန်ရစ်ခဲ့သည်။

❑ ❑ ❑

တာတေသည် သစ်ပင်ကြီး၏ပင်စည်ကို ကျောမှီရင်း အိပ်ပျော်သွားခဲ့သည်။ အတော်ကလေးကြာသော် သူ့အနားမှာ တစ်ယောက်ယောက် ရှိနေသည်ဟု ထင်လာမိခဲ့သည်။ စိတ်မှာ မလုံမလဲဖြစ်လာမိခဲ့သည်နှင့် မျက်ခွံတွေကို ပင့်ကာ ကြည့်မိလိုက်သည်။ သူနှင့် ဆယ်ပေလောက်အကွာမှာ ရပ်နေသော လူတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။

"ဟင် . . . ဘဘ"

သိဒ္ဓိဗလသည် မရယ်မပြုံးနှင့် သူ့ကိုကြည့်နေသည်။ တောင်ဝေးကို မြေမှာထောက်ကာ ကိုင်ထားသည်။

"လူလေး . . . မင်း စည်းပေါက်နေပြီနော်။ အလွန်အကျွံတွေဖြစ်နေပြီ။ ကိုယ်ပစ်လိုက်တဲ့မြား ကိုယ့်ကိုပြန်ပြီးတော့ မှန်လိမ့်မယ်"

တာတေ အံ့အားတသင့်ဖြစ်နေမိသည်။ သူ့နှုတ်က ပွင့်မလာ။ ဘာပြန်ဖြေရမှန်းမသိ။ ပါးစပ်ကို ဟရန်ကြိုးစားလိုက်စဉ်မှာပင် ဟ၍မရ။ အာစေးကမိနေသည်။ ထိုစဉ်မှာပင်လျှင် ခေါင်းထဲမှာ မိုက်ခနဲဆိုဖြစ်သွားသည်။ သတိရ၍ကြည့်မိလိုက်သောအခါ သိဒ္ဓိဗလကို မတွေ့ရတော့။ တကယ်တော့ သူ မှေးခနဲဖြစ်သွားစဉ်မှာ အိပ်မက်မက်သလိုဖြစ်သွားခဲ့သည်ပဲလား။





တာတေသည် နေရာကလှုပ်လဲကာထမိလိုက်သည်။ ဟိုဟိုသည်သည် လိုက်ပြီးတော့ ကြည့်လိုက်သောအခါ မည်သူ့ကိုမှ မတွေ့ရတော့ပါ။

❑ ❑ ❑

နောက်ပိုင်းတွင် တာတေသည် ကံရာဇာဆိုသည့်လူကို သတိမရတော့။ စိတ်ထဲမှာ အပြီးအပိုင်ပင် မေ့ပစ်လိုက်ချင်သည်။

"သည်လူ့အကြောင်း ငါ လုံးလုံးသတိမရချင်ဘူး။ ရင်ကောင်းမယ်။ မတော်တဆတောင် မတွေ့ချင်တော့ဘူး"

ကံရာဇာကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေမိသည်။ မည်သည့်အကြောင်းကြောင့်လည်း မသိ။ ကံရာဇာအမည်ကိုရော၊ လူကိုရော လောကကြီးထဲက ပျောက်သွားရင် ကောင်းလိမ့်မည်ဟုပင် စိတ်ထဲက တောင်းဆိုလာခဲ့သည်အထိ . . .

"သည်လူ လောကကြီးထဲက ပျောက်ကွယ်သွားဖို့အတွက် သူ့ကံတရားနဲ့သူ ဖြစ်လာမှာတော့မဟုတ်ဘူး။ သည်တော့ . . . အဲ့သည်ကံတရားကို ငါပဲဖန်တီးပေးရမယ်။ ဟုတ်တယ် . . . ငါ့မှာ တာဝန်ရှိတယ်"

"ဗျို့ . . . ကိုတာတေ ခင်ဗျား ဘာတွေဖြစ်နေလဲဗျ။ ကျွန်တော် ခင်ဗျားကို ရပ်ကြည့်နေတာကြာပြီ။ မျက်နှာက အလိုမကျဖြစ်နေသလိုပဲ။ တစ်ယောက်ယောက်ကို မကျေမနပ်ဖြစ်နေတယ်ထင်တယ်။ အေးပေါ့ဗျာ။ အားလုံးဟာ ကိုယ့်ကံတရားနဲ့ကိုယ်ပဲလေ။ အဲ့သည့် ကံတရားကို ကိုယ်ကိုယ်တိုင်ပဲ ဖန်တီးကြရတာပဲ မဟုတ်လား။ ကံတရားကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးအပြစ်ဟာ ကိုယ့်မှာပဲ တာဝန်ရှိတယ်"

တာတေသည် ခပ်လှမ်းလှမ်းရှိ သစ်ပင်ကိုမှီကာ ပြောနေသော



www.burmeseclassic.com

www.burmeseclassic.com



ကံရာဇာကို အံ့အားတသင့်နှင့် ကြည့်နေမိသည်။ အံ့အားသင့်နေမိသည်က ကံရာဇာရောက်နေမှန်းပင် မသိလိုက်ပေ။

"ငါ့လောက်မျက်စိလျင်တာ ငါပဲရှိတယ်။ သည်လူ ငါ့ရှေ့တည့်တည့်မှာ သစ်ပင်မှီပြီးတော့ ရပ်နေတာတောင် ငါ မသိပါလား။ ပြီးတော့ ငါ့အတွေးထဲမှာရှိနေတဲ့ ဆန္ဒတွေကို သိသလိုလိုနဲ့ တမင်ပြောနေသလိုပဲ။ ဒါမှမဟုတ် တိုက်ဆိုင်မှုကြောင့်လား။ ငါ့စိတ်ကို သိနေလို့ပဲလား"

တာတေသည် ကံရာဇာနှင့် လွတ်ကင်းမည်ဟုထင်သောနေရာမှာ ရောက်နေသည်။ တမင်ရှောင်တိမ်းနေခြင်းပင်ဖြစ်သည်။ အခုတော့ ပက်ပင်းကို တိုးမိနေလေပြီ။

"တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ဘူး"

"ဘာ . . . ဘာဗျ တိုက်ဆိုင်မှုမဖြစ်နိုင်ဘူး . . . ဟုတ်လား။ ဘာကိုရည်ရွယ်ပြီးတော့ ပြောလိုက်တာလဲ"

တာတေ၏နှုတ်မှ လွတ်ခနဲဆို ထွက်သွားသည့်စကား။ စိတ်ထဲမှာ မပြောဘဲ နှုတ်မှထွက်သွားသည့်စကားကို ပြန်နုတ်၍မရတော့ပြီ။ သို့သော် တာတေက ဟန်မပျက်ဆိုသလို . . .

"ဟဲ . . . ဟဲ . . . ခင်ဗျားနဲ့ကျွန်တော် မနောချင်းဆက်နေသလား မသိဘူး။ တစ်ယောက်နဲ့တစ်ယောက် ဘယ်သွားမယ်၊ ဘယ်လာမယ်ဆိုတာ ဘယ်နေရာမှာရှိနေမလဲဆိုတာတွေကို သိနေကြသလိုပဲ"

"ဪ . . . ပေါက်ပြီ . . . ပေါက်ပြီ . . . ခင်ဗျားပြောတဲ့ တိုက်ဆိုင်မှုဆိုတာ ဒါကို ပြောတာလား။ စကားရှိတယ်လေဗျာ။ ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးပါတဲ့။ အဲ့သည်တော့ . . . သည်အာလောကတောအုပ်လေးဆိုရင်တော့ ကမ္ဘာကြီးနဲ့ ဘယ်နှိုင်းသာမလဲဗျာ။ ဟုတ်ဘူးလား။





မဆုံနိုင်ဘူးဆိုရင်တောင် . . . အဲ . . . ဆုံဖြစ်ကြမှာပဲပေါ့ဗျာ"

ကံရာဇာသာ ဘာတွေကို အကျိုးအကြောင်းပြ၍ ပြောနေသည် ပဲလား။ မခံချင်အောင် ဆွပေးနေသည်ပဲလားမသိ။ တာတေကတော့ အပြုံးမပျက် နားထောင်နေသည်။

"အင်း . . . ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးဆိုပေမယ့် မရှောင်သာရင်တော့ ထောင့်ကပ်သွားနိုင်တာပေါ့နော်။ အဲ . . . ကမ္ဘာကြီးက ကျယ်တယ်လို့ပြောရင်လည်း ရှောင်သွားလည်း ကြုံဖန်ပြီးတော့ တွေ့ချင်တွေ့တတ်ကြတာဗျ။ ခုပဲကြည့်လေ"

"ဪ . . . ကိုတာတေကလည်းဗျာ ကျွန်တော်တို့နှစ်ယောက်ထဲက ဘယ်သူက ရှောင်နေကြလို့လဲ။ ခင်ဗျားလား၊ ကျွန်တော်လား။ အဲ ကျွန်တော်မဟုတ်တာကတော့ သေချာတယ်"

"ကျွန်တော်လည်း ခင်ဗျားကို ရှောင်စရာဘာရှိသလဲဗျာ။ ကြွေးမပေး ကြွေးယူရှိကြတာမှ မဟုတ်တာ . . . ဟဲ . . . ဟဲ"

တာတေသည် ကံရာဇာကို စေ့စေ့ကြည့်ရင်း ပြောလိုက်သည်။ ကံရာဇာကလည်း တာတေ့အကြည့်ကို မလွှဲဖယ်ဘဲ ပြန်ပြီးတော့ ကြည့်နေလိုက်သည်။

သို့သော် ကံရာဇာသည် မျက်နှာကို ချက်ချင်းပင် လွှဲပစ်လိုက်သည်။ တာတေသည် ကံရာဇာကို ဘယ်ကလာသလဲ၊ ဘယ်မှာနေသလဲဟု မမေးဘူးခဲ့။ ဘယ်ကလာသည်၊ ဘာမှာနေသည်ဟုလည်း ကံရာဇာက မပြောဘူးခဲ့။ တကယ်တော့ ကံရာဇာသည် တာတေ၏နောက်မှ အရိပ်မီမှာ တကောက်ကောက်နှင့် လိုက်နေသူပမာပင်။ တာတေကလည်း ကံရာဇာ၏နောက်မှ အရိပ်ပမာ တောက်လျှောက်ပါနေသူဟူ[illegible] တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့်တစ်ယောက် အထင်ရှိနိုင်သည်။

"ဩော် . . . ဒါနဲ့ ခင်ဗျားတို့နယ်ဘက်မှာ သူခိုး၊ ဓားပြ လူသတ်မှု အစရှိတဲ့ ရာဇဝတ်မှုတွေ သိပ်မရှိသလောက်ပဲနော်။ အဲ . . . လမ်းမှာ လူ တချို့ပြောနေကြတာကို ကြားဖူးခဲ့တာက ခု တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ လူသတ်မှု သုံးလေးမှုလောက်ဖြစ်ခဲ့တယ်ဆိုလားပဲ။ ဒါပေမယ့် ခုထက်ထိ လက်သည်မပေါ်သေးဘူး ဆိုပဲဗျ"

"အေးဗျာ . . . လူသတ်မှုလား၊ လူသေမှုလား ဘာလားဆိုတာ တော့ မသိဘူး။ ကျွန်တော်လည်းကြားနေရတာပဲ။ အင်း . . . သည်ဘက်မှာ က လူစိမ်းတွေကို ရန်ရှာတတ်တယ်ဗျ။ သူတို့ရဲ့ မျက်လုံးထဲမှာမတွေ့ရင် မတွေ့သလိုဘဲ။ သတိထားပေါ့ဗျာ။ သွားတာ လာတာကအစ လူတွေနဲ့ တွေ့ကြုံဆက်ဆံတာကအစ အားလုံးပေါ့"

"သည့်ထက်ဆိုးကာတွေလည်း ရှိတယ်။ တချို့ဆိုရင် အစ တောင်ပျောက်သွားကြတယ်။ ဘယ်လောက်အထိဆိုးသလဲဆိုရင် မိန်းမ ပျိုလေးတစ်ယောက်ရဲ့အိမ်ကို လူစိမ်းတစ်ယောက်က ရိုးရိုးသားသားစိတ် နဲ့ အလည်လာတာတောင် အပြန်မှာ တုတ်၊ ဓားတွေနဲ့ စောင့်နေကြပြီး ရန်ရှာတတ်ကြတာ။ ကျွန်တော်တို့ရွာဘက်တွေတော့ မဟုတ်ဘူးပေါ့ဗျာ။ ဟိုဘက် ရွာတွေဆီမှာပါ"

"ဘုရား . . . ဘုရား"

ကံရာဇာက ဘုရားတ,လိုက်လေရာ . . . တာတေလည်း ကံရာဇာ အမူအရာကို ကြည့်ပြီးတော့ သဘောကျသွားဟန်တူလေသည်။ အသံထွက်သည်အထိပင် ရယ်မိလိုက်လေတော့၏။

❑ ❑ ❑





# ( ၁၇ )

# သေမင်းခံတွင်းထဲသို့

တာတေ့ဆီကို သတင်းပေးသမားများက ရောက်ရောက်လာ တတ်ကြသည်။ သူ သိချင်သောအကြောင်းအရာများကို စုံစမ်းရမိသမျှ ပြောပြကြ၏။

"သည်လူဟာ ရွာတွေတချို့မှာဖြစ်ပွားခဲ့ကြတဲ့ အမှုအခင်းတွေ နဲ့ပတ်သက်ပြီး လိုက်စုံစမ်းတယ်လို့သိရတယ်။ အထူးသဖြင့် လက်သည် မပေါ်တဲ့ လူသတ်မှုတွေကို အသေးစိတ်မေးမြန်းတယ်တဲ့"

"ဟုတ်လား . . . ဒါဆို သည်လူဟာ မသင်္ကာစရာဘဲကွ။ သူ ကိုယ်တိုင်က ရာဇဝတ်မှုကျူးလွန်းတဲ့ ခေါင်းဆောင်ဖြစ်နိုင်တယ်။ ဩော် ဒါက သည်လိုရှိတယ်လေကွာ။ တချို့ဟာ ကိုယ်ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှု အခြေအနေကို လာပြန်စုံစမ်းတတ်ကြတယ်ကွ။ ပေါ်နိုင်၊ မပေါ်နိုင်ပေါ့ ကွာ။ သူ့ကိုယ်သူ သက်ဆိုင်ရာကလွှတ်လိုက်တဲ့ ငုံထောက်ပိုလို၊ ဘာလိုလိုနဲ့ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သည်လို တန်ပြန်ပြီးထောက်လှမ်းတတ်သလား"

"အေးပေါ့ကွ... အမှုပေါ်နိုင်၊ မပေါ်နိုင် သူ့အတွက် အခြေအနေကောင်း၊ မကောင်းကိုယ်တိုင်ကွင်းဆင်းပြီးစုံစမ်းတာ။ သည်လိုလူမျိုးဟာ ကြောက်ရတယ်။ အတင့်ရဲတယ်။ လက်ရဲဇက်ရဲရှိတယ်။ လူစိမ်းတစ်ယောက်ကျူးလွန်တဲ့အမှုမို့လည်း တော်ရုံစုံစမ်းလို့မရနိုင်တာပေါ့ကွာ။ သူတို့က ကျူးလွန်ပြီးတာနဲ့ ပျောက်သွားတာပဲ။ မျက်နှာသိမဟုတ်တော့ ဘယ်ကလာမှန်းမသိ။ ဘယ်ကိုပြန်မှန်းမသိနဲ့။ ကျွမ်းကျင်တဲ့လူဆိုရင် သိပ်ပြီးတော့ ပရိယာယ်ကောင်းတယ်။ ပြီးတော့ ဘာသဲလွန်စမှ မချန်ရစ်ခဲ့ဘူး"

"မလွယ်ပါလားဗျာ"

"အေး... သည်လူဟာ ကြေးစားလူသတ်သမားလည်း ဖြစ်နိုင်တယ်။ မသက်ဘရင် အပြတ်ရှင်းပစ်လိုက်တာကောင်းတယ်။ တို့ဘက်က လူတွေရဲ့အသက်အန္တရာယ်ကိုစိတ်မချရဘူး"

"အေးဗျာ... ကိုတာတေပြောတဲ့အတိုင်းဆိုရင် စိုးရိမ်စရာကြီးပါလား"

"အင်း... စိုးရိမ်ရမယ်လေ။ စိုးရိမ်စရာပေါ့။ ဒါနဲ့... အဲသည့်လူရဲ့နာမည်ကိုရောသိခဲ့ရဲ့လား"

"သိခဲ့တယ်ဗျ... ကံရာဇာတဲ့"

"ကံရာဇာ ဟုတ်လား။ ကံရာဇာတဲ့လား"

တာတေသည် ခေါင်းတညိတ်ညိတ်နှင့်ရှိနေလေသည်။ နှုတ်ခမ်းထောင့်စွန်းမှာလည်း ခပ်ထေ့ထေ့အပြုံးတစ်ခုက ယှဲ့ယှဲ့တင်လျက်။

❑ ❑ ❑





"အူ... ဝူး... ဝူး"

ခပ်ဝေးဝေးဆီက အူလိုက်သော တောခွေးများ၏အသံသည် တိတ်ဆိတ်အိပ်မောကျနေသော တောတစ်ခွင်လုံးကို လှန့်နိုးလိုက်သလို ဖြစ်သွားခဲ့လေသည်။ တိတ်ဆိတ်ငြိမ်သက်နေသော အာလောက တောကြီးကို ညအမှောင်က လွှမ်းခြုံထားသည်။ ညဘက်တွင် အစာရှာထွက်ကြသော သားရဲတိရစ္ဆာန်ကြီးများကို မကြောက်မရွံ့ဘဲ တစ်ဦးတည်း သွားလာနေသူတစ်ယောက်။

သူသည် တောခွေးများ ညစဉ် သွားလာကျက်စားတတ်သော နေရာကို ဦးတည်ပြီးတော့သွားနေသည်။

"အူး... ဝူး... ဝူး"

တောခွေးများ တစ်ကောင်ပြီးတစ်ကောင် အချက်ပေးနေကြကာ အူနေကြသည့်အသံက ကျောချမ်းစရာကောင်းလှသည်။ တောခွေးများသည် တစ်ကောင်တည်းမလှုပ်ရှားကြဘဲ အုပ်စုလိုက် လှုပ်ရှားကြသောသတ္တဝါများဖြစ်ကြသည်။ ဆင်၊ ကျား၊ ကျားသစ် အစရှိသော သတ္တဝါကြီးများကိုပင် ထိုအကောင်သေးသေးလေးများက စုပေါင်းတိုက်ခိုက်ပြီး အနိုင်ယူကြသည်။ စားသောက်ကြသည်။ ကောက်ကျစ်စဉ်းလဲသော မှဆိုးများပင်တည်း။

လသည် ကောင်းကင်ထက်မှာ တဖြည်းဖြည်းနှင့် မြင့်တက်လာသည်။ ထိုအခါ တောအုပ်ထဲကို အလင်းရောင်က အနည်းငယ် ယိုစီးပြီးတော့ကျဆင်းလာသည်။ တောခွေးတစ်ကောင်သည် ချုံကြီးတစ်ခု၏ နောက်ကွယ်မှနေ၍ ဝင်းလက်သောမျက်လုံးတွေဖြင့် တစ်နေရာကိုကြည့်နေလျက် ရှေ့ပြေးကင်းထောက် တောခွေးပင်တည်း။ သူရှာနေသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆင်၊ ဝံ ကဲ့သို့သော သားကောင်ကြီးများကိုပင်။ ယခုတော့ သူတွေ့လိုက်ရသည်က ခြေနှစ်ချောင်း သတ္တဝါလူ လူတစ်ယောက်။

သူကတော့ အခြားသူမဟုတ်။ တာတေ ချောင်းမြောင်းနေသော တောခွေးသည် တာတေ့ကို သားကောင်သဖွယ် သဘောထားခဲ့သည်လားမပြောတတ်ပေ။ ချက်ချင်းပင် ကောက်ကာငင်ကာ ထကာ အူလိုက်လေတော့သည်။

"အူး . . . ဝူး . . . ဝူး"

ခေါင်းကို မိုးပေါ်သို့မော့ကာ အူလိုက်သည်နှင့် မကြာမီမှာပင် လျှင် တန်ဖြန့်အူသံများက ထွက်ပေါ်လာခဲ့ကြလေသည်။

"အူး . . . ဝူး . . . ဝူး . . . အူး"

တာတေသည် ချုံကွယ်မှာ တောခွေးတစ်ကောင်ရှိနေသည်ကိုလည်းကောင်း၊ ယင်းတောခွေးက အူလိုက်သည်ကိုသော်လည်းကောင်း အဝေးမှ တောခွေးများက ပြန်ပြီးအချက်ပေးကာ အူကြသည်ကိုလည်း သိနေခဲ့သည်။ သို့သော် ခြေလှမ်းမပျက်ဘဲ ခပ်လှမ်းလှမ်းရှိ ကုန်းမြင့်လေးတစ်ခုပေါ် တက်သွားခဲ့လေသည်။ ထို့နောက် ကုန်းထိပ်မှာ ရပ်နေလိုက်လေသည်။

မကြာမီမှာပင် တောထဲမှ တဖျတ်ဖျတ်နှင့်ပြေးလာနေကြသော ခြေသံများကို တိုးတိုးသဲ့သဲ့ပင်ကြားလာခဲ့ရသည်။ ရိုးတိုးရိပ်တိပ် သဏ္ဌာန်များက ဟိုမှ သည်မှ ထွက်ပေါ်လာခဲ့ကြလေသည်။ အချိန်အနည်းငယ်အတွင်းမှာပင် ကောင်ရေ သုံးဆယ်ထက်မနည်းသော တောခွေးများသည် တာတေ၏ အနီးကို ရောက်လာခဲ့ကြလေ၏။ ခေါင်းဆောင်ခွေးသည် အလုံးအထည်ပိုကြီးသည်။ သူတစ်ကောင်တည်း ရှေ့ကိုတိုးပြီး





တော့ထွက်လာသည်။ ရဲတင်းပြီး သတ္တိကောင်းလှသည်။ ကျန်ခွေးများက ခပ်လှမ်းလှမ်းမှာရှိနေကြသည်။ တောင်ကုန်းကို ဝိုင်းရံထားကြသည်။

တာတေသည် မလှုပ်မယှက်နှင့်ရပ်နေကာ ခေါင်းဆောင်တောခွေးကို စိုက်ကြည့်လျက်ရှိနေသည်။ ခေါင်းဆောင်တောခွေးကလည်း တာတေ့ကို ငြိမ်သက်စွာပင်ကြည့်နေသည်။ နှစ်ဦး အားပြိုင်နေကြသည့်သဘောလား မသိပေ။ သို့မဟုတ် တာတေ့ကို တိုက်ခိုက်ရန် သင့်မသင့် ဝေဖန်ချင့်ချိန်နေသည့်သဘောပဲလား မပြောတတ်။

တောင်ကုန်းကိုဝိုင်းရံထားကြသည့် တောခွေးများကလည်း ခေါင်းဆောင်ခွေးကသာ အချက်ပေးလိုက်လျှင် တာတေ့ကိုစုပြုံပြီးတော့ ရန်မူတိုက်ခိုက်ကြတော့မှာမလွဲ။ သို့သော် တောခွေးခေါင်းဆောင်သည် ရှေ့ကို ခြေလှမ်းအနည်းငယ်တိုးလာခဲ့သည်။ တာတေ့ကို ခုန်ကာအုပ်လိုက်တော့မလားဟုပင် ထင်မှတ်လိုက်ရသည်။ တာတေကား မလှုပ်မယှက်နှင့်ရပ်နေဆဲ။ သို့ရှိစဉ် . . .

"အူး . . . ဝူး . . . ဝူး . . . အူး"

တောခွေးသည် ကောက်ကာငင်ကာ ဆိုသလို ခေါင်းကိုမော့ပြီးတော့ အသံရှည်ကြီးဖြင့် ဆွဲဆွဲငင်ငင် တစ်ချက်အူလိုက်လေ၏။ ထိုအခါ ကျန်တောခွေးများကလည်း တစ်ပြိုင်တည်းလိုလိုပင် အူလိုက်ကြလေရာ

"အူး . . . ဝူး . . . ဝူး . . . အူး"

တစ်လုံးတည်း၊ တစ်ခဲတည်းထွက်ပေါ်လာသော တောခွေးအူသံကြီးများသည် အူထဲ၊ အသည်းထဲအထိ လှိုက်လှိုက်တက်သွားလောက်အောင် ချောက်ချားဖွယ်ရာကောင်းလှပေတော့သည်။ ထို့နောက် ချက်ချင်းလိုလိုပင် တောခွေးများသည် တောနက်ထဲသို့ ပြန်ပြီးတော့ဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ကြလေသည်။ တောင်ကုန်းလေးထက်မှာကျန်ခဲ့သော တာတေသည်ကား မလှုပ်မယှက် ငြိမ်သက်စွာရှိနေဆဲပင်။ တစ်ခဏအကြာမှ သူလည်း အောက်ကိုဆင်းကာ လာရာလမ်းအတိုင်းပြန်သွားခဲ့လေ၏။ နောက်ထပ် တောခွေးအူသံများကို မကြားရတော့။ အာလောကတောကြီးသည် တိတ်ဆိတ်စွာပင် ကျန်ရစ်ခဲ့လေသည်။

❑ ❑ ❑

ကံရာဇာသည် မိမိ၏နောက်ကြောင်းကို မည်သူ့ကိုမှမသိစေဘဲ ဤနေရာကိုရောက်နေခဲ့သည်မှာ ကြာခဲ့လေပြီ။ ယခုအခါ တာတေနှင့်ပတ်သက်၍ သူ့ခေါင်းထဲတွင် စဉ်းစားစရာ၊ ဆင်ခြင်စရာအများကြီးရှိနေခဲ့လေသည်။ တာတေသည် ရာဇဝတ်မှုများကိုကျူးလွန်ပြီး ဥပဒေကိုလက်တစ်လုံးခြားလှည့်ကာ ရှောင်တိမ်းနေသူလား သို့မဟုတ် ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသလို ကိုယ်မကျူးလွန်မိရသောပြစ်မှုအတွက် အထင်မှားခံနေရခြင်းပေလား။

မည်သို့ပင်ဆိုစေ ကံရာဇာတွင် အဖထောက်အထားများစွာကို ရရှိထားသည့်တိုင် တာတေ့ကို ရဝတ်တရက်မဖမ်းဆီးနိုင်သည့်အကြောင်းများကား ရှိနေသည်။

အဘယ်ကြောင့်ဆိုသော် တာတေသည် အင်္ဂါမစုံ၊ ဒုက္ခိတသမားမို့ပင်တည်း။ သူသည် တရားခံ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သူ၏အကြောင်းပြချက်ကား မည်သည့်ရာဇဝတ်မှုကိုမှ လက်ရောက်ကာ ကျူးလွန်နိုင်သူမဟုတ်ကြောင်းပင်တည်း။

သို့သော် ကံရာဇာကတော့ မြွေမြွေချင်း ခြေမြင်မိသည်။





တာတေ၏ လျှို့ဝှက်ဝှက်ဖဲ့ကို ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။ သေဆုံးသွားခဲ့ကြသူများသည် တစ်ဦးစာစ်ယောက်၏စိတ်စေစားရာကို လိုက်နာမိကြ၍ အသက်ဆုံးရှုံးခဲ့ကြရသည်ဟုယူဆသည်။ ဆိုရလျှင် ကိုယ့်အသက်ကို ကိုယ်ကိုယ်တိုင်စီရင်သွားကြသည်ဟုပဲ အဖြေကထွက်နေသည်။ အင်စပက်တာကံရာဇာအနေဖြင့် တာတေနှင့် ထပ်ပြီးတွေ့ဆုံရန်ပဲ အကြောင်းကရှိတော့သည်။ သို့သော် တာတေက အခုတလောမှာ ပျောက်ချက်သားကောင်းနေသည်။

"ကိုတာတေ...ခင်ဗျား တစ်နေ့နေ့မှာ ကျုပ်လက်ထဲကို ကွိခန့်နေအောင် ရောက်လာရမှာပါ။ ပရိယာယ်ဘယ်လိုပဲများများ၊ ပြေးနိုင်တုန်းသာပြေးထား။ ခြကုန်ရင်တော့ ကံရာဇာရှေ့မှာ ဒူးထောက်လာရစေ့မယ်"

ကံရာဇာသည် တာတေ့ကို စိတ်ထဲမှာသာကြိတ်ပြီးတော့ ကြိမ်းဝါးလိုက်လေ၏။

❑ ❑ ❑

အာလောကတောကြီးသည် တာတေ တားကျက်စရာ၊ သွားလာရာနေရာဟု ကံရာဇာ အချိန်တိုတိုအတွင်းမှာပင်သိခဲ့ရသည်။ တာတေသည် ဘယ်သောအခါကမှ ဝေးဝေးကိုသွားလေ့မရှိ။ ကျယ်ဝန်းသော ဤအာလောကတောကြီးသာလျှင် ဘယ်လိုအကြောင်းနဲ့ပဲရောက်လာရောက်လာ သူ့အတွက် အလုံခြုံဆုံးဟုထင်နေပုံရသည်။

"ခင်ဗျားအတွက် အလုံခြုံဆုံးလို့ယူဆထားတဲ့နေရာကို ကျွန်မတော်လိုက်ရှာပြမယ် ကိုတာတေ။ ခင်ဗျားလည်း ဒါလောက်ဆို ကံရာဇာကို သဘောပေါက်လောက်ပါပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



ကံရာဇာသည် မိမိအပေါ်မှာ လက်တစ်လုံးခြား ဟန်မျိုးလုပ်နေသည့် တာတေ့ကို မခံချင်စိတ်ဖြစ်နေမိသည်။ ထို့ကြောင့် တာတေ့ကို ရှာဖွေရန် အာလောကတောကြီးထဲကို တစ်ကျော့ရောက်လာခဲ့ရပြန်လေပြီ။ တောကြီးထဲ မိမိသွားလာခဲ့ဖူးသည့်နေရာကို အမှတ်အသားများလုပ်ထား၍ မျက်စိလည် လမ်းမှာစရာမရှိဟု ယုံကြည်ထားသည်။

(ဤလိုအမှတ်အသားမျိုး ပြုလုပ်ထားရုံနှင့် တောမမှောက်နိုင်ဟူသည့် ယုံကြည်ချက်မျိုးသည် စိတ်ချနိုင်လောက်ပါ၏လော။ တောပရိယာယ်၊ တောမာယာဆိုသည်ကို ကိုယ်တွေ့ကြုံဖူးကြမှသာ သိနိုင်ကြပေသည်။)

ယခုလည်း ကံရာဇာသည် တာတေ ရှိနိုင်မည့်နေရာမျိုးကို တောက်လျှောက်ပင် လိုက်လံ ရှာဖွေလျက်ရှိသည်။ တစ်နေရာပြီး တစ်နေရာ တစ်ကြောပြီးတစ်ကြော မိမိ၏စိတ်ကူးထဲမှာပေါ်လာသည့် နေရာကိုရောက်ခဲ့လေတိုင်း စိတ်ပျက်ဖွယ်ဖြစ်ရသည်။ ခြေသာကုန်လာလုမတတ် တာတေ့ကိုတော့ အရိပ်အယောင်ကိုသော်မှ မတွေ့။

(ယင်းအချိန်တွင် တာတေသည် အာလောကတောကြီး၏ နက်ရှိုင်းသောတစ်နေရာရှိ ဂူငယ်တစ်လုံးတည်းတွင်ရောက်နေသည်။ သူသည် ရှေ့မှာရှိနေသော ရှည်ရှည်မျောမျော ကျောက်တုံးလေးတစ်တုံးကို စူးစိုက်ကာ ကြည့်နေသည်။ အတန်ကြာသော် မျက်လုံးတွေကို မှိတ်ထားလိုက်လေသည်။)

မျက်လုံးတွေကိုမှိတ်ထားသော်လည်း ကျောက်တုံးလေးက စိတ်အာရုံမှာထင်ဟပ်နေဆဲ။ ကံရာဇာသည် အာလောကတောကြီးထဲတွင် ပြေးလွှားလျက်ရှိနေသည်။ သားကောင်ကိုလိုက်နေခြင်းမဟုတ်။





သားကောင်များက သူ့ကိုလိုက်နေကြခြင်းပင် ဖြစ်သည်။ ယင်းတိရစ္ဆာန်များကား တောခွေးများပင်တည်း။ ကောင်ရေ များစွာသောတောခွေးများသည် ကံရာဇာကိုမိလျှင် ဝိုင်းဝန်းကိုက်ခဲဆုတ်ဖြဲကာ တစ်စစီဖြစ်အောင် လုပ်ပစ်ကြမည်မှာကျိန်းသေသည်။

ကံရာဇာသည် လက်ထဲမှာ သေနတ်ကြီးကိုကိုင်ထားသော်လည်း နောက်ကို လှည့်ပြီးတော့ မပစ်သာ။ အချိန်မပေးသောကြောင့်ပင်ဖြစ်သည်။ တစ်နေရာကိုအရောက်တွင် ခေါင်းဆောင်တောခွေးသည် ကံရာဇာကို မီလာပြီး တစ်ချက်တည်းပင် ခုန်အုပ်လိုက်လေတော့သည်။

"ဟင်"

တာတေ၏ စိတ်အာရုံတွင် ကံရာဇာနှင့် တောခွေးများအားလုံးသည် ပျောက်ကွယ်သွားခဲ့ကြလေသည်။ တာတေသည် မျက်လုံးပွင့်လာခဲ့သည်။ ညာဘက်နှုတ်ခမ်းထောင့်တွင် ခပ်ထွေထွေ အပြုံးကတင်လာခဲ့သည်။ ယင်းအပြုံးသည် စဉ်းလဲသောအပြုံး၊ လှောင်ပြုံး၊ ရက်စက်မှုများနှင့်ရောပြွမ်းလျက်ရှိနေလေသတည်း။

❑ ❑ ❑

ယင်းအချိန် ကံရာဇာသည် တာတေ့ကို လိုက်ရှာနေသည်မှာ ခြေကုန်လုနီးပါးဖြစ်နေသည်။ တာတေသည် သည်တစ်ခါတော့ သူ့ကို အပြီးအပိုင်ပင် ရှောင်တိမ်းသွားခဲ့ပြီလော။ မဖြစ်နိုင်ပါ။ တာတေသည် ဤအာလောကတောတွင်းတစ်နေရာမှာပင် ရှိနေသည်။ မည်သည့်နေရာမှာရှိနေသည်ကို မသိနိုင်လောက်အောင်ပင် အဟန့်အတားတစ်ခုက ကာဆီးထားသလိုပင်။ သွားလိုရာကို့မရောက်အောင် အနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားခြင်းခံနေရသလိုပင်။ ကံရာဇာသည် ရေဘူးကိုထုတ်ကာ အာသာပြေ တစ်ငုံစာမော့ချလိုက်သည်။ အနည်းငယ်ကော့ အမောပြေသွားသည်။

ထိုစဉ် ဖျတ်ခနဲဆို ခေါင်းထောင်မိသွားသည်။ နားထဲမှာ မသကာ်စရာအသံများကိုကြားလိုက်ရသလိုပင်။ တဖျတ်ဖျတ်နှင့် ခြေသံများ ပြေးလွှားလာနေကြသည်။

“ဟင်”

ကံရာဇာသည် သင်းပင်မှာထောင်ထားသော သေနတ်ဆီကို လက်ကရောက်သွားသည်။ ပင်စည်တို ကျောမှီပြီးတော့ ထိုင်နေရာက ထရပ်မိလိုက်လေသည်။ နားစွင့်ထားဆဲတွင် မျက်လုံးအကြည့်က တစ်နေရာဆီကိုရောက်သွားခဲ့သည်။ ချုံကြီးတစ်ချုံနှင့် တစ်ပင်ကြီးတစ်ပင် အကြားမှာ တလှုပ်လှုပ်နှင့်ဖြစ်နေသော ခေါင်းလေးတွေ။ ပြီးတော့ ဟိုနေရာ သည်နေရာ နေရာအနှံ့မှာလည်း ဖျတ်ခနဲ ဖျတ်ခနဲဆိုပြေးလာနေကြသော သတ္တဝါန်များ။ သစ်ပင်များ၊ ချုံကွယ်များမှာ ပြေးပြေးပြီးတော့ ကပ်လိုက်ကြသည်။

“တောခွေးတွေပဲ။ ငါ့ကို တိုက်ခိုက်ဖို့ချောင်းမြောင်းနေကြပြီ”

ကံရာဇာ၏စိတ်ထဲမှာလည်း ထင့်သွားမိသည်။ တောခွေးများနှင့်တွေ့လျှင် မလွယ်။ ဤအနားတွင် အခြားသားကောင်ငယ်များ မရှိ။ သက်ရှိသတ္တဝါဟူ၍ သူတစ်ဦးတည်းသာရှိသည်။ တောခွေးများသည် အခြားသားကောင်ကိုမရသောအခါ ကြံရာမရဖြစ်ပြီး လူသားတစ်ဦးဖြစ်စေ မိမိဘက်ကို ဦးတည်လာခဲ့ခြင်းပင်ဖြစ်လေသလား။ သူတို့သည် အခြားသားကောင်များရှိပါလျက်နှင့် လူသားကို တိုက်ခိုက်ခဲသည်။ ယခုတော့ တောခွေးများ၏ ကောက်ကျစ်စဉ်းလဲမှုသည် စလေပြီတည်း။





မဉ်းစား၍မရသည်က တိရစ္ဆာန်သားကောင်များကို ရအောင်ရှာဖွေခြင်း မပြုဘဲ မိမိကိုမည်သည့်အကြောင်းကြောင့် ပစ်မှတ်ထားရပါသနည်း။

ကံရာဇာကို ကြာကြာစဉ်းစားဖို့အချိန်မပေးတော့။ ပါးစပ်ကြီးကို ဖြဲကာ တဟာမ်းဟာမ်းဖြင့် မာန်ဖီကာဝင်လာခဲ့သော ရဲတင်းလှသည့် တောမွေးကြီးကိုဦးအောင်အရင်ရှင်းပစ်မှဖြစ်တော့မည်။ မတ်တတ်ရပ်လျက်ကပင် အမဲလိုက်သေနတ်ကြီးကို ထိုးချိန်လိုက်ကာ ခလုတ်ကိုဆွဲချလိုက်လေသည်။

“ဒိုင်း”

ကျယ်လောင်သောပေါက်ကွဲသံကြီးက တောထဲမှာဟိန်းကာ ထွက်ပေါ်လာခဲ့သည်။ တောခွေးကြီးည် အော်ပင်မအော်နိုင်။ ခေါင်းတစ်ခြမ်းပါပါသွားသည်။ သေနတ်သံကြောင့် တောခွေးများသည် လန့်ဖျပ်ကာ ထွက်ပြေးသွားခဲ့ကြသည်။

ကံရာဇာသည် ဤသည်ကိုအခွင့်ကောင်းယူကာ ထိုနေရာမှ ဟစ်ဟုန်ထိုးပင် ပြေးထွက်လာခဲ့လေသည်။ သို့သော် ခပ်လှမ်းလှမ်းကို မရောက်သွားကြသော တောခွေးများသည် ဆက်မပြေးကြတော့ဘဲ နေရာမှာတင်ရပ်တန့်လိုက်ကြသည်။

“အူး . . . ဝူး . . . ဝူး . . . အူး”

နောက်မှ ခြေလှမ်းမှန်မှန်နှင့်လိုက်လာသော တောခွေးခေါင်းဆောင်ကြီးက ရုတ်တရက် ထိုးအူလိုက်သဖြင့် ခွေးများက ရပ်တန့်သွားခဲ့ကြခြင်းပင်ဖြစ်ကြသည်။ ထို့နောက် တစ်ခဏအကြာတွင် တောခွေးခေါင်းဆောင်က ဦးဆောင်ကာ နောက်ကြောင်းကိုပြန်လှည့်ပြီးတော့ ပြေးသွားခဲ့ကြလေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



ကံရာဇာသည် တောခွေးအားလုံးနှင့်ရင်ဆိုင်ရန် မလွယ်မှန်း သိသည်။ ထို့ကြောင့် ထွက်ပြေးခဲ့ရလေသည်။ သိပ်မကြာလိုက်ပါ။ နောက်မှပြေးလိုက်လာခဲ့ကြသော ခြေသံများ၊ ချုံတိုးသံများကိုပါ ကြားလာခဲ့ရပြီ လေပြီ။

"သည်ကောင်တွေ ပြန်လိုက်လာကြပြီ။ မြန်လိုက်ကြတာ"

များပြားလှစွာသောတောခွေးများကို ရင်ဆိုင်၍မလွယ်မှန်းသိသည်။ သစ်ပင် တစ်ပင်ပင်ပေါ်ကိုတက်ကာ ရှောင်တိမ်းနေမှဖြစ်တော့မည်။ ကံဆိုးချင်တော့ အနီးအနားရှိ သစ်ပင်ကြီးတွေက တုတ်ခိုင်သောပင်စည်ကြီးများဖြင့် တစ်ဖြောင့်တည်း ရှိနေကြသည်။ ဖက်တက်ရန်မလွယ်။ အပင်ငယ်ကလေးတွေရှိကြသော်လည်း နိမ့်လွန်းနေသည်။

တောခွေးအချို့က ကံရာဇာကို မီလာခဲ့သည်။ ပါးစပ်ကြီးတွေကို ဖြဲကာ တအားပင်ပြေးဝင်လာခဲ့ကြသည်။ တောခွေးများသည် သူနှင့် လက်တစ်ကမ်းအကွာဆီကို ရောက်လာခဲ့ကြပြီဖြစ်သည်။

"ဒိုင်း"

သေချာစွာမချိန်နိုင်တော့ ထိုးကာပစ်ထည့်လိုက်သည်။ ရှေ့က တောခွေးကို ထိမှန်သွားခဲ့သည်နှင့် ကပ်ပြီးပါလာသောတောခွေးနှစ်ကောင်၏ ကိုယ်ထဲကို ကျည်ကာဖောက်ကာဝင်သွားခဲ့သည်။ ကျည်တစ်တောင့်တည်းနှင့် တောခွေးသုံးကောင်။ သေနတ်သံကြောင့် တောခွေးများက ရပ်သွားခဲ့ကြပြန်သည်။ ကံရာဇာလည်း ပြေးရပြန်သည်။ တောခွေးခေါင်းဆောင်သည် ဖွဲကောင်းစွာဖြင့် ကံရာဇာ၏ နောက်ကိုအမီလိုက်နေသည်။ အခြားတောခွေးသုံးကောင်ကလည်း ဘေးမှနေ၍ မာန်ပြီးတော့ လိုက်နေကြသည်။





ကံရာဇာသည် ပြေးရင်းလှည့်ရင်း ကျည်တစ်တောင့် ထပ်ပြီးတော့ ထိုးရသည်။ ဖျတ်ခနဲဆို သစ်ပင်ကြီးတစ်ပင်မှာ ကွယ်လိုက်သည်။ အချိန်ကို ဆိုင်းမနေတော့။ ရုတ်တရက်ထိုးချိန်ပြီးတော့ ပစ်လိုက်ရသည်။

"ဒိုင်း"

တောခွေးနှစ်ကောင်ကို ကျည်ဆန်က ဒါရိုက်ဖောက်ဝင်သွားခဲ့သည်။ အိုင်ခနဲဆို အော်ကာ ပစ်လဲကျသွားခဲ့ကြသည်။ ကျည်ဆန်ပေါက်ကွဲသံကိုမကြောက်ဘဲ အရှိန်ဖြင့် ပြေးဝင်လာခဲ့သော ခေါင်းဆောင်မှူးကြီးနှင့် တောခွေးရဲကြီးနှစ်ကောင်။ ကံရာဇာသည် ရှေ့ဆုံးကခုန်အုပ်လာသော တောခွေးခေါင်းဆောင်ကြီးကို သေနတ်ဒင်နှင့် ထုချလိုက်သည်။

"ခွပ်"

"အိုင်"

တောခွေးကြီးသည် တစ်ချက်အော်လိုက်ကာ ပစ်လဲပြီးတော့ ကျသွားခဲ့သည်။ ကျန်တောခွေးရိုင်းကြီးနှစ်ကောင်က ကံရာဇာဆီကို တစ်ဟုန်ထိုးပင် ဝင်လာခဲ့ကြပြန်လေရာ မားမြှောင်ကိုဆွဲထုတ်၍ တစ်ကောင်ပြီးတစ်ကောင် ထိုးထည့်လိုက်လေသည်။

"အိုင် . . . အိုင် . . . အိုင်"

ချက်ကောင်းကိုမိသွားခဲ့ကြသည်ဖြစ်၍ မြေပြင်ထက်မှာ ဆန့်ငင်ဆန့်ငင်နှင့် ဖြစ်သွားခဲ့ကြလေသည်။ ယင်းအချိန်တွင် စောစောက လဲကျနေသော တောခွေးခေါင်းဆောင်သည် လဲကျနေရာမှထလာခဲ့သည်။

"ဟမ်း"

သူ့ကို နာကျင်အောင်လုပ်ထည့်လိုက်၍ ကံရာဇာ့အပေါ်မှာ ဒေါသထွက်နေလျက်ရှိသည်။ ပါးစပ်ကြီးကိုဖြဲကာ မာန်ဖီလျက် ကံရာဇာ



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ချက်တည်းနှင့်ပင်ခုန်အုပ်လိုက်လေတော့သည်။ ကံရာဇာသည် သေနတ်ကိုစလွယ်သိုင်းကာ လွယ်ထားသည်။ လက်ထဲမှာ ဓားမြှောင်ကို ကိုင်ထားလျက်က တောခွေးကြီးကို ဆက်ကာ ဆက်ကာပင်ထိုးထည့်လိုက်သည်။

"အိုင် . . . အိုင်"

တောခွေးခေါင်းဆောင်သည် နာကျင်ဒေါသဖြင့် အော်လိုက်သည်။ ခုန်အုပ်လိုက်စဉ်မှာပင် ကံရာဇာ၏ကိုယ်ပေါ်သို့ကျသွားခဲ့သည်ဖြစ်ရကား လုံးထွေးပြီး အရှိန်ဖြင့်လဲကျသွားခဲ့ကြလေသည်။ တောင်ကုန်းအတိုင်းအောက်သို့လိမ့်လိမ့်ပြီးတော့ကျသွားခဲ့လေရာ ရှေ့မှာ ချောက်ကြီးတစ်ခုက ဆီးပြီးခံနေသည်ကိုမသိလိုက်။ ထို့ကြောင့် လူရော တောခွေးပါ ချောက်ထဲကို တစ်ရှိန်ထိုးပင်ကျသွားခဲ့ကြလေသည်။

"အား"

ထို့နောက် မကြာမီမှာပင်လျှင် အသံဟူသမျှ အားလုံးတိတ်ဆိတ်သွားခဲ့လေသည်။ ကျန်တောခွေးများသည်လည်း နောက်ကြောင်းကိုလှည့်ပြီး ထွက်ပြေးသွားခဲ့ကြသည်။ တစ်ခဏအကြာတွင် . . .

ထိုနေရာကိုရောက်လာသူတစ်ယောက်ကား . . . လက်ပြတ်တာတေပင်တည်း။ တာတေ၏ပါးစပ်ထဲမှာ ကိုက်ယူလာသော အရာတစ်ခု။ တာတေသည် ယင်းအရာကို ကံရာဇာ ကျသွားသည့်နေရာကို ပါးစပ်ထဲမှ လွှတ်ချလိုက်သည်။ ချောက်ထဲကို ကျသွားသောအရာကား လက်ဦထိတ်တစ်စုံပင်တည်း။

❑ ❑ ❑





( ၁၈ )

## အတိတ်ဘဝက အောင်မေနေခဲ့သောရွာ

ကံရာဇာဆိုသည့် လူတစ်ယောက်။ မည်သို့ရောက်ရှိလာခဲ့သည်၊ မည်သို့ပျောက်ကွယ်သွားသည်ကို မည်သူမှမသိခဲ့ကြ။ အချို့ဆိုလျှင် ကံရာဇာကို မြင်ပင်မမြင်ဘူးလိုက်ကြချေ။ လူစိမ်းတစ်ယောက်မည်သို့သော ကံကြမ္မာနှင့်တွေ့ကြုံသွားခဲ့ရသည်ကိုပင် မသိခဲ့ကြ။

သိသူကား တစ်ဦးတည်းပင်။ သူကတော့ တာတေ။

"ကျွန်တော်က လူနစ်ယောက်ကို ဘယ်တော့မှ ကိုယ်ထိလက်ရောက် မတိုက်ခိုက်ပါဘူးဗျာ။ သည်အလုပ်မျိုးတွေကိုလည်း မလုပ်ပါဘူး။ ကြောက်ပါ။ ကျွန်တော်က ဒုက္ခိတပါ။ သူတစ်ပါးကသာ ကျွန်တော့်ကို ရိုက်မယ်ကြံရင် ခေါင်းထိုးခံပေးရမယ့်လူပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့ကို မသက်ာ၍ စစ်မေးတိုင်းမှာ လက်မောင်းနှစ်ဖက်ကို မြှောက်မြှောက်ပြီးတော့ သနားစရာမျက်နှာပေးလေးနှင့်ပြောရှာသည်။

"ကျွန်တော် ဒုက္ခိတဘာဝရောက်နေတာတောင် ဘာဖြစ်လို့ သည်လို အထင်ခံနေရတာပါလိမ့်။ အမြဲတမ်း သံသယရဲ့သားကောင် ဖြစ်နေရမှာတဲ့လား"

ဟု ငိုတော့မတတ်ပင်ပြောနေသည်။ တာတေ့မျက်နှာလေးကို သဥ ကရုဏာသက်စရာပါ။ အချို့ကလည်း တာတေသည် မြေနိမ့်ရာလှံစိုက် ရက သဘောမျိုး အဖြစ်ခံနေရသည်ဟု ယူဆကာ သနားနေမိကြလေသည်။

အခုတလောတွင် တာတေတစ်ယောက် ငြိမ်သက်လျက်ရှိသည်။ အာလောကတောကြီးထဲကိုပင် သိပ်ပြီးတော့ အသွားအလာမလုပ်တော့ပေ။ တာတေသည် သူနေချင်သလိုနေသည့်အတွက် သူ့ကို နေပုံထိုင်ပုံ ထူးခြားသည်၊ မထူးခြားသည် အကဲခတ်မနေကြဘဲ မျက်စိအောက်မှာ တာတေရှိနေလျှင် ပြော် . . . သူ ဘယ်မှမသွားလို့ဘဲဟု။ တာတေ့ကို မတွေ့လျှင် သူ တစ်နေရာရာကိုရောက်နေလို့ပဲဟု ဟူ၍သာ မှတ်ရပေတော့သည်။ တစ်ရက်တွင် . . .

"အစ်မ . . . ကျွန်တော် ခရီးထွက်စရာရှိတယ်။ တစ်လလောက်တော့ကြာလိမ့်မယ်"

တာတေက ကောက်ကာငင်ကာ ပြောလိုက်သည့်အတွက် ဝိုင်းစိန်းသည် တာတေ့မျက်နှာကို အံ့အားတသင့်နှင့်ကြည့်လိုက်လေသည်။

"အံမယ် . . . ငါ့မောင်က ခါတိုင်းဆို ဘယ်သွားမယ်၊ ဘယ်လာမယ်မပြောဘူး။ သည်တစ်ခါ ပြောလို့ပါလား။ နေပါဦး . . . ခုလို ထူးထူးခြားခြားပြောဖြစ်တာ ဘယ်ကိုသွားမှာမို့လဲ"





"စီးပွားသွားလုပ်မှာပါ။ ကျွန်တော်ပြန်လာရင် အစ်မတို့ သည်လို မနေရတော့ဘူး။ ချမ်းချမ်းသာသာနဲ့နေရပြီသာမှတ်"

"အလို . . . တာတေ ဘာအကြံကြီးကြံလို့ ဘာအလုပ်များလုပ်မှာမို့လို့လဲ။ သမာအာဇီဝအလုပ်ကောဟုတ်ရဲ့လားကွယ်"

"ဟာ . . . အစ်မကလည်း ရိုးရိုးသားသားအလုပ်ပါဗျ။ အစ်မကပါ ကျွန်တော့်ကို အထင်သေးနေပြန်ပြီ"

"အထင်သေးတာမဟုတ်ပါဘူးကွယ်။ သည်လိုပေါ့။ ငါက စိတ်ပူလို့မေးရတာပေါ့"

ကွင်းထဲမှပြန်လာသော သောင်းတင်နှင့် ဖွေးလှတို့ကလည်း တာတေ၏ စကားကို နားစွန်နားဖျားကြားသွားခဲ့လေရာ

"ဟာကွာ . . . တာတေရာ။ မင်းက တစ်လကိုးသီတင်းကြီးတောင် ခရီးထွက်ပြီး အလုပ်လုပ်မှာဆိုတော့ မဟုတ်မှလွဲရော . . . အကြံကြီးကြီးရှိနေပြီနဲ့တူတယ်"

"ဟုတ်တယ် . . . ကိုတာတေ။ ကေန္တ ငွေများများရှာပြီး မိန်းမယူတော့မယ်ထင်တယ်"

"ငါ့ကို ဘယ်မိန်းမကယူမှာလဲ။ ငါကလည်း ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူး။ ငါစိတ်ဝင်စားတာက ဟောဒီက ငါတို့မိသားစုပါ ဖွေးလှရာ"

တာတေ စီးပွားလုပ်မည်ဆို၍ ဝမ်းမသာနိုင်ကြ။ သူ့ကို အကြောင်းအမျိုးမျိုးနှင့် စိုးရိမ်နေရသောကြောင့်ပင် ဖြစ်သည်။ ထို့အပြင် တာတေသည် ဒုစရိုက်အလုပ်ကိုလုပ်နေသူဟု ရွာမှာသတင်းပြေးနေသည် မဟုတ်ပါလား။ လူသတ်မှုအတော်များများသည် တာတေ့



www.burmeseclassic.com

www.burmeseclassic.com



လက်ချက်ဟု ရိုးစွပ်ကြသည်။ ဒုစရိုက်မှုဖြစ်တိုင်းမှာ ထိုအနီးအနားတစ်ဝိုက်တွင် တာတေ့ကိုတွေ့ရသည်။ မျက်မြင်သက်သေအချို့က တင်ပြကြသည်။ သို့သော် တာတေ့ကို ဆိုင်ရာကစစ်မေးလိုက်တိုင်းမှာ ဒုက္ခိတဆိုသော သက်သေကြီးက အထင်အရှားပင်ရှိနေသောကြောင့် တာတေကိုယ်တိုင် ဓား၊ လှံ အစရှိသည့် လက်နက်များကို ကိုင်ဆောင်နိုင်သူမဟုတ်သည်မှာ ထင်ရှားနေသည့်အတွက် စွဲချက်အတင်မခံရဘဲ လွှတ်ပေးခဲ့ရသည်က များခဲ့လေပြီ။

ရက်အနည်းငယ်အတွင်းမှာပင် တာတေသည် ဆီးဖြူတောရွာမှ ပျောက်ကွယ်သွားခဲ့လေသည်။

❑ ❑ ❑

ဤနေရာ၊ ဤဒေသကိုရောက်လာခဲ့သော်လည်း ပတ်ဝန်းကျင်သည် မိမိနှင့် မစိမ်းသလို ကိုယ့်ရပ်၊ ကိုယ့်နေရာကိုပြန်ရောက်လာခဲ့သည်ဟုပင် ခံစားနေမိသည်။ တာတေ ယခုရောက်နေသည့်နေရာကား ကင်းမွန်ရွာ။ ရိုးမတော၊ ရိုးမတောင်ကြီးနှင့် မနီးမဝေးမှာရှိနေသည့် ရွာကလေးတစ်ရွာ။

သူတစ်ဦးတည်း ရွာထဲမှာ လျှောက်ပြီးတော့သွားနေသည်။ အချို့အိမ်များကိုကား မှတ်မိသည်။ အချို့ကိုကား မမှတ်မိတော့။ စိတ်ထဲမှာ ဂိုးတဝါးဖြစ်ပေါ်နေရလေပြီ။ ရွာထဲတွင် လက်နစ်ဖက်မရှိသော လူတစ်ယောက်က လျှောက်သွားနေသည်ကို လူတွေက အထူးအဆန်းဖြစ်ကာ ကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။

တာတေသည် ရွာစွန်နားရှိ ခြံဝိုင်းတစ်ခုဆီကို အဆောတလျင်





ပင်ရောက်သွားခဲ့သည်။ ခြေတံရှည်အိမ်မြင့်ကြီးတစ်ခုကို တွေ့လိုက်ရသည်။ အတိတ်ကိုပြန်ပြောင်းပြီး သတိရမိသည်။ ခေါင်းထဲမှာ ရေးရေးပင်ပေါ်လာသည်။

“ဒါ . . . အရင်အိမ်မဟုတ်တော့ဘူး”

အပြင်ကနေ အကဲခတ်ပြီးကြည့်နေလေရာ . . . အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိ လူကြီးတစ်ယောက်ကထွက်လာသည်။ ခြံတံခါးကိုမဖွင့်ဘဲ . . .

“ဘာကိစ္စရှိလို့လဲ”

ထိုလူကြီးသည် တာတေ၏ ပုံပန်းသဏ္ဌာန်ကိုကြည့်ပြီး မေးလိုက်သည်။ မျက်လုံးထဲတွင်အထင်သေးရှုတ်ချမှုများကိုတွေ့လိုက်ရသည်။

“ဪ . . . သည်ခြံထဲက အရင်လူတွေ ဘယ်ရောက်သွားကြသလဲလို့ မေးချင်လို့ပါ”

“အရင်လူတွေ ဟုတ်လား။ ငါ သည်ကိုရောက်နေတာ အနှစ်သုံးဆယ်ရှိပြီ။ သည်ခြံကို ငါဝယ်လိုက်တာ။ အဲသည့်အိမ်ရှင်လည်း ဘယ်ထွက်သွားကြမှန်း ငါလည်း ဘယ်သိပါ့မလဲ”

“ဒါနဲ့ . . . ခင်ဗျားရဲ့နာမည်က”

“အောင်ဖေ”

တာတေ့အမေးကို မပြောချင်၊ ပြောချင်နှင့် လေသံမာမာနှင့် ပြောပြီး ခြံအတွင်းဘက်ကို ပြန်ဝင်သွားခဲ့လေ၏။ တာတေ မခံချင်စိတ်ဖြစ်သွားမိသည်။ ထို့နောက် စိတ်လျှော့ချလိုက်ကာ နေရာမှ လှည့်ထွက်လာခဲ့သည်။

“ဪ . . . သည်ခြံဝိုင်းက လက်ပြောင်းလက်လွှဲလုပ်ခဲ့ပြီးမှကိုး။



www.burmeseclassic.com

www.burmeseclassic.com



အင်းပေါ့လေ . . . နှစ်တွေလည်း ဒါလောက်ကြာမှတော့ အပြောင်းအလဲ တစ်ခုခုကတော့ ရှိလောက်ပြီပေါ့။ အင်း . . . သူနာမည်ကလည်း အောင်ဖေ ဆိုပါလား။ အောင်ဖေချင်း တူပေမယ့် ငါကတော့ ဘဝပေါင်းက အောင်ဖေဖြစ်သွားခဲ့ပြီ"

အတိတ်ဘဝက မုဆိုးအောင်ဖေ၊ အိမ်ထောင်မရှိ။ ဤအိမ်ရှိ လှူကြီးလင်မယားအိမ်မှာ သူနေခဲ့သည်။ ဒူးလေးကို ထမ်းကာ ရိုးမတစ်ခွင် ပြုံပြုံစင်အောင် အမဲလိုက်ခဲ့သည်။ ကင်းမွန်ရွာတစ်ရွာလုံးက မိမိ၏အဖြစ် အပျက်ကို မည်သူကမှမသိနိုင်ကြတော့။ ထိုစဉ်က မုဆိုးအောင်ဖေတစ် ယောက် ဂျပန်များဖမ်းဆီးခြင်းကိုခံရပြီး ပျောက်ဆုံးသွားခဲ့သည်ကိုသာ သိကြပေလိမ့်မည်။ ကင်းမွန်ရွာကို ပြန်မလာတော့သည်ကိုသာ အမှတ်ရ ကြပေလိမ့်မည်။ နှစ်တွေကြာလာခဲ့သော် . . . မုဆိုးအောင်ဖေကို မည်သူ ကမှ အမှတ်ရကြတော့မှာမဟုတ်ကြတော့။

တာတေ ပြုံးမိလိုက်သည်။ ယခုအချိန်တွင် သူ မည်သူမည်ဝါ ဆိုသည်ကို မသိကြတာအကောင်းဆုံး။ တကယ်တော့ တာတေသည် ဤနေရာကို အကြံနှင့်လာခဲ့ခြင်းပဲမဟုတ်ပါလား။ ထို့နောက် မကြာမီမှာ ပင် တာတေသည် ကင်းမွန်ရွာမှအေးဆေးစွာပင်ပြန်ထွက်သွားခဲ့လေသည်။

❑ ❑ ❑

လူတစ်စုသည် ရိုးမတောကြီး၏ လျှို့ဝှက်လမ်းကြောင်းတစ် နေရာမှ ခရီးနှင်လျက် ရှိနေကြလေသည်။ စုစုပေါင်း ခြောက်ယောက် ရှေ့ ဆုံးက ခေါင်းဆောင်ပြီးတော့သွားနေသူမှာ လက်ပြတ်တာတေပင်ဖြစ် သည်။ တာတေနှင့် အတူပါလာကြသူများသည် တစ်ရပ်တစ်ရွာမှ လူများ





သာလျှင်ဖြစ်ကြသည်။

ဆီးဖြူတောရွာသား၊ အခြားသောအသိရွာသားများ တစ် ယောက်မှမပါကြ။ တာတေသည် ထိုသူများကို အခကြေးငွေပေး၍ ငှားလာခဲ့ခြင်းသာဖြစ်သည်။ ထိုသူများထဲတွင် တင်ထွန်း ဆိုသူသည် တာတေ့၏သက်တော်စောင့်ဖြစ်သည်။ အခကြေးငွေကောင်းကောင်းပေး ၍ ငှားထားသူ။ တင်ထွန်းသည် သိုင်းပညာတတ်သည်။ ဓားရေးကျွမ်း သည်။ တာတေ၏လက်နှစ်ဖက်အစား တင်ထွန်းက အသုံးတည့်လိမ့်မည် ဖြစ်သည်။ ထို့အပြင် အခကြေးငွေပေးပြီးခိုင်းလျှင် မကော င်းမှုများနှင့် ပတ်သက်တတ်သော လက်မရွံ့သမားတစ်ဦးပင်တည်း။

တင်ထွန်းနှင့် အတူလိုက်ပါလာကြသူများသည် နေ့တွက်မြတ် မြတ်ကလေးရသည်ကိုမက်သော အလုပ်ကြမ်းသမားများသာဖြစ်ကြ သည်။ မည်သည့်အလုပ်ကိုလုပ်ကြရမည်မှန်း မသိကြပေ။ တာတေက နေ့တွက်ခကို မက်လောက်အောင်ပေးပြီးလျှင် လုပ်ငန်းအောင်မြင်ပါက တစ်သက်စားလောက်အောင်ပေးဦးမည်ဟု စကားပလ္လင်ခံထား၍ ပို့ပြီး တော့တက်ကြွနေကြလေသည်။

တင်ထွန်းသည် ဓားရှည်တစ်လက်ကို အအိမ်နှင့်ထည့်ကာ လွယ်ထားသည်။ အမဲလိုက်သေနတ်ကြီးကိုလည်း ပခုံးထက်မှာ ချိတ်ပြီး တော့လိုက်ပါလာသည်။အချို့ကတော့ရိက္ခာထုပ်များကိုကျောပိုးထားကြသည်။

တာတေသည် ဤတော ဤတောင်ထဲကို ယခုမှရောက်ဖူး သော်လည်း ရှေးယခင်ကတည်းက သွားဖူး၊ လာဖူးသကဲ့သို့ အလုံးစုံကို မှတ်မိနေသည်။ သိနေသည်။ တကယ်တော့ ဤလမ်းကြောင်းများသည် တစ်ချိန်က မုဆိုးအောင်ဖေ၏ ခြေရာချည်းများသာလျှင် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



တောကနက်သည်။ အပင်ကြီးတွေက ထူထပ်လာခဲ့သည်။

"ကိုတင်ထွန်းရေ . . . ကျွန်တော်တို့ ခရီးတစ်ထောက်နားကြရအောင်ဗျာ"

"ဟုတ်ကဲ့ . . . ကိုတာတေ"

ခြေကျင်လာခဲ့ကြရသည်ဖြစ်၍ ပင်ပန်းနေကြပြီဖြစ်သည်။ တင်ထွန်းသည် စခန်းချမည့်နေရာကိုရွေးသည်။ ထို့နောက် လူတစ်ယောက်ကိုခေါ်ကာ သေနတ်ကိုဆွဲ၍ တောနက်ထဲကိုဝင်သွားသည်။

တာတေသည် အထမ်းသမားများ ထမင်းချက်ရန် စီစဉ်နေကြဆဲမှာပင် ကုန်းမြင့်တစ်နေရာကို တက်သွားခဲ့သည်။ မိမိ၏ အမှတ်သညာထဲမှာ ပျောက်ကွယ်နေသော နေရာအချို့ကို မှတ်မိစေရန်ပြန်လည်ပြီးတော့ကြိုးစားနေမိသည်။ ကုန်းမြင့်အောက်ပိုင်းကို လှမ်းပြီးတော့ ကြည့်နေဆဲမှာပင် အနိမ့်ပိုင်းတစ်နေရာ ဟိုးခပ်လှမ်းလှမ်းဆီကို စိတ်ကရောက်သွားသည်။ ခေါင်းထဲမှာ တစ်ချက်လင်းလက်သွားသည်။

"အဲသည့်ဘက်မှာ လှိုဏ်ကြီးတစ်ခုရှိတယ်။ ဟုတ်တယ်။ အဲသည့်လှိုဏ်ကြီးဆီကိုရောက်အောင် ငါတို့သွားကြရမှာပဲ"

မိမိတို့ ဆက်ပြီးသွားရမည့်နေရာက ခေါင်းထဲမှာ ပေါ်လာခဲ့လေသည်။ တာတေ စိတ်သက်သာရာရသွားခဲ့သည်။ ထိုစဉ် . . .

"ဒိုင်း"

သေနတ်သံတစ်ချက်ကို ကြားလိုက်ရသည်။ မနီးမဝေးမှ ထွက်လာသောအသံ။ တင်ထွန်းဆီက ထွက်ပေါ်လာသောအသံပဲဖြစ်လိမ့်မည်။ တာတေ စခန်းချနေသောနေရာကို ပြန်ရောက်လာသောအခါ တင်ထွန်းနှင့်အဖော်သည် ချေတစ်ကောင်ကို ထမ်းဘာ ပြန်လာနေကြသည်ကိုတွေ့





လိုက်ရလေ၏။

"သည်မှာ အကောင်တွေကတော့ တော်တော်ပေါတယ်ဗျာ။ သိပ်လောဘမကြီးချင်လို့"

တင်ထွန်းက အားရကျေနပ်သောအသံဖြင့် ပြောသည်။ သားကောင်အသေကိုဝိုင်းပြီးတော့ ဖျက်နေကြသည်။ တာတေသည် ထိုမြင်ကွင်းကိုကြည့်နေမိသည်။ အတိတ်ကာလက မုဆိုးဘဝအတွေ့အကြုံကိုပြန်ပြီးတော့ ခံစားနေမိသည်။ တဒင်္ဂအချိန်အတွင်းမှာ မိန်းမောတွေဝေသွားခဲ့လေသည်။

ချေသားဟင်းနှင့် ချက်ပြုတ်စားသောက်ကြပြီးသောအခါ တစ်ရေးတစ်မောအိပ်ကြသည်။ တာတေကတော့ မအိပ်ဘဲ အစီအစဉ်ကို စိတ်ကူးထဲမှာရေးဆွဲလျက်ရှိသည်။ တင်ထွန်းလည်း မအိပ်ပါ။ ဝန်းကျင်အခြေအနေကိုလိုက်ပြီးတော့ လေ့လာနေသည်။

"နေဝင်ဖို့လိုသေးတယ်။ ဘယ်လိုအစီအစဉ်ရှိသလဲ ကိုတာတေ"

"အားလုံး ပြည့်ပြည့်ဝဝအနားယူပြီးရင် ခရီးဆက်လို့ရသေးတယ်။ ဒါပေမယ့် သည်မှာစခန်းချပြီး မနက်ကျမှ ခရီးဆက်ရင်လည်း ဖြစ်တယ်"

ထိုအခါ နိုးလာကြသောသူများထဲမှ တစ်ယောက်က . . .

"ကျွန်တော်တို့ကို အားမနာပါနဲ့ ဆရာ။ ခရီးဆက်ချင်လည်း ဆက်ပါ"

"ကောင်းပြီလေ . . . သိပ်တော့မလိုတော့ပါဘူး။ ဟိုကျရင်တော့ မှောင်သွားမှာပဲ။ အဲသည့်ကျမှ ဆက်ပြီး အနားယူကြပေါ့။ အဲ . . . မသွားခင် ကျွန်တော် ခင်ဗျားတို့ကို စကားတစ်ခွန်းပြောချင်တယ်"

တာတေ၏မျက်နှာသည် ဝိုပြီးတော့တည်သွားသည်။ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



၏မျက်လုံးတွေသည် တာတေ့အပေါ်မှာသာ စုပြုံပြီးတော့ ရောက်သွားခဲ့ကြလေ၏။

"အခု ကျွန်တော်တို့ ခရီးလမ်းဆုံးကိုရောက်တော့မယ်။ အဲသည့်မှာ ဘယ်သူမှ ထင်မထားတဲ့ ဉစ္စာသိုက်ကြီးတစ်ခုရှိတယ်။ အင်း အခြေအနေပျက်မယွင်းသေးဘူးဆိုရင်ပေါ့လေ။ ကိစ္စအောင်မြင်ရင် အားလုံးအကျိုးခံစားရမယ်။ ခင်ဗျားတို့အပေါ်မှာ ကျွန်တော် ကောက်ကျစ်တဲ့စိတ်မမွေးဘူး။ ခင်ဗျားတို့ကလည်း ကျွန်တော့်အပေါ်မှာ သစ္စာရှိကြပါ"

"ကောင်းပါပြီခင်ဗျာ။ ကျွန်တော်တို့အပေါ်မှာ သည်လိုသဘောထားတာသိရလို့ဝမ်းသာပါတယ်။ ကျွန်တော်တို့ကလည်း အလုပ်အတွက် သစ္စာရှိပါ့မယ်လို့ ကတိပေးပါတယ်"

အသက်အကြီးဆုံးတစ်ဦးက အားလုံးကိုယ်စား ကတိပေးသည်။ မည်သည့်အလုပ်ရယ်ဟု မသိကြသေးသော်လည်း အကျိုးအမြတ်နှင့်ပြည့်လုပ်ငန်းတစ်ခုဟု သိလိုက်ကြရလို့ ကျေနပ်မိကြလေသည်။

"ကဲ . . . ဒါဆို ခရီးဆက်ကြရအောင်"

နားနားနေနေ နေပြီးခဲ့ကြပြီ။ ညနေစာကိုလည်း စားပြီးခဲ့ကြပြီဖြစ်၍ ခရီးဆက်ထွက်လာခဲ့ကြလေသည်။ တာတေသည် ဖက်ဆစ်ဂျပန်တို့နှင့် အတူသွားခဲ့သည့်လမ်းကို ပိုပြီးမှတ်မိသထက် မှတ်မိလာခဲ့သည်။ လှိုဏ်ကြီးဘက်ကိုသွားမည့်လမ်းအတိုင်း အနိမ့်ပိုင်းဆီကို ဆင်းသက်လာခဲ့ကြလေပြီ။

ဤနေရာသည် မူလက သစ်ပင်များကျဲပါးခဲ့သော်လည်း ခုတော့ အပင်ကြီးငယ်များက ပိုပြီးတော့ များပြားလာသည်။ ချုံနွယ်များထူထပ်လာသည်။ ခြတောင်ပို့ကြီးတွေပင် ဖြစ်ထွန်းလာခဲ့ကြသည်။ ဩော် . . . နှစ်သုံးဆယ်ကျော်အတွင်းမှာ ခြားနားခဲ့ပြီပဲ။ ပြောင်းလဲခဲ့ပြီပဲ။





( ၁၉ )

## ရတနာဂူ

တောခွေးခေါင်းဆောင်နှင့် လုံးထွေးပြီး ချောက်ကြီးထဲသို့ကျသွားသော ကံရာဇာ သည်တစ်ခါတော့ အကျိုးနည်းပြီဟု ရင်ထဲထိတ်ခန့်ဖြစ်သွားခဲ့ရသည်။ အသည်းထဲမှာလည်း အေးခနဲဆို ခံစားလိုက်ရသည်။ ချောက်ကြီး၏အောက်ကိုမရောက်မီ မားဒကာရာရထားသော တောခွေးကြီးများသည် ကံရာဇာ၏ကိုယ်ပေါ်မှ ကွာပြီးတော့ကျသွားသည်။ ချောက်ထဲကို တောခွေးက အရင်ကျသွားခဲ့လေ၏။

ထိုစဉ် အောက်ကို တစ်ရှိန်ထိုးကျဆင်းနေသော ကံရာဇာ၏ ကိုယ်လုံးသည် ရုတ်တရက် ဆောင့်ဆွဲခံလိုက်ရသလိုဖြစ်သွားသည်။ လက်မောင်းတစ်ဖက်လည်း အောင့်သွားသည်။ အရင်းမှ ပြုတ်ထွက်သွားတော့မတတ် နာကျင်သွားခဲ့ရသည်။ သည်နောက်မှာတော့ ကံရာဇာသည် လေထဲမှာ တန်းလန်းကြီးဖြစ်နေ၏။

ဤသို့ ဖြစ်ရခြင်းမှာ အမဲလိုက်သေနတ်ကို ချည်နှောင်ထားသော သားရေပတ်ကြီးက သစ်ကိုင်းငုတ်တစ်ခုမှာ ငြိသွားသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပင်။ ကံရာဇာသည် အထက်မရောက်၊ အောက်မရောက်နှင့် လေထဲမှာ တန်းလန်းကြီးဖြစ်နေသည်။

ရုတ်ချင်းပင် လက်ရှိအခြေအနေကိုစစ်ဆေးကြည့်လိုက်သည်။ သစ်ပင်ကြီးတစ်ပင်သည် ချောက်ကမ်းပါးရံထက်မှာ ပေါက်နေသည်။ ချောက်ထဲကိုအကျတွင် သေနတ်သားရေပတ်ကြိုးက သစ်ကိုင်းငုတ်မှာ အမှတ်မထင် ချိတ်မိသွားခြင်းပင်။ ကံရာဇာသည် သူနှင့်အနီးကပ်ဆုံးမှာ ရှိနေသော သစ်ကိုင်းကြီးတစ်ခုပေါ်ကို ခြေတင်လိုက်သည်။ လက်မောင်းရင်းက အတော်ကလေးကို နာကျင်သွားခဲ့သည်ဖြစ်၍ သစ်ကိုင်းထက်မှာ ထိုင်ကာ ပင်စည်ကို ကျောမှီပြီးနေလိုက်ရသည်။

အောင့်နေသောလက်မောင်းကို လက်တစ်ဖက်က အတန်ကြာ အောင်ပင်နှိပ်နယ်ပေးရသေးသည်။ လက်ကိုမြှောက်ကြည့်၊ ချကြည့်သည်။ တော်ပါသေး၏။ လက်မောင်းပြုတ်ထွက်မသွားသည်က ကံကောင်းလှသည်။

လက်ဆစ်သာပြုတ်သွားခဲ့လျှင် မလွယ်။ သူသည် အထက်မရောက် အောက်မရောက်ဖြစ်နေသည်။ ချောက်ပေါ်ကို ပြန်တက်လျှင် လွယ်မည်လား၊ သို့မဟုတ် အောက်ကိုပဲ ဆင်းလျှင်ရမည်လား အခြေအနေကိုကြည့်မိသည်။ အောက်ကိုဆင်းရန် မလွယ်ပါ။ မိမိရှိနေသည့် အပင်ကြီး၏ အောက်ကစ၍ ပြီး ပိုပြီးတော့ မတ်စောက်လျက်ရှိသည်။ တွယ်ဆင်းစရာ ကမ္ဘာထစ်၊ သစ်ပင်များ စသည်တို့က ရှိမနေကြပါပေ။ ထို့အပြင် ချောက်ကလည်း အတော်လေးကိုနက်သည်။ မိမိရှိနေသည့် အပင်ကြီး၏ဘေးမှာ သစ်ပင်အချို့က ပေါက်နေကြသည်။ ထို့အပြင် ချောက်နံရံသည် သိပ်ပြီးမတ်စောက်မနေ။ ပြေပြစ်သည်။ တွင်းဖောက်များ၊ ကမ္ဘာထစ်များကရှိနေကြသည်။ စွန့်စားပြီးတက်လျှင်ရနိုင်သည်။





မဲ့ယဉ်းစွာပင် တက်ရပေလိမ့်မည်။

သို့ရှိစဉ် . . . ချောက်ပေါ်မှ အရာတစ်ခုက အောက်ကို အမှတ်မထင်ကျလာခဲ့သည်။

"ဖြောက်"

ကံရာဇာထိုင်နေသည့် သစ်ကိုင်းကြီး၏ထောင်နေသော ဘေးပွက်အကိုင်းပြတ်တစ်ခုမှာ လာချိတ်နေသည်။ ထိုအရာကိုကြည့်မိလိုက်သောအခါ လက်ထိတ်တစ်ခုဖြစ်နေသည်။ အံ့အားသင့်သွားမိသည်။ အပေါ်ကိုမော့ကြည့်မိလိုက်သည်။ ချေယင် ချောက်ကမ်းပါးယံထက်ကို လှမ်းပြီး မမြင်နိုင်ပါချေ။

❑ ❑ ❑

တာတေတို့သည် လှိုဏ်ကြီးထဲကို တောက်လျှောက်ပင် ဝင်လာခဲ့ကြသည်။ အချို့နေရာများတွင် လမ်းပိတ်နေ၍ ဓားများဖြင့် ခုတ်ထွင်ရှင်းလင်းကာသွားကြရသည်။ တောဝက်များ၊ မြေဆိုးများ နို့အောင်းကာနေတတ်သည်။ မနည်းကြီးကို သတိထားကာ သွားနေကြရသည်။ မျက်စိရှင်ရှင်ထားကြရသည်။ အထူးသဖြင့် တောဝက်များ၏ရန်ကို အကြောက်ဆုံးပင်ဖြစ်သည်။

နှစ်ပေါင်းများစွာအတွင်းမှာ ဤလှိုဏ်ကြီးသည်လည်း ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ တိရစ္ဆာန်သွားလမ်းများပင် မရှိတော့။ တာတေက ဤလိုအခြေအနေမျိုးကို သဘောကျသွားခဲ့ရသည်။ လှိုဏ်ကြီး၏တစ်ဖက်ကို အလွယ်တကူ မသွားရောက်နိုင်ခဲ့လျှင် မည်သူကမှ မြေပုံကြီးရှိနေသည်ကို သိနိုင်မှာမဟုတ်။ တစ်နာရီနီးပါးကြာသွားသည်။ ထို့အခါကျမှ



www.burmeseclassic.com

www.burmeseclassic.com



လှိုဏ်ကြီးတစ်ဖက်ကို ဖောက်ထွက်သွားနိုင်ခဲ့ကြသည်။ တစ်ကြိမ်ထပ်ပြီးတော့ နားကြသည်။ နာရီဝက်လောက်ပဲနားသည်။ ထိုနေရာမှ ဆက်ထွက်လာခဲ့ကြသည်။ နောက်ထပ်နာရီဝက်သာသာပဲ သွားလိုက်ရသည်။ တစ်နေရာကိုအရောက်တွင် တာတေ့ခြေလှမ်းများသည် ရုတ်တရက်ရပ်သွားခဲ့ရသည်။ အားလုံးလည်း နေရာမှာပင် ရပ်သွားခဲ့ကြလေသည်။

တာတေ့ရှေ့တွင် ထီးထီးမားမားနှင့်တည်ရှိနေသော သဏ္ဌာန်ကြီးတစ်ခု။ ကြီးမားသော တောင်ပူစာလေးတစ်လုံးပမာ ရှိနေသည်။ တောင်ပူစာတစ်ခုလုံး ရေညှိများဖြင့်ပြည့်နေသည်။ စိမ်းစိမ်းခုံးခုံးကြီး။ ယင်းအရာကြီးကို တာတေက မမှိတ်မသုန်သောမျက်လုံးအစုံဖြင့် စိမ်းစိမ်းကြီးကြည့်နေမိသည်။

တကယ်တော့ ယင်းအရာသည် ဂူကြီးတစ်လုံးဖြစ်သည်ကို သိနေခဲ့သည်။ အတိတ်က ဇာတ်ကြောင်းများသည် ခေါင်းထဲမှာ စီကာစဉ်ကာပင် ပြန်ပြီးတော့ပေါ်လာခဲ့သည်။ ဖက်ဆစ်ဂျပန် ဗိုလ်မှူးနကာမူရာသည် ဤဂူကြီးထဲကို ရတနာသေတ္တာများထည့်သွင်းခဲ့ပုံများ၊ အတူပါလာကြသူများကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြပုံများ၊ မိမိကိုယ်တိုင် နကာမူရာနှင့်ထိုက်ခိုက်ခဲ့ပုံများ။

ယခုတော့ မိမိ၏အသက်နှင့်ရင်းခဲ့ရသော နေရာဆီကို ဘဝခြားပြီးမှ တစ်ခေါက်ပြန်ရောက်ခဲ့ရလေပြီ။ ထိုစဉ်က ဂူထဲမှာပေါက်ကွဲခဲ့သော်လည်း ရတနာများသည် ဤဂူကြီးထဲမှာပဲ ရှိနေဆဲဖြစ်ပေလိမ့်မည်။

"ကိုတာတေ"

"ဟင်"

မလှုပ်မယှက် ငြိမ်သက်နေသောတာတေ့ကို တင်ထွန်းက





နောက်မှနေ၍ခေါ်လိုက်သည်။ ထိုအခါကျမှ တာတေသည် အသိပြန်ဝင်လာခဲ့လေ၏။

"ဪ . . . အေး . . . ဟောသည့် မြင်နေရတဲ့တောင်ကုန်းကြီးလိုလိုဟာကြီးပဲ။ ဒါပေမယ့် အောက်မှာ ဂူပေါက်ဝရှိတယ်။ အဲသည့်အထဲမှာ ရတနာသေတ္တာတွေရှိတယ်"

တာတေက သွယ်ဝိုက်မနေတော့ဘဲ ပွင့်လင်းစွာပင်ပြောလိုက်သည်။

ထိုအခါ တာတေ့စကားကြောင့် အားလုံး၏မျက်လုံးတွေက အရောင်တောက်သွားခဲ့ကြသည်။ တာတေသည် ဤဂူထဲမှာ ရတနာသေတ္တာတွေရှိနေကြသည်ကို မည်သို့သိသွားခဲ့ရပါသလဲ။ မည်သည့်အကြောင်းကြောင့် သိနေရပါသလဲ။

(တာတေသည် ဤအကြောင်းကို မည်သူ့ကိုမှပြောပြလိမ့်မည်မဟုတ်ပါ။)

တောရိပ်တောင်ရိပ်က ကျလာခဲ့ပြီဖြစ်သည်။ ဆည်းဆာလည်း ကွယ်ခဲ့လေပြီ။ တာတေနှင့် အဖော်များသည် ဂူကြီးတစ်ဝိုက်တွင် လှည့်ပတ်ပြီးတော့ ကြည့်ရှုကြသည်။ ချုံနွယ်ပိတ်ပေါင်းများက ဖုံးလွှမ်းနေကြပြီဖြစ်သည်။ ဂူပေါက်ဝကိုဖော်ရန်အတွက် အခြေပတ်ပတ်လည်ကို အရင်ဆုံး ရှင်းလင်းရမည်ဖြစ်သည်။ သို့သော် မိုးချုပ်လာပြီဖြစ်၍ မနက်ကျမှသာ မြင်မြင်ထင်ထင် လုပ်ကိုင်နိုင်ကြတော့မည်ဖြစ်သည်။ ဂူကြီး၏မနီးမဝေးမှာ ညအတွက် စခန်းချဖို့ စီစဉ်ရလေတော့သည်။

အအေးဓာတ်က စိမ့်ပြီးတော့ဝင်လာခဲ့သည်။ ခြင်များကလည်း မည်သည့်နေရာကနေ ရောက်လာကြမှန်းမသိ။ အစုလိုက်၊ အပြုံလိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာကြလေတော့သည်။ လူသွေးများကို ဝင်ပြီးစုပ်ကြသည်မှာ သားရဲမင်းရဲစီးနေကြသည်ပမာပင်။ ငတ်ပြတ်နေကြလွန်းမှန်းသိသာလှသည်။ ထို့ကြောင့် မီးပုံကြီးတစ်ပုံကို အမြန်ဆုံးဖိုကြရသည်။ မီးအပူရှိန်ကြောင့် ခြင်များကပြေးကြသည်။ ခြင်ကိုက်ဒဏ်ကို အတန်ငယ်သက်သာရာရသွားခဲ့ကြသည်။

ယမကာများပါလာကြ၍ အချမ်းပြေအောင်သောက်ကြသည်။ ချေသားကင်နှင့် မြည်းကြသည်။ တာတေကတော့ အနည်းငယ်သာသောက်ပြီး အိပ်ရာထဲမှာ လှဲနေလိုက်သည်။ ကျန်သည့်လူများကတော့ ဆက်လက်ပြီးတော့ ဝိုင်းဖွဲ့နေကြသည်။ တာတေသည် မေးခန့်ဆို အိပ်ပျော်သွားသည်။

နကာမူရာသည် ကင်ဒိုဓားကြီးကို မြှောက်ကာ တာတေ့ဆီကို ပြေးဝင်လာသည်။ တကယ်တော့ အောင်ဖေ့ဆီကို ဝင်လာခဲ့ခြင်းပင်ဖြစ်သည်။ နကာမူရာ၏ကိုယ်မှာ မြားတန်းလန်းနှင့် ဖြစ်သည်။ အောင်ဖေကဓားဝင့်လိုက်သည်ကို ရိပ်ခနဲဆို မြင်လိုက်ရသည်။

သည့်နောက် . . . မလှမ်းမကမ်းမှ တရွေ့ရွေ့နှင့် ဖြတ်လျှောက်သွားနေကြသော လူတစ်စုကိုမြင်နေရသည်။ ဖက်ဆစ်ကောင်များ၊ မြန်မာအရပ်သားများသည် ဂူကြီး၏အနောက်ဘက်ဆီကိုဝင်သွားခဲ့ကြလေသည်။

"ဟင်"

တာတေ လန့်ပြီးတော့ နိုးသွားခဲ့သည်။ လက်စသတ်တော့ သူ အိပ်မက်မက်နေခြင်းပင်ဖြစ်တန်ရာသည်။ မျက်လုံးတွေဖွင့်ကြည့်မိလိုက်သောအခါ မီးပုံမှ မီးကျီးခဲများကို တရဲရဲနှင့်သာတွေ့လိုက်ရတော့သည်။ သူနှင့် မလှမ်းမကမ်းတွင် အားလုံးအိပ်ပျော်နေကြလေပြီ။ သို့သော် တင်





ထွန်းသည် သစ်ပင်ကိုမှီကာ သေချာစွာ အိပ်ပျော်နေခြင်းမဟုတ်ပေ။ သေနတ်ကို ပေါင်ပေါ်တင်ကာ ကြက်အိပ်ကြက်နိုးသဘောဖြင့် ကင်းစောင့်နေသည့် အသွင်ရှိသည်။ သားကောင်များ၏ အန္တရာယ်များကိုသော်လည်းကောင်း၊ အတူပါလာကြသော အလုပ်သမားများကို စိတ်မချ၍သော်လည်းကောင်း စောင့်ကြပ်နေရခြင်းပင်ဖြစ်နိုင်သည်။ တာတေသည် အခြေအနေကိုအကဲခတ်ပြီးပြန်၍အိပ်ပျော်သွားခဲ့လေသည်။

❑ ❑ ❑

တာတေတစ်ယောက် ခြေရာပျောက်နေသည်။ သူ့သတင်း အစအနကိုပင် မရ။ ကံရာဇာသည် တာတေ့ကိုရှာဖွေရန် လက်လျှော့ရတော့မလိုရှိလာခဲ့သည်။ တစ်ရက်တွင် တာတေ့သတင်းကိုမမျှော်လင့်ဘဲ ကြားလိုက်ရသည်။ သူ့ကို ရှိုးမတောဘက်မှာ တွေ့လိုက်ရသည်ဟူ၍ တာတေရယ်လို့မဟုတ်။ လက်မောင်းအောက်မှာ လက်ဖျံနှစ်ဖက်မရှိသော လူတစ်ယောက်ဟုသာ။ တာတေပဲဟု အတတ်သိလိုက်သည်။ တာတေ့နောက်ကို စိတ်ဖြင့် ကောက်ကြောင်းလိုက်မိသည်။

သူသည် မည်သည့်အကြောင်းကြောင့် ရှိုးမဘက်ဆီကို ထွက်သွားရပါသလဲ။ မိမိအား တမင်ရှောင်တိမ်းလိုသည့်သဘောလား သို့မဟုတ် အကြံကြီးကြီးရှိနေ၍ပဲလား တစ်ခုခုတော့ဖြစ်နိုင်သည်။

အင်း . . . တာတေ . . . တာတေ သည်လူ ဘယ်လောက်အထိ ခြေဆန့်နိုင်မလဲ။ ကံရာဇာ့လက်ထဲက လွတ်နိုင်မတဲ့လား။ စောင့်ကြည့်ကြသေးတာပေါ့"

ကံရာဇာ၏အပြုံးက ကြွက်ကို အမိဖမ်းတော့မည့်ကြောင်ပမာ။



www.burmeseclassic.com

www.burmeseclassic.com



( ၂၀ )

## ဒဏ်သင့်ခံရသူ

နံနက်မိုးသောက် အလင်းရောက်လာခဲ့လေပြီ။

အပေါက်ဝပိတ်နေသော ဂူကြီး၏အောက်ခြေပတ်ပတ်လည်တွင် ချုံနွယ်ပိတ်ပေါင်းများဖြင့် ရှုပ်ထွေးလျက်ရှိနေသည်။ တောတေသည် ဂူပေါက်ဝရှိနိုင်မည့်နေရာကို မှန်းဆပြီးတော့ ရှာဖွေလျက်ရှိသည်။ တစ်နေရာကိုအရောက်တွင် တောင်ကုန်းကြီး၏ အောက်ခြေတစ်နေရာသည် မညီမညာဖြစ်ကာ အဖုအထစ်များကရှိနေလေသည်။ အစိမ်းရောင်သမ်းကာ ရေညှိများက ဖုံးလျက်ရှိသည်။ တောင်ကုန်းနံရံအချို့တွင် ကပ်ပါးပင်ကလေးတွေက ထိုးထိုးထောင်ထောင်ဖြင့် ပေါက်နေကြလျက်။

အဖုအထစ်များဖြစ်ပေါ်နေသော တောင်ကုန်းနံရံသည် ဂူအဝ





ကိုပိတ်ဆို့နေကြသော မြေစိုင်ခဲများဖြစ်ကြသည်။ တာဇာသည် ဤသို့ပင် တထစ်ချမှတ်ယူလိုက်လေသည်။

"ဟောသည့်နံရံက အဖုအထစ်တွေဖြစ်နေတာ တွေ့ကြလား။ သည်နေရာကို ဖောက်မယ်"

တာတေက ခပ်လှမ်းလှမ်းမှနေ၍ မေးငေါ့ပြသည်။ အဘယ်ကြောင့်ဆိုသော် သူ့ရှေ့တွင် ချုံကြီးတစ်ချုံက ကာဆီးနေသောကြောင့်ပင်ဖြစ်သည်။

"သဘောပေါက်ပြီဆရာ။ သည်ချုံကို ရှင်းပစ်ရမယ်"

အလုပ်သမားခေါင်းဆောင်က သူ့လူတွေကိုခေါ်ပြီး ချုံကိုရှင်းသည်။ တစ်ခဏအတွင်းမှာပင် ထိုနေရာသည် ပြောင်တလင်းခါသွားခဲ့လေသည်။ ထိုအခါ ဂူပေါက်ဝဟု ထင်ရသည့်နေရာကို ပေါက်တူး၊ ပေါက်ချွန်းများဖြင့် စတင်ပြီးတော့တူးဖော်ကြလေသည်။

ဂူဝကိုပိတ်ဆို့နေကြသော မြေစိုင်ခဲများက အသားကျနေကြသည်။ အားလုံး တစ်ပြင်တည်းရှိနေကြလေသည်။ တင်ထွန်းက ဝင်ရောက်လုပ်ကိုင်ခြင်းမပြု။ ခပ်လှမ်းလှမ်းမှနေ၍လှုရိပ်လှုခြေကိုကြည့်နေရသည်။ လူသွားလူလာမရှိသလောက်ပင် ဖြစ်သော်လည်း မည်သူမှ မတွေ့နိုင်ဟု စိတ်ဒုန်းဒုန်းကြီးချထား၍မဖြစ်ဟု တာတေက ယူဆထားသည်။ တစ်ယောက် တစ်လှည့်စီ မနားတမ်းတူးဖောက်လာခဲ့ရာ မကြာမီလက်သီးဆုပ်ခန့်ရှိ အပေါက်တစ်ပေါက်ပွင့်လာခဲ့သည်ကို တွေ့လိုက်ကြရသည်။ အားတက်သွားခဲ့ကြလေသည်။

ဤသို့ဖြင့် အပေါက်သည် ကျယ်သထက်ကျယ်လာခဲ့သည်။ ဂူတစ်ခုဖြစ်နေသည်မှာ ကျိန်းသေသွားသည်။ အတွင်းဘက်မှလှုပ်မှုများက



www.burmeseclassic.com

www.burmeseclassic.com



အပြင်ကို ရုတ်တရက် တိုးထွက်လာခဲ့ကြသည်။ မကောင်းသောအနံ့အသက်များလည်း ပါလာခဲ့ကြလေသည်။ ဟူးခနဲဆို ထွက်လာကြသောလေများကြောင့် တူးနေကြသူများသည် နောက်ကို ချက်ချင်းပင် ဆုတ်လိုက်ကြသည်။ တာတေသည် ဂူ၏အခြေအနေကို စောင့်ကြည့်နေသည်။ စိတ်လှုပ်ရှားခြင်းသိပ်မရှိသလို။

နောက်တော့ ဆက်တူးကြပြန်သည်။ မကြာမီမှာ အပေါက်ကြီးက ကျယ်သထက်ကျယ်လာခဲ့လေသည်။ လူတစ်ယောက်သာသာ ဝင်ပေါက်မှသည် လူသုံးယောက် တစ်ပြိုင်တည်းဝင်နိုင်လောက်အောင်ကို ဖြိုချပစ်လိုက်ကြသည်။

"တော်လောက်ပါပြီ။ ရပါပြီ"

တာတေက တားလိုက်သည်။ ထိုအခါ ဆက်မတူးတော့ဘဲ ရပ်လိုက်ကြသည်။

"ခဏနေမှ ဝင်ကြည့်ကြမယ်။ အထဲက လေပုပ်တွေကုန်အောင် ထုတ်ပါစေဦး"

ထို့နောက် တာတေသည် သူတို့ဘက်ကိုကြည့်နေသော တင်ထွန်းအား ခေါင်းညိတ်၍ ခေါ်လိုက်လေသည်။ တင်ထွန်းက သွက်လက်သောခြေလှမ်းများဖြင့် လျှောက်လာသည်။

"ခင်ဗျားကို လိုရမည်ရ စောင့်ကြည့်ခိုင်းထားတာပါ။ သည်နေရာကို ဘယ်သူမှ မသိကြပါဘူး။ လာလည်း မလာနိုင်ကြပါဘူး။ ကဲ… ဝင်ဖို့စီစဉ်ကြရအောင်"

အလုပ်သမားများထဲမှ တချို့ကို လက်နှိပ်ဓာတ်မီး ပြန်ယူစေသည်။ အပြင်ဘက်ကနေ ဂူထဲကို မီးထိုးပြီးတော့ကြည့်ကြသည်။ မြေစိုင်ခဲ





များသည် ဂူအဝမှာသာမက အတွင်းဘက်မှာလည်း ပုံနေကြသည်။ ယပ်ပြီး အနည်းငယ် ရှင်းလင်းလိုက်ရုံနှင့် အထဲကိုဝင်သာသော လမ်းတစ်လမ်းဖြစ်သွားခဲ့လေသည်။

တာတေသည် ရှေ့ဆုံးကနေ ဝင်သွားခဲ့သည်။ ဂူထဲကို စပြီးတော့ ဝင်လိုက်သည်နှင့် ကြက်သီးမွေးညင်းများ ဖြန်းခနဲဆို ထသွားမိသည်။ ရင်ထဲမှာ ခါးသီးသောခံစားချက်မျိုးက ဖြစ်ပေါ်လာသည်။ နာကြည်းသလိုလို၊ ဝမ်းနည်းသလိုလိုမျိုး ဂမ္ဘီရဆန်သင့်နေမိသည်မျိုး။ အားလုံးရောပြွမ်းပြီးတော့ ခံစားနေရသည်။ အတိတ်က ဒဏ်သင့်ခဲ့သည်များက ပြန်ပြီးတော့ ရိုက်ခတ်နေဟန်တူသည်။

ဤဂူထဲမှာပင် မိမိ၏အသက်ကို စတေးခဲ့ရသည်ဟု ဖြန်ပြီးတော့စဉ်းစားမိလာသည်နှင့် ရင်ထဲမှာ မွန်းကြပ်သွားမိသည်။ ဂူအပြင်ဘက်မှ အလင်းရောင်တချို့က ဂူထဲကို ထိုးပြီးတော့ဝင်လာခဲ့သည်။ သူတို့အရင်ဆုံးတွေ့လိုက်ရသည်ကား လူအရိုးစုအချို့ပင်။ ဆွေးမြည့်စပြုနေသော ဂျပန်ဦးထုပ် တစ်လုံးကိုလည်း မြေစိုင်ခဲတစ်ခုပေါ်မှာ တင်နေလျက်သား တွေ့လိုက်ရသည်။

တာတေမှလွဲပြီး အားလုံးသည် လူအရိုးစုများကို မသတီစရာကောင်းသောအကြည့်ဖြင့် ကြည့်မိလိုက်ကြလေသည်။ အခြားသေဆုံးသူများရှိခဲ့ကြသော်လည်း ပေါက်ကွဲမှုဖြင့်ထန်သောကြောင့် တိုက်ရိုက်ထိမှန်ကာ အစအနများပင် မကျန်ကြပါလေတော့။ ဤအထဲတွင် မုဆိုးကောင်ဖေလည်းပါသည်။ တစ်နေရာတွင် ပစ္စည်းတစ်ခုကို တာတေ တွေ့လိုက်ရသည်။ ဒူးလေးတစ်လက်ပင် နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော်လည်း အကောင်းပကတိပင်ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တာတေသည် ဒူးလေးကိုကြည့်ပြီး စိတ်ထဲမှာ တစ်မျိုးတစ်မည် ခံစားသွားခဲ့ရလေသည်။ ထို့နောက် နာကြည်းသလိုဖြစ်လာခဲ့သည်နှင့် မျက်နှာကို ချက်ချင်းပင်လွှဲပစ်လိုက်လေသည်။

"ဟို . . . ရှေ့ဘက်ကို ဆက်ပြီးတော့သွားမယ်"

တာတေ့စကားကြောင့် မီးထိုးကာ ရှေ့ကိုဆက်ပြီးတော့ လျှောက်သွားခဲ့ကြသည်။ တစ်နေရာကိုအရောက်တွင် မွစာကြဲနေသော မြေစိုင်ခဲများနှင့်အတူ ပြန့်ကျဲနေကြသည်။ ရတနာပစ္စည်းများ၊ ရွှေဒင်္ဂါးပြားများကို တွေ့လိုက်ကြရသည်။ ရတနာသေတ္တာအချို့သည်လည်း အပိုင်းပိုင်းဖြစ်နေသည်။ အချို့ကား အကောင်းပကတိပင်ရှိနေကြသည်။

"ကဲ . . . ခင်ဗျားတို့ မြင်တွေ့ကြတဲ့အတိုင်းပဲ။ လောဘတက်စရာကောင်းလှတဲ့ အဖိုးတန်ရတနာတွေပေါ့ဗျာ။ ဒါပေမယ့် စိတ်ကို တည်တည်ငြိမ်ငြိမ်ထားကြပါ။ လောဘတွေသိပ်တက်ပြီး တစ်ယောက်ကိုတစ်ယောက် အန္တရာယ်မပြုကြဖို့လည်း မကြိုးစားကြပါနဲ့။ ကံတရားက ကိုယ့်ကိုမျက်နှာသာပေးလာတဲ့အချိန်မှာ ထိုက်တန်လို့ရကြတယ်လို့ပဲ သဘောထားကြပါ"

တာတေက အားလုံးကို လောဘသတ်နိုင်ရန် သတိပေးစကားပြောလိုက်လေသည်။

"ကျွန်တော်တို့ သဘောပေါက်ပါတယ်ဆရာ၊ ဆရာ့ကျေးဇူးကြောင့် ကျွန်တော်တို့ခံစား၊ စံစားကြရမှာပါ။ သစ္စာဖောက်မယ့်အလုပ်မျိုးကို မလုပ်ပါဘူး။ ဆရာပေးသ၍ ကျွန်တော်တို့က ယူမှာပါ"

အလုပ်သမားခေါင်းဆောင်က ကိုယ့်ကိုယ်ကို အာမခံသည်။ အားလုံးကလည်း တာတေ့သဘောပင်။





"ကဲ . . . ဒါဆိုရင် သည်ပစ္စည်းတွေကို အပြင်ရောက်အောင် ရွှေ့ကြမယ်"

တင်ထွန်းအပါအဝင် အားလုံးသည် မြေပြင်မှာ ပြန့်ကျဲနေကြသော ပစ္စည်းများကို အရင်ကောက်ယူကာ စုဆောင်းနေကြသည်။

ထိုစဉ် ဂူဝတွင် အရိပ်တစ်ခုကထိုးကျလာခဲ့သည်။ တာတေက အရင်မြင်သွားသည်။ လှည့်ကြည့်လိုက်သောအခါတွင် . . .

"ဟင်"

တာတေသည် ထိုသူကိုမြင်လိုက်ရသောအခါ အံ့အားသင့်သွားခဲ့ရလေသည်။

"ဘယ်လိုလဲ ကိုတာတေ။ ခင်ဗျားနဲ့ကျွန်တော် အမြဲဆုံနေကြဆိုတော့ မတွေ့ရတာကြာလို့ မနေတတ်တော့ဘူးဗျာ။ ဒါကြောင့်မို့ လိုက်လာခဲ့ရတာ။ ခင်ဗျားရဲ့မျက်နှာကို မြင်လိုက်ရတော့မှာပဲ ဘဝင်ကျသွားခဲ့ရတော့တယ် . . . ဟဲ . . . ဟဲ"

ကံရာဇာသည် တာတေ့ကို ပြုံးတေ့တေ့နှင့် ကြည့်ကာ ပြောလိုက်သည်။

"ခင်ဗျား . . . ကျွန်တော့်နောက်ကို ဘယ်လိုလိုက်လာသလဲလို့ မမေးတော့ဘူး။ အနံ့ခံကောင်းတဲ့လူဆိုတော့ သည်လိုပဲဖြစ်ရမှာပေါ့ဗျာ"

"သည်လိုလည်း မပြောပါနဲ့ဗျာ။ ကျွန်တော်တို့က စိတ်ချင်းဆက်သွယ်နေလို့ပါ။ ခုလို ပြန်ပြီးတော့တွေ့ရတာ ဝမ်းသာတယ် ကိုတာတေ"

အားလုံး၏အကြည့်သည် ကံရာဇာဆီကို စုပြုံပြီးတော့ ရောက်သွားခဲ့ကြသည်။ သူတို့ တစ်ခါမှ မမြင်ဘူးသော လူစိမ်းတစ်ယောက်မို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



တာတေသည် ဂူအပြင်ဘက်မှာ အစောင့်သဘောမျိုးထားခဲ့သော တင်ထွန်းကို ဂူထဲသို့ခေါ်မိလိုက်သည်က အမှားတစ်ခုဖြစ်သွားခဲ့သည်။ ကံရာဇာရောက်လာခဲ့သည်ကို ကြိုတင်၍မသိလိုက်ရသောကြောင့်ပင်။

"ခင်ဗျား တော်တော်အသက်ပြင်းတဲ့လူပဲ။ တောခွေးတွေက ခင်ဗျားကို ဘာမှမလုပ်နိုင်ခဲ့ကြဘူး။ ချောက်ထဲမှာ ကိစ္စချောနေလောက်ပြီထင်နေတာ"

"ကံတရားလေဗျာ။ ကံတရားက ကျွန်တော့်ကို အထောက်အကူပေးခဲ့လို့ပေါ့။ ကံရာဇာကို သေမင်းကလက်မခံဘူးလေ"

သူတို့နှစ်ယောက်ပြောနေကြသော စကားများကို မည်သူမှ နားမလည်ကြ။ သို့သော် တာတေသည် ကံရာဇာဆိုသည့် လူကို မလိုလားတော့မုန်းသီသာနေသည်။

"ကိုတာတေ . . . သည်လူက"

"ကျွန်တော့်ကို အနှောင့်အယှက်ပေးဖို့ရောက်လာတဲ့ သူပဲပေါ့ဗျာ"

"ဒါဆိုရင်"

တင်ထွန်းက ဂူအဝကိုထွက်သွားသည်။ သူ ဘာလုပ်ရမလဲဆိုသည်ကို သိနေပြီဖြစ်သည်။ ကံရာဇာကလည်း ဂူထဲကို တစ်လှမ်းချင်း ပင်ဝင်လာခဲ့သည်။ ဂူထဲမှာ ဖြန့်ကျဲနေသော ရတနာပစ္စည်းများ၊ သံသေတ္တာများကို သူတွေ့လိုက်ရသည်။ တင်ထွန်းသည် ကံရာဇာ၏ရှေ့ကို ရောက်လာပြီး ဆက်မလျှောက်နိုင်ရန် ဟန့်တားလိုက်သည်။

"ခင်ဗျား . . . ဂူအပြင်ကိုပြန်ထွက်သွားပါ"

"ခဏကွာ . . . ငါ သူ့ကိုပြောစရာရှိသေးတယ်။ သည်မှာ ကို





တာတေ . . . ကျွန်တော် ဆီးဖြူတောရွာကိုရောက်ခဲ့တယ်။ ခင်ဗျားနဲ့ ပတ်သက်တာတွေကို ပိုပြီးတော့သိခဲ့ရတာပေါ့ဗျာ။ သူတို့ပြောပြခဲ့တာတွေက ဟုတ်တာပေါ့ဗျာ။ ခင်ဗျားမှာ လက်နှစ်ဖက်မရှိဘဲ ဘယ်လိုလုပ်ပြီး ဒုစရိုက်မှုတွေကို ကျူးလွန်လို့ရမှာလဲ။ ဒါပေမယ့် တော်တော်များများ ... တော့ ခင်ဗျားကို မသက်သေကြဘူးဗျ။ သေသွားတဲ့လူတွေရဲ့ သား ချင်းတွေက သာပြီးတော့ဆိုးကြတာပေါ့ဗျာ။ အဖြစ်မှန်ကိုသိကြပေမယ့် အမှုမှန်မပေါ်တော့ မကျေနပ်ကြဘူးပေါ့။ အင်း . . . ခင်ဗျားက ဒုက္ခတဆိုတော့ သည်လိုအမှုကိစ္စမျိုးကို ကိုယ်ထိလက်ရောက် ဘယ်လိုကျူးလွန်နိုင်မှာလဲ။ အင်း . . . တစ်ခုတော့ရှိကာ ... ခင်ဗျားရဲ့စိတ်ဓါတ်က အမိန့်ပေးပြီးခိုင်းလို့ရတာမျိုးဖြစ်ခဲ့ရင်တော့ . . . ဟား . . . ဟင်း . . . ဟင်း"

"ဟေ့လူ . . . ခင်ဗျား တော်တော့။ ဘာ ... တွေလျှောက်ပြောနေတာလဲ။ ကျွန်တော်နဲ့ ဘာမှမဆိုင်တဲ့ကိစ္စတွေကိုလာပြောနေတာ။ တန်ဖိုးရှိတဲ့ ခင်ဗျားရဲ့အချိန်တွေကို တာမင်ဖြုန်းနေတာပဲ။ ခင်ဗျား ပြန်သွားရင်ကောင်းမယ်"

ကံရာဇာသည် တာတေ၏စကားကို ဂရုမစိုက်ဘဲ စကျွဲအာရုံက ပစ္စည်းတွေဆီကိုရောက်သွားသည်။ ဖြန့်ကျဲနေသည့် ရတနာများ၊ သံသေတ္တာများဆီကိုပင်။

"ဂျပန်ခေတ်ကစစ်ကြောင့်ဆုတ်ခွာပြေးတဲ့ ဂျပန်စစ်သား တစ်စုဟာ ရိုးမတောထဲမှာ ပျောက်သွားကြတယ်လို့ကြားဖူးတယ်။ သူတို့နဲ့အတူ နိုင်ငံ့အဖိုးတန်ရတနာပစ္စည်းတွေပါသွားကြတယ်တဲ့။ သည်ဂူထဲကို ရောက်နေတဲ့ပစ္စည်းတွေဟာ ဖက်ဆစ်ဂျပန်တွေ ဖုက်သွားခဲ့တဲ့ ပစ္စည်းတွေမှတ်တယ်။ ဒါနဲ့ ကိုတာတေ သည်ဂျပန်သိုက်ကို ခင်ဗျား ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



သိတာလဲ။ နလိုဖော်နိုင်ခဲ့တာ တော်ပါပေ့ဗျာ"

ကံရာဇာက တာတေ့ကို စူးစမ်းသောအကြည့်နှင့်ပြောလိုက်သော်လည်း တာတေ့အပြုံးက နှုတ်ခမ်းထောင့်မှာစွန်းရုံလောက်သာ။

"ခင်ဗျား . . . ကျွန်တော့်ကို နောင်တမလွန်ဘဝကိုရောက်သွားတဲ့အထိ ရိုးမွမ်းလို့ဆုံးမှာမဟုတ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်နဲ့တွေ့ကြတဲ့သူတွေဟာ ကံဆိုးသူမောင်ရင် ဖြစ်သွားကြလို့ပဲ။ ကဲ ကိုတင်ထွန်းရေ"

တာတေ့က ကိုတင်ထွန်းရေဟု ပြောလိုက်သည်နှင့် တင်ထွန်းက ကြေးစားဗီဗီ သဘောပေါက်သွားသည်။

"ကဲ . . . ကိုယ့်လူ . . . ခင်ဗျား အပြင်ကိုထွက်ပါ။ ထပ်ပြီးတော့ အနှောင့်အယှက်ပေးဖို့ မစဉ်းစားပါနဲ့တော့"

ကံရာဇာ၏ရင်ဘတ်ကို လက်နှင့်ပုတ်ကာ တွန်းပစ်လိုက်သည်။ ကံရာဇာသည် နောက်ဆုတ် နောက်ဆုတ်၍ ဂူအပြင်ဘက်ကို တဖြည်းဖြည်းနှင့်ရောက်သွားသည်။ ထို့နောက် တင်ထွန်းက ခါးကြားမှ ရှစ်လက်မ ဓားမြှောင်ကြီးကို ဆွဲထုတ်လိုက်လေသည်။

တစ်ဆက်တည်းမှာပင် ကံရာဇာ၏ ဝမ်းဗိုက်ထဲသို့ ထိုးထည့်လိုက်သည်။ သို့သော် ဤအခြေအနေကို ကြိုသိသော ကံရာဇာသည် သွက်လက်စွာ ရှောင်တိမ်းလိုက်ပြီး တင်ထွန်း၏ ဓားကိုင်လက်ကောက်ဝတ်ကို ဖျတ်ခနဲဆို ဆုပ်ကိုင်ထားလိုက်သည်။ လက်ကိုလိမ်ချိုးလိုက်သည်နှင့် . . .

"အား"

ဓားက လက်ထဲမှ လွတ်ကျသွားခဲ့လေသည်။ တင်ထွန်းသည်





လက်ကိုအလိမ်ခံလိုက်ရသဖြင့် ကိုယ်ပါ လည်ထွက်သွားခဲ့ရသည်။ ကံရာဇာကို ကျောပေးလျက်သားဖြစ်သွားကာ မလှုပ်နိုင်အောင်ဖြစ်သွားခဲ့ရသည်။ တင်ထွန်းသည် သိုင်းပညာကိုတတ်မြောက်သော်လည်း အပိုင်ချုပ်ထားနိုင်သော ကံရာဇာကို မတုံ့ပြန်နိုင်။ လှုလည်း မလှုပ်နိုင်အောင် ဖြစ်သွားခဲ့စဉ်မှာ . . .

"မင်းက ဘာမှန်းညာမှန်းမသိဘဲနဲ့ ဟိုလူ့ဘက်က အကာအကွယ်ပေးချင်တယ်"

"ဒုတ်"

"အင့်"

ကံရာဇာ၏ ဘယ်လက်ဝါးစောင်းက တင်ထွန်း၏လည်စောင်းပေါ်ကို ဖျတ်ခနဲဆို ကျသွားသည်။ တင်ထွန်းသည် တစ်ချက်ညည်းလိုက်ကာ ပျော့ခွေပြီး လဲကျသွားခဲ့သည်။

❑ ❑ ❑

ဂူအထဲတွင်ကား . . . တာတေသည် သူ့လူများနှင့် အလုပ်ရှုပ်လျက်ရှိသည်။ သည်ကြားထဲ ကံရာဇာရောက်လာ၍လည်း စိတ်အနှောင့်အယှက်ဖြစ်သွားသည်။

"ဆရာ . . . ဟိုလူက တမင်လာပြီးတော့ နှောင့်ယှက်တာလား။ ကျွန်တော်တို့ ဘာဆက်လုပ်ကြရမလဲ"

"ဟိုလူကို တင်ထွန်း ကြည့်ပြီးတော့ ရှင်းလိမ့်မယ်။ ကိုယ်လုပ်စရာရှိတာကိုသာ ဆက်လုပ်ကြ။ ဒါတွေ အားလုံးကို အပြင်ထုတ်မယ်"

တာတေက ခေါင်းမာသည်။ ကောက်ယူရရှိထားသောပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



များကို ပုဆိုးပေါင်းတစ်ထည်နှင့် ထုတ်ယူစေသည်။ ဂူထောင့်မှာ သံသေတ္တာတစ်လုံးကရှိနေသေးသည်။ ဤသေတ္တာကိုအရင်ရွှေ့ရမည်ဖြစ်သည်။

"ဟိုထောင့်ကသံသေတ္တာကို ရွှေ့မယ်။ အားလုံး သည်ကိုလာခဲ့ကြ။ အပြင်ကိုထုတ်မယ်နော်"

"ဟုတ်ကဲ့ပါဆရာ"

အားလုံးက တာတေ့နောက်ကို လိုက်သွားခဲ့ကြသည်။ သံသေတ္တာရှိနေသော နေရာသည် အနည်းငယ်မှောင်နေသည်။ ထို့ကြောင့် တစ်ယောက်က မီးထိုးပြီး တာတေ့နောက်မှ လိုက်သွားရလေသည်။ ထိုစဉ် တာတေ့စိတ်ထဲမှာ လေးလံသွားသလို ခံစားလိုက်ရသည်။ မည်သည့်အကြောင်းကြောင့် အခုလိုဖြစ်သွားခဲ့သည်ကို သူနားမလည်နိုင်။ နားထဲမှာ ဗလုံးဗထွေးနှင့် စကားပြောသံများလိုလို ကြားလာရသလို၊ အော်ဟစ်သံများလိုလို အလုံးအရင်းနှင့်ဝင်ရောက်လာခဲ့ကြလေသည်။

အာရုံထွေပြားသွားခဲ့ရခြင်းသည် အားနည်းသွား၍လား။ ဤဂူကြီးထဲတွင် သေဆုံးသွားခဲ့ကြသောသူများ၏ ဝိညာဉ်များက မိမိကို အနှောင့်အယှက်ပေးနေကြခြင်းပဲလား။ တာတေသည် ဒယီးဒယိုင်ခြေလှမ်းများဖြင့် သံသေတ္တာကြီး၏အနောက်ဘက်သို့ရောက်သွားသည်။ လူသုံးယောက်က သေတ္တာကြီးကိုဝိုင်း၍မကြရန် ကြိုးစားလိုက်ကြသည်။

ဤတွင် တာတေသည် တစ်စုံတစ်ရာ၏အပေါ်ကို ခြေထောက်ဖြင့် တက်နင်းမိလိုက်သည်။ အမှတ်မထင် နင်းမိလိုက်သောအရာသည် မည်သည်များလည်းဟု တာတေက ငုံ့ကြည့်မိလိုက်သည်။ ထိုပစ္စည်းကို မမြင်ရ။ ထို့ကြောင့် ခြေကိုကြွမိလိုက်ရာ...

"ဝုန်း"





ကျယ်လောင်သော ပေါက်ကွဲသံကြီးတစ်ခုက ရေထမှထွက်ပေါ်လာခဲ့လေသည်။

"အား"

"အား"

အော်သံများက ငရဲပွက်သံတမျှ ပေါ်ထွက်လာခဲ့ကြသည်။ ဂူထဲမှ တဝုန်းဝုန်းနှင့် ပြိုကျသံများက ဆက်တိုက်ပင် ထွက်ပေါ်လာကြသည်။ ကျောက်တုံးကျောက်ခဲများ၊ မြေစိုင်ခဲများသည် ဂူအပြင်ဘက်ကိုပင် လွင့်စင်ကာ ထွက်လာခဲ့ကြသည်။

ကံရာဇာသည် ဂူထဲမှ အမှတ်မထင်ထွက်ပေါ်လာသော ပေါက်ကွဲသံကြီးကြောင့် အံ့အားသင့်သွားခဲ့ရသည်။ မရှေးမနှောင်းမှာပင် ဂူထဲမှ ကျောက်တုံးကျောက်ခဲများ၊ မြေစိုင်ခဲကြီးများက အပြင်ဘက်ကိုလွင့်စင်ပြီး ထွက်လာခဲ့ကြလို့ အလျှင်စသို ဝမ်းလျားမှောက်ချလိုက်ရသည်။ တဝုန်းဝုန်းနှင့် ပြိုကျနေသော မြေစိုင်ခဲကြီးများ ရပ်မသွားခဲ့ကြစဉ်မှာပင်

"ဝုန်း"

နောက်ထပ် ပေါက်ကွဲသံကြီးတစ်ခုက ထွက်ပေါ်လာခဲ့ပြန်လေသည်။ ကံရာဇာသည် ခေါင်းပင်မထောင်ရဲတော့ပဲ တင်ထွန်း၏ဘေးမှာ ဝပ်ငြိမ်ဝပ်နေရလေသည်။ ဂူထဲမှ မြေမှုန်များ၊ မြေစိုင်ခဲများက လွင့်ထွက်လာခဲ့ကြသည်။ ယမ်းနံ့များကိုလည်း ရရှိခဲ့လေသည်။ ထိုစဉ်...

ဆူညံသော အသံကြီးများကြောင့် သတိလစ်နေသော ကင်ထွန်းသည်လည်း ပြန်ပြီးတော့ သတိရလာခဲ့လေသည်။

"ဘာ... ဘာဖြစ်တာလဲ"

ဂယောင်ဂတမ်းဖြင့် မေးသည်။ အထိတ်တလန့်လည်းဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပုံရသည်။

"ဝပ်နေ . . . မထနဲ့။ ဂူထဲက မိုင်းထပေါက်တာ"

ကံရာဇာက သတိပေးသည်။ ဘာကြောင့် . . . ဘာဖြစ်လို့ဖြစ်မှန်း မသိခဲ့သော တင်ထွန်းသည် မထရဲဘဲ ဆက်ပြီးတော့ မှောက်နေရသည်။ ဂူနဲ့က အနည်းငယ် အလှမ်းဝေးနေသည်။ ပတ်ဝန်းကျင်သည် အမှုန်များကြောင့် ဝေဝေဝါးဝါးဖြစ်သွားခဲ့ရသည်။

တခဏအကြာ ကံရာဇာသည် နေရာမှ ထလိုက်သည်။ ဖုန်တွေလည်း လွင့်ပါး နေဆဲကြားမှာပင် တစ်လှမ်းချင်းပင် လျှောက်သွားသည်။ နောက်ထပ် ပေါက်ကွဲမှုများ ဖြစ်မလာတော့ပါ။ ဖုံတွေပါးလျားသွားသော အခါ ဂူကိုမြင် တွေ့လာခဲ့ရသည်။ အလုံးစုံပျက်စီးမသွားသေးပါ။ သို့သော် ဂူထဲမှာတော့ မြေစိုင်ခဲများက ပြည့်ကြပ်သွားခဲ့ကြပြီ ဖြစ်သည်။ ဂူအပေါက် ဝကိုလည်း ပိတ်ဆို့သွားခဲ့လေပြီ။

ကံရာဇာသည် ငိုင်ဖတွေတွေမျက်နှာဖြင့် ဂူကိုစိုက်ကြည့်နေမိသည်။ တာတေနှင့်တကွ အားလုံးသည် ဂူထဲမှာ ပိတ်ဆို့ကာ မြေနှံလာင်းသုံ့ မြန်းသွားခဲ့ကြရပြီဖြစ်သည်။ မဂ်ရှုမလှ နိဂုံးချုပ်သွားခဲ့ကြရပြီ ဖြစ်သည်။ တာတေနှင့်အတူ အဆစ်ပါသွားခဲ့ကြသူငါးယောက် ထိုသူများသည် လည်း အတုံ့ရေစက်ပါလာ၍ ကြမ္မာငင်ခဲ့ကြသူများပင် . . .

"ကိုတာတေ . . . ခင်ဗျားဟာ ဥပဒေကို လက်တစ်လုံးခြား လုပ်ပြီး ပြစ်မှုတွေကို ကျူးလွန်ခဲ့တယ်။ ဒါပေမယ့် ခင်ဗျားရဲ့ မသန်မစွမ်း ဒုက္ခိတဆိုတဲ့ အမှတ်တံဆိပ်ကြောင့် ရာဇဝတ်ဘေးက လွတ်မြောက်နိုင် ပေမယ့် အကုသိုလ်ကံတရားကိုတော့ မရှောင်လွဲနိုင်ပါဘူး။ ဝဋ်ဆိုတဲ့ သဘောက ရှဘဝမှာလည်း လိုက်တတ်တယ်ဆိုတာကို ခင်ဗျား နား





မလည်နိုင်ခဲ့ပါလားဗျာ"

ကံရာဇာသည် ညည်းညူသလို ပြောလိုက်ပြီး ဘောင်းဘီအိတ် ထဲမှ တစ်စုံတစ်ခုကို ထုတ်ယူလိုက်လေသည်။ လက်ထိပ်ပင် . . .။ ထို့နောက် ဂူပေါက်ဝ၏ အပြင်ဘက်ကို လျှံထွက်နေသော မြေစိုင်ခဲများ ပေါ်သို့ ပစ်တင်လိုက်သည်။ ဤလက်ထိပ်သည် တာတေလို လက်နှစ်ဖက် မရှိသောသူသည် ခတ်နိုင်စွမ်းမရှိပါ။ တာတေသည် ဥပဒေအရ သူ ကျူးလွန်ခဲ့သည်ဖြစ်သော လူသတ်မှုများအတွက် ခွဲ ျက်တင်ကာ အရေးယူခံရလျှင်လည်း သံသယအကျိုးကြောင့် လွတ်မြောက်သွားနိုင် သည်။ ကံတရားက သူ့ဘက်မှာ ရှိနေသည်။

သို့သော် ကံကြမ္မာသည် အဆိုးအကောင်းကိုတော့ သူ တစ် လှည့်စီခံရ မည်သာ။ ယခုလည်း . . .

ထိုစဉ် တင်ထွန်းသည် နေရာမှထကာ ကံရာဇာဆီကို ရောက် လာသည်။

"ကိုတာတေက ဒုစရိုက်သမားလား ဆရာ"

တင်ထွန်းသည် ကံရာဇာမည်သူ့ဆိုသည်ကို သဘောပေါက် သွားခဲ့ပြီဖြစ်၍ ရိုကျိုးစွာပင် ဆက်ဆံလာသည်။

"ဆိုပါတော့ . . . အင်း . . . သည်အပုံကြီးကို အချိန်ယူပြီးတော့ ရှင်းရလိမ့်မယ်ထင်တယ်။ စိတ်မကောင်းစရာပဲလေ။ ခင်ဗျားကို ကို တာတေက အခကြေးငွေပေးပြီးတော့ ခေါ်လာခဲ့တာမဟုတ်လား"

"ဟုတ် . . . ဟုတ်ပါတယ် . . . ဒါပေမယ့် ကျွန် . . . ကျွန်တော်"

ကံရာဇာက လက်ကာပြလိုက်သည်။

"ထားပါတော့လေ . . . ခင်ဗျားမှာ အရေးယူရလောက်တဲ့အပြစ်



www.burmeseclassic.com

www.burmeseclassic.com



မျိုးမရှိပါဘူး။ ကဲ . . . လာဗျာ . . . လမ်းမှာ ပြောပြမယ်။ သိရမှာပေါ့"

ကံရာဇာသည် တင်ထွန်း၏ ပခုံးကိုဖက်ကာ ခေါ်သွားသည်။ တင်ထွန်းသည် ရင်ခုန်လှုပ်ရှားစွာဖြင့် လိုက်ပါသွားသည်။ ကံရာဇာသည် မည်သည့်ကိစ္စကိုမဆို သိနိုင်အောင် ကြိုးစားသော်လည်း မသိသေးတာ တစ်ခုရှိသေးသည်။

ယင်းကား လက်ပြတ်တာတေသည် ဤဂူကြီးထဲတွင် နှစ်ကြိမ်တိတိ သေဆုံးခဲ့ရသည့် အကြောင်းပင်တည်း။

"အင်း . . . ဒဏ်ရာရထားတဲ့ သားကောင်တွေ မပြေးနိုင်အောင် ချုပ်နှောင်ဖို့က သည်ပစ္စည်းမျိုး လိုလိမ့်မယ်ထင်တယ်ဗျ။ ဒါမှမဟုတ် . . . အသေကောင်တွေ ထမပြေးအောင်လည်း အသုံးဝင်လိမ့်မယ်ဗျ။ ဟား . . . ဟား . . . ဟား . . . ဟား"

လျှောက်လှမ်းနေသော ကံရာဇာ၏ခြေလှမ်းတွေက ရပ်တုံ့သွားခဲ့ရသည်။ တစ်ခါက အာလောကတောထမှာ တာတေပြောဖူးခဲ့သော စကားတစ်ခွန်းသည် ယခုပင် ပြောလိုက်သကဲ့သို့ နားထဲမှာ ပြန်ပြီးတော့ ကြားမိလိုက်သောကြောင့်ပင်တည်း။

အစဉ်ကြိုးစားလျက်

မင်းစက္က



www.burmeseclassic.com